

# ဗုဒ္ဓနိကာယ်ငါးရပ်

ဒဂုန်ဦးစန်းငွေ

စာပေဝါသနာရှင်လူငယ်များပြုစုပျိုးထောင်သော

သုယယဒဦး စာပေဖြန့်ချိရေး

၁၉၇၅-ဇွန်လ
ပထမအကြိမ်၊ အုပ်ရေ(၂၀၀၀)

---

မျက်နှာဖုံးပန်းချီ
ဘမင်း

---

ဘလောက်
ထွန်း

---

မျက်နှာဖုံးရိုက်
ချင်းတွင်းပုံနှိပ်တိုက်

---

ပုံနှိပ်/ထုတ်ဝေ

ဒေါ်သန်းသန်း (မြ-၀၁၀၉၀) စပယ်ဦးပုံနှိပ်တိုက်၊
အမှတ် ၁၄၀-၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့တွင်ရိုက်နှိပ်၍
ဒဂုန်ဦးစန်းငွေ(မြ-၀၁၄၃၄) ဒဂုန်စာပေ၊ အမှတ် ၁၄၂၊ (၇)ရပ်ကွက်၊
မင်းရဲကျော်စွာလမ်း၊ တောင်ဥက္ကလာပမြို့မှ ထုတ်ဝေသည်။

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ် ၁၄၀-၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့၊
(ဖုန်း-၁၆၀၀၅)

ဘာသာရေးခွင့်ပြုချက်(၃၉၀၁)

# ပုဒ္ဓိကာယပငါးရုပ်

ဒဂုန်ဦးစန်းငွေ

ချစ်ကျပ်

**စပယ်ဦးစာပေ ဖြန့်ချိရေးမှ**
**၁၉၇၅-ခုနှစ်လတွင် ထုတ်ဝေဖြန့်ချိမည့်စာအုပ်များ**

ဒဂုန်ဦးစန်းငွေ—ဗုံဒွန်ကာယ်ငါးရပ်
တက်တိုး—ကမ္ဘာကျော်ဝတ္ထုရှည်ကြီးများ
သိပ္ပံစိုးရင်—ဗမာ့တော်လှန်ရေး အာဇာနည်ဗိုလ်မှူးကြီးဗထူး
သိပ္ပံဗထွေး—ချစ်မှူးမှူးချစ်ရှုးရှုး
သခင်ဘသောင်း—တထောင့်တည
ခင်ဆွေလတ်—ခင်လှယဉ်ကျေး
ခင်ခင်လေး—စရိုက်
ဒေါင်းနွယ်ဆွေ—နောက်ဆုံးကျန်သော ကျည်ဆံတတောင့်
ထိုင်းရင်းမေ-မမြင့်နွယ်—ကြောက်အားငယ်ရသူမယ်
စစ်ကိုင်းအေးလွင်—နွေညရင်ခွင်
မောင်မောင်မြင့်လွင်—ကြွမ်းလျက်မကွာရစေနှင့်
တက္ကသိုလ်တင့်လွင်ဦး—ချစ်ပင်ပျိုး၍ ချစ်မိုးမရွာ
ခင်မောင်ညို (မန်း)—အညာတြစ်စစ်သည်တဦး၏မှတ်တမ်း
ရန်အောင်—အညာသူကလေး
ဒဂုန်ရွှေမျှား—ဥသေမင်းနှင့်စစ်ခင်းသူ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | ကျိုးကြောင်းပြ အဘိယာစကနိဒါန်း .... | ၁ |
| ခ။ | ဗုဒ္ဓ၏ဓမ္မအမွေ နိဒါန်း .... | ၁၃ |

## (၁) ဧကနိပါတ်

၁ ။ ရူပါဒိဝဂ်

ယောကျ်ားတို့၏စိတ်တွင် မိန်းမတို့၏ အာရုံ ငါးပါး လောက်၊ မိန်းမတို့၏စိတ်တွင် ယောကျ်ားတို့၏ အာရုံ ငါးပါးလောက် တုန်လှုပ် ချောက်ချားစေနိုင်သော အာရုံ တခုမျှ မရှိပုံကို ပြဆိုချက်များ .... ၂၉

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၂။ နီဝရဏပဟာနဝဂ်
နှစ်သက်ဘွယ် အာရုံကြောင့် မဖြစ်သေးသော လိုချင်ရမက် ကာမစ္ဆန္ဒ စသော နီဝရဏတရား ငါးပါးတို့ ဖြစ်လာပုံ။ဖြစ်ပြီးသော နီဝရဏတရားတို့ တိုးပွားကြီးထွား၍ အားကောင်းလာပုံများ .... ၂၆

၃။ အကမ္မနိယဝဂ်
စိတ်ကို နိုးမထားလျှင် ဘာကိုမျှ လုပ်မရပုံ၊ အကျိုးမဲ့ဖြစ်ရပုံ၊ ဆင်းရဲပုံများ။ စိတ်ကို နိုးအောင် နိုးလျှင် အလုပ်လုပ်၍ ဖြစ်ပုံ အကျိုးစီးပွား ဖြစ်ထွန်းပုံ၊ ချမ်းသာပုံများကို ပြဆိုခြင်း .... ၃၆

၄။ အဒန္တဝဂ်
မဆုံးမအပ်သဖြင့် မယဉ်ကျေးသော စိတ်သည် အကျိုးမဲ့ ဆင်းရဲခြင်းကို ဖြစ်စေပုံ။ ဆုံးမအပ်သဖြင့် ယဉ်ကျေးသော စိတ်သည် ကောင်းကျိုး ချမ်းသာ ဖြစ်စေပုံများကို ပြဆိုခြင်း .... ၄၂

၅။ ပဏိဟိတဝဂ်
ဆူးကို နင်းမိဆုပ်မိ၍ စူးလျှင် ဆူးမှာအပြစ် မရှိဟူသော ဥပမာကို ဆောင်လျက် စိတ်ကို ထားတတ်အောင်ပြခြင်း။ ဒေါသ မောဟ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကြောင့် စိတ်ပျက်စီးနေသူ၏ စကားကို ဘာကို ပြောပြော ယုံကြည် နိုင်ရန် အကြောင်းအခွင့် မရှိပုံ .... | ၄၇ |
| ၆။ | အစ္ဆရာသင်္ဃာတဝဂ် | |
| | ပကတိအားဖြင့် ပြိုးပြိုးပြက်ပြက် တောက်ပ ကြည်လင်နေသော စိတ်သည် ညှ့်သည် ရာဂများကြောင့် ညစ်နွမ်းသွားရှာပုံ။ မျက်စိတမှိတ် လက်ဖျစ်တတွက် အချိန်ကလေး၌ မေတ္တာပွားက ဘုရားသခင်၏ ဩဝါဒကို လိုက်နာသည်မည်ပုံ။ ပြည်သူကပေးသော ဆွမ်းကို တရားနှင့်အညီ သုံးဆောင်သည် မည်ပုံ။ သတိမေ့လျော့ခြင်းသည် အကုသိုလ် ကိုဖြစ်စေ၍ ဖြစ်ပြီးသောကုသိုလ်များယုတ် လျော့သွားစေကြောင်း .... | ၅၄ |
| ၇။ | ဝီရိယာရမ္ဘဝဂ် | |
| | အလိုရမက်ကြီးခြင်း၊ မရောင့်ရဲခြင်း၊ မသင့် မတင့်နှလုံးသွင်းခြင်း၊ အဆင်ခြင် ကင်းခြင်း၊ မိတ်ဆွေဆိုး ရှိခြင်းသည် မဖြစ်သေးသော အကုသိုလ်ကို ဖြစ်စေ၍ဖြစ်ပြီးသော ကုသိုလ် ကို ယုတ်လျော့သွားစေကြောင်း .... | ၆၁ |
| ၈။ | ကလျာဏမိတ္တာဒိဝဂ် | |
| | ခင်ပွန်းကောင်းရှိလျှင် မဖြစ်သေးသော | |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ကုသိုလ်ဖြစ်၍ ဖြစ်ပြီးသော အကုသိုလ် ဆုတ်ယုတ်သွားရပုံ။ အကုသိုလ်ကို အားထုတ်၍ ကုသိုလ်ကို အားမထုတ်ခြင်းသည် မဖြစ်သေးသော အကုသိုလ်ဖြစ်၍ ဖြစ်ပြီး ကုသိုလ်များ ဆုတ်ယုတ်သွားကြောင်း .... | ၆၅ |
| ၉။ | ပမာဒါဒိဝဂ် | |
| | မမေ့လျော့ခြင်း၊ ပျင်းရိခြင်း၊ မရောင့်ရဲခြင်း၊ အလိုရမက်ကြီးခြင်း၊ အဆင်ခြင် မရှိခြင်းသည်အကျိုးမဲ့ကိုဖြစ်စေပုံ။ မမေ့လျော့ခြင်း၊ ဝီရိယရှိခြင်းတို့ကား အကျိုး ဖြစ်ထွန်းစေပုံများ .... | ၇၀ |
| ၁၀။ | ဒု—ပမာဒါဒိဝဂ် | |
| | မေ့လျော့၊ပျင်းရိ၊ မရောင့်ရဲ၊အလိုမရက်ကြီး၊ ဆင်ခြင် မရှိခြင်းသည် သာသနာ ပျက်စီး ကွယ်ပဘို့ဖြစ်ကြောင်း .... | ၇၃ |
| ၁၁။ | အဓမ္မဝဂ် | |
| | မတရားဘဲလျက်ကို တရားသည်၊ ဝိနည်း မဟုတ်ဘဲလျက်ကို ဟုတ်သည် ဟု ဆိုပြော ခြင်းသည် အကျိုးမဲ့ရန်၊ အကုသိုလ်များရန် ဖြစ်ကြောင်း .... | ၇၄ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၁၂။ အနာပတ္တိဝဂ်
အာပတ်သင့် အပြစ်ရှိလျက်ကို မရှိဟု ဆိုခြင်းကား အကျိုးမဲ့ အကုသိုလ် များရန်ဖြစ်ကြောင်း .... ၈၁

၁၃။ ဧကပုဂ္ဂလဝဂ်
ပုဂ္ဂိုလ်ထူးတဦး ဘုရားသခင် ပွင့်ထွန်းလာသော် အံ့ချီးထိုက်ပုံ၊သတ္တဝါအပေါင်း ချမ်းသာကြောင်းဖြစ်ပုံ၊ ထိုပုဂ္ဂိုလ် ကွယ်လွန်သော် လူအများ ပူပန်ကြရပုံ .... ၈၄

၁၄။ ဧတဒဂ္ဂဝဂ်
ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ကောဏ္ဍည အစ,ကစ္စာန အဆုံး ၁၀ ပါး .... ၈၉

၁၅။ ဒု-ဧတဒဂ္ဂဝဂ်
ဧတဒဂ်ဘွဲ့ရ ပုဂ္ဂိုလ် စူဠပန္ထက မှ ဝက္ကလိ အဆုံး ၁၁ ပါး .... ၉၁

၁၆။ တ-ဧတဒဂ္ဂဝဂ်
ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ်ရာဟုလာမှ မဟာကောဋ္ဌိက အဆုံး ၁၀ပါး .... ၉၂

၁၇။ စ-ဧတဒဂ္ဂဝဂ်
ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် အာနန္ဒာမှ မောဃရာဇ အဆုံး ၁၆ပါး .... ၉၃

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | မ-တေဒဂ္ဂဝဂ်<br>တေဒဂ်ဘွဲ့ရပုဂ္ဂိုလ် မဟာပဇာပတိဂေါတမီမှ သိင်္ဂါလမာတာ အဆုံး ၁၃ပါး | .... ၉၅ |
| ၁၉။ | ဆ-တေဒဂ္ဂဝဂ်<br>ရှေးဦး သရဏဂုံတည် တပုဿ ဘလ္လိကမှ နကုလပိတာ အဆုံး ၁၀ယောက် | .... ၉၇ |
| ၂၀။ | သ-တေဒဂ္ဂဝဂ်<br>ကေဒဂ်ဘွဲ့ရ ဥပသိကာ သုဇာတာမှ ကာဠီဥပသိကာမအဆုံး ၁၀ယောက် | .... ၉၈ |
| ၂၁။ | အဋ္ဌာနပါဠိဝဂ်<br>သောတာပတ္တိမဂ်ရပုဂ္ဂိုလ်သည် သခ်ါရတို့ကို နိစ္စ, သုခ, အတ္တဟု ယုံကြည်ရန်အကြောင်းမရှိ။ မိဘ, ဘုရား, ရဟန္တာအား သတ်ရန်အကြောင်းမရှိ | .... ၉၉ |
| ၂၂။ | ဒု-အဋ္ဌာနပါဠိဝဂ်<br>လောကဓာတ်တခု၌ စကြာမင်း ၂ယောက်မဖြစ်။မိန်းမသည် ဘုရား၊စကြာမင်း၊ဗြဟ္မာကြီးမဖြစ်။ဒုစရိုက်သုံးမျိုးသည်နှစ်သက်ဘွယ်အကျိုးကိုဖြစ်ရသောအကြောင်းမရှိပုံ | .... ၁၀၃ |
| ၂၃။ | တ-အဋ္ဌာနပါဠိဝဂ်<br>သုစရိုက် သုံးမျိုးသည် အလိုမရှိအပ်သောအကျိုးကို ဖြစ်ရသော အကြောင်းမရှိပုံ | .... ၁၀၄ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၄။ ကေဝမ္မပါဠိဝင်

ဗုဒ္ဓါနုဿတိ စသော တရားတပါးကို ပွား
များလျှင် အကျိုးရှိပုံများ .... ၁၀၆

၂၅။ ဒု-ကေဝမ္မပါဠိဝင်

မိစ္ဆာဒိဋ္ဌိသည်မဖြစ်သေးသော အကုသိုလ်ကို
ဖြစ်စေ၍ ဖြစ်ပြီးသောကုသိုလ်ကိုဆုတ်ယုတ်
စေပုံ။ သမ္မာဒိဋ္ဌိသည် မဖြစ် သေးသော
ကုသိုလ်ကို ဖြစ်စေ၍ ဖြစ်ပြီးသော အကု
သိုလ်ကို ဆုတ်ယုတ်စေပုံ။ ၎င်းကို တမာ၊
သပွတ်ခါး၊ ဗူးခါး၊ ကြံ၊ သလေးစပါး၊
သမျက်မျိုးစေ့များနှင့် တင်စားပြချက်များ .... ၁၀၈

၂၆။ တ-ကေဝမ္မပါဠိဝင်

မိစ္ဆာဒိဋ္ဌိလောက်ကြီးမားသော အပြစ်မရှိပုံ။
တရားဓမ္မကို မှန်ကန်စွာဟောပြောပို့ချခြင်း
မပြုနိုင်သော် ဆရာလည်းမှား၊ တပည့်လည်း
မှား၊ အကုသိုလ်ကို ပွားစေသည်မည်ပုံ .... ၁၁၃

၂၇။ စ-ကေဝမ္မပါဠိဝင်

ညီညာမြေပြင်က နည်း၍ မြင့်မောက်ချိုင့်
ခွက်အသွားခက်သော မြေကများပုံ။လူသား
များက နည်း၍ အပါယ်ဘုံ သားများက
များပုံ။ပညာရှိသူနည်း၍ပညာမဲ့သူကများပုံ
အကြောင်း .... ၁၁၅

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | ပသာဒကရဝဂ် | |
| | ကြည်ညိုခြင်းကို ပြုသော ပုဂ္ဂိုလ်များ အကြောင်း | ၁၂၅ |
| ၂၉။ | အပရအစ္ဆရာသင်္ဃာတဝဂ် | |
| | လက်ဖျစ်တတွက် ကာလကလေး ဖြစ်စေဦးတော့ ပထမစျာန်ကို ပွားလေ့က အကျိုးကြီးမြတ်ပုံကို ပြဆိုချက် | ၁၂၆ |
| ၃၀။ | ကာယဂတာသတိဝဂ် | |
| | ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုအဖန်ဖန်ပွါးလျှင် အကျိုးရှိပုံ။ အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဖြစ်ပုံ။ ပညာ အမျိုးမျိုး တိုးမြင့်လာပုံ။ သံယောဇဉ်ပျောက်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပုံ | ၁၄၁ |
| ၃၁။ | အမတဝဂ် | |
| | ကာယဂတာသတိကို မအောက်မေ့လျှင် နိဗ္ဗာန်ကိုမအောက်မေ့သည်နှင့်တူပုံ။ ကာယဂတာသတိ ယုတ်လျော့လျှင် နိဗ္ဗာန် ယုတ်လျော့သည် မည်ပုံ။ ကာယဂတာ သတိမေ့လျော့လျှင် နိဗ္ဗာန်ကို မေ့သည်မည်ပုံများ | ၁၄၈ |


x x x

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဒုကနိပါတ်

### ပထမပဏ္ဏာသက-ပထမ သုတ်ပေါင်း ငါးဆယ်

### ၁။ ကမ္မကရဝဂ်


၁။ ဝဇ္ဇသုတ်
လောကပြစ်နှင့် သံသရာပြစ် အပြစ်နှစ်ပါး ဒွန်တွဲ၍ဟောပုံ။ ရှေးခေတ် ညှဉ်းဆဲနှိပ်စက် နည်းပေါင်း ၂၀ကျော်နှင့်တကွညှဉ်းဆဲပုံကို အမျိုးမျိုး ခွဲခြား၍ ဟောပုံများ .... ၁၆၀

၂။ ပဓာနသုတ်
ဖြစ်စေနိုင်ခဲသော အားထုတ်ခြင်း နှစ်မျိုး။ လူတို့အနေဖြင့် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး, ပစ္စည်းလေးပါးလှူရန် အားထုတ်နိုင်ခဲပုံ။ ရဟန်းတို့ အနေဖြင့် နိဗ္ဗာန်ရောက်တရား, အားထုတ်နိုင်ပုံများ .... ၁၆၅

၃။ တပနီယသုတ်
ဒုစရိုက်သုံးမျိုးကိုပြုပြီးသုစရိုက်များကိုမပြု။ နောင်အခါ "ငါ သုစရိုက်မှုများကို မပြုမိလေခြင်း" ဟူ၍ နောင်တ, တဖန် ပူပန်ရပုံ .... ၁၆၈

၄။ အတပနီယသုတ်
သုစရိုက် သုံးမျိုးကိုပြု၍ ဒုစရိုက်မှုကိုမပြု။ နောင်သော အခါ "ငါ မပြုမိလေခြင်း" ဟူ၍ နောင်တဖြစ်ဘွယ်မရှိပုံ .... ၁၇၀

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ဥပညာတသုတ် | |
| | ကြိုးစား အားထုတ်မှု ဇွဲလုံ့လကို မလျှော့သင့်ပုံ။ ကိုယ်တော်တိုင်အရိုးကြေကြေ၊ အရေစုတ်စုတ်၊ မဆုတ်မနစ်ကြိုးစားလာပုံ များကို ရဟန်းတို့အား မြွက်ကြားဆုံးမခြင်း .... | ၁၇၁ |
| ၆။ | သညောဇနသုတ် | |
| | သံယောဇဉ် ဖြစ်ကြောင်းတရားကို သာယာသောအားဖြင့်ရှုလျှင်ရာဂ,ကိုမဖျောက်နိုင်။ ဒေါသ၊ မောဟကို မပယ်နိုင်။ ငြီးငွေ့သောအားဖြင့်ရှုလျှင် ရာဂ၊ ဒေါသ၊ မောဟကို ပယ်နိုင်,စွန့်နိုင် ပုံများ .... | ၁၇၃ |
| ၇။ | ကဏှသုတ် | |
| | မည်းနက်တရား၊ တရားမဲခေါ်သောအဟိရိက,အနောတ္တပ္ပ-အရှက်မရှိ, အလန့်အထိတ်မရှိတရား နှစ်မျိုး .... | ၁၇၅ |
| ၈။ | သုက္ကသုတ် | |
| | ဟိရိ,ဩတ္တပ္ပ-ရှက်ခြင်း,လန့်ထိတ်ခြင်း၊အဖြူတရားနှစ်မျိုး .... | ၁၇၆ |


စပယ်ဦးစာပေ

# မာတိကာ

**အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ**


၉။ စရိယသုတ်

ဟီရိ,သြတ္တပ္ပ-တည်းဟူသော လောကစောင့် တရားနှစ်ပါးသာ မရှိပါက အမိ,အမ,ညီမ, မိကြီး,မိထွေး စသည် သိနိုင်တော့မည် မဟုတ်ကြောင်း .... ၁၇၆

၁၀။ ဝဿုပနာယိကသုတ်

ပထမဝါ၊ ဒုတိယဝါ ရဟန်းတို့ ဝါကပ် ခြင်း နှစ်မျိုး .... ၁၇၇

၂။ အဓိကရဏဝဂ်၊

ပဋိသင်္ခါနအားနှင့်ဘာဝနာအားအကြောင်း အမှုအခင်း ဖြစ်ပွားလာခဲ့သော် တရားသဖြင့် ပြီးပြေရန် တရားလို တရားခံတို့ သဘောထားသင့်ပုံကိုညွှန်ပြချက်။ သေလျှင် အဘယ့်ကြောင့် အပါယ်လားပုံ၊ နတ်ပြည်ရောက်ရပုံ ဇာဏုသောဏိ ပုဏ္ဏားက လျှောက်ထားရာတွင် ဘုရားသခင် ဖြေကြားတော်မူပုံ၊ အကုသိုလ်ကိုစွန့်ကြ၊ကုသိုလ်ကိုပွားကြဟု၊အဘယ့်ကြောင့် တိုက်တွန်းရပုံကို ဘုရားသခင်၏ ရှင်းပြချက်။ သာသနာ ပျက်စီးကွယ်ပခြင်း အကြောင်းနှစ်မျိုး .... ၁၇၈

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၃။ ဗာလဝဂ်

လုမိုက်များ အကြောင်းကို နှစ်မျိုး တတွဲ နှစ်မျိုးတတွဲ၊ ဒွန်တွဲ၍ တသန့်စီဟောကြား သွားပုံများ .... ၁၉၇

၄။ သမစိတ္တဝဂ်

ကတညုတနှင့် ကတဝေဒီအကြောင်း။မိဘ နှစ်ပါးကို ပခုံးပေါ် ထမ်းလျက် သေသည် တိုင်အောင် လုပ်ကျွေး ပြုစုသော်ငြားလည်း မိဘကျေးဇူးကို ကျေကုန်အောင် ဆပ်နိုင်ရန် ခဲယဉ်းကြောင်း။ အဘယ် အယူရှိသနည်းဟူ ပုဏ္ဏား၏အမေးကို ဗုဒ္ဓ ဖြေကြားတော်မူပုံ၊ အလှူခံထိုက်သော ပုဂ္ဂိုလ် နှင့် ပတ်သက်၍ အနာထပိဏ်သူဌေး၏ မေးလျှောက်ချက်။ အရှင်သာရိပုတ္တရာဟောသော အဇ္ဈတ္တ ဗဟိဒ္ဓ သံယောဇဉ် နှစ်မျိုး အကြောင်းကို နတ်တို့ နှစ်သက်၍ "ရှုတော်မူလှည့်စမ်းဘုရား" ဟူ၍ နတ်တို့က ဘုရားသခင်ကို သွားရောက် ပင့် ခေါ်ပုံ။ လူလူချင်း၊ ရဟန်း ရဟန်းချင်း၊ မင်း မင်းချင်း ဘာ့ကြောင့်ငြင်းခုံကြသနည်း ဟု အာရာမဒဏ္ဍ ပုဏ္ဏား၏မေးလျှောက်ချက် ကို အရှင်ကစ္စာန ဖြေကြားတော်မူပုံ။ သက်ကြီး,သက်ငယ်နှင့်ပတ်သက်သောကန္ဒရာယန

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပုဏ္ဏားတို့၏အမေးကို အရှင်ကစ္စာနက သက်ကြီး သက်ငယ် ခွဲခြားကာ ရှင်းပြပုံ .... | ၂၀၆ |
| ၅။ | ပရိသဝဂ် | |
| | တိမ်သောပရိသတ်၊နက်သော ပရိသတ်၊စည်းလုံး ပရိသတ်၊ မစည်းလုံး ပရိသတ်၊ ဤသို့စသည်ဖြင့် ပရိသတ် အမျိုးပေါင်း ၂၀ ကို နှစ်မျိုးတတွဲ ဒွန်တွဲလျက် ဟောကြားတော်မူပုံများ .... | ၂၃၀ |


## (၂) ဒုတိယ ပဏ္ဏာသက

### ဒုတိယ သုတ်ပေါင်း ငါးဆယ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပုဂ္ဂလဝဂ် | |
| | ဘုရား၊စကြာမင်း ပုဂ္ဂိုလ်ထူးများ ဖြစ်ထွန်းလာသော် အကျိုးများပုံ၊ ချီးကျူးထိုက်ပုံ။ ယင်းပုဂ္ဂိုလ်များ ကွယ်လွန် သွားသော် လူအများ ပူပန်ကြရပုံ။ သူယုတ်တို့၏ နေထိုင်ခြင်းနှင့် သူတော်ကောင်းတို့၏ နေထိုင်ခြင်းကို ခွဲခွဲခြားခြား မြွက်ကြားတော်မူပုံ .... | ၂၄၇ |
| ၂။ | သုခဝဂ် | |
| | မနုဿသုခ၊ ပဗ္ဗဇ္ဇာသုခ၊ လူ၏ ချမ်းသာမှုနှင့် ရဟန်း၏ချမ်းသာမှု စသော ချမ်းသာမှုများကို နှစ်မျိုးတတွဲ ဒွန်တွဲလျက်ဟော ခတော်မူပုံ။ .... | ၂၅၅ |

# မာတိကာ

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ


၃။ သနိမိတ္တဝဂ်
အကုသိုလ်တို့ဖြစ်မှု၌ အကြောင်း အမျိုးမျိုး ရှိကြောင်းပြဆိုချက် ... ၂၆၁

၄။ ဓမ္မဝဂ်
ပဂ္ဂဟ-ချီးမြှောက် ထိုက်သူကို ချီးမြှောက်ခြင်း၊ ဆုပေးခြင်း၊ နိဂ္ဂဟ-နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ခြင်း၊ ဒဏ်ပေးခြင်း စသည်တို့ကို နှစ်မျိုးစီတွဲ၍ ဟောတော်မူပုံများ .... ၂၆၃

၅။ ဗာလဝဂ်
မရောက်သေးသောတာဝန်ကို ထမ်းဆောင်သူ လူမိုက်၊ ကျရောက်လာသောတာဝန်ကို မထမ်းဆောင်သူ လူမိုက် ဟူ၍ ဤသို့စသည်ဖြင့် လူမိုက်များကို နှစ်မျိုးစီ နှစ်မျိုးစီတွဲ၍ ဟောကြားသွားပုံများ .... ၂၆၅


## တတိယ ပဏ္ဏာသက

### တတိယသုတ်ပေါင်း ငါးဆယ်


၁။ အာသာဒုပ္ပဇဟဝဂ်
လောဘနှင့် အသက်ကို စွန့်နိုင်ခဲပုံ။ ကျေးဇူးရှေးဦးပြုသူနှင့် ကျေးဇူးတုံ့ပြန်သူကို ရခဲကြောင်း။ရာဂ၊ဒေါသ စသည်တို့ ဖြစ်ပေါ်ရန် အကြောင်းများ .... ၂၇၂

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | **အာယာစနဝဂ်** | |
| | ဘိက္ခုစုံပြပုဂ္ဂိုလ် ၂၊ ဘိက္ခုနီစုံပြပုဂ္ဂိုလ် ၂၊ ဥပါသကာ စုံပြ ပုဂ္ဂိုလ် ၂၊ ဥပါသိကာ စုံပြ ပုဂ္ဂိုလ် ၂ တို့အကြောင်း။ ဗာလနှင့် ပဏ္ဍိတ လက္ခဏာရပ်များ | .... ၂၇၆ |
| ၃။ | **ဒါနဝဂ်** | |
| | အာမိသဒါန၊ ဓမ္မဒါန၊ အာမိသစာဂ၊ ဓမ္မစာဂ စသည်တို့အကြောင်း | .... ၂၈၃ |
| ၄။ | **သန္ထာရဝဂ်** | |
| | အဆက်အသွယ်ပြုခြင်း နှစ်မျိုး၊ ရှာမှီးခြင်း နှစ်မျိုး၊ ပူဇော်ခြင်းနှစ်မျိုး၊ ကြီးပွားခြင်း နှစ်မျိုး စသည်တို့အကြောင်း | .... ၂၈၈ |
| ၅။ | **သမာပတ္တိဝဂ်** | |
| | သမာပတ်ဝင်စားခြင်း၌လိမ္မာခြင်း၊ ဝင်စား ရာမှထခြင်း၌ လိမ္မာခြင်း၊ ဖြောင့်မှန်ခြင်း၊ နူးညံ့ခြင်း စသည်တို့ကိုနှစ်မျိုးစီခွဲ၍ တွဲလျက် ဟောတော်မူပုံများ | .... ၂၉၂ |


### (၁) ကောဓပေယျာလ

အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ကျေး ဇူးကို ချေဖျက်ခြင်း၊ အပြိုင်ပြုခြင်း၊ ငြူစူ

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ခြင်း၊ ဝန်တိုခြင်း၊ လှည့်ပတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ဒုစရိုက်တို့မှ မရှက်ခြင်း၊ ဒုစရိုက်တို့မှ မသန့်ခြင်းတို့အကြောင်း .... ၂၉၉

(၂) အကုသလပေယျာလ

အကုသိုလ်နှစ်မျိုး၊ ကုသိုလ်နှစ်မျိုး၊ အပြစ်ရှိတရားနှစ်မျိုး၊အပြစ်မရှိတရားနှစ်မျိုးစသည်တို့အကြောင်း .... ၃၀၅

(၃) ဝိနယပေယျာလ

အကျိုးထူးနှစ်မျိုးကိုမြင်၍ ရဟန်းတို့အားသိက္ခာပုဒ်ပညတ်တော်မူပုံများ .... ၃၃၀

(၄) ရာဂပေယျာလ

ရာဂအကြောင်း ကောင်းကောင်း သိရန်သမထနှင့် ဝိပဿနာကမ္မဋ္ဌာန်းကိုအားထုတ်ရန်ဟောတော်မူပုံများ — ၃၁၅

× × ×

## ကျိုးကြောင်းပြ

# အဘိယာစက နိဒါန်း

သမိုင်းကိုလေ့လာသော်....ဗုဒ္ဓ၏အဖြစ်၌ ဘဝသုံးမျိုးကို တွေ့ရ၏။ ထိုဘဝ သုံးမျိုးကား....

၁။ မင်းသားဘဝ၊

၂။ ရဟန်းဘဝ၊

၃။ ဘုရားဘဝ။

ဤသို့အားဖြင့် ဘဝသုံးမျိုးဖြစ်၏။

၁။ ယင်းသုံးမျိုးအနက် ဖွားမြင်တော်မူသည်မှ သက်တော် ၂၉-နှစ်တိုင်အောင်သော ဘဝသည် မင်းသားဘဝဖြစ်၏။ ယင်းသည့် သက်တော် ၂၉-နှစ်ကို နှစ်ပိုင်းခွဲလျက် သက်တော် ၁၆-နှစ်

အထိ ဘဝသည် လူပျိုတော်သားဘဝဖြစ်၍ ယင်းသည့်အသက် ၁၆-နှစ်အရွယ်၌ ဘဒ္ဒကစ္စနာ အမည်ရှိသော "ယသောဓရာ" မင်းသမီးနှင့် စုလျားရစ်ပတ်လက်ထပ်ပြီးလျှင် ၁၃-နှစ်တိုင်တိုင် မင်းစည်းစိမ်ကို ခံစားကာ နေသော ဘဝကား အိမ်ထောင်ရေး ဘဝ ဖြစ်လေသည်။ သိဒ္ဓတ္ထ မင်းသား ဟူ၍လည်း အရပ်ထက် ဝန်းကျင်၌ ကျော်စောထင်ရှားလေသည်။

ဤ၂၉-နှစ်ကာလအတွင်း၌ သိဒ္ဓတ္ထမင်းသား မြင်တွေ့နေရသော ထိုထိုအာရုံ အဖုံဖုံတို့ကား"မင်းဘွယ်စိုးရ" အာရုံများသာ ဖြစ်ကုန်၏။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အမှူးပြုသော မင်းမိဖုရားများ၊ မင်းညီမင်းသားများ၊ မောင်းမမိဿံများ၊ နန်းတွင်းသူ ခြွေရံသင်းပင်းများ၊မှူးမတ်များ၊စစ်မှုထမ်းများနှင့် ရတနာရောင် ထွန်းပြောင်ပြိုးပြက် တခဲနက်တောက်ပလျက် ရှိနေသည့် ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းများသာလျှင် ဖြစ်ကုန်သည်။

သိဒ္ဓတ္ထမင်းသားအဖို့ ခြွေဆန့်လက်ဆန့် လှုပ်ရှားမှုဆိုရွေ ရံခါရံခါ ဥယျာဉ်တော်သို့ ထွက်တော်မူခြင်းသာလျှင် ဖြစ်သောကြောင့် ဤနန်းတော်၊ ဤမှူးမတ်၊ ဤနန်းတွင်းသူ၊ ဤမောင်းမမိဿံ၊ ဤ ခြွေရံသင်းပင်း များနှင့် ဤ ဥယျာဉ်တော်မှ တပါး အခြားပြင်ပအာရုံများကို မမြင်ဘူးသလောက်ပင် ဖြစ်ချိမ့်မည်။

မင်းသား၏ ပင်ကိုယ်ဆန္ဒမှာ လွတ်လပ်မှု၊ အချုပ်အချယ်ကင်းမှုကို လိုလားတော်မူ၏။လွတ်လပ်စွာကျယ်ကျယ်ပြန့်ပြန့်နှင့် နေတော်မူလို၏။ သို့သော် စည်းကမ်းကြီးလှသော မင်းတို့၏ ကျင့်ဝတ်၊ ရာဇသိက္ခာပုဒ်များက ထိန်းချုပ်၊ ဆုပ်ကိုင်၊ အုပ်

---

စပယ်ဦးစာပေ

## ( ၃ )

ဆိုင်းထားသကဲ့သို့ ဖြစ်နေလေရကား ရွှေဘုံပေါ်မှာ စံရသော်ငြားလည်း မွေ့လျော်တော်မူဟန် မတူချေ။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်အား လွန်စွာလည်း ချစ်မြတ်နိုးတော်မူ၏၊ လွန်စွာလည်း အားကိုးတော်မူ၏။ ဤသို့ မြတ်နိုးတော်မူသည်နှင့် အမျှ သားတော် တစုံတရာ အန္တရာယ်ဖြစ်မည့်အရေးကို လွန်စွာလည်းစိုးရိမ်ကြောင့်ကြတော်မူ၏။

သို့ကြောင့်ပင်လည်း "မတော်တဆ မိုးမပြိုဘူး ပြိုခဲ့သော်" ဟူသော အစိုးရိမ်အားကြီးမှုအရဖြင့် ဥယျာဉ်တော်သို့ ထွက်သည်ကိုပင် စိတ်ချတော်မမူရက်လေသည့် အလျောက် ပိတ်ပင်ဟန့်တားခြင်း ပြုတော် မူလေသောအခါ မင်းသားမှာ ခမည်းတော်၏ ကြီးမားသော မေတ္တာတရားကို ရိုသေလေးစားသောအားဖြင့် ရွှေဘုံပျို့မှ တရံမခွာဘဲ ကာလကြာညောင်းစွာ စံနေရလတ်သော် လက်တွေ့အားဖြင့် တဖြည်းဖြည်း အနေအထိုင်မှစ၍ ကျုံ့ကျုံ့လာသည်ကို သတိပြုမိလာလေသည်။

ထိုမှတပါး မင်းသား၏ပင်ကိုယ်စိတ်တွင် ကရုဏာနိမိတ်အမြဲစွဲထင်လျက်ရှိနေသည်ဖြစ်ရာ မိမိအား ညွှတ်တွားခယ လုပ်ကျွေးပြုစုနေကြသော နန်းတွင်းသူများ၏ ဒုက္ခသုက္ခ ဘဝဖြစ်ရပ်များကိုရင်း၊ မိမိကိုယ်ကိုပြန်၍ ဆင်ခြင်ပြန်သော် အသွင်ပသာဒ့လှပမှု၊ သပ်ရပ်မှု အတွက် ပြုရ ပြင်ရ ဆင်သရခြင်းနှင့် နေ့စဉ် မှန်မှန်အချိန်တန်လျှင် အဟာရကျွေးမွေးပေးနေရခြင်းဒုက္ခကိုရင်း သုံးသပ်မိလေလေ၊ ခန္ဓာ ဝန်ထုပ်ကြီးကို စက်ဆုတ်လာလေလေ "ဩော်....ငါလဲဒုက္ခ၊ သူလဲဒုက္ခ၊လူပ်လှုပ်ရွရွခန္ဓာဝန်ရှိသူမှန်သမျှ ဒုက္ခကောင်ချည်း ပါကလား"

ထို့ကြောင့် ထိနန်းစည်းစိမ်ကိုပျော်မွေ့ဘွယ်အစား ငြီးငွေ့ဘွယ်ဟု ထင်မြင်လာသည်။ လွတ်လပ်မှုဆိတ်သုဉ်းပြီး ကျဉ်းကျပ်စွာနေရသော လှောင်ချိုင့်တွင်းက ငှက်ငယ်အလား သူ့ကိုယ်သူ ထင်စားမိလာသည်။ ဒုက္ခကင်းငြိမ်းမှုကို တောင့်တလာသည်။ ယင်းသို့ မဟုတ်ချေက မင်းသားသည် ဤ ထီနန်း စည်းစိမ်မှ အဘယ်မှာလျှင် စွန့်ခွာတော်မူရက် နိုင်ပါမည်နည်း။ ဤသည်လည်း တကြောင်းပင် ဖြစ်ချိမ့်မည်။

၂။ ဗုဒ္ဓ၏ အဖြစ်၌ သက်တော် ၂၉-နှစ်မှ ၃၅-နှစ်အထိ ၆-နှစ်တာ ကာလသည် ရဟန်းဘဝဖြစ်လေသည်။ ကပိလဝတ် ထီးနန်းစည်းစိမ်နှင့်တကွ အသိုင်းအဝန်း အားလုံးကို ယတိပြတ် စွန့်ခွာခဲ့ပြီးနောက် ဥရုဝေဠတောအုပ်၌ ရဟန်းဘဝဖြင့် ဇာတ်မြှုပ်နေသော အခါသမယဖြစ်၏။

ထိုအခါ သိဒ္ဓတ္ထမင်းသားအဖို့တွင် သူသေးသားမှ ဖြစ်သော မိမွေးတိုင်း, ဖမွေးတိုင်း ခန္ဓာကိုယ်မှ တပါး အားလုံးအသွင် ပြောင်းလဲလျက် ရှိနေပြီကို တွေ့ရ၏။ ကတ္တီပါ၊ ပိုးဖဲ၊ ရဲရဲလျှံငြီး အတိုင်းမသိ အဖိုးထိုက်တန်သော ဝတ်နေကျ ဝတ်လဲတော် ပုဆိုးအစား ညစ်ထပ်ထပ်သင်္ကန်းကိုသာ တွေ့ရသည်။ နေမှုထိုင်မှု စားမှုသောက်မှု၊ သွားမှုလာမှု၊ ဆင်ယင် ထုံးဖွဲ့မှုတွေ အားလုံး ရှေးကနှင့် လုံးဝမတူတော့ဘဲ ဘဝသစ် တဖြစ်လဲ နေပြီဖြစ်၏။

သူ့ပတ်ဝန်းကျင်သည် တောအတိသာ ဖြစ်ချေ၏။ စုလစ်မွန်းချွန် အထွဋ်တပ်သော ဘုံနန်းပြာသာဒ်များ နေရာတွင် သစ်ပင်များက အစားဝင်လာသည်။ ထုပိကာ ပြာသာဒ် ဖျားဆီက ရွှေဆည်းလည်း၊ ငွေဆည်းလည်းသံကလေးများအစား တောအုပ်

တဖက်ဆီက ကျေးငှက်ကလေးများတွန်ကျူးသံကိုကြားရသည်။ နန်းတွင်းသူပျိုကညာတို့ နေရာတွင် သမင်ပျိုတသိုက်ကို အလိုက်သင့် မြင်နေရသည်။

နန်းတွင်း၌နေခဲ့စဉ်က အာရုံငါးပါးကို ရှုစားစေခြင်း အားဖြင့် စိတ်ကို အပြင်းအပြ စေခိုင်းလာခဲ့ရာက ယခု အချိန်တွင်မူ ရုပ်ကိုဖိ၍ စေခိုင်းရန်အလှည့် ရောက်လာသည့်ပမာ မြေဝယ်မချခဲ့ဘူးသော ဖဝါးတော်နုနုကို ဆူးတော၊ ညောင့်တော၊ ကျောက်စရစ် ခရောင်းတောထဲချ၍ နင်းစေသည်။ နေပူပူ၊ မိုးရွာရွာ၊ ရရာဆွတ်လှမ်း သစ်သီးဆွမ်းဖြင့် မျှသည့်အခါမျှ နေ့ညအားထုတ် တရားရှာမှီးခြင်းအလုပ်ဖြင့်သာ နေတော်မူသည်။

ဤသို့ ဆင်းရဲစွာနေရခြင်းအားဖြင့် ရုပ်နွမ်းစေကာမူ စိတ်ကား အတိုင်းမသိ ချမ်းသာတော် မူလေ၏။ "ငါ တောင့်တလာခဲ့သော လွတ်မြောက်မှုကို လွတ်လပ်စွာ ယခု ငါ ရှာမှီးခွင့်ရချေပြီကော" ဤသို့သော ပီတိဖြင့် ခြောက်နှစ်တိုင်တိုင် ဂနိုင်ပိတ်ဆီး တောကြီးဟေမဝါတွင် တရားရှာရင်း နေလာခဲ့သည်။

၃။ ဗုဒ္ဓ၏အဖြစ်တော်၌ သက်တော် ၃၅-နှစ်မှ ၈၀-ပြည့်သောနှစ်အထိ ၄၅-နှစ်တာ ကာလသည် ဘုရားဘဝ ဖြစ်လေသည်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ သက်တော် ၃၅-နှစ်အရောက်တွင် မဟာဗောဓိပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်တော်မူလာသည်။ မဟာသက္ကရာဇ်၁၄၈-ခုနှစ် ကဆုန်လပြည့်နေ့တွင် မလ္လာမင်း တို့၏ ကုသိနာရုံ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူသည်။

---

စယ်ဦးစာပေ

ဗုဒ္ဓမြတ်ဘုရားသည် လောကဓာတ်နယ်ခရိုင်တွင် ပြိုင်သူကင်းလွတ် အထွတ်ဆုံး အမြတ်ဆုံးဖြစ်သော သဗ္ဗညုဘုရားအဖြစ်သို့ ရောက် တော် မူ သော အခါ ဒီပင်္ကရာဘုရားသခင်၏ အထံတော်၌ ဗျာဒိတ်ခံခဲ့စဉ်အခါက "ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တော မောစေယျံ။ သတ္တဝါခပ်သိမ်းတို့အား ငါသိသကဲ့သို့ သိစေအံ့၊ ငါလွတ်မြောက်သကဲ့သို့ လွတ်မြောက်စေအံ့" ဟူ၍ ကြုံးဝါးလာခဲ့သည့်အတိုင်း ဗုဒ္ဓကာလ ဘုရားဘဝ ၄၅-နှစ်တို့ကာလပတ်လုံး တရားစည်ကြီးကို ရိုက်တီးဆော်ယွမ်းကာ ဗြဟ္မာနတ်လူသုံးဘုံသူတို့ကို နိဗ္ဗူအောင်မြို့သို့ဖောင်ကူးတို့ဖြင့် ပို့ဆောင်တော်မူလေသည်။

ဘုရားဖြစ်တော်မူသည်မှစ၍ ပရိနိဗ္ဗာန်ပြုတော်မူသည်အထိ ၄၅-နှစ်တို့ ကာလပတ်လုံး ဟောတော်မူအပ်သော တရားတို့ကား....

၁။ သုတ္တန်ပိဋကတ်၊
၂။ ဝိနည်းပိဋကတ်၊
၃။ အဘိဓမ္မာပိဋကတ်....ဟုဆိုအပ်သော ပိဋကက်အားဖြင့် သုံးပါး။

၁။ ဒီဃနိကာယ်၊
၂။ မဇ္ဈိမ နိကာယ်၊
၃။ သံယုတ္တနိကာယ်၊
၄။ အင်္ဂုတ္တရနိကာယ်၊
၅။ ခုဒ္ဒကနိကာယ်....ဟု ဆိုအပ်သော နိကာယ်အားဖြင့် ငါးပါး။

သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ....ဟု ဆိုအပ်သော အင်္ဂါအားဖြင့် ၉-ပါး။

၁။ သုတ္တန်ပိဋကတ်၌ ဓမ္မက္ခန္ဓာပေါင်း........၂၁၀၀၀။

၂။ ဝိနည်းပိဋကတ်၌ ဓမ္မက္ခန္ဓာပေါင်း.........၂၁၀၀၀။

၃။ အဘိဓမ္မာပိဋကတ်၌ ဓမ္မက္ခန္ဓာပေါင်း....၄၂၀၀၀။

ဤသို့အားဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀)ရှိလေသည်။

ထိုရှစ်သောင်းလေးထောင် (၈၄၀၀၀)သော ဓမ္မက္ခန္ဓာတို့ကို သံဂါယတနာတင် အရှင်သူမြတ်တို့က....

၁။ ပဌမဗုဒ္ဓဝစန = (ရှေးဦးဘုရားစကားတော်)

၂။ မဇ္ဈိမဗုဒ္ဓဝစန = (အလယ်ဘုရားစကားတော်)

၃။ ပစ္ဆိမဗုဒ္ဓဝစန = (နောက်ဆုံး ဘုရားစကားတော်)ဟူ၍ ဤသို့ ကဏ္ဍသုံးပါး ခြားကန့်၍သံဂါယနာတင်ထားခဲ့ကြကုန်ပြီ။

ယင်း ဘုရားစကားတော် သုံးမျိုးအနက် (၁) အနေက ဇာတိသံသာရံ.... စသောစကားကို ရှေးဦးစကားတော်(၂)၄၅ ဝါအတွင်း ဟောအပ်သောတရားများကို အလယ်စကားတော်၊ (၃) ပရိနိဗ္ဗာန်ပြုခါနီး ကာလ၌ ရဟန်းတို့အား နောက်ဆုံးမှာကြားခဲ့သည့် အနေဖြင့်....

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

---

စပယ်ဦးစာပေ

အိုရဟန်းတို့ ယခု သင်တို့အား နောက်ဆုံးစကား ငါမှာကြားခဲ့အံ့။ မြင်မြင်သမျှ သင်္ခါရတရားတို့ကား ပျက်စီးခြင်းသဘောရှိကုန်၏။ ဤသည်ကို မမေ့မလျော့ သတိရှိရစ်ကြကုန်”ဟူ၍ ဟောအပ်သော ဤတရားကို နောက်ဆုံး စကားတော်ဟု ဆိုတော်မူကုန်၏။

ထိုသို့ ၄၅-ဝါတို့ ကာလပတ်လုံး ဗုဒ္ဓမြတ်ဘုရား ဟောကြားသွားတော်မူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်(၈၄၀၀၀) တို့ကား....

၁။ ဓမ္မဂမ္ဘီရ = အကြောင်း၏ နက်နဲခြင်း၊
၂။ အတ္ထဂမ္ဘီရ = အကျိုး၏ နက်နဲခြင်း၊
၃။ ဒေသနာဂမ္ဘီရ = ဟောကြားတော်မူပုံ၏ နက်နဲခြင်း၊
၄။ ပဋိဝေဓဂမ္ဘီရ = ထိုးထွင်းသိမြင်သော အသိဉာဏ်၏ နက်နဲခြင်း – ဟုဆိုအပ်သောဂမ္ဘီရလေးပါးနှင့်လည်း ပြည့်စုံတော်မူ၏။

ထိုမှတပါး....

၁။ သဒ္ဒဂမ္ဘီရ.... သဒ္ဒါ၏ နက်နဲခြင်း၊
၂။ အတ္ထဂမ္ဘီရ ... အနက်၏ နက်နဲခြင်း၊
၃။ သဒ္ဒတ္ထဂမ္ဘီရ....သဒ္ဒါအနက်နှစ်ပါးစုံ၏ နက်နဲခြင်း၊
၄။ အဓိပ္ပါယဂမ္ဘီရ....အဓိပ္ပါယ်၏ နက်နဲခြင်း....ဟု ဆိုအပ်သော ဂမ္ဘီရ လေးပါးတို့နှင့်လည်း ပြည့်စုံတော်မူ၏။

ယခု ပြုစုထားသော ဤကျမ်းစာများသည် အထက် အဆိုပါ ရှစ်သောင်းလေးထောင် (၈၄၀၀၀) သော ဓမ္မက္ခန္ဓာတို့၏

တစိတ်တဒေသ၊ သုတ္တန္တပိဋကတ် ငါးရပ်သော နိကာယ်တို့တွင် အင်္ဂုတ္တရနိကာယ်၌လာသော ဗုဒ္ဓပါဝစန ဘုရားစကားတော်များကို မြန်မာဘာသာဖြင့် အနက်ဖော်ထားသော စာများဖြစ်လေသည်။

အင်္ဂုတ္တရနိကာယ်သည် လွန်စွာကျယ်ဝန်းလှ၏။ ဧကနိပါတ်မှ ဧကာဒသနိပါတ်အထိ ကျမ်းပေါင်း (၁၁) ကျမ်းရှိပေ၏။ ယင်းတို့အနက် ရှေးဦးစွာသော ဧကနိပါတ်၌ ဝဂ္ဂ = အုပ်စုအနေအားဖြင့် နှစ်ဆယ်၊ ဓမ္မအားဖြင့် ခြောက်ရာ (၆၀၀) ကျော်မျှရှိလေသည်။ ဒုကနိပါတ်၌ ဝဂ္ဂ = အုပ်စုအားဖြင့်တဆယ့်ငါး၊ သုတ္တ = သုတ်အားဖြင့် တဆယ်၊ ပေယျာလအားဖြင့် လေးပါး၊ ဓမ္မအားဖြင့် ခုနစ်ရာ (၇၀၀)ကျော်မျှရှိလေသည်။

ကျယ်ဝန်းလှစွာသော အင်္ဂုတ္တရနိကာယ်ကြီးကို အကြောင်းကြောင်းတို့ကြောင့် စာတအုပ်တည်းနှင့်အပြီး မဖြစ်နိုင်သဖြင့် အပိုင်း ၁ ၊ ၂ စသည်ခွဲ၍ ရေးသားသွားရန် စီစဉ်ရ၏။ ဤအပိုင်း ၁ ၌ ဧကနိပါတ်နှင့် ဒုကနိပါတ်ကို တအုပ်တည်းနှင့်အပြီး စီစဉ်လိုက်နိုင်၏။

ဗုဒ္ဓ၏ နှုတ်တော်မှ မြွက်ဖော်ဟောကြားလိုက်သော စကားတို့ကား အမြဲအားဖြင့် ခေတ်တိုင်းခေတ်တိုင်းကို ဦးဆောင်လျက်ရှိနေကြောင်း တွေ့ရ၏။ အကြောင်းအရာ အချက်အလက်နှင့်ပတ်သက်၍ဖြစ်စေ၊ ဝေါဟာရစကားလုံး အသုံးအနှုန်းနှင့် ပတ်သက်၍ဖြစ်စေ၊ လောကခေတ်သိပ္ပံပညာရပ်များနှင့် ပတ်သက်၍ဖြစ်စေ မည်သည့်ရှုထောင့်ကပင် ကြည့်ကြည့် လိုနေသောအရာ၊ ဟာနေသောအရာဟူ၍မရှိ။ ထက်ဝန်းကျင်မှ ပြည့်စုံသည်သာ

ဖြစ်၏။ ထိုအကြောင်း မှန်ကန်ကြောင်းကို ဤစာအုပ်ပါ အချက်အလက်များက သက်သေပြုပေလိမ့်မည် ဖြစ်၏။

ဥပမာ....ဆုပေး၊ ဒဏ်ပေး စနစ် ဆိုသော ဝေါဟာရသည် မကြာသေးခင်ကမှ ပေါ်လာသောကြောင့် ဝေါဟာရသစ်၊ စကားသစ်ကဲ့သို့ ထင်ရ၏။ သို့သော် ထိုသည့် စကားလုံးမျိုးကို ဗုဒ္ဓ ကိုယ်တော်တိုင် သုံးနှုန်းတော် မူသွားသည်မှာ ကြာချေပြီ။

> "ဘိက္ခဝေ-ရဟန်းတို့။ဣမေဓမ္မာ- ဤတရားတို့သည်၊ ဒွေ-နှစ်မျိုးရှိကုန်၏။ ကတမေဒွေ-အဘယ်နှစ်မျိုးတို့နည်း ဟူမူကား၊ ပဂ္ဂဟောစ- ချီးမြှောက်ခြင်းလည်း တမျိုး၊ နိဂ္ဂဟောစ-နှိပ်ကွပ်ခြင်းလည်း တမျိုး၊ ဣမေဒွေ-ဤနှစ်မျိုးတို့ ဖြစ်ကုန်၏။"

—ဟူ၍ ဤစာအုပ်၏ ဒုကနိပါတ် ကဏ္ဍ၌ ဟောသွားတော်မူလေပြီးဖြစ်၏။ ပဂ္ဂဟ = ချီးမြှောက်ခြင်း ဆိုသည်ကား ဆုပေးစနစ်ကို ဆိုသတည်း။နိဂ္ဂဟ = နှိပ်ကွပ်ခြင်းဆိုသည်ကား ဒဏ်ပေး စနစ်ကို ဆိုသတည်း။ စကားသုံးနှုန်းပုံ ဝေါဟာရသာ ကွဲ၏။ အဓိပ္ပါယ်ကား အတူတူပင်။ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ပါ၊ ဆုပေးပါ။ နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ပါ၊ဒဏ်ပေးပါ-ဟု ဆိုလိုသည်။

ထိုမှတပါး ယနေ့ခေတ်၌ ပညာရပ်တခုတွင် အတော်ဆုံး၊ အကောင်းဆုံးသူကို "ချန်ပီယံဘွဲ့" ချီးမြှင့်လေ့ရှိကြရာ ထိုထက် ရှေးဦးစွာသော ကာလကပင် "တေဒဂ္ဂ"ဟူ၍ ဗုဒ္ဓသုံးနှုန်းတော် မူသွားလေပြီ။ တေဒဂ္ဂ၏ အဓိပ္ပါယ်ကား ထိုသူ အတော်ဆုံး၊ အကောင်းဆုံးဟု ဆိုခြင်းပင်တည်း။တေဒဂ်ဘွဲ့ရပုဂ္ဂိုလ်ဟူ၏။ဗုဒ္ဓ

ခေတ် တလျှောက်လုံး၌ ရဟန္တာ၊ရဟန္တာမအကျော်အမော်ထိပ်သီးပုဂ္ဂိုလ်တွေ အသင်္ချေအနန္တများပြား လှစေကာမူ "သူထက်သူ လူစွမ်းကောင်း"ဆိုသကဲ့သို့ တေဒဂ်ဘွဲ့ရသော ပုဂ္ဂိုလ်မှာ ရှစ်ဆယ်မျှသာ ရှိပေသည်။ ထိုတေဒဂ် သမိုင်းဝင် ပုဂ္ဂိုလ်တို့၏ သန်းခေါင်စာရင်း အပြည့်အစုံ ဤစာအုပ် ဒုကနိပါတ်၌ ပါရှိပေ၏။

ထို့ပြင် ယနေ့ခေတ်၌ ရေပန်းစားလျက်ရှိနေသည့် "စံပြ" ဟူသော စကားကိုလည်း ဗုဒ္ဓ ကိုယ်တော်သည်ပင် သုံးသွားတော်မူ၏။

"ဘိက္ခဝေ-ရဟန်းတို့၊ သော-ဤသူတို့ကား၊ တုလာ-နှိုင်းယှဉ်ရန် ချိန်ပေတည်း။ ပမာဏံ- နှိုင်းယှဉ်ရန် စံပေတည်း။"

—ဟူ၍ "ငါ့တပည့်တို့တွင်သာရိပုတ္တာရာနှင့်မောဂ္ဂလာန်၊တပည့်မတို့တွင် ခေမာထေရီနှင့်ဥပ္ပလဝဏ်တို့သည် နှိုင်းယှဉ်ရန်စံပြပုဂ္ဂိုလ်များ ဖြစ်ကုန်၏။ သူတို့ကို စံယူကြ။ စံထားကြ"ဟု ဩဝါဒပေးသွားတော်မူပုံကိုထောက်လျှင်အဘယ်မျှ ခေတ်ရှေ့သို့ရောက်နေသည်ကို ရိပ်စားမိနိုင်ပေသည်။ ဤဖြစ်ရပ်သည်လည်း ဒုကနိပါတ်၊ အာယာစနဝဂ်၌ ဇာတ်ဆောင်အဖြစ် ပါဝင်လေသည်။

ကျွန်ုပ်၏ အာသိသကား ဗုဒ္ဓမြတ်ဘုရား၏ ညွှန်ကြားချက်၊ မြတ်ဘုရားကပေးသော အသိဉာဏ်များ လူတိုင်း လူတိုင်းသို့ ကူးစက်ပြန့်ပွားကာ အသိဉာဏ်ဖွံ့ဖြိုးလျက် အကျိုးသက်ရောက်စေလိုမှုကို ရှေးရှုပါသတည်း။

စပယ်ဦးစာပေ

၂၀၀၈

ဂမ္ဘီရလေးပါးနှင့် ပြည့်စုံသဖြင့် နက်နဲလှစွာသော ဗုဒ္ဓပိဋကတ်တော်များကို လူထုနှင့်ထိတွေ့ ယဉ်ပါးစေလိုသော ဆန္ဒဖြင့် အသိလွယ်ဆုံး၊ သဘောအပေါက်လွယ်ဆုံးဖြစ်အောင်ကြိုးစား ပြုစုလျက် လူထုလက်သို့ ကမ်းလှမ်းလိုက်ပါသည်။ သို့တစေလည်း ကျွန်ုပ်ဉာဏ်မမှီ၍သော်လည်းကောင်း၊ ဝေါဟာရမပိုင်၊တင်ပြပုံ မခိုင် မှုသန့်၍သော်လည်းကောင်း ထင်းကနဲ၊လင်းကနဲ၊ အသိဉာဏ်မပွင့် သဘောမမိသော အရာများလည်း ရှိကောင်း ရှိပါလိမ့်မည်။ ဤသည်ကို ခွင့်လွှတ်ပါရန် ပန်ကြားပြီးနောက် တတ်ကျွမ်းနားလည်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်လျက် ထိထိရောက်ရောက်သဘောင်ပေါက်အောင် နိသျည်းခံယူတော်မူကြပါဦး ဟူ၍လည်း တိုက်တွန်းလိုပါကြောင်း....။

ဒဂုန်-ဦးစန်းငွေ

၁၃၃၆-ခု၊ ပြာသိုလပြည့်ကျော် ၉-ရက်။

(၄-၂-၇၅)ည။

ရန်ကုန်မြို့။

# ဗုဒ္ဓ၏ ဓမ္မအမွေ နိဒါန်း

“ဗုဒ္ဓနိဗ္ဗာန်ဝင်မှာတမ်းကြီး” ထားရစ်ခဲ့သည်ကို ဗုဒ္ဓဘာသာဝင် အများပင်ကြားနာပြီး သိပြီးဖြစ်ကြသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် သတ္တဝါဝေနေယျတို့အတွက် လိုက်နာကျင့်သုံးကြရန် အမွေပေးဗုဒ္ဓသေတမ်းစာကြီးဖြစ်သည်။

မိမိကိုယ်ကို ကျွန်းကြီးသဖွယ်ပြု၍ မှီတင်းနေထိုင်ကြ။
မိမိကိုယ်ကိုသာ အားကိုးရာ ကိုးကွယ်ရာ ပြုကြ။
....အခြားအားကိုးရာ ကိုးကွယ်ရာ မရှိ။ ။

ဗုဒ္ဓဟောကြားထားခဲ့သမျှတရား

ဓမ္မကိုသာ ကျွန်းကြီးသဖွယ်ပြု၍ မှီတင်းနေထိုင်ကြ။
ဓမ္မကိုသာ အားကိုးရာ ကိုးကွယ်ရာ ပြုကြ။
....အခြား အားကိုးရာ ကိုးကွယ်ရာ မရှိ။ ။

---

စယ်ဒီးစာပေ

ဤသို့ ဗုဒ္ဓဘုရားရှင်၏ အမွေပေး မိန့်မှာချက် အရ ပြည်သူလူအများအဖို့ အားကိုးရာ ကိုးကွယ်ရာပြုလို၍ ဗုဒ္ဓ၏ ဓမ္မကို ရှာလျှင် နီးလျက်နှင့်ဝေးလှသည်။ ပြည်သူလူအများနှင့် ဗုဒ္ဓ၏ ဓမ္မစပ်ကြားတွင် ဧရာမ မြင့်မားလှသည့် နံရံတံတိုင်းကြီး ခြားထားဘိသကဲ့သို့ ဖြစ်နေသည်။

ပိဋကတ်တော်စာအုပ်ကြီးများကို ဓမ္မစေတီဆို၍ လက်ဖြင့်ကိုင်ပြီး ပေးလှူပူဇော်ကြရသည်။ ရှိခိုးဦးချကြသည်။သို့ပါလျက် ဘယ်လိုဗုဒ္ဓဓမ္မတွေဖြစ်သည်ကို မသိကြရ။ ဓမ္မအရသာကို မခံစားကြရပေ။

အကြောင်းက– ဗုဒ္ဓဓမ္မများကို အက္ခရာဖြင့် မှတ်တမ်းတင်၍ သိမ်းထုပ်သယ်ဆောင်လာသောစာမှာ ပါဠိဘာသာစာ ဖြစ်နေသောကြောင့် မသိနိုင် ဖြစ်ကြရပါသည်။

ထိုပါဠိဘာသာ တတ်ကျွမ်းသူများကတဆင့် အခါသင့်သလို ဗုဒ္ဓဓမ္မများ အရိုကို ထုတ်နှုတ်ဟောပြောသမျှသာ ကြားနာမှတ်သားကြရသည်။

ဤအဖြစ်သရုပ်ကို မျက်ဝါးထင်ထင် သိမြင်သည်ဖြစ်၍ လွန်ခဲ့သည့် နှစ်ပေါင်းရှစ်ဆယ်ခန့်ကစပြီး ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ရွာသူရွာသား၊ နွားကျောင်းသား ပါမကျန် စာဖတ်တတ်သူမှန်သမျှ ဗုဒ္ဓ၏ဓမ္မအမွေကို ရရှိခံစားကြစေရန် မြန်မာစကားဖြင့် ဒီပနီ အမည်တပ်လျက် ကျမ်းပေါင်းရာနှင့်ချီ၍ စီရင်ရေးသား ပုံနှိပ်ဖြန့်ချိစေလေသည်။

ဗုဒ္ဓဘုရားရှင်၏ သုတ္တန်ဒေသနာများ၊ အဘိဓမ္မာများ၊ ကမ္မဋ္ဌာန်းဝိပဿနာတရားတို့သည် ပြည်သူများလက်သို့ ရောက်၍

ပြည်သူ့စပ်ကြားတွင် ဗုဒ္ဓ၏ ဓမ္မအမွေ ထူထောင်မိခဲ့ကြရသည်။ ယနေ့တည်ရှိနေသော ဗုဒ္ဓအဘိဓမ္မာထွန်းကားခေတ်၊ ကမ္မဋ္ဌာန်း ရိပ်သာကြီးများ ထွန်းကားခေတ်ကို ကျေးဇူးရှင် လယ်တီဆရာ တော်ကြီးက စတင်ထူထောင်ခဲ့ရာတွင် မြန်မာဘာသာစာ စကား သည် အဓိကလက်နက်ကိရိယာကြီးဖြစ်ကြောင်း ထင်ရှားမြင်သိ ဖြစ်ကြသည်။

လယ်တီဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၇၀-ပြည့် နှစ်- ပုသိမ်မြို့သို့ ကြွရောက်၍ ဟိုက်စကူးကျောင်းကြီး၌ တရား ဟောတော်မူစဉ် ပါဠိမဖက် မြန်မာစကားသက်သက်ဖြစ်ခြင်း နှင့်ပတ်သက်၍ မိန့်ကြားတော်မူသည်မှာ—

"မောင်စံကျော်ရေ၊မင်းတို့ ပုသိမ်မြို့သားလူအများ တို့က တီးတိုးပြောဆိုကြတဲ့ စကားအချက်က သည်လို တဲ့ကွဲ့။

လယ်တီဆရာတော် ဟောပြောတဲ့ တရားကလဲ ပါဠိ တတိုတစ၊ တပုဒ် တဂါထာမျှမပါဘဲ မြန်မာစကားပြေ သက်သက်နဲ့ ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက်ရှိလှ ချေရဲ့လို့ ကဲ့ရဲ့သံများကို ကြားရတယ်ကွဲ့၊ သို့အတွက် သည်နေ့ည တရားပွဲမှာ ပါဠိထည့်ပြီး ဟောရလိမ့်ဦး မယ်၊ ကိုင်း.... နားထောင်ကြကွဲ့။

"ဟေတုပစ္စယော"။ ။အဲဒါပါဠိကွဲ့....နားလည် ကြရဲ့လား၊ အဲဒီပါဠိက ပဋ္ဌာန်းပါဠိတော်ကြီးမှာ အစ ဖြစ်တဲ့ အခြေခံပါဠိတော်ကွဲ့၊ဒို့ဗမာလူမျိုးတွေ ခက်နေ တာက ကိုယ်နားမလည်တဲ့-ကိုယ်မပိုင်တဲ့ ပါဠိများကို

ရွတ်ဆိုပြီး မြှိုင်မြှိုင်ဆိုင်ဆိုင် လှိုင်လှိုင်ကြီး ဟောပြောတဲ့ ပုဂ္ဂိုလ်မျိုးမှ လူတော် လူကောင်း လူတတ် လူမြတ်လို့ ပင့်မြှောက်ချီးကျူးကြတယ်။

ဒို့ဗမာလူမျိုးမှာ ဗမာလို တိကျမှန်ကန်စွာပြန်ဆိုပြီး ဗမာ့နားမှာ ကွက်ကွက်ကွင်းကွင်း ထင်းကနဲ လင်းကနဲ ဝင်းကနဲ ရှင်းကနဲ မြင်လုံးထွားအောင် ဗမာဆန်ဆန် ဘာသာပြန်ကိန်းကြီး လိုနေတယ်ကွဲ့၊ ပဋ္ဌာန်း ၂၄-ကျမ်းကို နှုတ်ငုံဆောင်ပြီး ဟောကြားလို့ နာတဲ့သူက နာသော်လဲ အနက်အဓိပ္ပါယ် ဘာသာပြန်ကိန်းကြီး ချက်မပိုင်ရင် ဟောသူ နာသူမှာ ကုသိုလ်တော့ဖြင့် ရပါရဲ့၊ ဓမ္မရသ = တရားအရသာ၊ ဓမ္မသဘာဝ = တရား သဘောကိုတော့ ရယူခံစားနိုင်တဲ့အခြေအနေ မဆိုက် ဘူးကွဲ့။

ငါတို့သဘောက-ကျမ်းပြုဆရာ့ဂုဏ် မထင်ပေါ်ချင် နေပါစေ၊ ကျမ်းစာကြည့်ရှုကြတဲ့ စာကြည့်ပရိသတ် တွေ ကွက်ကွက်ကွင်းကွင်း ထင်းကနဲ လင်းကနဲ ဝင်း ကနဲ အသိအလိမ္မာ ဉာဏ်ရှင်းမှုကိုသာ ပဓာနထား၍ ရေးသားတဲ့ ကျမ်းစာတွေ များရမယ်၊ ပါဠိ အကိုး အကားများမှာ မထည့်လျှင် မဖြစ်မှသာ ထည့်ရတယ်၊ သို့သော် ပါဠိတော်စည်းမျဉ်း ဓမ္မစည်းမျဉ်း အလွတ် ရေးတာမဟုတ်ဘဲ၊ စည်းမျဉ်းကိုက်ညီအောင်ရေးတယ်။

အချို့က ဒို့ကျမ်းစာအုပ်တွေ ပါဠိပါဌ်သားမပါ ဘူး၊ ပေါ့ပျက်ပျက်ရှိလှတယ်လို့ ကဲ့ရယ်ကြတယ်၊ ဒို့က

ဗမာလူမျိုးအတွက် ရေးတာ၊ ပါဠိလူမျိုးအတွက် ရေးတာ မဟုတ်ဘူးလို့ ပြောလိုက်ရတယ်ကွဲ့ မောင်စံခကျော်ရဲ့”

တရားဟောရာ ပြောရာ၊ ကျမ်းစာရေးရာသားရာမှာ ဗမာလူမျိုးများ နားလည်ပြီး ဓမ္မရသကို အပြည့်အဝ ခံစားနိုင်အောင်၊ ထင်းကနဲ လင်းကနဲ သဘောပေါက်လွယ်အောင် ဗမာလို ရှင်းရှင်း ဘွင်းဘွင်း ရေးထားကြောင်းကို အထက်ပါအတိုင်း ထည့်သွင်း ဟောပြောတော်မူလေသည်။

အဆိုပါဆရာတော်ကြီး၏မူအတိုင်း မိုးညှင်းဆရာတော်ကြီးသည်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် လှည့်လည်၍ ပဋ္ဌာန်းတရားတော်များ ဟောကြားရာတွင် စာပဋ္ဌာန်းနှင့် ရွာပဋ္ဌာန်းဆို၍ ခေါင်းစဉ်ခွဲသွားလေသည်။ စာအရှိ ပဋ္ဌာန်းနှင့် ရွာသူရွာသား အများနားလည်လွယ်သည့် မြန်မာဘာသာစကားများနှင့် ဟောကြားသွားသည်များရှိသည်။

ယခုခေတ်အခါတွင် နိုးကြားနေသော မြန်မာပြည်သူလူအများတို့အတွက် ကမ္ဘာအေး ဗုဒ္ဓသာသနာပြု အဖွဲ့ကြီးမှ ပိဋကတ် မြန်မာပြန်များ ထုတ်ဝေလျက် ရှိနေသည်။ သို့ရာတွင် ပါဠိပိဋကတ်မူ၊ ပါဠိဝါကျများအတိုင်း မြန်မာဘာသာ ပြန်ဆိုထားခြင်းဖြစ်၍ သာမန်လူတို့အဖို့ အဖတ်မလွယ် အသိမလွယ် ဖြစ်ကြရသည်။

ဤအကြောင်းကြောင့် ဒဂုန်ဦးစန်းငွေသည် နိကာယ်ငါးရပ်ရှိသည့်အနက် အင်္ဂုတ္တရနိကာယ် ၈ ၇ နိပါတ်အစမှ ဒေသနာစဉ်၊ ဝဂ်စဉ်၊ သုတ်စဉ်ရှိသည့်အတိုင်း စာဖတ်တတ်သူတိုင်း ဖတ်သိ

နိုင်ကြရန် မူရင်းအဓိပ္ပါယ်မပျက်စေဘဲ မြန်မာစာစကားဖြင့် ဖတ်လွယ် သိလွယ် ပြန်ဆိုရေးသားထားလေသည်။ အင်္ဂုတ္တရနိကာယ်ဆိုသည်မှာ နိကာယ်ငါးရပ်တွင် စတုတ္ထမြောက်နိကာယ်ဖြစ်သည်။

ပထမနိကာယ်မှာ ဒီဃနိကာယ်ဖြစ်သည်။ သုတ်ရှည်ကြီးများကို စုပေါင်းထားသော ကျမ်းကြီးများဖြစ်သည်။ ဒုတိယနိကာယ်မှာ မဇ္ဈိမနိကာယ်၊ မရှည်မတို အလတ်စားရှိသော သုတ်များကို စုပေါင်းထားသော ကျမ်းကြီးများဖြစ်သည်။

အဆိုပါ မဇ္ဈိမနိကာယ်တွင် ရသေ့၊ ရဟန်း၊ ရှင်လူ အားလုံးတို့အတွက် နေ့စဉ်တရားကျင့်ထုံးများနှင့်တကွ မိစ္ဆာယူမှားခြိုးခြံကျင့်သုံးခြင်း အမျိုးမျိုးများအကြောင်းနှင့် အထူးသဖြင့် ခွေးကဲ့သို့ မီးဖိုပြာပုံတွင်နေခြင်း၊ခွေးကဲ့သို့စားခြင်းစသဖြင့် ခွေးကျင့်ကျင့်သုံးခြင်းနှင့် နွားကဲ့သို့နေ၍ နွားလိုစား၍ နွားကျင့်ကျင့်သုံးခြင်းများဖြင့် မိမိကိုယ်ကို ခြိုးခြံကျင့်သုံးခြင်းများအကြောင်း ပါရှိလေသည်။

တပည့် သာဝက ရဟန်းများက ဤအကျင့်များကြောင့် နောင်တွင် ဘယ်လိုအကျိုးများပေးပါမည်လဲဟု လျှောက်ထားရာ ဗုဒ္ဓဘုရားရှင်က ခွေးကျင့်ခွေးစိတ်နှင့်တူသော အကျိုးပေးမည်။ ခွေးဥပါဒါန်ကြောင့် ခွေးဘဝကို ရောက်ကြမည်၊ နွားကျင့် နွားစိတ် နွားဥပါဒါန်ကြောင့် နွားဘဝရောက်ကြမည် ဟု ပြန်ကြား မိန့်မြွက်တော်မူလေသည်။ ဤကဲ့သို့သော အကျင့်များအကြောင်း အာရုံဖမ်းစားဘွယ်များ ပါရှိသည်။

တတိယနိကာယ်မှာ သံယုတ္တနိကာယ်ဖြစ်သည်။ မျိုးတူ ဆက်စပ်ရာ တရားအုပ်စုလိုက် စုပေါင်း ဖွဲ့စည်းထားသော နိကာယ်အဖွဲ့ဖြစ်သည်။

ဓမ္မစကြာ တရားတော်နှင့် ပဋိစ္စသမုပ္ပါဒ် တရားများမှစ၍ အဘိဓမ္မာသဘောတရား အများပါရှိသောနိကာယ်ဖြစ်၏။

စတုတ္ထနိကာယ်ဖြစ်သော ဤအင်္ဂုတ္တရနိကာယ်မှာမူ တရားအချက် အဆစ် အစိတ် အပိုင်း (အင်္ဂ)တခုမှ အစပြု၍ တရားပြီးတခု ဥတ္တ-ရလွန်တက်သွားသော၊ အင်္ဂစုပေါင်းဖွဲ့စည်းထားသော နိကာယ်ဖြစ်သည်။

တခုလွန်တခုလွန် ကျရောက်သော အခန်းပေါင်း၁၁ခန်းရှိရာ ကေနိပါတ်မှ ဧကဒသအင်္ဂုတ္တိုရ်ထိ ပိုင်းခြားထားခြင်း ရှိသည်။
ယခု စတင်ရေးသားသော ဤအင်္ဂုတ္တရနိကာယ် မြန်မာပြန်တွင် ဧကနိပါတ်နှင့် ဒုကနိပါတ်ပါရှိလေရာ...

ဧကနိပါတ်တွင်....

တခုကောင်း တမျိုးကောင်း ခေါင်းစဉ်တပ်၍ မှတ်ဘွယ်သားဘွယ်၊အကျိုးဖြစ်ထွန်းဘွယ် တရားသားများကို အဆီစစ်၍ အနှစ်ကို ထုတ်ပြထားတော်မူသည်။

ဒုကနိပါတ်အခန်းတွင်....

တရားအချက်အလက်များကို နှစ်မျိုးတစုံ ဒွန်တွဲလျက် လူမှုရေး အရ ဆောင်ရန်နှင့် ရှောင်ရန်တို့ကို မြွက်ကြားထားတော်မူသည်။

ဤကဲ့သို့သော တရားအချက်အဆစ်များကို တစ်မှ နှစ်ချက် ဆင့် သုံးချက်ဆင့် စသဖြင့် ပြသွားလေရာ လူတို့၏ ဘ၀လမ်း ညွှန် တရားများအဖြစ် ကိုယ်တိုင်တွေ့ကြရပေမည်။

ဗုဒ္ဓဘုရားရှင်ပေးထားရစ်ခဲ့သော ဓမ္မအမွေများ ဆိုသည်မှာ ဤသည်ကိုပင်ဖြစ်သည်ဟု ဒဂုန်-ဦးစန်းငွေကဒေသနာစဉ်အတိုင်း မှုမပျက် ဖော်ထုတ်ပေးသည်ဖြစ်၍ မိမိကိုယ်ကိုသာ အားကိုးရာ ကိုးကွယ်ရာပြု၍ ဓမ္မကို အားကိုးရာ ကိုးကွယ်ရာ ပြုလိုသော သူတို့ အား ရပိုင်ခွင့်ဓမ္မအမွေများကို ခံယူနိုင်ခွင့်ရှိကြမည်ဖြစ်သတည်း။

ဒဂုန်-ဦးလှဘေ

၇-၂-၇၇

# ဗုဒ္ဓနိကာယ်ငါးရပ်

## အင်္ဂုတ္တိုရ် အပိုင်း(၁)၊ ဧက၊ ဒုကနိပါတ်

---

ဝယ်ဦးစာဗ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ကောနိပါတ်

ကမ္ဘာကြီးကိုပတ်သကဲ့သို့ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ရှိ နိကာယ်ငါးရပ်ကမ္ဘာမှ အင်္ဂုတ္တရနိကာယ်ကို တပတ် ပတ်သော် ကောနိပါတ်က ပြန်၍စရပေမည်။ ထိုကောနိပါတ်၌လည်း “ရူပါဒိ ဝဂ် = ရူပ်စသည် ဦးဆောင်အုပ်စု”မှစ၍ အုပ်စုပေါင်း ၂၀- ရှိလေရာ အုပ်စုတခု တခုလျှင် အများအားဖြင့် အမျိုးအစား ပေါင်း ဆယ်မျိုးစီ ဆယ်မျိုးစီ ရှိသည်။ အမျိုးအစားပေါင်း ၁၇-မျိုးမှ ၄၂-မျိုးအထိ ပါဝင်သော အုပ်စုကြီးများလည်း ရှိပေသည်ကို တွေ့ရ၏။

အုပ်စု ၂၀-မှတရားအမျိုးအစားများကိုစုပေါင်းလိုက်သော် ၆၁၁-ဂဏန်းထွက်လာသည်။ ယင်းတို့အားလုံးသည် ကောနိပါတ် အကျုံးဝင်ချည်း ဖြစ်၏။

စပယ်ဦးစာပေ

ကေနိပါတ်၏ အဓိပ္ပါယ်ကား“အကြောင်းအရာတမျိုးမျိုး” အတွက် သော်လည်းကောင်း၊ သို့မဟုတ် “ပုဂ္ဂိုလ် တဦး တယောက်”အတွက်သော်လည်းကောင်း ကွက်၍ကွက်၍၊သန့်၍ သန့်၍ ဟောတော်မူသော တရားဟု ဆိုလိုသည်။

ယင်း ကေနိပါတ်လာ အမျိုးအစားပေါင်း ‘ခြောက်ရာ ကျော်’တို့ကို ဗုဒ္ဓမြတ်ဘုရား ဟောတော်မူခဲ့သည့် နေရာကား ‘သာဝတ္ထိပြည်’မှာ ဖြစ်၏။ အနာထပိဏ်သူဌေးကြီး ဆောက်လှူ ထားအပ်သော ဇေတဝန် ကျောင်းတော်၌ ဟောတော် မူခဲ့ပါ သတည်း။

## ၁။ ရူပါဒိဝဂ်

## ရူပါရုံစသည်အုပ်စု

၁။ “ရဟန်းတို့၊ ယောကျ်ား၏စိတ်ကို ဆွဲချိတ်ယူဆောင် နိုင်စွမ်းသော အရာတွင် မိန်းမ၏ ရုပ်အဆင်းသည် အထိရောက် ဆုံးဖြစ်၏။ မိန်းမ၏ ရုပ်အဆင်းလောက် ထိရောက်သော (ယောကျ်ား၏ စိတ်နှလုံးကို တုန်လှုပ်ချောက်ချားသွားအောင် တတ်နိုင်သော) ရုပ်အဆင်းမျိုးကို တခုမျှ ငါ မရှုမြင်ဘူး[၁]။”

ရဟန်းတို့ ယောကျ်ား၏စိတ်ကို ဆွဲချိတ် ယူဆောင်နိုင်စွမ်း သော အရာတွင်....

၂။ မိန်းမ၏ အသံလောက် ထိရောက်သော အသံမျိုး (သဒ္ဒါရုံ)

၃။ မိန်းမ၏ရနံ့လောက် ထိရောက်သောရနံ့မျိုး (ဂန္ဓာရုံ)

---

၁။ နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ.... စသည်။

၄။ မိန်းမ၏ အရသာလောက် ထိရောက်သော အရသာမျိုး (ရသာရုံ)

၅။ မိန်းမ၏ ထိတွေ့မှုလောက် ထိရောက်သော ထိတွေ့မှုမျိုး (ဖောဋ္ဌဗ္ဗာရုံ) ကို တခုမျှ ငါ မရှုမြင်စဘူး။

၆။ ရဟန်းတို့၊ မိန်း၏စိတ်ကို ဆွဲချိတ် ယူဆောင်နိုင်စွမ်းသာ အရာတွင် ယောကျ်ား၏ ရုပ်အဆင်းသည် အထိရောက်ဆုံးဖြစ်၏။ ယောကျ်ား၏ ရုပ်အဆင်းလောက် ထိရောက်သော (မိန်းမ၏ စိတ်နှလုံးကို တုန်လှုပ်ချောက်ချားအောင် တတ်နိုင်သော) ရုပ်အဆင်းမျိုးကို တခုမှ ငါ မရှုမြင်စဘူး။

ရဟန်းတို့၊ မိန်းမ၏စိတ်ကို ဆွဲချိတ် ယူဆောင်နိုင်စွမ်းသော အရာတွင်....

၇။ ယောကျ်ား၏ အသံလောက် ထိရောက်သောအသံမျိုး (သဒ္ဒါရုံ)

၈။ ယောကျ်ား၏ ရနံ့လောက် ထိရောက်သော ရနံ့မျိုး (ဂန္ဓာရုံ)

၉။ ယောကျ်ား၏ အရသာလောက် ထိရောက်သော အရသာမျိုး (ရသာရုံ)

၁၀။ ယောကျ်ား၏ ထိတွေ့မှုလောက် ထိရောက်သော ထိတွေ့မှုမျိုး (ဖောဋ္ဌဗ္ဗာရုံ) ကို တခုမျှ ငါမမြင်" ဟု ဟောတော်မူ၏။

မိန်းမ၏ ရူပါရုံကြောင့် ယောကျ်ား၏ စိတ်နှလုံး တုန်လှုပ်ချောက်ချားသွားရပုံများ၊ ယောကျ်ား၏ သဒ္ဒါရုံကြောင့်လည်း မိန်းမ၏ စိတ်နှလုံး တုန်လှုပ်ချောက်ချားသွားရပုံများကို ဝတ္ထုကြောင်းနှင့်တကွ အဋ္ဌကထာတွင် အကျယ်တဝင့် ဖွင့်ဆိုထား၏။

---

**ဖယ်ဦးစာပေ**

ပြည်သူ့စပ်ကြားတွင် ဗုဒ္ဓ၏ ဓမ္မအမွေ ထူထောင်မိခဲ့ကြရသည်။ ယနေ့တည်ရှိနေသော ဗုဒ္ဓအဘိဓမ္မာထွန်းကားခေတ်၊ ကမ္မဋ္ဌာန်း ရိပ်သာကြီးများ ထွန်းကားခေတ်ကို ကျေးဇူးရှင် လယ်တီဆရာ တော်ကြီးက စတင်ထူထောင်ခဲ့ရာတွင် မြန်မာဘာသာစာ စကား သည် အဓိကလက်နက်ကိရိယာကြီးဖြစ်ကြောင်း ထင်ရှားမြင်သိ ဖြစ်ကြသည်။

လယ်တီဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၇၀-ပြည့် နှစ်- ပုသိမ်မြို့သို့ ကြွရောက်၍ ဟိုက်စကူးကျောင်းကြီး၌ တရား ဟောတော်မူစဉ် ပါဠိမဖက် မြန်မာစကားသက်သက်ဖြစ်ခြင်း နှင့်ပတ်သက်၍ မိန့်ကြားတော်မူသည်မှာ—

"မောင်စံကျော်ရေ၊မင်းတို့ ပုသိမ်မြို့သားလူအများ တို့က တီးတိုးပြောဆိုကြတဲ့ စကားအချက်က သည်လို တဲ့ကွဲ့။

လယ်တီဆရာတော် ဟောပြောတဲ့ တရားကလဲပါဠိ တတိုတစ၊ တပုဒ် တဂါထာမျှမပါဘဲ မြန်မာစကားပြေ သက်သက်နဲ့ ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက်ရှိလှ ချေရဲ့လို့ ကဲ့ရဲ့သံများကို ကြားရတယ်ကွဲ့၊ သို့အတွက် သည်နေ့ည တရားပွဲမှာ ပါဠိထည့်ပြီး ဟောရလိမ့်ဦး မယ်၊ ကိုင်း.... နားထောင်ကြကွဲ့။

"ဟေတုပစ္စယော"။ ။အဲဒါပါဠိကွဲ့....နားလည် ကြရဲ့လား၊ အဲဒီပါဠိက ပဋ္ဌာန်းပါဠိတော်ကြီးမှာ အစ ဖြစ်တဲ့ အခြေခံပါဠိတော်ကွဲ့၊ဒို့ဗမာလူမျိုးတွေ ခက်နေ တာက ကိုယ် နားမလည်တဲ့-ကိုယ်မပိုင်တဲ့ ပါဠိများကို

မတူကြ။ ဟန့်တားနည်းခြင်းမတူကြ။ ကာမစ္ဆန္ဒဆိုသူ ဖျက်ပုံကတမျိုး၊ ဗျာပါဒဆိုသူ ဖျက်နည်းက တဖုံဖြစ်၏။

သူတို့ငါးယောက်စလုံးသည် အနှောက်အရှက်ပေးသူ အဖျက်သမားစစ်စစ်ဖြစ်သောကြောင့် အပေါင်းအသင်း လုပ်ထိုက်သူများမဟုတ်။ သူတို့နှင့် ပေါင်းသင်းသူမှန်သမျှ ကြီးပွားချမ်းသာလမ်း(တက်လမ်း)ပိတ်လျက် 'ဖွတ်ကျော်ပြာစု၊ ခရုအဆံကျွတ်' ဆိုသကဲ့သို့ ဆင်းရဲပင်လယ်၌ ဒုက္ခဝဲစုတ်ခြင်း ခံကြရသည်သာဖြစ်သောကြောင့် အမြော်အမြင်ရှိသူ၊ အကင်းပါးသူသည် သူတို့ကို ရှောင်ကြ၏။

အဖျက်လုပ်ငန်း၌ သူတို့ငါးယောက်သည် အဘယ်မျှ ပြောင်မြောက်သည် ထင်သနည်း။ ဗုဒ္ဓသည် သူတို့၏အတွင်းစိတ်ဓာတ်နှင့် လုပ်ရပ်ကို တပ်အပ်မြင်တော်မူသောကြောင့် လူပေါင်းမမှားစေခြင်းငှာ ရဟန်းတို့အား ဤသို့ သတိပေးစကားဖြင့် မြွက်ကြားဆုံးမတော်မူ၏။

( ၁ )

"ရဟန်းတို့၊ နှစ်သက်ဖွယ်အာရုံ (သုဘနိမိတ်) ကြောင့် ° မဖြစ်သေးသော အလိုရမက်(ကာမစ္ဆန္ဒ)သည်လည်းဖြစ်ပေါ်၏။ ဖြစ်ပေါ်ပြီး အလိုရမက်သည်လည်း ကြီးထွားအားကောင်းလာ၏။ ရဟန်းတို့၊ အလိုရမက်ကို မဖြစ်သေးလျှင် ဖြစ်လာအောင်၊ ဖြစ်ပြီးကို ကြီးထွားအားကောင်းလာအောင် ဖန်တီး

---

၁။ ယေန အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ သံဝတ္တတိ....စသည်။

သောအရာတွင် နှစ်သက်ဖွယ် အာရုံ (သုဘနိမိတ်) လောက် ထိရောက်သောအာရုံဆို၍ တခုမျှ ငါမမြင်”ဟု ဟောတော်မူ၏။

လူသည် ဘာကိုမျှမမြင်လျှင်၊ ဘာကိုမျှမသိလျှင် ဘာကိုမျှ လိုချင်တတ်မည်မဟုတ်။ လှတာကလေးကိုမှရွေး၍ လိုချင်ခြင်း မျိုး၊ မြက်မြက်ကလေးကိုမှ ရွေး၍ စားချင်ခြင်းမျိုး စသည် စသည်တို့ကား နှစ်သက်ဖွယ်အာရုံ (သုဘနိမိတ်)၏ သွေး ဆောင်မှုကြောင့်သာ ဖြစ်လာကုန်သည်။ ဘာနိမိတ် ဘာအရိပ် အရောင်ကိုမျှမသိ မထင်မမြင်ခဲ့သော် လူသည် ဘာကို လိုချင် တတ်တော့မည်နည်း။ ဘာကို လိုချင်ရမှန်း သိမည်နည်း။ ကာမစ္ဆန္ဒဖြစ်လာလျှင် ကုသိုလ်၏ အဟန့်အတား ဖြစ်လာ၏။

( ၂ )

“ရဟန်းတို့၊ မနှစ်သက်ဖွယ်အာရုံ (ပဋိဃနိမိတ်) ကြောင့် မဖြစ်သေးသော သူတပါးပျက်စီးစေလိုခြင်း (ဗျာပါဒ) သည် လည်း ဖြစ်လာ၏။ ဖြစ်ပြီးသော ဗျာပါဒသည်လည်း ပွားသည် ထက် ပွားလာ၏။”

“ရဟန်းတို့၊ သူတပါးပျက်စီးမှုကို ဖြစ်ပေါ်စေ၊ ဖြစ်ပေါ် ပြီးကို ပွားသည်ထက်ပွားလာစေသော အရာတွင် မနှစ်သက်ဖွယ် အာရုံ (ပဋိဃနိမိတ်)လောက် လျှမ်းလျှမ်းတောက် ထိရောက် သော အာရုံဆို၍ တခုမျှ ငါမမြင်”

မိမိရှေ့တွင် မတော်တရော် ပြုမူပုံမျိုး၊ ပမာမခန့် ဆိုပြော ပုံမျိုး၊ နာသာခံခက် အသံကြားက ယားကျိလာအောင် ကလိ ပုံမျိုး စသည် စသည်တို့ကြောင့် ဖြစ်ရသော မချမ်းသာမှုများ

ကား မနှစ်သက်ဖွယ်အာရုံ (ပဋိဃနိမိတ်)၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်လာကုန်ရ၏။ ဒေါသဖြစ်ဖွယ်၊ စိတ်ဆိုးဖွယ်ဘာနိမိတ်၊ ဘာအရိပ်အရောင်မျှ မပြခဲ့သော် ဘယ်သူကိုသွား၍စိတ်ဆိုးတော့မည်နည်း။ သူတပါးပျက်စီးစေလိုသောဆန္ဒ ဘယ်ကလာ၍ ဖြစ်နိုင်တော့မည်နည်း။ ဗျာပါဒသည် ဖြစ်မည့်ကုသိုလ်ကို မဖြစ်အောင် ဆို့ပိတ်ထားလေ၏။

## ( ၃ )

"ရဟန်းတို့၊ မမေ့လျော့, ပျင်းရိ, တွန့်တို, ဆုတ်နစ်ခြင်းသည် စိတ်၌လည်းကောင်း၊ ကိုယ်၌သည်းကောင်း၊ မဖြစ်သေးသော ထိုင်းမှိုင်းမှု (ထိနမိဒ္ဓ) ကိုလည်း ဖြစ်ပေါ်စေ၏။ ဖြစ်ပေါ်နှင့်ပြီး ထိုင်းမှိုင်းမှုကိုလည်း ကြီးထွားအားကောင်းစေ၏။

"ရဟန်းတို့၊ ကိုယ်စိတ်တို့၌ မဖြစ်ပေါ်သေးသော ထိုင်းမှိုင်းမှုကိုဖြစ်ပေါ်စေ၊ ဖြစ်နှင့်ပြီးကို ကြီးထွားအားကောင်းစေသောအရာတွင် ပျင်းရိ, တွန့်တို, ဆုတ်နစ်ခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်" ဟုဟောတော်မူ၏။

ပျင်းရိ, ဆုတ်နစ်, တွန့်တိုသူအား စိတ်လည်း ထိုင်း၏။ ကိုယ်လည်းထုံ၏။ ကိုယ်ရောစိတ်ပါ ထုံထိုင်းနေခဲ့သော်ထိုသူသည် ဘာဆိုဘာမျှ လုပ်ဝံ့ ကိုင်ဝံ့၊ လုပ်နိုင်ကိုင်နိုင်တော့မည်မဟုတ်။ သို့ မလုပ်မကိုင်နိုင်ခဲ့သော် ထိုသူအား အဘယ်မှာလျှင် ကြီးပွားခြင်း ဖြစ်နိုင်တော့မည်နည်း။ ထို့ကြောင့် ယင်းသည် ထိုင်းမှိုင်းမှု (ထိနမိဒ္ဓ)ကို ကြီးပွားချမ်းသာခြင်းကို ဆို့ပိတ် ဟန့်တားတတ်သည့် အဖျက်သမား (နီဝရဏ)ဟု ဆိုပေသတည်း။

## ( ၄ )

“ရဟန်းတို့၊ မငြိမ်သက်ခြင်းသည် မဖြစ်သေးသော ပျံ့လွင့်ခြင်း, နောင်တတဖန် ပူပန်ခြင်း (ဥဒ္ဓစ္စကုက္ကုစ္စ)ကိုလည်း ဖြစ်ပေါ်စေ၏။ ဖြစ်ပေါ်နှင့်ပြီးသော ပျံ့လွင့်ခြင်း, နောင်တ တဖန် ပူပန်ခြင်းကိုလည်း ကြီးထွား အားကောင်းစေ၏။

“ရဟန်းတို့၊ မဖြစ်သေးသော ပျံ့လွင့်ခြင်း, နောင်တတဖန် ပူပန်ခြင်းကို ဖြစ်ပေါ်စေ၊ ဖြစ်ပေါ်နှင့်ပြီးကို ကြီးထွား အားကောင်းစေသောအရာတွင် မငြိမ်သက်ခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ ငါ တခုမျှ မမြင်”ဟု ဟောတော်မူ၏။

လဲ့ ဝါဂွမ်းသည် လေပင့်ရုံဖြင့် လွင့်၏။ ကျောက်တောင်သည်ကား လေနှဲ့သော်လည်း မနှဲ့ချေ။ ထို့အတူလျှင် စိတ်ခိုင်သူကား မည်သို့ပင် နှဲ့စေကာမူ နှဲ့ခြင်း, ယိုင်ခြင်း ရှိမည်မဟုတ်။ နှဲ့ယိုင်ခြင်းသည် မခိုင်သောကြောင့် ဖြစ်၏။ မခိုင်ခြင်းမှာလည်း အမှာခံမတောင့်၊ ငြိမ်သက်မှုအင်အား နည်းပါးသောကြောင့် ဖြစ်လေသည်။

စိတ်ခေတ်မခိုင်၊ ယိမ်းယိုင်လွယ်သော သူ၏စိတ်သည် လဲဝါဂွမ်း ကဲ့သို့လွင့်၏။ “ငါလုပ်မိလေခြင်း” ဟူ၍ လုပ်ခဲ့မိသည့် အတွက်လည်း ပူပန်၏။

“ငါမလုပ်မိလေခြင်း” ဟူ၍ မလုပ်မိသည့် အတွက်လည်း ပူပန်၏။ ဤသို့ စိတ်လွင့်သူ၊ နောင်တဖြစ်နေသူအား အဘယ် လုပ်ငန်းခွင်မျှ ထင်လာမည်မဟုတ်။ အလုပ်မထင်၊မဖြစ်ခဲ့သော် ကြီးပွားမှု ဟူသည် ထိုသူ့အဖို့ အဘယ်မှာ ရှိနိုင်တော့မည်နည်း။

ထိုသူ၏ ကြီးပွားမှုဟူသမျှကို ဥဒ္ဒစ္စ ကုက္ကုစ္စ ဟု ဆိုအပ်သော ပျံ့လွင့်ခြင်း၊ နောင်တဖြစ်ခြင်းတို့က ဆို့ပိတ်ခြင်း အားဖြင့် ဖျက်ဆီးပစ်လေသောကြောင့် ၎င်းတို့အား အဖျက်သမားဟု ဆိုခြင်း ဖြစ်သတည်း။ ဥဒ္ဒစ္စ ကုက္ကုစ္စအားကြီးက မကြီးပွားနိုင်ဟု ဆိုလိုသည်။

( ၅ )

"ရဟန်းတို့၊ မသင့်ရာကို နှလုံးသွင်းခြင်း၊ တွေးခေါ် ကြံဆခြင်းသည် မဖြစ်သေးသော ယုံမှားခြင်း (ဝိစိကိစ္ဆာ)ကိုလည်း ဖြစ်ပေါ်စေ၏။ ဖြစ်ပေါ်နှင့်ပြီး ယုံမှားခြင်းကိုလည်း ကြီးထွားအားကောင်းစေ၏။

"ရဟန်းတို့၊ မဖြစ်သေးသောယုံမှားခြင်းကို ဖြစ်ပေါ်စေ။ ဖြစ်ပေါ်နှင့်ပြီး ယုံမှားခြင်းကို ကြီးထွားအားကောင်းစေသော အရာတွင် မသင့်သည်ကို တွေးတော ယုံမှား ခြင်း လောက် လျှမ်းလျှမ်းတောက် ထိရောက်သောအရာဆို၍ တခုမျှ ငါမမြင်" ဟု ဟောတော်မူ၏။

စိတ်သည် လွန်စွာ အပြေးမြန်၏။ မျက်စိတမှိတ် ကာလ အတွင်းမှာပင် ကမ္ဘာကြီးကို အပတ်ပေါင်း မရေမတွက်နိုင်အောင် ပတ်၍ ပြေးနိုင်၏။ ကောင်းသောအရာကို တွေးလျှင် ကောင်းကျိုးကိုပေးနိုင်၏။ ဆိုးသောအရာ၊ ဝါ၊ မသင့်သော အရာကို တွေးမှားလျှင် မကောင်းကျိုးပေး၏။

မည်သည့်အရာကို ပြုသည်ပင်ဖြစ်စေ၊ စိတ်၌ ယုံမှားသံသယ ရှိနေသမျှ၊ ဝါ၊ ယုံမှားသံသယတန်းလန်းနှင့် လုပ်လေသမျှ

ဆိုက်ဆိုက်မြိုက်မြိုက် အကျိုးသက်ရောက်လိမ့်မည်မဟုတ်။ ဆိုက်ရောက်လာမည့် ကောင်းကျိုး ဆုလာဘ်ကို ရပ်တန့်သွားအောင် ယုံမှားသံသယစိတ်က ဆို့ပိတ် ဟန့်တားထားလေသောကြောင့် သံသယအတွက်နှင့် ကြီးပွားချင်လျက် ကြီးပွားခွင့်ကို မရပေ။ ထို့ကြောင့် ယုံမှား သံသယကို အဖျက်သမားဟု ဆိုပေသတည်း။

အဖျက်သမား ငါးယောက်ကို အထက်၌ သန်းကောင်စာရင်း ကောက်၍ ပြခဲ့ပြီ။ ၁-ကာမစ္ဆန္ဒ၊ ၂-ဗျာပါဒ၊ ၃-ထိနမိဒ္ဓ၊ ၄-ဥဒ္ဓစ္စကုက္ကုစ္စ။ ၅-ဝိစိကိစ္ဆာ။ ယင်းတို့အနက် အလိုရမက်ကြီးခြင်းဖြင့် ကာမစ္ဆန္ဒက ကြီးပွားမှုကို ဖျက်၏။ (လောဘ) အခြေခံ။ သူတပါးအား ပျက်စီးစေလိုခြင်းဖြင့် ဗျာပါဒက ကြီးပွားမှုကို ဟန့်တား၏။ (ဒေါသ) အခြေခံ။

ကိုယ်စိတ်နှစ်မျိုးစလုံး ထိုင်းမှိုင်းခြင်း၊ ဉာဏ်မပွင့်ခြင်းဖြင့် ထိနမိဒ္ဓက ကြီးပွားမှုကို ဆို့ပိတ်၏။ စိတ်ပျံ့လွင့်ခြင်း, နောင်တတဖန်ပူပန်ခြင်းဖြင့် ဥဒ္ဓစ္စကုက္ကုစ္စက ကြီးပွားမှုကို တားမြစ်၏။ တခုခုကိုပြုရာတွင် ချီတုံချတုံ ယုံမှားသံသယ ရှိနေခြင်းဖြင့် ဝိစိကိစ္ဆာက ကြီးပွားမှုကို မှုတ်ထုတ်ပစ်၏။ (မောဟ) အခြေခံ ၃-ပါး။

ဤအဖျက်သမား ငါးယောက်၏ ဖျက်ဆီးခြင်းဒဏ်ကို ခံရသော်...အဘယ်သူသည် နာလံထူနိုင်တော့မည်နည်း။

ကောင်းတာကိုမြင်လျှင် ဆိုးစိတ်(ဒေါသ)တွေ ဝင်လာတတ်သည့်နည်းတူ မကောင်းတာ မှတင့်တယ်တာကို မြင်လျှင်လည်း ကောင်းစိတ် (အသုဘနိမိတ်)တွေ ဝင်လာတတ်၏။

---

စယ်ဦးစာပေ

( ၆ )

"အို ရဟန်းတို့၊ မတင့်တယ်, မနှစ်သက်ဖွယ်သော အာရုံ (အသုဘနိမိတ်)သည် မဖြစ်သေးသည့် အလိုရမက် (ကာမစ္ဆန္ဒ) ကိုလည်း မဖြစ်ပေါ်စေ။ ဖြစ်ပေါ်နှင့်ပြီး အလိုရမက်ကိုလည်း ကင်းပြတ်ရပ်စဲသွားစေ၏။

အို ရဟန်းတို့၊ မဖြစ်သေးသည့် အလိုရမက်ကိုလည်း ဖြစ်မလာအောင်၊ ဖြစ်နှင့်ပြီး အလိုရမက်ကိုလည်း ကင်းပြတ်ရပ်စဲသွားအောင် တတ်နိုင်သော အရာတွင် မနှစ်သက်ဖွယ်သောအာရုံ (အသုဘနိမိတ်)လောက် လျှမ်းလျှမ်းတောက် ထိရောက်သော အာရုံဆို၍ တခုမျှ ငါမတွေ့ရ"ဟု မြတ်ဘုရား ဟောတော်မူ၏။ (အလောဘ)။

( ၇ )

"အို ရဟန်းတို့၊ မေတ္တာစေတသိက်သည်မဖြစ်သေးသည့် သူတပါး ပျက်စီးစေလိုမှု(ဗျာပါဒ)ကိုလည်းမဖြစ်ပေါ်စေ၊ဖြစ်ပေါ်နှင့်ပြီး ရှိကလည်း ၎င်းကိုကင်းပြတ် ရပ်စဲသွားစေ၏။

အို ရဟန်းတို့၊ မဖြစ်သေးသည့် သူတပါးပျက်စီးလိုမှုကိုလည်း မဖြစ်ပေါ်စေ။ ဖြစ်ပေါ်နှင့်ပြီး ရှိကလည်း ၎င်းကိုကင်းပြတ် ရပ်စဲသွားစေသောအရာတွင် မေတ္တာစေတသိက်လောက် လျှမ်းလျှမ်း တောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမတွေ့ရ"ဟု ဟောတော်မူ၏။ (အဒေါသ)။

( ၈ )

“အို ရဟန်းတို့၊ အားထုတ်ခြင်း[၁]၊ ပျင်းရိမှုမှ လွတ်မြောက်အောင် ကြိုးစားခြင်း[၂]၊ ရှတ်ရှတ်ချံချံ အားထုတ်ခြင်း[၃] သည် မဖြစ်သေးသည့် စိတ်၏ ထိုင်းမှိုင်းခြင်း၊ ကိုယ်၏ ထုံထိုင်းခြင်းကိုလည်း မဖြစ်ပေါ်စေ။ ဖြစ်ပေါ်နှင့်ပြီးရှိကလည်း ၎င်းတို့ကို ကင်းပြတ် ရပ်စဲသွားစေ၏။

“အို....ရဟန်းတို့၊ မဖြစ်သေးသည့် စိတ်၏ ထိုင်းမှိုင်းခြင်း၊ ကိုယ်၏ထုံထိုင်းခြင်းကိုလည်း မဖြစ်ပေါ်စေ။ ဖြစ်ပေါ်နှင့်ပြီးရှိကလည်း၎င်းတို့ကိုကင်းပြတ်ရပ်စဲသွားစေသောအရာတွင် အားထုတ်ခြင်း၊ပျင်းရိမှုကို လွန်မြောက်အောင်ကြိုးစားခြင်း၊ရှတ်ရှတ်ချံချံ အားထုတ်ခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သောအရာဆို၍ တခုမျှ ငါမတွေ့ရ”ဟု ဟောတော်မူ၏။

( ၉ )

“အို....ရဟန်းတို့၊စိတ်၏ တည်ကြည်ငြိမ်သက်ခြင်းသည် မဖြစ်သေးသည့် ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ-နှင့် နောင်တ တဖန်ပူပန်ခြင်း ကုက္ကုစ္စ-ကိုလည်း မဖြစ်ပေါ်စေ။ ဖြစ်ပေါ်နှင့်ပြီး ရှိကလည်း ၎င်းတို့ကို ကင်းပြတ် ရပ်စဲသွားစေ၏။

“အို....ရဟန်းတို့၊ ပျံ့လွင့်ခြင်းနှင့် နောင်တ,တဖန် ပူပန်ခြင်းကိုလည်း မဖြစ်ပေါ်စေ။ ဖြစ်ပေါ်ပြီးကိုလည်း ကင်းပြတ် ရပ်စဲ

---

၁။ အာရဗ္ဘဓာတ်။ ၂။ နိက္ကမဓာတ်။ ၃။ ပရက္ကမဓာတ်။

သွားစေနိုင်သော အရာတွင် စိတ်၏ တည်ကြည် ငြိမ်သက်ခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမတွေ့ရ”ဟု ဟောတော်မူ၏။

(၁၀)

“အို....ရဟန်းတို့၊ သင့်လျော်စွာ နှလုံးသွင်းခြင်း၊ တွေးခေါ်ကြံဆခြင်းသည် မဖြစ်သေးသည့် တွေးတောယုံမှားခြင်း သံသယကိုလည်း မဖြစ်ပေါ်စေ။ ဖြစ်ပေါ်နှင့်ပြီး ကိုလည်း ကင်းပြတ်ရပ်စဲ သွားစေ၏။

“အို....ရဟန်းတို့၊ ယုံမှားသံသယ မရောက်နိုင်အောင်၊ရောက်ရှိပြီး ယုံမှားသံသယကိုလည်း ကင်းပျောက်ချုပ်ငြိမ်းသွားအောင် ဖန်တီးနိုင်သောအရာတွင် သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမတွေ့ရ”ဟု ဟောတော်မူ၏။(အမောဟ-တရားကိုယ် ၃-ပါး)။

ဤသို့လျှင် ဆို့ပိတ်ခြင်းဖြင့် ဖျက်ဆီးတတ်သော အဖျက်သမားငါးယောက်၏ သရုပ်ကိုပြသော တရားငါးမျိုး။ မဖျက်သမားငါးယောက်၏ သရုပ်ကိုပြသော တရားငါးမျိုးအားဖြင့် (ဝါ)အဆိုးတရားငါးပါး၊ အကောင်းတရား ငါးပါးအားဖြင့် ဤနီဝရဏအုပ်စု၌ တရားအမျိုးအစား ဆယ်ပါး ဖြစ်သတည်း။

× × ×

စပယ်ဦးစာပေ

# ၃။ အကမ္မနိယဝဂ်

## အလုပ်မဲ့ အဖွဲ့အစည်းအုပ်စု

နိဝရဏပဗ္ဗဟာနဝဂ်-"အဖျက်ပယ်အုပ်စု"မှ တဆင့် ရှေ့သို့ရွေ့သော်....အကမ္မနိယအုပ်စုကို လှမ်းမြင်ရသည်။ အကမ္မနိယဝဂ် ဆိုသည်ကား အလုပ်မဖြစ် "အလုပ်မဲ့ အဖွဲ့အစည်း"ကိုပြရာ ပြကြောင်းအုပ်စုကို ဆိုသည်။

ဤအုပ်စု၏အသွင်ကို ယခင်အုပ်စုများနှင့်မတူအောင် ဗုဒ္ဓက အသွင်တမျိုးဖြင့်ပြတော်မူထားသည်ကို တွေ့ရ၏။ ဤအုပ်စု၌ စိတ်ကို ဇာတ်လိုက်နေရာကထားလျက် ထိုစိတ်၏ ပကတိပုံမှန် အနေအထား၊ ပုံမှန်ရပ်တည်ချက်ကို အကွက်ချ၍ ပြထား၏။ ထို စိတ်ကိုအလုပ်နှင့် ဟပ်၍၊ ထပ်၍၊ စပ်နှော၍ ပြထားချက် များကို စိတ်ဝင်စား၍မဆုံးနိုင်အောင် တွေ့ရ ကြုံရသည်။

စိတ်၏ ပကတိ ပုံမှန်အနေအထားကို မည်သို့ထင်သနည်း။မည်သို့မြင်သနည်း။

ယင်းပြဿနာ၏ အဖြေသို့မရောက်မီ စိတ်ကို စက်ရုံကြီးများနှင့် တင်စား၍ ကြည့်မိ၏။ ယနေ့မျက်မှောက်ခေတ်၌ စက်ရုံကြီးများသည် တဂျိုးဂျိုးတဂျုတ်ဂျုတ် ခုတ်မောင်းလှုပ်ရှားလျက် ရှိနေကြ၏။

ထိုစက်ရုံကြီးများသည် လောကခေတ်သိပ္ပံနည်းဖြင့် လူ့ဘို တီထွင်ထားချက်အရ ယည်ပတ်လှုပ်ရှားဘတ်သော အားခေတ် သတ္တိများရှိကြသည်ဖြစ်ရာ ထိုလည်ပတ်ဘတ်သော အားခေတ်

သတ္တိများသည် သူ့အလိုအလျောက် ဖြစ်လာကြသည်မဟုတ်။ စက်ခလုတ်ကို နှိပ်လိုက်၊ ဖွင့်လိုက်မှသာ တဂျိုးဂျိုး တဂျုတ်ဂျုတ်နှင့် လှုပ်ရှားလာကြခြင်းဖြစ်၏။

ထိုသို့ တဂျိုးဂျိုးတဂျုတ်ဂျုတ် ခုတ်မောင်းလိုက်သောအခါ ထိုစက်ရုံမှ သက်ဆိုင်ရာပစ္စည်းများ ထွက်လာကုန်ပြီး ထိုပစ္စည်းများက လူတို့အား အကျိုးပြုလေ၏။

ဤ၌ ဆိုလိုသည်မှာ၊ လိုချင်သည်မှာ ခလုတ် ဖြစ်၏။ တပ်ဆင်ထားသည့် ယန္တရားစက်များသည် လည်ပတ်လှုပ်ရှား သတ္တိများရှိကြသော်လည်း ခလုတ်မနှိပ်လျှင် ငြိမ်နေကြသည်။ ခလုတ်ဖွင့်လေမှ တဂျုတ်ဂျုတ် လှုပ်ရှားလာသည်ဆိုသော အချက်သာဖြစ်ပါသည်။

ဤတွင် စိတ်ကို စက်ရုံများအရာ၌ ထား၍ စဉ်းစားကြည့်မိပါသည်။ စက်ရုံသည် ခလုတ်ဖွင့်မှပွင့်သည်။ တဂျုတ်ဂျုတ်လှုပ်ရှားလာသည်။ ခလုတ်ကို မဖွင့်မချင်း သူမပွင့်လေ။

စိတ်သည်လည်း ထိုနှင့်အလားတူဟု ဆိုချင်၏။ မဖွင့်လျှင် မပွင့်။ မဖွင့်မချင်း သူမပွင့်။ မနှိုးမချင်း သူမနိုးလေ။ ထိုဖြစ်ရပ်ကား အိပ်မောကျနေသူများကိုကြည့်ရှုနှင့် ထင်ရှား၏။ အိပ်နေသူများ၌ လှုပ်ရှားသတ္တိ ရှိကြစေကာမူ ထိုသတ္တိများကို နိုးအောင်နှိုးမှု မရှိသောကြောင့် လှုပ်ရှားခြင်း အလျဉ်းမရှိဘဲ ငြိမ်နေ၏။ နှိုးသူက နှိုးလေမှ နိုးလာပြီး ထိုသူသည် လုပ်စရာရှိသည်တို့ကို လုပ်လေသတည်း။

---

စပယ်ဦးစာပေ

ဤအုပ်စု၌ ထိုစိတ်,ဤစိတ်၏ ပကတိပုံမှန် အနေအထားနှင့် ပတ်သက်၍ ရဟန်းတို့အား ဗုဒ္ဓက ဤသို့မြွက်ကြားတော်မူ၏။

( ၁ )

"အိုရဟန်းတို့၊ စိတ်ကို မပွားစေအပ်သည် ရှိသော်၊ ဝါ၊ ရှေးဦးစွာ စိတ်ကို နိုးအောင် နှိုးမထားခဲ့သော် ထိုစိတ်သည် တစုံတရာလုပ်ရန် မလွယ်ကူ[၁]။ ရဟန်းတို့၊ နိုးအောင် နှိုးမထား ခဲ့သော် လုပ်ရန်မလွယ်ကူသော အရာတွင် စိတ်လောက်ထိရောက် သောအရာဆို၍ တခုမျှ ငါမမြင်"ဟု ဟောတော်မူ၏။

စိတ်ပါမှလုပ်ပါ။ စိတ်ရှိမှလုပ်ပါ။ "လုပ်လို့သာလုပ်ရတယ် စိတ်ကမပါတော့ ဘယ်မှာအရာရောက်ပါ့မလဲ"ဆိုသော ခေတ် သုံးစကားလုံးများကို ထောက်လျှင်လည်း မည်သည့်အရာကို လုပ်သည်ဖြစ်စေ အလုပ်၌စိတ်ပါဘို့၊ စိတ်ကိုနိုးအောင် နှိုးထားဘို့ လိုအပ်ကြောင်း ထင်ရှားပေသည်။

ဤသည်ကို ထောက်သောအားဖြင့်ပင် စိတ်၏ပကတိ ပုံမှန် အနေအထားကို ရိပ်စားမိနိုင်ပေသည်။ စေတနာက တိုက်တွန်း ခြင်း၊ လှုံ့ဆော်ခြင်း၊ နိုးအောင်နှိုးပေးခြင်း မပြုခဲ့သော် စိတ် သည် လှုပ်ရှားခြင်းမရှိ။ ငြိမ်သက်နေပုံကို မြင်နိုင်၏။ နိုးအောင် နှိုးလိုက်လျှင်ကား ထိုစိတ်သည် မနားမရပ် ဒလစပ်လှုပ်ရှားကာ အတိုင်းမသိ ပြေးလွှားလေ၏။ လုပ်စရာရှိသည်တို့ကို ကြိုး၍ ကုန်း၍ လုပ်လေတော့သတည်း။

---

၁။ ယံ ဧဝံ အဘာဝိတံ အကမ္မနိယံ ဟောတိ....စသည်။

စပယ်ဦးစာပေ

(၂)

"အို ရဟန်းတို့၊ စိတ်ကိုပွားစေအပ်သည်ရှိသော်၊ ဝါ၊ရှေးဦးစွာ နိုးအောင် စိတ်ကိုနှိုးထားအပ်သည် ရှိသော်....ထိုစိတ်သည် အလုပ်လုပ်ရန် လွယ်ကူ၏။ ရဟန်းတို့၊ စိတ်ကိုနိုးအောင်နှိုးထားအပ်သည်ရှိသော်....အလုပ်လုပ်ရန် လွယ်ကူသောအရာတွင် စိတ်လောက်ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်"ဟု ဗုဒ္ဓဟောတော်မူ၏။

ထိုနှင့်အလားတူစိတ်နှင့်အလုပ်၊အလုပ်နှင့်စိတ်ကိုဟပ်၍ဟပ်၍ စပ်၍စပ်၍ ဟောတော်မူသွားသည်ကား....။

(၃)

"အို....ရဟန်းတို့....

မပွားများအပ်သော၊ နိုးအောင်နှိုးမထားအပ်သော စိတ်သည် များစွာအကျိုးမဲ့ဘို့ အတွက်ဖြစ်၏ [၁]။အကျိုးမဲ့ဘို့ဖြစ်သောအရာတွင် မပွားစေအပ်သော စိတ်လောက် ထိရောက်သောအရာဆို၍ တခုမျှ ငါမမြင်။"

(၄)

"အို....ရဟန်းတို့....

ပွားများစေအပ်သော၊နိုးအောင်နှိုးထားအပ်သော စိတ်သည် များစွာသော အကျိုးရှိဘို့အတွက်ဖြစ်၏။အကျိုး

---

၁။ ယံ့ ဧဝံ အဘာဝိတံ အနတ္ထာယ သံဝတ္တတိ....စသည်။
မေ့ဆေးများနှင့် မူးယစ်ထုံထိုင်း ဆေးမျိုးများသည် စိတ်ကို မပွားများ၊ မနိုးကြားစေခြင်း ဖြစ်သည်။ အကျိုးမဲ့ကို ပြခြင်းပင်။

ရှိဘို့ ဖြစ်စေသော အရာတွင် ပွားများ အပ်သော စိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

(၅)

"အို....ရဟန်းတို့....

မပွားစေအပ်သော၊ ထင်ထင်ရှားရှားဖြစ်ပေါ်၍ မလာသေးသောစိတ်သည် များစွာ အကျိုးမဲ့ဘို့အတွက်ဖြစ်၏။ အကျိုးမဲ့ဘို့ ဖြစ်သော အရာတွင် ပွားလည်း မပွားများ၊ ထင်ရှားလည်း ဖြစ်ပေါ်မလာ သေးသော စိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

(၆)

"အို....ရဟန်းတို့....

ပွားများအပ်သော၊ ထင်ထင်ရှားရှား ဖြစ်ပေါ်လာပြီး ဖြစ်သောစိတ်သည် များစွာအကျိုးရှိဘို့ အတွက်ဖြစ်၏။ အကျိုးရှိဘို့ဖြစ်စေသော အရာတွင် ပွားလည်း ပွားများ၊ ထင်ရှားလည်းဖြစ်ပေါ်လာသောစိတ်လောက်ထိရောက်သောအရာဆို၍ တခုမျှ ငါမမြင်။"

(၇)

"အို....ရဟန်းတို့....

မပွားများအပ်သော၊ ထပ်တလဲလဲ အလေ့အလာ မပြုအပ်သော စိတ်သည် များစွာ အကျိုးမဲ့ဘို့ အတွက်ဖြစ်၏။ အကျိုးမဲ့ဘို့ဖြစ်သော အရာတွင် ပွားလည်း

မပွားများ၊ ထပ်တလဲလဲလည်း အလေ့အလာ မပြုအပ်သောစိတ်လောက် ထိခိုက်ရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

(၈)

"အို....ရဟန်းတို့....
နိုးအောင် နှိုးအပ်သော၊ ထပ်တလဲလဲ အလေ့အထ ပြုအပ်သောစိတ်သည်အကျိုးရှိဘို့အတွက်ဖြစ်၏။ ရဟန်းတို့၊ အကျိုးရှိဘို့ဖြစ်စေသောအရာတွင် နိုးကြားစိတ်၊ အလေ့အထ ပြုထားပြီးစိတ်လောက်ထိခိုက်ရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

(၉)

"အို....ရဟန်းတို့....
နိုးအောင် မနှိုးအပ်သော ကြိမ်ဖန်များစွာအလေ့အလာ မပြုအပ်သေးသောစိတ်သည် ဆင်းရဲဒုက္ခကို ဆောင်၏။ ရဟန်းတို့၊ ဆင်းရဲဒုက္ခကို ဆောင်သော အရာတွင် မနိုးကြားသော၊အခါခါ အလေ့အလာ မပြုရသေးသော စိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

(၁၀)

"အို....ရဟန်းတို့....
နိုးအောင် နှိုးအပ်သော ကြိမ်ဖန် များစွာ၊ အလေ့အလာပြုအပ်ပြီးသောစိတ်သည် ချမ်းသာသုခကိုဆောင်

၏။ ရဟန်းတို့၊ ချမ်းသာသုခကို ဆောင်သောအရာတွင် နိုးကြားသော၊ အခါခါ အလေ့အလာပြုပြီးသော စိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။”

ဤသို့အားဖြင့် ဤအကမ္မနိယဝဂ်-အလုပ်မဖြစ်၊အလုပ်မဲ့အဖွဲ့ အစည်းအုပ်စု၌ အုပ်စုဝင် အမျိုးအစား တရား ဆယ်မျိုးကို မော်ကွန်းထိုးတော်မူသွား၏။

ဤအုပ်စု၌ ဦးတည်ချက်ကားစိတ်ဖြစ်၏။

× × ×

## ၄။ အဒန္တဝဂ်

### မယဉ်ပါးသော စိတ်အုပ်စု

အလုပ်မဲ့အုပ်စု (အကမ္မနိယဝဂ်)ကို ဖြတ်ကျော်မိပြန်လျှင် တွေ့ရသည်ကား ဆုံးမမဲ့အုပ်စု (အဒန္တဝဂ်) ဖြစ်၏။ ထိုဝဂ်၊ ထိုအုပ်စု၏ ဦးတည်ချက်မှာလည်း စိတ်သာလျှင် ဖြစ်ချေ၏။ ဗုဒ္ဓသည် စိတ်၏ယဉ်ပါးမှုကို အဓိကထား၍ ဟောကြားသွားတော်မူပုံကို တွေ့ရ၏။

ဤအုပ်စုနှင့်ပတ်သက်၍ ယင်း၏ ရောင်ပြန်ဟပ်မှုကြောင့် “သားကိုယ်က၊ မဆုံးမသော်၊ မိဘတလည်း၊ ရန်သူမည်၏”ဆို

သော ဆုံးမစာကို သွား၍ သတိရမိလာသည်။ ယင်းနှင့်တဆက်တည်း သားငယ်ကို မိခင်က ရိုက်၍ဆုံးမပုံ၊ တပည့်ကို ဆရာက ရိုက်၍ဆုံးမပုံများကိုပါ မြင်ယောင်လာသည်။

ယင်းသို့ ရိုက်၍ဆုံးမခြင်းမှာ နာကျင်စေလိုစိတ် အလျင်းပင် မရှိ။ ယဉ်ပါးစေလိုမှုကိုသာ ရှယ်စူးကြောင်း မိဘ၊ ဆရာ သမားတို့၏ အနန္တမေတ္တာ အတိုင်းအတာဖြင့် သိသာပေါ်လွင်နေပေ၏။ အချုပ်အားဖြင့် 'ယဉ်ပါးစေလိုသော် ဆုံးမ၊ ဆုံးမမှ ယဉ်ပါးသည်....' ဟူပေ၏။

ထိုမှတပါး တောင်သူကြီးများသည် ခြံမလုံသော် နွားခုန်မည်။ နွားမခုန်နိုင်အောင် ခြံကိုလုံအောင် ဆူးအထပ်ထပ်ကပ်၍ ကာရပုံ။ ကင်းမစောင့်သော် ရွာကို လူဆိုးများဝင်မည်။ လူဆိုးများ မဝင်နိုင်အောင် ရွာကို ရွာသားများ ကင်းစောင့်ကြရပုံကိုလည်းကောင်း၊ ပြည်ပိုင်ရှင်မင်းတို့သည် နိုင်ငံလုံခြုံရေးအတွက် တပ်အထပ်ထပ်ချ၍ စောင့်ကြပ်စေရပုံကိုလည်းကောင်း၊ လယ်၌ ကန်သင်းမရှိခဲ့သော် ရေများထွက်ကုန်မည်။ လယ်သမားတို့သည် ရေမထွက်နိုင်အောင် ကန်သင်းရိုးပေါက်များကို ဆို့ပိတ်ကြရပုံကိုလည်းကောင်း မြင်ယောင်လာသည်။

ဤသည် ဤသည်တို့ကား အဆုံးအမရှိမှ ယဉ်ပါးသည်။ အစောင့်အကြပ်ရှိမှ လုံခြုံသည်။ အဆို့အပိတ်ရှိမှ အဖတ်တင်သည်....ဆိုချက်၏ သက်သေသာဓကများ ဖြစ်ကုန်၏။

မဟာကရုဏာတော်သခင် ရှင်တော်မြတ်ဘုရားသည် သတ္တဝါခပ်သိမ်းတို့အား ရင်ဝယ်သားကဲ့သို့ သနားတော်မူသည် အား

လျော်စွာ မယဉ်ပါးသည်ကို ယဉ်ပါးအောင်၊ မလုံခြုံသည်ကို လုံခြုံအောင် နည်းပရိယာယ်အသွယ်သွယ်တို့ဖြင့် ဆုံးမတော်မူလေ့ရှိပေ၏။

ယခုလည်း အချိန်မှာ နေ့ဆွမ်းစားပြီးအချိန် ဖြစ်ကောင်း ဖြစ်ပေမည်။ ဇေတဝန် ကျောင်းတိုက်ကြီးအတွင်းရှိ တရားမဏ္ဍပ်က တောင်ကျရေများ ဒလကြမ်း ထိုး ဆင်း လာသည့်သဖွယ် ဗုဒ္ဓတည်းဟူသော ရွှေတောင်ကြီးပေါ်မှ စိတ်နှင့်ပတ်သက်သည့် ယဉ်ကျေးမှု ရေအယဉ်တို့သည် ရေတံခွန်ပမာ ဒလဟော စီးဆင်းလာကုန်လေပြီတည်း။

( ၁ )

"အို....ရဟန်းတို့
ယဉ်ပါးအောင် ဆုံးမ၍မထားသောစိတ်သည် များစွာ အကျိုးဆုတ်ယုတ်ဘို့အတွက် ဖြစ်၏။အကျိုးဆုတ်ယုတ်ဘို့အတွက် ဖြစ်သောအရာတွင် မ ယဉ် ပါး သော စိတ်လောက် ထိရောက်သောအရာဆို၍ တခုမျှ ငါမမြင်။"

( ၂ )

"အို....ရဟန်းတို့....
ယဉ်ပါးအောင် ဆုံးမထားသော စိတ်သည် များစွာ အကျိုးရှိဘို့အတွက်ဖြစ်၏။ များစွာ အကျိုးရှိဘို့အတွက် ဖြစ်သော အရာတွင် ယဉ် ကျေး သော စိတ် လောက် ထိရောက်သောအရာဆို၍ တခုမျှ ငါမမြင်။"

---

၁။ ယံ ဧဝံ အဒန္တံ မဟာတော အနတ္ထာယ သံဝတ္တတိ....စသည်။

စယ်ဦးစာပေ

( ၃ )

"အိုု....ရဟန်းတို့....
မလုံခြုံသောစိတ်သည် များစွာ အကျိုးဆုတ်ယုတ်ဘို့ အတွက်ဖြစ်၏။ များစွာ ဆုတ်ယုတ်ဘို့အတွက် ဖြစ်သော အရာတွင် မလုံခြုံသောစိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

( ၄ )

"အိုု....ရဟန်းတို့....
လုံခြုံသောစိတ်သည် များစွာ အကျိုးရှိဘို့ အတွက် ဖြစ်၏။ များစွာအကျိုးရှိဘို့ အတွက် ဖြစ်သောအရာတွင် လုံခြုံသော စိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

( ၅ )

"အိုု... ရဟန်းတို့....
စောင့်ကြပ်ခြင်းကင်းသော စိတ်သည် များစွာ အကျိုး ဆုတ်ယုတ်ဘို့ အတွက် ဖြစ်၏။ များစွာ ဆုတ်ယုတ်ဘို့ အတွက်ဖြစ်သော အရာတွင် စောင့်ကြပ်ခြင်းကင်းသော စိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါ မမြင်။"

( ၆ )

"အိုု....ရဟန်းတို့....
စောင့်ကြပ်ခြင်းရှိသောစိတ်သည် များစွာ အကျိုးရှိဘို့

အတွက်ဖြစ်၏။ များစွာအကျိုးရှိဘို့အတွက် ဖြစ်သော အရာတွင် စောင့်ကြပ်ခြင်းရှိသောစိတ်လောက်ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။”

(၃)

“အို....ရဟန်းတို့....
ဆို့ပိတ်၊ ဟန့်တားခြင်းကင်းသော စိတ်သည် များစွာအကျိုးယုတ်ဘို့အတွက်ဖြစ်၏။ များစွာအကျိုးယုတ်ဘို့အတွက် ဖြစ်သောအရာတွင် ဆို့ပိတ်ဟန့်တားခြင်းကင်းသော စိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။”

(၈)

“အို....ရဟန်းတို့....
ဆို့ပိတ်၊ ဟန့်တားခြင်း ရှိသော စိတ်သည် များစွာအကျိုးရှိဘို့အတွက်ဖြစ်၏။ များစွာအကျိုးရှိဘို့ အတွက် ဖြစ်သော အရာတွင် ဆို့ပိတ် ဟန့်တားခြင်းရှိသော စိတ်လောက် ထိရောက်သောအရာဆို၍ တခုမျှ ငါမမြင်။”

(၉)

“အို....ရန်းတို့....
ဆုံးမခြင်းမရှိ၊ လုံခြုံခြင်းမရှိ၊ စောင့်ကြပ်ခြင်းမရှိ၊ ဆို့ပိတ်ဟန့်တားခြင်းမရှိသော စိတ်သည် များစွာအကျိုး

ယုတ်ဘို့အတွက်ဖြစ်၏။ အကျိုးဆုတ်ယုတ်ဘို့ ဖြစ်သော အရာတွင် ထိုစိတ်လောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

(၁၀)

"အိုရဟန်းတို့....

ဆုံးမခြင်း၊ လုံခြုံခြင်း၊ စောင့်ကြပ်ခြင်း၊ ဆို့ပိတ်ဟန့်တားခြင်းရှိသော စိတ်သည် များစွာ အကျိုးရှိဘို့အတွက် ဖြစ်၏ များစွာအကျိုးရှိဘို့အတွက် ဖြစ်သော အရာတွင် ထိုစိတ်များလောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်"ဟု ဟောတော်မူ၏

ဤသို့အားဖြင့် ဤအုပ်စု (အဒန္တဝဂ်)၌လည်း အုပ်စုဝင် စိတ်တရားအမျိုးအစား ဆယ်ပါးပင် ရှိသတည်း။

လူအရပ်ရပ်၊ နတ်အဖြာဖြာ၊ ဗြဟ္မာအစားစား ရှိလေသည့် အနက် ဘဝအဆင့်၊ စည်းစိမ်အဆင့်ချင်း အနိမ့်အမြင့် ခြားနားမှုတို့ကား စိတ်ကြောင့် ဖြစ်ကုန်၏။ စိတ်၏ အယုတ်, အရိုင်း, အဆိုး, အကောင်းကိုလိုက်၍ ယုတ်ခြင်း, ရိုင်းခြင်း, ဆိုးခြင်း, ကောင်းခြင်း တို့သည် ဖြစ်လာကုန်လေ၏။

စိတ်ထား တတ်လျှင် မြတ်သည်ဟု ဆို၏။ မြတ်လိုသော် စိတ်ထားတတ်ပါစေ့ဟု ဆိုခြင်းပင်တည်း။ စိတ်ထား"တတ်ဖို့" ဆိုသည်ကား ဤအုပ်စု၌ ဗုဒ္ဓဟောကြားတော်မူသော စိတ်တရားများအတိုင်း ဖြစ်သတည်း။

---

စပယ်ဦးစာပေ

"မြင့်မြတ်သူ၊ ကြီးပွားသူဖြစ်လိုသော် စိတ်ကို တိုးတက်ကောင်းမွန်လာအောင် ဆုံးမပေးပါ။ စိတ်ကိုလုံအောင်ထားပါ။ စောင့်စည်းပါ။ ထိန်းချုပ်ပါ။ မကောင်းမှုမှ ဆို့ပါ။ ပိတ်ပါ။ ဟန့်တားပါ"....ဟူ၏ပေ၏။

× × ×

## ၅။ ပဏိဟိတအစ္ဆဝဂ်

ဆုံးမမဲ့အုပ်စု(အဒန္တဝဂ်)၏နောက်၌ အစဉ်လိုက် တန်းစီလျက် ရှိနေသည်ကား.... လိုချင်မက်မောဘွယ်အုပ်စု (ပဏိဟိတအစ္ဆဝဂ်)ဖြစ်၏။ထိုအုပ်စု၏အသွင်ကား-ဥပမာများဖြင့် တန်ဆာဆင်ထားသောကြောင့် အသွင်သန်း၊ အဆင်ဆန်းဖြစ်နေသည်ကို တွေ့ရ၏။

ဦးတည်ချက်၌ စိတ်ကိုပင် ဦးတည်ထား၏။ သို့သော် တင်ပြဟန်မှာ ယခင် အုပ်စုများနှင့်မတူဘဲ "ကဗျာဆန်သည်" ဟူ၍ပင် ဆိုချင်စရာ ဖြစ်နေသည်။ "စိတ်ကိုမည်သို့ထားရသည်၊ထားရမည်"ဟူ၍ စိတ်ထားနည်း နိသျည်းကို ညွှန်ကြားရာတွင် စပါးနှင့် တင်စား၍ ပြဆိုထားချက်မှာ စိတ်မဝင်စားဘဲ မနေနိုင်အောင် ဆွဲဆောင်သကဲ့သို့ ထင်ရသည်။

ဤစပါးဥပမာဖြင့် ရဟန်းတို့အား ဗုဒ္ဓက မည်သို့ဟောတော်မူအပ်သည် ထင်သနည်း။

( ၁ )

"အို....ရဟန်းတို့၊ ငါဆိုလတံ့စကားကို အာရုံစူးစိုက်စွာ သင်တို့မှတ်နာကြကုန်လော့။ ရဟန်းတို့၊ သလေးစပါး, မုယောစပါးများကို သင်တို့ မြင်ဘူးကြကုန်လိမ့်မည်။ ထိုသည့် သလေးစပါး၊ မုယောစပါးသီးတို့၏ အဖျားဌ် ချွန်ထက်သောဆူးများ ရှိကုန်သည်မဟုတ်လော့။

"ရဟန်းတို့၊ ဆူးရှိသော ထိုသလေးစပါး၊မုယောစပါးတို့ကို ကောင်းစွာ သိုသိုသိပ်သိပ် သိမ်းသိမ်းဆည်းဆည်းမထားခဲ့သော် ခြေဖြင့်နင်းမိလျှင် ဆူးသည် ခြေကိုစူးလေ၏။ လက်ဖြင့် ဆုပ်မိလျှင် လက်ကိုစူးလေ၏။ ဤသို့စူးသောဒဏ်ကြောင့် သွေးထွက်မှုလည်း ထွက်လတံ့။ ထိုအခါ ဆူးစူးရမည်လား၊ သွေးထွက်ရမည်လား....ဟူ၍ စကားဆိုရန်အကြောင်းမရှိ။

"အဘယ့်ကြောင့်ဆိုသော်-ရဟန်းတို့၊ စပါးများကို ကောင်းမွန်သိုသိပ်စွာ မထားသောကြောင့်ဖြစ်သတည်း။

"ရဟန်းတို့၊ ဤအတူပင် စိတ်အထားမတတ်လျှင် သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် မှားယွင်းသောစိတ်ထားဖြင့်၊ဝါ-မိစ္ဆာအရင်းခံသော လိုလားတောင့်တစိတ်ဖြင့် အဝိဇ္ဇာမှောင်ထုကိုလည်း ဖြိုခွင်းသည်ဖြစ်လတံ့၊ အဝိဇ္ဇာမှောင်ထုကို ဖြိုခွင်း၍ အရဟတ္တဖိုလ်အလင်းရောင်ကိုလည်း ရရှိသည်ဖြစ်လတံ့၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်လတံ့....ဟူ၍ ပြောဆိုရန်အကြောင်းမရှိ။

"အဘယ့်ကြောင့်ဆိုသော်....ရဟန်းတို့၊ဤသို့ဆိုရန်အကြောင်း မရှိခြင်းကား စိတ်ကို ကောင်းစွာ မထားသောကြောင့် ဖြစ်သတည်း။"

'ခွေးပါးစပ်က နတ်စကားထွက်'ဆိုသကဲ့သို့ စိတ်ထားမမှန်၊ ဖောက်ပြန်ဆိုးမိုက်၊ဒုစရိုက်အကောင်မျိုးက"နိဗ္ဗာန်ကို လိုချင်ပါသည်"ဟု တကျော်ကျော်အော်၍ ဘောင့်တနေသော်လည်း "ရမှာဘဲ"ဟူ၍ စကားဆိုရန် အကြောင်းမရှိပြီ....ဟူပေ၏။

( ၂ )

"အို.... ရဟန်းတို့၊ သလေးစပါး၊ မုယောစပါးများကို ကောင်းစွာထားပါလျက်ကို ခြေဖြင့် သွား၍နင်းမိချေလျှင်လည်း ဆူးသည် ခြေကိုစူးလေ၏။လက်ဖြင့် သွား၍ဆုပ်မိချေလျှင်လည်း လက်ကို ဆူးစူးလေ၏။ ဤသို့ စူးမှုကြောင့် သွေးထွက်မှုလည်း ထွက်လေအံ့။ ထိုအခါ ဆူးစူးသည်၊ သွေးထွက်သည်....ဟူ၍ စကားဆိုရန် အကြောင်းရှိ၏။ ပြောထိုက်၏။ အဘယ့်ကြောင့်ပါနည်း။ စပါးများကို ကောင်းစွာထားအပ်သောကြောင့် ဖြစ်သတည်း။

"ရဟန်းတို့၊ ဤအတူသာလျှင် သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် ကောင်းသောစိတ်ဖြင့်၊ ဝါ-အမြင်မှန်ကို အခြေခံသော သဘောထားဖြင့် အဝိဇ္ဇာမှောင်တိုက်ကို ဖြိုခွင်းလိုက်အံ့ ဆိုခဲ့သော်၊ အဝိဇ္ဇာမှောင်ကိုခွင်း၍ အရဟတ္တဖိုလ် အလင်းသို့ ရောက်စေအံ့ ဆိုခဲ့သော်၊ နိဗ္ဗာန်ကို ထုတ်ချင်းပေါက် မျက်မှောက်ပြုအံ့ဆိုခဲ့သော်....ဆိုရန်အကြောင်းရှိ၏။ ဆိုနိုင်ပေသည်။

---

စပယ်ဦးစာပေ

ဆိုထိုက်ပေသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်ကို ကောင်းစွာ ထားသောကြောင့်ဖြစ်သတည်း။”

တိုင်၌ချည်ထားသော ခွေး၏အနားသို့ သွားမိချေ၍ ခွေးက ကိုက်လိုက်သော် ခွေး၌ အပြစ်မရှိ။ ခွေး၏အပြစ်မဟုတ်,ဟု ဆိုသကဲ့သို့လည်း မှတ်နိုင်၏။ ။ထိုမှတပါး ဗုဒ္ဓသည် ရဟန်းတို့အား စိတ်ဘရားကိုပင် ဆက်၍ အခြောင်းတမျိုးဖြင့် ဟောကြားတော်မူပြန်၏။

( ၃ )

“အို....ရဟန်းတို့၊ ဤလောက၌ မပျက်တန်ဘဲလျက် ဒေါသမာတ်ခံကြောင့် ပျက်နေသောပုဂ္ဂိုလ်အချို့ရှိ၏။ ထိုပုဂ္ဂိုလ်တို့၏ အကြောင်းကို ငါ၏စိတ်ဖြင့် ငါကောင်းကောင်းသိပေ၏။ ‘ယခုအချိန်တွင် အကယ်၍ ထိုသူသေသွားခဲ့သော် ခြေနှစ်ချောင်းကိုင်၍ စောက်ထိုး ထိုးချလိုက်ဘိသကဲ့သို့ ငရဲကျမည့်သူဖြစ်သတည်း။’ အဘယ့်ကြောင့် ဤသို့ တပ်အပ်ပြောနိုင်သနည်းဆိုသော်....ရဟန်းတို့၊ ထိုသူ၏စိတ်ကား ပျက်စီးနေကြောင့် ဖြစ်လေသည်။

“ရဟန်းတို့၊ ဤအတူလျှင် ဤလောက၌ ပုဂ္ဂိုလ်အချို့တို့သည် စိတ်၏ ပျက်စီးခြင်းဟူသောအကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေသည်၏ အခြားမဲ့ကာလ၌ ချမ်းသာခြင်းအလျှင်းကင်းသော၊ မကောင်းသော လားရာဖြစ်သော၊ ကစင့်ကရဲပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ လားရောက်ကြရလေကုန်သတည်း”ဟု ဟောတော်မူ၏။

ဗုဒ္ဓသည် ဤသို့ သတ္တဝါတို့အား အဆိုးကိုမြင်ကာ ကြောက်လောက်အောင် ချောက်တန်ချောက်၍ ကောင်းရာသို့ ရောက်စေတော်မူ၏။ အကောင်းကို ပြကာ ပြကာဖြင့် ဝမ်းမြောက်လောက်အောင် မြှောက်တန် မြှောက်၍လည်း သတ္တဝါတို့အား ကောင်းရာသို့ ရောက်စေတော်မူ၏။ ရဟန်းတို့ကို ဆက်၍ စိတ်တရားကို မည်သို့ ဟောလေဦးမည်ထင်သနည်း။

( ၄ )

"အို....ရဟန်းတို့၊ ဤလောက၌ သဒ္ဓါတရားအရင်းခံကြောင့် စိတ်ဓာတ်ကြည်လင်သူအချို့ရှိ၏။ ထို ပုဂ္ဂိုလ်၏ အကြောင်းကို ငါ၏အသိဉာဏ်ဖြင့် ငါ ကောင်းကောင်းသိပေသည်။ 'ယခု အချိန်တွင် အကယ်၍ ထိုသူ ကွယ်လွန်သွားခဲ့သော် ပခုံးပေါ် ထမ်း၍ အထက်သို့ မြှောက်တင်ပေးလိုက်သည့်အလား ထိုသူကား နတ်ရွာသုဂတိသို့ လားမည်ဖြစ်သတည်း။'

"အဘယ့်ကြောင့် ဤသို့ဝံ့ရဲစွာ ငါဆိုနိုင်သနည်းဆိုသော်.... ရဟန်းတို့၊ ထိုသူ၏ စိတ်နေသဘောထားမှာ ပကတိအားဖြင့် ကြည်လင်ဖြူစင်သောကြောင့် ဖြစ်လေသည်။

"ရဟန်းတို့၊ ဤအတူလျှင် ဤလောက၌ ပုဂ္ဂိုလ်အချို့တို့သည် ဤသို့ စိတ်ထားဖြူစင် ကြည်လင်ခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေသည်၏ အခြားမဲ့ဖြစ်သော ကာလ၌ ကောင်းသောဂတိဟုဆိုအပ်သော နတ်ရွာသို့ လားရောက်ကြရလေကုန်၏"ဟု ဟောတော်မူ၏။

---

စပယ်ဦးစာပေ

ထိုနောက်တဖန် ဗုဒ္ဓသည် ရဟန်းတို့အား စိတ်တရားကိုပင် ဆက်လက်၍ ဟောဘော်မူပြန်သည်ကား....

(၅)

"အို...ရဟန်းတို့၊ ဥပမာတရပ်ဖြင့် သင်တို့ မှတ်ကြလေကုန်ဦး။ နောက်ကျုသော၊ ဗောင်ဗင်ခတ်သော၊ ညွံအနယ်ထသော ရေအိုင်တခုသည် ရှိလေ၏။ စက္ခုနှစ်ကွင်း အလင်းရှိသူယောကျ်ားသည် ထိုရေအိုင်စပ်၌ ရပ်နေပါလျက် ရေထဲ၌ တလှုပ်ရှားရှားနှင့် သွားလာနေသော ငါးများကိုရင်း၊ ယောက်သွားခရုများကိုရင်း၊ ကျောက်ခဲဆောင် ကျောက်တုံးများကိုရင်း မမြင်ရှာလေ။ အဘယ့်ကြောင့်ပါနည်း။

"ရဟန်းတို့၊ ရေနောက်သောကြောင့် မမြင်သတည်း။

"ရဟန်းတို့၊ ဤအတူလျှင် သံသရာဝဋ်မှ ကျွတ်လွတ်လိုသူသည် နောက်ကျုသော၊ အမှုံအနယ်ထနေသော စိတ်ဖြင့် မိမိအကျိုးကို သိပါလတံ့ဟူ၍သော်ရင်း၊ သူတပါးအကျိုးကို သိပါလတံ့ဟူ၍သော်ရင်း၊ မိမိ သူတပါး နှစ်ဦးသားတို့၏ အကျိုးကို သိပါလတံ့ဟူ၍သော်ရင်း၊ လူတို့၏ ကုသလ ကမ္မပထတရား ဆယ်ပါးထက် လွန်သော ဈာန်မဂ်ဖိုလ်တရားထူးကို မျက်မှောက်ပြုနိုင်ပါအံ့ ဟူ၍သော်ရင်း စကားဆိုရန် အကြောင်း မရှိ။ မဆိုထိုက်၊ မပြောထိုက်။

"အဘယ့်ကြောင့်ဆိုသော်-အိုရဟန်းတို့၊ စိတ်၏ နောက်ကျုသောကြောင့် ဖြစ်သတည်း။"

---

စပယ်ဦးစာပေ

(၆)

"အိုရဟန်းတို့၊ ဤဥပမာစကားကိုလည်း သင်တို့ မှတ်သားကြလေကုန်ဦး။ ကြည်လင်သော၊ သန့်ရှင်းသော၊ နောက်ကျုခြင်းကင်းသော ရေအိုင်တခုသည် ရှိလေ၏။ စက္ခုနှစ်ကွင်း အလင်းရှိသူ ယောကျ်ားတယောက်သည် ထိုရေအိုင်၏ ကမ်းစပ်၌ ရပ်လျက်မှ ရေအိုင်ထဲ၌ တလှုပ်ရှားရှား သွားလာနေကြသော ငါးများကိုရင်း၊ ခရုယောက်သွားများကိုရင်း၊ ကျောက်ဆောင် ကျောက်တုံးများကိုရင်း မြင်ရာ၏။ အဘယ့်ကြောင့် ဆိုသော်.... ရေကြည်သောကြောင့် ဖြစ်သတည်း။

"ရဟန်းတို့၊ ဤအတူလျှင် သံသရာဝဋ္ဋ်မှ လွတ်လိုသူသည် မနောက်ကျုသော စိတ်ဖြင့် မိမိအကျိုးကို သိပါလတံ့ ဟူ၍သော်ရင်း၊သူ့ အကျိုးကိုသိပါလတံ့ ဟူ၍သော်ရင်း၊ မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးကို သိပါလတံ့ ဟူ၍သော်ရင်း၊ လူတို့၏ ကုသလ ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ် ဖိုလ်တရားထူးကို မျက်မှောက်ပြုနိုင်ပါအံ့ ဟူ၍ရင်းဆိုခဲ့သော်.... ဆိုရန်အကြောင်းရှိ၏၊ ဆိုထိုက်ပေသည်။

"အဘယ့်ကြောင့် ဆိုသော်....အိုရဟန်းတို့၊ စိတ်၏ကြည်လင်သောကြောင့် ဖြစ်သတည်း" ဟု ဟောတော်မူ၏။ ဤသည်၏ အခြားမဲ့၌လည်း ဗုဒ္ဓသည် စိတ်တရားကို နိဂုံးချုပ်တော်မမူသေး။

(၇)

"အိုရဟန်းတို့၊ ဥပမာတနည်းကို ငါဆိုဦးအံ့။ သစ်ပင်များစွာတို့ ပေါက်ရောက် ကြီးပွားလျက်ရှိကြသည့်အနက် ကြို့ပင်ကို အသားညက်ညောသောကြောင့်ရင်း၊ အသုံးချရာ၌ ကောင်းမွန်သောကြောင့်ရင်း အမြတ်ဆုံးဟူ၍ ဆိုအပ်၏။

"ရဟန်းတို့ ပွားများအပ်၊ နိုးအောင် နှိုးထားအပ်သောစိတ်၊ အကြိမ်အထပ်ထပ် ဂွမ်းဖတ်သကဲ့သို့ အသားကျကျ အလေ့အထ ပြုအပ်သော စိတ်သည် နူးလည်းနူးညံ့၏။ လုပ်ဆောင်ရာ၌ လွယ်ကူပြီးမြောက် ခရီးလည်းရောက်၏။ ရဟန်းတို့ နူးညံ့သောအရာ လုပ်ဆောင်ရာ၌ လွယ်ကူပြီးမြောက် ခရီးရောက်သော အရာတွင် ပွားများအပ်၊ အသားကျကျ အလေ့အထ ပြုအပ်ပြီးသော စိတ်လောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင် ဟု ဟောတော်မူ၏"

ရဟန်းတို့လည်း စိတ်တရားတော်ကို ကြားနာ၍ အားမရနိုင်ကြကုန်သေး။ ဗုဒ္ဓမြတ်ဘုရားသည်လည်း ဟောလက်စစိတ်တရားကို လက်စသတ်တော်မမူသေး။ ထို့ကြောင့်ပင် မဟုတ်ပါလော့။

(၈)

"အိုရဟန်းတို့၊စိတ်သည် အလွန်မြန်၏[၁]။ မြန်သောအရာတွင် စိတ်လောက်မြန်သော အမြန်ကို တခုမျှ ငါမမြင်ဘူး။ ရဟန်းတို့ စိတ်သည် အဘယ်မျှမြန်သည်ဟု ဥပမာနှိုင်းပြရန်မင်မလွယ်။

---

၁။ လဟု ပရိဝတ္တံ ဟိ စိတ္တံ။

( ၉ )

"အို....ရဟန်းတို့၊ စိတ်သည် ပြိုးပြိုးပြက်ပြက်တောက်ပ၏။ ထိုစိတ်သည် ပူးကပ်၍ ပူလောင်စေတတ်သော ညှိုသည့်ကိလေသာတို့ကြောင့် ညစ်ညူးရ၏။"

( ၁၀ )

"အို.... ရဟန်းတို့၊စိတ်သည်ပြိုးပြိုးပြက်ပြက်တခဲနက်တောက်ပ၏။ထိုစိတ်သည်ပင် ပူးကပ်၍ပူလောင်စေတတ်သော ညှိုသည့်ကိလေသာတို့မှလွတ်၏"ဟု ဟောတော်မူ၏။

ဤသို့အားဖြင့် ဤအုပ်စု(ပဏိဟိတအစ္ဆဝဂ်)၌လည်း ဟောအပ်သော စိတ်တရား အမျိုးအစားသည် ဆယ်ပါးပင် ဖြစ်သတည်း။

× × ×

## ၆။ အစ္ဆရာသင်္ဃာတဝဂ်

လိုချင်မက်မောဘွယ်အုပ်စု(ပဏိဟိတအစ္ဆဝဂ်)၏ နောက်၌ အစ္ဆရာသင်္ဃာတ အုပ်စုသို့ ရောက်သွား၏။ ဗုဒ္ဓ၏ ဟောလက်စ စိတ်တရားသည်အမြွင်ပြတ်သွားခြင်းမရှိသေး။ ဤအုပ်စုသို့အထိ အမြင်တန်းလန်းနှင့် လိုက်လာသည်ကို တွေ့ရ၏။

၁။ ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ။

ဤအုပ်စု ဤဝဂ်သို့ အရောက်တွင် ဗုဒ္ဓသည် သူ၏စိတ်တရားကို အဘယ်သို့ ဆက်လေသည် ထင်သနည်း။

(၁)

"အို....ရဟန်းတို့၊ ဤစိတ်သည် ပြိုးပြိုးပြက်ပြက် တခဲနက်တောက်ပ၏။ ထိုစိတ်သည် ပူးကပ်၍ လောင်မြိုက်စေတတ်သောညှော်သည် ကိလေသာတို့ကြောင့် ညစ်ညူးရ၏"။

"ထိုစိတ်၏ အကြောင်းကိုအကြားအမြင်ကျဉ်းသော၊ခေါင်းပါးလှသော ပုထုဇဉ်သည် ယထာဘူတ ကျကျ မသိနိုင်။ ထို့ကြောင့် အကြားအမြင်ကျဉ်းသူ ပုထုဇဉ်အား စိတ္တဘာဝနာ-စိတ်ကို ပွားများခြင်း မရှိဟု ငါဆို၏။"

(၂)

"အို....ရဟန်းတို့၊ ဤစိတ်သည် တခဲနက် ပြိုးပြိုး ပြက်ပြက်တောက်ပ၏။ ထိုစိတ်၏ အကြောင်းကို အကြားအမြင်ရှိသော အရိယာသာဝကသည် ယထာဘူတကျကျသိလေ၏။ထို့ကြောင့် အကြားအမြင်ရှိသူ အရိယာသာဝကအား စိတ္တဘာဝနာ-စိတ်ကို ပွားများဘွယ်ရှိသည်ဟု ငါဆို၏။"

(၃)

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက် လိုသူသည် မျက်စိတမှိတ်စာ ကာလမျှကလေးပင် ဖြစ်စေဦးတော့ မေတ္တာစိတ်ကို မှီဝဲသည်ဖြစ်အံ့။ဤသို့သော ပုဂ္ဂိုလ်မျိုးကို စျာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍ နေသူ၊ သာသနာပြုသူ၊ ဘုရားသခင်၏ ဩဝါ

ဒကို ခံယူလိုက်နာသူ၊ တိုင်းသူပြည်သားတို့က ဆက်ကပ်လှူဒါန်းသည့် ဆွမ်းကို အချည်းနှီး မဖြစ်စေဘဲ သုံးဆောင်သူဟု ဆိုအပ်၏”။

“အကြင်သူတို့သည်ထိုမေတ္တာနှင့်ယှဉ်သောစိတ်ကိုအခါများစွာ အလေ့အထပြု၍ မှီဝဲခြင်း ပြုကြကုန်၏။ထိုသူတို့အားကား အဘယ်မှာလျှင် ဆိုဘွယ်ရှိတော့မည်နည်း။”

( ၄ )

“အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက် လိုသူသည် မျက်စိတမှိတ်စာ ကာလကလေးမျှပင် ဖြစ်စေဦးတော့၊ မေတ္တာစိတ်ကို ပွားများသည်ဖြစ်အံ့။ ဤသို့သော ပုဂ္ဂိုလ်မျိုးကို စျာန်မှဆိတ်သုဉ်းခြင်းမရှိမူ၍နေသူ၊ သာသနာပြုသူ၊ ဗုဒ္ဓဝါဒကို လိုက်နာသူ၊တိုင်းသူပြည်သားတို့ လှူဒါန်းသည့် ဆွမ်းကို အချည်းနှီး မဖြစ်စေဘဲ သုံးဆောင်သူဟု ဆိုအပ်၏။”

“အကြင်သူတို့သည် ထိုမေတ္တာနှင့် ယှဉ်သော စိတ်ကို အခါများစွာ အလေ့အထပြု၍ ပွားများခြင်း ပြုကြကုန်၏။ ထိုသူတို့အားကား အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိတော့မည်နည်း။”

( ၅ )

“အို....ရဟန်းတို့၊သံသရာဝဋ်ထောင်မှ လွတ်အောင်ရုန်းထွက်လိုသူသည် မျက်စိတမှိတ်စာ ကာလ ကလေးမျှပင် ဖြစ်ပါစေ။ မေတ္တာစိတ်ကို နှလုံးသွင်းသည်ဖြစ်အံ့။ဤသို့သော ပုဂ္ဂိုလ်မျိုးကို စျာန်မှဆိတ်သုဉ်းခြင်းမရှိမူ၍နေသူ၊ သာသနာ့အကျိုးကိုဆောင်ရွက်သူ၊ ဘုရားသခင်၏ အဆုံးအမတော်ကို ခံယူသူ၊ ပြည်သူတို့

လှူဒါန်းသော ဆွမ်းကို အချည်းနှီးမဖြစ်စေဘဲ သုံးဆောင်သူ ဟူ၍ ဆိုအပ်၏။ ထိုမေတ္တာတရားကို အလေ့အထပြု၍ နှလုံးသွင်း နေသူတို့အား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိပါတော့မည်နည်း။"

( ၆ )

"အို…ရဟန်းတို့၊ အကြြင်တရားတို့သည် အကုသိုလ် ဖြစ်ကုန်၏။ အကုသိုလ်၏အဖွဲ့အစုဖြစ်ကုန်၏။ အကုသိုလ်၏အသင်း အပင်း၊ အသိုင်းအဝိုင်းဖြစ်ကုန်၏။ ထိုတရား အားလုံးတို့ကား စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သည် ထိုတရားတို့အားရှေး ဦးစွာ ဖြစ်၏။ အကုသိုလ်တို့မည်သည် ဖြစ်လာလျှင် ဆက်တိုက် လိုက်၍ ဖြစ်တတ်ကုန်၏။"

( ၇ )

"အို…ရဟန်းတို့၊ ကုသိုလ်၊ အကုသိုလ်အဖွဲ့အစု၊ ကုသိုလ် အသင်းအပင်း ဖြစ်သော ထိုထို တရားတို့ကား စိတ်သာလျှင် ရှေ့သွား ရှိကုန်၏။စိတ်သည် ထိုကုသိုလ်တရားတို့အား ရှေးဦးစွာ ဖြစ်၏။ ကုသိုလ်တရားတို့မည်သည် ဖြစ်လာလျှင် ဆက်တိုက် လိုက်၍ ဖြစ်တတ်ကုန်၏။"

( ၈ )

"အို…ရဟန်းတို့၊ မေ့လျော့ခြင်းသည် မဖြစ်သေးသောအကုသိုလ်တို့ကိုလည်း ဖြစ်စေ၏၊ဖြစ်ပေါ်နှင့်ပြီး ကုသိုလ်တို့ကိုလည်း ဆုတ်ယုတ်စေ၏။

"ရဟန်းတို့၊ မဖြစ်သေးသော အကုသိုလ်ကို ဖြစ်ပေါ်စေ၊ ဖြစ်ပေါ်နှင့်ပြီး ကုသိုလ်ကို ဆုတ်ယုတ်စေသော အရာတွင် မေ့လျော့ခြင်းလောက် ထိရောက်သောအရာဟူ၍ တခုမျှ ငါမမြင်"

( ၉ )

"အို....ရဟန်းတို့၊ မမေ့မလျော့ခြင်းသည် မဖြစ်သေးသော ကုသိုလ်တို့ကိုလည်း ဖြစ်စေ၊ ဖြစ်ပြီးအကုသိုလ်ကိုလည်း ယုတ်လျော့စေ၏။ ရဟန်းတို့၊ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်ပေါ်စေ၊ ဖြစ်ပေါ်ပြီးအကုသိုလ်ကို ဆုတ်ယုတ်စေသော အရာတွင် မမေ့မလျော့ခြင်းလောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

( ၁၀ )

"အို....ရဟန်းတို့၊ ပျင်းရိခြင်းသည် မဖြစ်သေးသော အကုသိုလ်ကိုလည်း ဖြစ်စေ၏။ ဖြစ်ပြီးကုသိုလ်ကိုလည်း ယုတ်လျော့စေ၏။ ရဟန်းတို့၊ မဖြစ်သေးသည့် အကုသိုလ်ကို ဖြစ်ပေါ်လာစေ၊ ဖြစ်ပြီးကုသိုလ်ကို ယုတ်လျော့စေသော အရာတွင် ပျင်းရိခြင်းလောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်"ဟု ဟောတော်မူ၏။

ဤသို့အားဖြင့်ဤအုပ်စု၌သည်း ဟောကြားအပ်သောတရားအမျိုးအစားကား ဆယ်ပါးပင် ဖြစ်သတည်း။

× × ×

စပယ်ဦးစာပေ

## ၇။ ဝိရိယာရမ္ဘာဒိဝဂ်

အစ္ဆရာ သင်္ဃာတအုပ်စုကိုလွန်သော် ကာယဉာဏလုပ်သားကြီးများအုပ်စု (ဝိရိယာရမ္ဘဝဂ်)ရှိရာသို့ ရောက်သွား၏။ ထိုအုပ်စု၏ ပုံသဏ္ဌာန်မှာ ဟန်တမျိုးဖြစ်နေသည်ကို တွေ့ရသည်။

ဗုဒ္ဓမြတ်ဘုရားသည် ယခင့်ယခင်အုပ်စုများ၌ စိတ်ပိုင်းဆိုင်ရာ ဉာဏ လှုပ်ရှားမှုများကို တသန့်စီ တသန့်စီ အမျိုးအစားခွဲခြား၍ ပြခဲ့ရာမှ ဤအုပ်စုတွင်မူ ရုပ်ပိုင်းဆိုင်ရာ ကာယလှုပ်ရှားမှုများကို ဦးတည်လျက် မျက်လှည့်ပြသည့်ပမာ ဟောကွက်တမျိုးဖြင့် မြွက်ကြားထားတော်မူပေသည်။

ကာယ လုပ်သားကြီးများကား ဖျတ်ဖျတ်လတ်လတ် အားဓာတ်အပြည့်နှင့် ရှိကြကုန်၏။ ခရီးရောက်မဆိုက်ပင် “သူတို့နှင့် ဒူးတိုက် ဆွေးနွေးရန်” ကမ်းလှမ်းကြသည်နှင့် လုပ်အား အကြောင်းကို ဆွေးနွေးကြသည်။

သူတို့သည် သူတို့၌ ရှိသည့် ကာယလုပ်အားကို လက်တွေ့ ကျင့်သုံးနေကြသူများ ဖြစ်ကြသည့် အလျောက် ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကြသည်။ သူတို့၏ ကာယလုပ်အားကို အစွမ်းကုန် ရှေ့တန်းတင်ကာ ပရိတ်မွှန်းသကဲ့သို့ မွှန်းကြကုန်လေတော့သည်။

“တနေ့တလံ ပုဂံ ဘယ်ပြေးမလဲ” ဟူသော ဆောင်ပုဒ်တိုကလေးကို ရွတ်ကာရွတ်ကာနှင့် သူတို့လုပ်အားကို ပြကြသည်။ လုပ်အား၏ ဂုဏ်ပုဒ်ကို သူတို့၏ ဘုရားဖူး ဇာတ်လမ်းဖြင့် သရုပ်ဖော်ကြသည်။

သူတို့က သူတို့ကိုယ်သူတို့ ကျေးလက် ဇနပုဒ်သားများ ဖြစ်ကြောင်း ဝန်ခံပြီးလျှင် တန်ခိုးကြီးသော ဘုရားပုထိုး စေတီတော်များ ပေါများရာ ပုဂံပြည်ကြီးသို့ ဘုရားဖူးသွားကြပုံ၊ ခရီးကလည်း ဝေးလွန်း၊ ခြေလျင်လျှောက်ကြရသဖြင့်လည်း ပုဂံပြည်သို့ မရောက်ခင် လမ်းခုလပ်၌ ခြေကုန်လက်ပန်းကျကုန်ကြပုံ။ 'ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ်' ဆိုသကဲ့သို့ ခြေကုန်လက်ပန်းကျနေသဖြင့် ရှေ့တိုးရန်လည်းခက်၊ ရွာသို့ ပြန်ရန်လည်း မလွယ်ကူ၊ သူတို့ ဒုက္ခရောက်ခဲ့ကြရပုံ။

သို့သော် သူတို့သည် စိတ်ဓာတ်ကျဆင်းခြင်း မရှိကြလေဘဲ "တနေ့တလံ ပုဂံဘယ်ပြေးမလဲ"ဟု အားတင်းကာ မလျော့သော ဇွဲဖြင့် ပုဂံပြည်သို့ ရောက်သည်အထိ တရွေ့ရွေ့သွားနိုင်ခဲ့ကြသည့်အတွက် မဖူးမျှော်ဘူးသော ဘုရားပုထိုးများကိုလည်း ဖူးမျှော်ခဲ့ကြရပုံ။ မဖူးရခင်က ဖြစ်ရှိနှင့်ပြီးဖြစ်သော ကြည်ညိုသဒ္ဓါစိတ်များလည်း တိုးတက်ကြီးထွားလာရပုံ။ ဤသို့ ဖြစ်ရခြင်းမှာ မလျော့သော သွေးပူဇွဲကို အခြေခံသည့် ကာယလုပ်အားကြောင့် ဖြစ်ပုံများကို အားပါးတရ မွှန်းကာ မွှန်းကာ ဆိုကြသည်။

သူတို့ပြောပုံဆိုပုံ လေသံကို အကဲခတ်ရခြင်းအားဖြင့် သူတို့သည် တခါသ၌ ဘုန်းတော်ကြီးများထံမှ ဗုဒ္ဓဒေသနာတော်ကို ကြားနာခဲ့ဘူးကြဟန်တူကြောင်း ရိပ်စားမိလာပါသည်။ ဝီရိယအားဓာတ်နှင့်ပတ်သက်သော တရားကို ဗုဒ္ဓမြတ်ဘုရားက မည်သို့ ဟောတော်မူသည် ထင်သနည်း။

(၁)

"အို....ရဟန်းတို့.... မတွန့်မဆုတ်၊ မလျော့သောဇွဲဖြင့် ကြိုးစား အားထုတ်ခြင်းဟူသော လုံ့လ ဝီရိယ အားခွတ်သည် မဖြစ်သေးသော ကုသိုလ်ကိုလည်း ဖြစ်စေ၏။ ဖြစ်ပြီးသော အကုသိုလ်ကိုလည်း လျော့ပါး အားနည်းသွားစေ၏။ ရဟန်းတို့ မဖြစ်သေးသည့် ကုသိုလ်ကိုလည်း ဖြစ်ပေါ်စေ၊ ဖြစ်ပြီး အကုသိုလ်ကိုလည်း လျော့ပါးသွားစေသောအရာတွင် အားထုတ်ခြင်း ဝီရိယခွတ်လောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။ ရဟန်းတို့ မတွန့်မဆုတ်၊ မလျော့သော ဇွဲဖြင့် အားထုတ်သူအား မဖြစ်သေးသော ကုသိုလ်လည်း ဖြစ်၏။ ဖြစ်ပြီးသော အကုသိုလ်လည်း လျော့ပါးအားနည်း သွား၏။"

ဤကား ဗုဒ္ဓ၏ ဓမ္မဒေသနာဖြစ်ပေ၏။ အခြား လုပ်အား ကာယလုပ်ရှားမှု ဒေသနာများကိုလည်း သူတို့ ကြားနာဘူးကြ လိမ့်မည်ထင်၏။

မှတ်ချက်။ ။ဤအုပ်စု၌ သဘောတူရာတို့ကို စုပေါင်း၍ အတို ချုံးပြီးလျှင် မတူသောအချက်အလက် အနှစ်သာရများကိုသာ ဖော်ထုတ်သွားပါအံ့။

"အို....ရဟန်းတို့။
(၂) အလိုကြီးသောသူ။
(၃) မရောင့်ရဲသူ။
(၄) မသင့်သောအားဖြင့် နှလုံးသွင်းသူ။

(၅) ဆင်ခြင်တုံတရားမရှိသူ။

(၆) မိတ်ဆွေဆိုးနှင့် ပေါင်းသင်းသူ။

ထိုသူ ဤသူတို့အား မဖြစ်ပေါ်သေးသော အကုသိုလ်တို့သည်လည်း ဖြစ်ပေါ်လာကုန်လေ၏။ ဖြစ်ပြီးသော ကုသိုလ်တို့သည်လည်း လျော့ပါးအားနည်းကုန်လေ၏။

"အို .. ရဟန်းတို့။

(၇) အလိုနည်းသူ၊

(၈) ရောင့်ရဲလွယ်သူ၊

(၉) သင့်သောအားဖြင့် နှုတ်လုံးသွင်းသူ၊

(၁၀) ဆင်ခြင်တုံတရားရှိသူ၊

ဤသူ၊ ထိုသူတို့အား မဖြစ်သေးသော ကုသိုလ်တို့သည်လည်း ဖြစ်ပေါ်လာကုန်လေ၏။ ဖြစ်ပြီးသော အကုသိုလ်တို့သည်လည်း လျော့ပါးအားနည်းကုန်လေ၏-ဟု ဟောတော်မူ၏။

ဤသို့အားဖြင့် ဤအုပ်စုဌ်လည်း ဟောအပ်သော တရားတို့သည် အမျိုးအစားအားဖြင့် ဆယ်ပါးပင် ဖြစ်ကုန်၏။

x x x

## ၈။ ကလျာဏမိတ္တာဒိဝဂ်

ဝီရိယာရမ္ဘအုပ်စုမှ ရှေ့သို့တထောက် ဥာဏ်ခြေထောက်ဖြင့် လျှောက်သွားသည်တွင် ကလျာဏမိတ္တအုပ်စုကို တွေ့ရသည်။ ထိုသွေးသောက်ရောင်းရင်း အပေါင်းအသင်း မိတ်ဆွေဘစု၏ အသွင်မှာ ယခင်အုပ်စုဝင်များနှင့် ခပ်ဆင်ဆင်ပင် ဖြစ်သည်ကို တွေ့ရ၏။ မဖြစ်သေးသော အကုသိုလ်များ ဘာ့ကြောင့် ဖြစ်လာပုံ၊ ဖြစ်ပြီးအကုသိုလ်များ ဘာ့ကြောင့် ဆုတ်ယုတ်လျော့ပါး အားနည်းသွားရပုံများကိုပင် ပရိယာယ်တမျိုးဖြင့် ဟောကြားတော်မူခြင်း ဖြစ်လေသည်။

ဤကလျာဏမိတ္တအုပ်စုသို့ရောက်သွားသောအခါ ငယ်စဉ်ကသင်ခဲ့ရသော ကျောင်းဖတ်စာအုပ်ထဲက "ကျီး၊ လိပ်၊ သမင်" မိတ်ဆွေသုံးဦးတို့၏ဖြစ်ရပ်သည် စိတ်၌ထင်ဟပ်လာ၏။ ထိုသုံးဦးတို့သည် ကလျာဏမိတ္တ မိတ်ဆွေကောင်းပီသစွာ ချစ်ချစ်ခင်ခင် နေထိုင်ကြပြီး တယောက်အကြောင်းရှိက ကူညီယိုင်းပင်းစောင့်ရှောက်ခြင်းအားဖြင့် မုဆိုး၏လက်မှလွတ်၍ အသက်ချမ်းသာရာ ရကြောင်းကို ဖော်ပြထားသော ဇာတ်လမ်းကလေး တပုဒ် ဖြစ်လေသည်။

လူသည်ပတ်ဝန်းကျင်ထဲ၌ ဝဲလှည့်နေသူဖြစ်လေရာ လူပေါင်းမမှားမိစေရန် အထူးသတိချပ်ကြရ၏။ မိတ်ဆွေတု၊ အယောင်ဆောင် မိတ်ဆွေများကို ရှောင်၍ မိတ်ကောင်းဆွေကောင်းကို ပေါင်းအပ်သည်။ ပေါင်းရမည်။ ပေါင်းထိုက်သည်။ မိတ်ကောင်းဆွေကောင်းကိုပေါင်းကိုပေါင်းထားမှုအရေးတစုံကိုယ်၌ကြုံလာ

သောအခါ လိုအပ်သောအကူအညီကို ရရှိမည် ဖြစ်သည့်အပြင် အကယ်၍မိမိက အမှားကို ပြုမိစေဦးတော့ မိတ်ဆွေကောင်း၏ ဟန့်တားညွှန်ကြားမှု အရဖြင့် အမှန်သို့ ရောက်ရှိလာနိုင်ပေ၏။

မိတ်ကောင်း ဆွေကောင်း အပေါင်းအသင်း ရှိထားခြင်း အားဖြင့် အကျိုးတရား ကြီးမားလှပုံကို ဗုဒ္ဓမြတ်ဘုရားက၊ရဟန်း တို့အား မည်သို့ဟောကြားတော်မူသည် ထင်သနည်း။

( ၁ )

"အို....ရဟန်းတို့၊မိတ်ကောင်းဆွေကောင်း အပေါင်းအသင်း ရှိထားသည်၏အဖြစ်သည် မဖြစ်သေးသော ကုသိုလ်တရားတို့ကို လည်းဖြစ်စေ၏။ ဖြစ်ပြီးသော အကုသိုလ် တရားတို့ကိုလည်း ဆုတ်ယုတ်လျော့ပါး အားနည်းသွားစေ၏။ ကုသိုလ်တရားတို့ကို ဖြစ်စေသောအရာ၊ အကုသိုလ်တရားတို့ကို ဆုတ်ယုတ်လျော့ပါး အားနည်းသွားစေသော အရာတွင် မိတ်ကောင်း ဆွေကောင်း အပေါင်းအသင်း ရှိထားသလောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

( ၂ )

"အို....ရဟန်းတို့၊ အကုသိုလ်ကို လိုက်စားခြင်း၊ ကုသိုလ်ကို မလိုက်စားခြင်းသည်' မဖြစ်သေးသောအကုသိုလ်တို့ကိုလည်းဖြစ်

---

၁။ အနုယောဂေါ အကုသလာနံ ဓမ္မာနံ၊ အနနုယောဂေါ ကုသလာနံ ဓမ္မာနံ။

စေ၏။ ဖြစ်နှင့်ပြီးသော ကုသိုလ်တရားတို့ကိုလည်းဆုတ်ယုတ်လျော့ပါး အားနည်းသွားစေ၏။ ရဟန်းတို့၊ အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေသောအရာ၊ ကုသိုလ်တရားတို့ကို ဆုတ်ယုတ်လျော့ပါး အားနည်းသွားစေသောအရာတွင် အကုသိုလ်တရားတို့ကိုလိုက်စားခြင်း၊ ကုသိုလ်တရားတို့ကို မလိုက်စားခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ တခုမျှ ငါ မမြင်။"

(၃)

"အိုရဟန်းတို့၊ ကုသိုလ်တရားတို့ကို လိုက်စားခြင်း၊ အကုသိုလ်တရားတို့ကို မလိုက်စားခြင်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ကိုလည်း ဖြစ်စေ၏။ဖြစ်ပြီး အကုသိုလ်တရားတို့ကိုလည်း ဆုတ်ယုတ်လျော့ပါး အားနည်းသွားစေ၏။ အို....ရဟန်းတို့၊ ကုသိုလ်တရားတို့ကို ဖြစ်စေသောအရာ၊ အကုသိုလ်တရားတို့ကို ဆုတ်ယုတ်လျော့ပါး အားနည်းသွားစေသောအရာတွင် ကုသိုလ်ကို လိုက်စားခြင်း၊ အကုသိုလ်ကိုမလိုက်စားခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သော အရာဆို၍ တခုမျှ ငါ မမြင်။"

(၄)

"အို....ရဟန်းတို့၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းသည် မဖြစ်သေးသော ဗောဇ္ဈင်တရား¹တို့ကိုလည်း မဖြစ်ပေါ်စေနိုင်၊ ဖြစ်ပြီးဗောဇ္ဈင်တရားတို့ကိုလည်း ဘာဝနာ ပြည့်စုံခြင်းသို့မရောက်

၁။ ဗောဓိဉာဏ်၏ အစိတ်အပိုင်း၊ ဗုဒ္ဓဖြစ်ကြောင်းအင်္ဂါ သစ္စာလေးပါးကို သိတတ်သောတရား။

စေနိုင်။ အို....ရဟန်းတို့၊ ဗောဇ္ဈင်တရားတို့ကို မဖြစ်စေနိုင်၊ ဘာဝနာပြည့်စုံခြင်းသို့ မရောက်စေနိုင်သော အရာတွင် မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းလောက် လျှမ်းလျှမ်းတောက် ထိရောက်သောအရာဆို၍ တခုမျှ ငါမမြင်။"

(၃)

"အို....ရဟန်းတို့၊ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည်မဖြစ်သေးသော ဗောဇ္ဈင်တရားတို့ကိုလည်း ဖြစ်ပေါ်စေနိုင်၏၊ ဖြစ်ပေါ်ပြီးဗောဇ္ဈင်တရားတို့ကိုလည်း ဘာဝနာပြည့်စုံခြင်းသို့ ရောက်စေနိုင်၏။ ရဟန်းတို့၊ ဗောဇ္ဈင်တရားတို့ကို ဖြစ်ပေါ်စေနိုင်သောအရာ၊ ဘာဝနာပြည့်စုံခြင်းသို့ ရောက်စေနိုင်သော အရာတွင် သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းလောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်။"

(၄)

"အိုရဟန်းတို့၊ ဆွေမျိုးတို့၏ ဆုတ်ယုတ်ခြင်းသည် ရှိ၏။ ထိုဆုတ်ယုတ်ခြင်းကား မပြောပလောက်။ ပညာ၏ ဆုတ်ယုတ်ခြင်းသည်ရှိ၏။ ထိုဆုတ်ယုတ်ခြင်းသည်သာ ဆုတ်ယုတ်ခြင်းဟူမျှသတို့တွင် အလွန်အလွန် အဆုတ်ယုတ်ဆုံးဟု ငါဆို၏။"

(၅)

"အို....ရဟန်းတို့၊ ဆွေမျိုးတို့၏ ကြီးပွားခြင်းသည် ရှိ၏။ ထိုကြီးပွားခြင်းကား မပြောပလောက်။ ပညာ၏ ကြီးပွားခြင်း

သည်ရှိ၏။ ထိုကြီးပွားခြင်းသည်သာ ကြီးပွားခြင်းဟူသမျှတို့တွင် အမြတ်ဆုံးဖြစ်၏။”

“ရဟန်းတို့၊ ထို့ကြောင့် ဤငါ့ဘုရားသာသနာ၌ “ပညာ ကြီးပွားခြင်းဖြင့် ငါတို့ကြီးပွားကုန်အံ့”ဟူ၍ ကျင့်ရာ၏။ရဟန်း တို့၊ဤငါညွှန်ကြားသည့်အတိုင်းသာ သင်တို့ ကျင့်ကြလေကုန်။”

(၈)

“အို....ရဟန်းတို့၊ စည်းစိမ်ဥစ္စာ၏ ဆုတ်ယုတ်ခြင်းသည် ရှိ၏။ ဤဆုတ်ယုတ်ခြင်းကား မပြောပလောက်။ ပညာ၏ ဆုတ် ယုတ်ခြင်းသည်ရှိ၏။ ဤဆုတ်ယုတ်ခြင်းသည်သာ ဆုတ်ယုတ် ခြင်းဟူသမျှတို့တွင် အလွန့်အလွန် အဆုတ်ယုတ်ဆုံးဟု ငါ ဆို၏။”

(၉)

“အိုရဟန်းတို့၊ စည်းစိမ်ဥစ္စာ၏ ကြီးပွားခြင်းသည်ရှိ၏။ ဤ ကြီးပွားခြင်းကား မပြောပလောက်။ ပညာ၏ ကြီးပွားခြင်း သည် ရှိ၏။ ဤကြီးပွားခြင်းသည်သာ ကြီးပွားခြင်းဟူသမျှ တို့တွင် အမြတ်ဆုံးဖြစ်၏”

“ရဟန်းတို့၊ ထို့ကြောင့် ဤငါ့ဘုရားသာသနာ၌ “ပညာ ကြီးပွားခြင်းဖြင့် ငါတို့ ကြီးပွားကုန်အံ့”ဟု နှလုံးသွင်း၍ ကျင့်ရာ၏။ ရဟန်းတို့၊ ဤငါညွှန်ကြားသည့် အတိုင်းသာ သင်တို့ကျင့်ကြလေကုန်။”

---

စယ်ဦးစာပေ

(၁၀)

"အိုရဟန်းတို့၊ အခြံအရံ၏ ဆုတ်ယုတ်ခြင်းသည် ရှိ၏။ ဤဆုတ်ယုတ်ခြင်းကား မပြောပလောက်။ ပညာ၏ ဆုတ်ယုတ်ခြင်းသည်သာ ဆုတ်ယုတ်ခြင်းအပေါင်းတို့တွင် အလွန့်အလွန် အဆုတ်ယုတ်ဆုံးဟု ငါဆို၏။"

× × ×

၉။ ပမာဒဝဂ်

မိတ်ဆွေကောင်း ကလျာဏမိတ္တ အုပ်စုဝင်များ၏ တဘက်သော အခန်းရှိ တံခါးကို တွန်းလိုက်ရုံမျှဖြင့် တံခါးပွင့်လာပြီး ထိုခန်းမကြီးထဲတွင် မေ့လျော့အုပ်စုဝင် (ပမာဒဝဂ်)များကို တွေ့ရ၏။

ဤအုပ်စု၌ အထူးအဆန်းတခုကို သတိပြုမိသည်။ အစဉ်အလာအရဆိုသော် အုပ်စုတခု၏ ထိပ်ဆုံးကို အုပ်စုဗိုလ်အဖြစ် တင်မြဲဖြစ်သည်။ ဥပမာ ကလျာဏမိတ္တအုပ်စု၌ အုပ်စု၏ ထိပ်ဆုံးက မိတ်ဆွေကောင်းကို အုပ်စုဗိုလ်အဖြစ် တွေ့ရသော်လည်း ဤအုပ်စုတွင် ထိုအစဉ်အလာမျိုးကို မတွေ့ရ။

ဤအုပ်စု၏ ထိပ်ဆုံးမှာ ယသ ဖြစ်၍ အထက်ပါ အစဉ်အလာအရဆိုသော် ယသသည်သာ အုပ်စုဗိုလ် ဖြစ်သင့်သည်။

အမည်နာမကို "ယသဝဂ္ဂ"ဟု ကမ္ပည်းထိုးသင့်သည်။ သို့သော် ဒုတိယမြောက် ဖြစ်သော ပမာဒက ဤအုပ်စု၌ အုပ်စုဗိုလ် ဖြစ်နေ၏။ အမည်နာမကိုလည်း "ပမာဒါဒိဝဂ္ဂ"ဟု ကမ္ပည်းထိုးထားသည်ကို တွေ့ရ၏။ ရှိစေတော့....

ဤအုပ်စု၌ ဗုဒ္ဓဩဝါဒ၊ ဓမ္မညွှန်ကြားဟန်မှာ ယခင့်ယခင် အုပ်စုများ၏ ပုံသဏ္ဍာန်အတိုင်းပင် ဖြစ်သည်။ ဆောင်ရန်နှင့် ရှောင်ရန်၊ ကျိုးရှိနှင့် ကျိုးမဲ့ဓမ္မအချက်၊ ဟောညွှန်ချက်များကို စက်လှည့်၍ ဟောတော်မူခြင်းများသာ ဖြစ်သည်။

ယခင် ကလျာဏမိတ္တအုပ်စုမှ လက်ကျန်ကို ဆက်ထားသည့်ဟန်လည်း ပေါ်လွင်နေ၏။ ဆွေမျိုး၏ ကြီးပွားခြင်း၊စည်းစိမ်၏ ကြီးပွားခြင်းသည် မဖြစ်စလောက် ကလေးသာ ဖြစ်သည်။ စကားထဲထည့်၍ပင် မပြောထိုက်။ ပညာ၏ ကြီးပွားခြင်းသာ အဓိကဖြစ်သည်၊ အမြတ်ဆုံးသော ကြီးပွားခြင်းဖြစ်သည် ဟူ၍ ယခင်အုပ်စုကို နိဂုံးချုပ်ခဲ့သည်။ ယခုအုပ်စု၌လည်း ပညာ၏ ကြီးပွားခြင်းကိုပင် ပြန်ကောက်၍ စထား၏။ ပညာ၏ကြီးပွားခြင်းကို ဤ၌ မည်သည့်ကြီးပွားခြင်းနှင့် နှိုင်းယှဉ်၍ဟောတော်မူသည်ထင်သနည်း။

( ၁ )

"အို....ရဟန်းတို့၊ အခြွေအရံ၏ ကြီးပွားခြင်း၊ အခြွေအရံများခြင်းသည် ရှိ၏။ ဤကြီးပွားခြင်းသည် မပြောဘွယ်အနည်းငယ်သာတည်း။ ပညာ၏ ကြီးပွားခြင်းသည် ရှိ၏။ ဤပညာ၏ ကြီးပွားခြင်းသည်သာ ကြီးပွားခြင်းအပေါင်းတို့တွင်အကောင်း

ဆုံး၊ အမြတ်ဆုံးသော ကြီးပွားခြင်းဟု ငါဆို၏”ဟု ဟော
တော်မူလေသည်။

မှတ်ချက်။ ။တို့တိုနှင့် လိုရင်းထိရောက်ရုံ သဘောတူရာ
များကို စုပေါင်းလျက် ကွဲလွဲချက်များကိုသာ ဖော်ပြပါအံ့။)

“အို….ရဟန်းတို့၊
(၂) မေ့လျော့ပေါ့တန်သူ၊
(၃) အပျင်းထူသူ၊
(၄) အလိုကြီးသူ၊
(၅) ဆင်ခြင်စဉ်းစားကင်းသူ၊
(၆) မကြံအပ် မကြံရာကို ကြံစည်သူ၊
(၇) မရောင့်ရဲသူ၊
(၈) မိတ်ဆွေဆိုးနှင့် ပေါင်းသင်းသူ၊
(၉) မကောင်းမှုကို လိုက်စား၍
ကောင်းမှုကို ရှောင်ရှားသူ။

ဤသူ ထိုသူတို့အား များစွာ အကျိုးမဲ့ဘို့အတွက် ဖြစ်၏။
“အို….ရဟန်းတို့၊
(၁၀) မမေ့မလျော့ သတိရှိသူ၊
(၁၁) လုံ့လဝီရိယရှိသူ၊
(၁၂) ဆင်ခြင်ဉာဏ်ရှိသူ၊
(၁၃) ကြံသင့်ရာရာကို ကြံစည်သူ၊
(၁၄) ရောင့်ရဲလွယ်သူ၊
(၁၅) မိတ်ဆွေကောင်းနှင့် ပေါင်းဖော်သူ၊

(၁၆) အလိုနည်းသူ၊
(၁၇) ကောင်းမှုကို လိုက်စား၍
မကောင်းမှုကို ရှောင်ရှားသူ၊

ဤသူ ထိုသူတို့အား များစွာ အကျိုးရှိဘို့အတွက်ဖြစ်၏။"

ယခင်အုပ်စုများ၌ တရားအမျိုးအစား ဆယ်ပါးဆယ်ပါးစီကိုသာ တွေ့ရသော်လည်း ဤအုပ်စုတွင်မူအမျိုးအစား (၇)ပါး ပိုကဲလာသဖြင့် အားလုံးပေါင်း (၁၇)မျိုးအထိ ရှိသည်ကို တွေ့ရသည်။

× × ×

## ၁၀။ ဒုတိယ ပမာဒါဒိဝဂ်

မေ့လျော့ သတိလွတ်အုပ်စု(ပမာဒဝဂ်) များသောကြောင့် အုပ်စုတခုတည်းဖြင့် မပြည့်စုံ၊ မခြုံ၊ မငုံမိ၊ မကုန်သေး။ ထို့ကြောင့် နောက်ထပ် အုပ်စုတစုထပ်၍ ဖွဲ့ပေးထားသည်ကို တွေ့ရ၏။

ဤအုပ်စုသည် ဒုတိယမြောက် အုပ်စုဖြစ်ရာ ယင်းအုပ်စု၌ ဟောအပ်သော တရားအမျိုးအစားပေါင်း (၄၂)မျိုး ပါဝင်ပေသည်။ယင်းတို့အနက် အဇ္ဈတ္တ-အတွင်း၌ဖြစ်သော အကြောင်း

နှင့် ပတ်သက်သည့်တရား ၁၄-မျိုး၊ ဗာဟိရ- အပဥ္စ'ဖြစ်သော အကြောင်းနှင့်ပတ်သက်သည့် တရား ၂-မျိုးကို တွေ့ရ၏။

အဇ္ဈတ္တ-အတွင်းတရား ၁၄-မျိုးကိုဟောတော်မူရာ၌ အဇ္ဈတ္တကို မူတည်လျက် ပမာဒ-သတိလွတ်မှု၊ အပ္ပမာဒ-သတိမလွတ်မှု စသည်တို့ဖြင့် မူလီသွတ်ကာ ကျော့၍ ကျော့၍ ဟောတော်မူသွားသည်ကို တွေ့ရ၏။ မည်သို့ မူလီသွတ်၍ ဟောတော်မူသည် ထင်သနည်း။

( ၁ )

"အို...ရဟန်းတို့၊ သတိလွတ်မှု (ပမာဒ)သည် "သည်ဟာ အတွင်းသန္တာန်မှာဖြစ်သည့်(အဇ္ဈတ္တိက)အကြောင်းပါကလား" ဟု ဤသို့နှလုံးသွင်း၍ပြုသော် များစွာ အကျိုးယုတ်ရန်ဖြစ်၏။[၁]

ရဟန်းတို့၊ များစွာ အကျိုးယုတ်ရန် ဖြစ်သော အရာတွင် "သည်ဟာ အတွင်းသန္တာန်မှာဖြစ်သည့် အကြောင်းပါကလား" ဟု နှလုံးသွင်း၍ ပြုသောအကြောင်းလောက် ထိရောက်သော အကြောင်းဆို၍ တခုမျှ ငါမမြင်"ဟု အဇ္ဈတ္တိက-ကို မူတည်၍ ဟောတော်မူလေသည်။

ဤနည်းအတိုင်းပင် အဇ္ဈတ္တိကကို မူတည်လျက် အပ္ပမာဒ-ဖြင့် မူလီသွတ်၍ ဟောသောအခါ အဓိပ္ပါယ် ထွက်လာသည်ကား များစွာ အကျိုးများရန် ဟူပေ၏။အဘယ်သို့ ဟောတော်မူသည် ထင်သနည်း။

---

၁။ အဇ္ဈတ္တိကံ အင်္ဂန္တိကရိတ္ဗာ နာညံ့ သမနုပဿာမိ-စသည်။

# ( ၂ )

"အိုု....ရဟန်းတို့၊ သတိမလွတ်မှု(အပ္ပမာဒ)သည် "သည်ဟာ အတွင်းသန္တာန်မှာဖြစ်သည့်(အဇ္ဈတ္တိက)အကြောင်းပါကလား" ဟူ၍ပြုသော် များစွာ အကျိုးရှိရန်ဖြစ်၏။ ရဟန်းတို့၊များစွာ အကျိုးရှိရန်ဖြစ်သောအရာတွင် ဤအကြောင်းလောက်ထိရောက်သော အကြောင်းဆို၍ တခုမျှ ငါမမြင်" ဤသို့ ဟောတော်မူသတည်း။

ဤနည်းတူ အဇ္ဈတ္တိက- ကိုမူတည်လျက် (၃-၄)ပျင်းရိခြင်း(ကောသဇ္ဇ)နှင့် အားထုတ်ခြင်း (ဝီရိယာရမ္ဘ)ကို တတွဲ။ (၅၊၆)ရောင့်ရဲခြင်း(သန္တုဋ္ဌ)နှင့် မရောင့်ရဲခြင်း (အသန္တုဋ္ဌ)ကို တတွဲ။ (၇၊၈)အလိုကြီးခြင်း(မဟိစ္ဆတာ)နှင့် အလိုမကြီးခြင်း(အပ္ပိစ္ဆတာ)တတွဲ။ (၉၊၁၀) မသင့်သောအားဖြင့် နှလုံးသွင်းခြင်း(အယောနိသော မနသိကာရ)နှင့် သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ) တတွဲ။ (၁၁၊၁၂)ဆင်ခြင်တုံတရားမရှိခြင်း၊ (အသမ္ပဇည)နှင့်ဆင်ခြင်တုံတရားရှိခြင်း(သမ္ပဇည)တတွဲ။(၁၃၊၁၄)အကုသိုလ်တရားကိုလိုက်စားခြင်း (အနုယောဂ အကုသလဓမ္မ)နှင့် ကုသိုလ်တရားတို့ကို မလိုက်စားခြင်း(အနနုယောဂ ကုသလဓမ္မ)တတွဲ။ ဤသို့အားဖြင့် အဇ္ဈတ္တိက တရား ၁၄-မျိုးဖြစ်၏။

(မှတ်ချက်။ ။အပြစ်၊အကျိုး ကောက်ယူရာ၌ မဟိစ္ဆတာ အလိုကြီးသည်ကိုအပြစ်၊ အပ္ပိစ္ဆတာ-အလိုနည်းသည်ကိုအကျိုး၊ ဤသို့ စသည်ဖြင့် ဟပ်၍ ဟပ်၍ယူလေ)။

---

ဤအင်္ဂုတ္တိုရ်-တရားတို့၏ အဆုံး၌ ဗာဟိရ-တရား နှစ်ပါးကို မည်သို့ ဟောတော်မူသည် ထင်သနည်း။

( ၁၅ )

"အို....ရဟန်းတို့၊ အဆွေခင်ပွန်းယုတ်နှင့်ပေါင်းဖော်သည်၏ အဖြစ်သည် "သည်ဟာ အပသန္တာန်မှာ ဖြစ်သည့် (ဗာဟိရ) အကြောင်းပါကလား"ဟုဤသို့ နှလုံးသွင်း၍ပြုသော်....များစွာ အကျိုးယုတ်ရန်ဖြစ်၏။

( ၁၆ )

"အို....ရဟန်းတို့၊ အဆွေခင်ပွန်းကောင်းနှင့် ပေါင်းသည်၏ အဖြစ်သည် "သည်ဟာ အပသန္တာန်မှာ ဖြစ်သည့် (ဗာဟိရ) အကြောင်းပါကလား"ဟု ဤသို့နှလုံးသွင်း၍ပြုသော်....များစွာ အကျိုးရှိရန်ဖြစ်၏။

ယင်းတို့၏နောက်၌ကား သာသနာကွယ်ပခြင်း၏အကြောင်း တရားများကို ဆက်လက် ဟောကြားတော်မူသည်ကို တွေ့ရ၏။ မည်သို့သော အကြောင်းများသည် သာသနာကွယ်ပ သွားစေသနည်း။ သာသနာကွယ်ပ သွားစေသော အကြောင်းများကို ဗုဒ္ဓက မည်သို့ ဟောတော်မူသနည်း။

( ၁၇ )

"အို....ရဟန်းတို့၊ မေ့လျော့ခြင်း၊ သတိလက်လွတ်ခြင်းသည် သာသနာ ပျက်စီးခြင်းငှာဖြစ်၏[၁]။ ရဟန်းတို့၊သာသနာ ပျက်စီးကွယ်ပသောအရာတွင် မေ့လျော့၊ သတိလက်လွတ်ခြင်းလောက်

---

၁။ ပမာဒေါ ဘိက္ခဝေ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ-စသည်။

ထိရောက်သော အရာဆို၍ ဘာတခုမျှ ငါမမြင်”ဟု ဟောတော်မူ၏။

( ၁၈ )

“အို....ရဟန်းတို့၊ မမေ့မလျော့၊ သတိမလွတ်လေဘဲ အမြဲ သတိရှိနေခြင်းသည် သာသနာ အရှည်တည်ရှိခြင်းငှာ၊ မပျက်စီး ခြင်းငှာ၊ မကွယ်မပျောက်ခြင်းငှာဖြစ်၏။ ရဟန်းတို့၊သာသနာ မပျက်မစီး၊ အရှည်သဖြင့်တည်နိုင်သော အရာတွင်မမေ့လျော့ဘဲ အမြဲသတိရှိနေခြင်းလောက် ထိရောက်သော အရာဆို၍ တခုမျှ ငါမမြင်”

(မှတ်ချက်။ ။ကောသဇ္ဇ - ပျင်းရိခြင်းမှ အနနုယောဂ အကုသလဓမ္မ-အထိ ယခင်နည်း အတိုင်း နှစ်မျိုးစီ တွဲ၍ယူ။ ပေါင်းလိုက်သော်....ဤအထိ တရား အမျိုး အစား ၃၂-ပါး ဖြစ်၏)

ထိုမှတပါး သာသနာကွယ်ပခြင်း အကြောင်းများကို ဗုဒ္ဓ မြတ်ဘုရားသည် ဆက်၍ ဟောကြားတော်မူပြန်သည်ကို တွေ့ ရ၏။

( ၃၃ )

“အို....ရဟန်းတို့၊ အကြင်ရဟန်းတို့သည် အမှန်တရား (ဓမ္မ) ကို မမှန်တရား(အဓမ္မ)ဟု ပြကုန်၏။ ထိုရဟန်း တို့ကား လူ အပေါင်း၊နတ်အပေါင်းတို့၏ အစီး အပွားမဲ့ခြင်း၊ ချမ်းသာ မဲ့ခြင်း၊ အကျိုးမဲ့ခြင်းငှာ ကျင့်သည် မည်ကုန်၏။ ထိုရဟန်းတို့ သည် အကုသိုလ်ကိုလည်း များစွာ ပွားစေသည် မည်ကုန်၏။ ဤသာသနာကိုလည်း ကွယ်ပစေသည် မည်ကုန်၏။

(မှတ်ချက်။ ။အဓမ္မကို ဓမ္မ-ဟု ပြလျှင်လည်း၊ ထို့အတူလျှင် သာသနာကို ကွယ်ပစေသည်ပင် မည်ကုန်၏။ ၃၄)

"အိုု....ရဟန်းတို့၊ အကြင်ရဟန်းတို့သည်–

၃၅။ ဝိနည်းမဟုတ်ဘဲလျက်ကို ဝိနည်းဟု ပြကုန်၏။

၃၆။ ဝိနည်းဟုတ်ပါလျက်ကို ဝိနည်းမဟုတ်ဟု ပြကုန်၏။

၃၇။ ဗုဒ္ဓ မဟောအပ် ပါဘဲလျက်ကို ဟောအပ် သည်ဟု ပြကုန်၏။

၃၈။ ဗုဒ္ဓ ဟောအပ်ပါလျက်ကို မဟောအပ်ဟု ပြကုန်၏။

၃၉။ ဗုဒ္ဓ အလေ့အကျင့် မပြုအပ်ဘဲလျက်ကို ပြုသည်ဟု ပြကုန်၏။

၄၀။ ဗုဒ္ဓအလေ့အကျင့် ပြုအပ်ပါလျက် မပြုအပ်သည်ဟု ပြကုန်၏။

၄၁။ ဗုဒ္ဓမပညတ်အပ်ဘဲလျက် ပညတ်သည်ဟုပြကုန်၏။

၄၂။ ဗုဒ္ဓပညတ်အပ်ပါလျက်ကို မပညတ်ဟုပြကုန်၏။

ထိုရဟန်းတို့သည် နတ်လူအပေါင်းတို့၏ အစီးအပွားမဲ့၊ ချမ်းသာမဲ့၊ အကျိုးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ကျင့်သည်မည်ကုန်၏။ ထိုရဟန်းတို့သည် အကုသိုလ်ကိုလည်း များစွာ ပွားစေသည်မည်ကုန်၏။သာသနာကိုလည်း ကွယ်ပစေသည်မည်ကုန်၏" ဟု ဟောတော်မူ၏။

× × ×

စပယ်ဦးစာပေ

## ၁၁။ အဓမ္မဝဂ်

အမှတ် ၂၊ သတိလွတ်မှု စသည်အုပ်စု(ဒုတိယပမာဒါဒိဝဂ်)၌ ဗုဒ္ဓသည် ရဟန်းတို့အား သာသနာကွယ်ပသွားပုံအကြောင်း အချက်များကို ပြတ်သားစွာ မြွက်ကြားတော်မူ၏။ သာသနာ ကွယ်ပခြင်း၏ အကြောင်းရှိလျှင် မကွယ်ပနိုင်ကြောင်း၊ အဓွန့် ရှည်စွာ သာသနာတည်နေနိုင်ကြောင်းလည်း ရှိရမည်ဖြစ်ရာ ထိုသာသနာ တည်တံ့ နိုင်ကြောင်း ကိုလည်း ရဟန်းတို့အား ဟောတော်မူရန် 'အဓမ္မအုပ်စု'ကို ဆက်လေ၏။

အဘယ်သို့ ပြုမူသော်၊ ကျင့်ကြံသော်၊ အားထုတ်သော် ဗုဒ္ဓ သာသနာတော် အဓွန့်ရှည်စွာ တည်နိုင်သည်ဆိုချက်နှင့် ပတ်သက်၍ ထိုအကြောင်းကို ဗုဒ္ဓသည် မည်သို့ ဟောတော်မူလေသည် ထင်သနည်း။

"အို....ရဟန်းတို့၊ အကြင်ရဟန်းတို့သည်....

၁။ တရားမှားကို တရားမှားဟူ၍ပင် ပြကုန်၏။[၁]

၂။ တရားမှန်ကို တရားမှန်ဟူ၍ပင် ပြကုန်၏။

၃။ ဝိနည်းနှင့် မလျော်သည်ကို မလျော်ဟူ၍ပင် ပြကုန်၏။

၄။ ဝိနည်းနှင့် လျော်သည်ကို လျော်သည်ဟူ၍ပင် ပြကုန်၏။

---

၁။ အဓမ္မံ အဓမ္မောတိ ဒီပေတိ....စသည်။

၅။ ဗုဒ္ဓ မဆို မပြောသည်ကို မဆိုမပြောဟူ၍ပင် ပြကုန်၏။
၆။ ဗုဒ္ဓ ဆိုပြောသည်ကို ဆိုပြောသည် ဟူ၍ပင် ပြကုန်၏။
၇။ ဗုဒ္ဓ အလေ့အကျင့်မပြုအပ်သည်ကို မပြုဟူ၍ပင် ပြကုန်၏။
၈။ ဗုဒ္ဓ အလေ့အကျင့်ပြုအပ်သည်ကို ပြုအပ်သည် ဟူ၍ပင် ပြကုန်၏။
၉။ ဗုဒ္ဓ မပညတ်အပ်သည်ကို မပညတ်အပ်ဟူ၍ပင် ပြကုန်၏။
၁၀။ ဗုဒ္ဓ ပညတ်အပ်သည်ကို ပညတ်အပ်၏ဟူ၍ပင် ပြကုန်၏။

ရဟန်းတို့၊ ထိုရဟန်းတို့သည် များစွာသောလူတို့၏ စီးပွားအလို့ငှာလည်းကောင်း၊ များစွာသောလူတို့၏ ချမ်းသာအလို့ငှာလည်းကောင်း၊ များစွာသောလူအပေါင်းတို့၏ အကျိုးငှာလည်းကောင်း၊ နတ်လူတို့၏ အစီးအပွား ချမ်းသာအလို့ငှာလည်းကောင်း ကျင့်သည် မည်ကုန်၏။

ထိုရဟန်းတို့သည် များစွာသော ကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်းတရားတည်းဟူသော ဤသာသနာတော်ကိုလည်း အဓွန့်ရှည်စွာတည်အောင်ထားသည်မည်ကုန်၏” ဟု ဟောတော်မူသတည်း။

× × ×

## ၁၂။ အနာပတ္တိဝဂ်

တရားမဲ့အုပ်စု (အဓမ္မဝဂ်)ဖြင့် အဓွန့်ရှည်စွာ သာသနာ တည်နိုင်ပုံ ပြပြီးသည်၏ အခြားမဲ့၌ သာသနာ ပျက်စီးကွယ်ပ ကြောင်းဘက်သို့ တဖန်ပြန်၍ တပတ်ကျော့လာသည်ကို တွေ့ ရ၏။ အုပ်စု၏အမည်ကို "အနာပတ္တိအုပ်စု"ဟု ကင်ပွန်းတပ် ထားလေသည်။

ဤအုပ်စု၌ ဟောအပ်သောတရားတို့ကား သံဃကိစ္စ၊ သာ သနာဝန်ထမ်း ရဟန်းတို့နှင့်သာ သက်ဆိုင်သော တရားများဖြစ် ကုန်၏။ ရဟန်းတို့၌ စောင့်စည်းအပ်သော သိက္ခာပုဒ်များ ရှိသည်ဖြစ်ရာ ယင်း သိက္ခာကျင့်ဝတ်တို့နှင့် ညီညွတ်မှသာ ရဟန်း ကောင်းဟု ခေါ်ဆိုရသည်ဖြစ်ပြီး ရဟန်းကျင့်ဝတ် မချွတ် မယွင်းလေမှသာ သာသနာသည် အရှည်တည်နိုင်မည်ဖြစ်၏။ ဤအုပ်စုဖြင့် သာသနာကွယ်ပမှု၊ မကွယ်ပမှုမှာ ရဟန်းတို့၏ အကျင့်၌ တည်ကြောင်းကို ဗုဒ္ဓဟောကြားတော်မူ၏။

ဤအုပ်စုပါ ဒေသနာများ၏အသွင်ကို အကဲခတ်ရခြင်းအား ဖြင့် ထိုအချိန်က ရဟန်းလောကတွင် အာပတ်ကို အကြောင်း ပြု၍ အာပတ်သင့်သည်၊ မသင့်သည်(အပြစ်ရှိသည်၊ မရှိသည်)ကို ရဟန်းအချင်းချင်း :အတိုက်အခံပြုကာ အငြင်းအခုံ "အာပတ္တာ ဓိကရုဏ်း"ဖြစ်ကြဟန်တူသည်။

အဘယ်ကြောင့်ဆိုသော်....ဗုဒ္ဓအနေအားဖြင့် ဆိုပြောဆုံးမ ရန် အကြောင်းတစုံတရာမရှိလေဘဲ စကား တခွန်းတပါဒကိုမျှ မြွက်ကြားတော်မူလေ့မရှိချေ။ ရဟန်းတို့အား အာပတ်နှင့်ပတ် သက်၍ ဆုံးမဆိုပြောရန်အကြောင်း ပေါ်ပေါက်လာသော

ကြောင့်သာ ဤဒေသနာစကားရပ်များကို မြွက်ကြားတော်မူရခြင်းဖြစ်တန်ရာပါသတည်း။ ရှိစေတော့....။

ဤအုပ်စု၌ အာပတ်နှင့်ပတ်သက်၍ အငြင်းပွားကာ ပြဿနာဖြစ်လာခဲ့သော် ထိုပြဿနာသည် သာသနာအား အဘယ်မျှထိခိုက်သွားစေနိုင်ကြောင်းကို ရဟန်းတို့အား ဤသို့ မြွက်ကြားဆုံးမ သြဝါဒပေးတော်မူပုံများကို တွေ့ရသည်။

"အိုရဟန်းတို့၊ အကြင်ရဟန်းတို့သည်....

၁။ အာပတ်မသင့်ဘဲလျက်ကို သင့်သည်ဟူ၍ ပြကြကုန်၏။

၂။ အာပတ်သင့်ပါလျက်ကို မသင့်ဟု ပြကြကုန်၏။

၃။ လဟုကအာပတ်ကို ဂရုက အာပတ်ဟု ပြကြကုန်၏။

၄။ ဂရုကအာပတ်ကို လဟုက အာပတ်ဟု ပြကြကုန်၏။

၅။ ဒုဋ္ဌုလ္လအာပတ်ကို အဒုဋ္ဌုလ္လအာပတ်ဟု ပြကြကုန်၏။

၆။ အဒုဋ္ဌုလ္လအာပတ်ကို ဒုဋ္ဌုလ္လအာပတ်ဟု ပြကြကုန်၏။

၇။ သာဝသေသအာပတ်ကို အနာဝသေသအာပတ်ဟု ပြကြကုန်၏။

၈။ အနာဝသေသအာပတ်ကို သာဝသေသအာပတ်ဟု ပြကြကုန်၏။

၉။ ကုစားစကောင်းသော အာပတ်ကို မကုစားစကောင်းသောအာပတ်ဟု ပြကြကုန်၏။

---

### ၁၀။ မကုစားစကောင်းသော အာပတ်ကို ကုစား စကောင်းသော အာပတ်ဟု ပြကြကုန်၏။

ထိုရဟန်းတို့သည် များစွာသောလူအပေါင်းတို့၏ စီးပွား မဖြစ်ခြင်းငှာ၊ မချမ်းသာခြင်းငှာ၊ နတ်လူအပေါင်းတို့၏ အစီး အပွားမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ကျင့်သည်မည်၏။ ထိုရဟန်း တို့သည် အကုသိုလ်ကိုလည်း များစွာပွားစေသည် မည်ကုန်၏။ သာသနာကိုလည်း ကွယ်ပအောင်ပြုသည်မည်ကုန်၏”ဟု ဟော ကြားဆုံးမတော်မူသတည်း။

“အို....ရဟန်းတို့၊ အချို့ရဟန်းတို့ကား....

၁၁။ အာပတ်မသင့်သည်ကို မသင့်-ဟု ပြကြကုန်၏။

၁၂။ အာပတ်သင့်သည်ကို သင့်သည်-ဟု ပြကြကုန်၏။

၁၃။ လဟုကအာပတ်ကို လဟုကအာပတ်ဟုပြကြကုန်၏။

၁၄။ ဂရုကအာပတ်ကို ဂရုကအာပတ်ဟု ပြကြကုန်၏။

၁၅။ ဒုဋ္ဌုလ္လအာပတ်ကို ဒုဋ္ဌုလ္လအာပတ်ဟု ပြကြကုန်၏။

၁၆။ အဒုဋ္ဌုလ္လအာပတ်ကို အဒုဋ္ဌုလ္လအာပတ်ဟု ပြကြ ကုန်၏။

၁၇။ သာဝသေအာပတ်ကို သာဝသေသအာပတ်ဟု ပြကြ ကုန်၏။

၁၈။ အနာဝသေသအာပတ်ကိုအနာဝသေသ အာပတ်ဟု ပြကြကုန်၏။

၁၉။ ကုစားစကောင်းသော အာပတ်ကို ကုစားစကောင်း သော အာပတ်ဟု ပြကြကုန်၏။

၂၀။ မကုစားစကောင်းသော အာပတ်ကို မကုစား စကောင်းသော အာပတ်ဟု ပြကြကုန်၏။

ထိုရဟန်းတို့သည် များစွာသော လူအပေါင်းတို့၏ စီးပွား ဖြစ်ခြင်းငှါလည်း၊ ချမ်းသာခြင်းငှါလည်း၊ များစွာသော လူ အပေါင်း၏ အကျိုးငှါလည်း၊ နတ်လူတို့၏ အကျိုးစီးပွားအလို့ ငှါ၊ ချမ်းသာအလို့ငှါလည်း ကျင့်သည်မည်ကုန်၏။

ရဟန်းတို့၊ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကို လည်း ပွားစေသည် မည်ကုန်၏။ ဤသာသနာကိုလည်း အဓွန့် ရှည်စွာ တည်အောင်ပြုသည် မည်ကုန်၏။”

× × ×

## ၁၃။ ကေပုဂ္ဂလဝဂ်

အနာပတ္တိအုပ်စု၏ နောက်တွင် တန်းစီနေသော ကေပုဂ္ဂလ အုပ်စုအဖို့ ယခုမှပင် သူ့အလှည့်သို့ ရောက်လာသည်။ ယင်းအုပ် စု၏အမည်ကို “တယောက်ဆိုတယောက်ပါကွယ်အုပ်စု”ဟု ကင် မွန်းတပ်လျှင် မလျော်ကန်ဟူ၍ မဆိုသာ။ ဆိုထိုက်၏။

အဘယ့်ကြောင့်ဆိုသော် ဤအုပ်စု၌ ပါဝင် တွေ့ရှိရသော ပုဂ္ဂိုလ်များကား တရွာမှတယောက်၊ တမြို့၊ တနယ်၊ တနိုင်ငံလုံး တွင်မှ တယောက် ဆိုသကဲ့သို့ ရွေးကောက်ထားသည့် ပုဂ္ဂိုလ်

များမဟုတ်။ ဗုဒ္ဓမြတ်ဘုရားသည် လောကခေတ် တခုလုံးကို ခြုံ၍ ကြည့်တော်မူပြီးလျှင် အတော်ဆုံး၊ တုဘက်ကင်းလွတ်၊ အထွဋ်ဆုံး၊ အမြတ်ဆုံးဖြစ်သောသူကို တကမ္ဘာလုံးမှ တယောက် ရွေးကောက်လျက် ပုဂ္ဂလဝိသေသအဖြစ် ထုတ်ပြထားသော ကြောင့်ဟူပေ၏။

ဤအုပ်စုဝင် ဒေသနာများ၌လည်း နောက်ခံသမိုင်းကြောင်း နိဒါန်းများ ရှိကောင်းရှိတန်လေရာသည်။ သံဃာ့သဘင်၌ စကားစပ်မိစပ်ရာ "လောကမှာ ဘယ်သူအမြတ်ဆုံးလဲ၊ အတော် ဆုံး အကျော်အမော်ဆုံးလဲ" စသည်ဖြင့် သံဃာအချင်းချင်း ဆိုပြောကြသည်ကို အခြေခံလျက် အတော်ဆုံး သန်းကောင် စာရင်းကို ဗုဒ္ဓက ထုတ်ဖော် မြွက်ဟတော်မူခြင်း ဖြစ်တန်ရာ သည်။ အခြေခံအကြောင်းမရှိဘဲလျက် ဤပုဂ္ဂလရေးရာ တရား ထူးများကို ဗုဒ္ဓမြွက်ကြားတော်မူမည်မဟုတ်။

လောကခေတ် ထက်ဝန်းကျင်မှ အကျော်အမော် အတော် ဆုံးပုဂ္ဂိုလ်များ၊ သန်းကောင်စာရင်းတွင် အဘယ်ပုဂ္ဂိုလ်များ ပါဝင်မည်ထင်သနည်း။

(၁)

"အိုရဟန်းတို့၊ လောက၌ ပုဂ္ဂိုလ်တဦးတယောက် ဖြစ်ထွန်း၍ ပေါ်ပေါက်လာခဲ့သော်.... သူခပ်သိမ်းတို့ စီးပွားဖြစ်ဘို့အတွက်၊ ချမ်းသာဘို့အတွက် ဖြစ်လာ၏။ များစွာသော လူအပေါင်း၊ နတ်ပြဟ္မာအပေါင်းတို့၏ အကျိုးကို သည်ပိုးဆောင်ရွက်ရန်၊ စီးပွားကို ပြုရန်၊ ချမ်းသာသုံးပါးကို ရစေရန်အကျိုးငှါ ဖြစ် လာ၏။

"ရဟန်းတို့၊ ထိုပုဂ္ဂိုလ်ကား သင်တို့အနေဖြင့် မည်သူဖြစ်မည် ထင်သနည်း။ ထိုပုဂ္ဂိုလ်ကား အခြားသူမဟုတ်၊ လောကဓာတ် သုံးလွှာတွင် ဗြဟ္မာနတ်လူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက် သော၊ သစ္စာလေးပါးတရားကို နည်းနာမခံ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူသော ဘုရားသခင် ဖြစ်သတည်း။ ထိုသို့သော ဗုဒ္ဓတဆူ ပွင့်ထွန်းတော်မူလာသော် သတ္တဝါ အပေါင်း ချမ်းသာကြောင်း စင်စစ်ဖြစ်လာ၏။[၁]"

(၂)

"အို....ရဟန်းတို့၊ လောက၌ သည်လိုပုဂ္ဂိုလ်မျိုး တယောက် ထင်ရှား ဖြစ်ပေါ်လာခြင်းကို အလွန်ရခဲ၏။ အဘယ်ပုဂ္ဂိုလ် ဖြစ်မည်ထင်သနည်း။

"ရဟန်းတို့၊ ထိုပုဂ္ဂိုလ်ကား အခြားသူမဟုတ်ပြီ။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ကမ္ဘာနှင့်ခြံ၍ ဘုံသုံးပါး၌ ဦးခိုက်ကော်ရော် ပူဇော် အထူးကို ခံခြင်းငှာ ထိုက်တန်သော သစ္စာလေးခု အမှန်တရား လေးပါးကို ဆရာမထား ကိုယ့်ဉာဏ်အားဖြင့် ပိုင်းခြားထင် ထင် သိမြင်တော်မူသော ဘုရားသခင်တည်း။ ထိုပုဂ္ဂိုလ်မျိုးကို လောက၌ လွန်စွာရခဲ၏။"

(၃)

"အို....ရဟန်းတို့၊ လောက၌ သည်လိုပုဂ္ဂိုလ်မျိုးတယောက် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော် အံ့ချီးထိုက်၏။ အံ့ချီး ဘွယ်ရာ

---

၁။ ကာတမော ဧကပုဂ္ဂလော၊ တထာဂတော အရဟံ သမ္မာ သမ္ဗုဒ္ဓေါ- စသည်။

မဟာလူသားပေတကား။ ထိုပုဂ္ဂိုလ်ကား အသူ ဖြစ်မည် ထင်သနည်း။

"ရဟန်းတို့၊ ထိုသည့် အံ့ချီးဘွယ်ရာ မဟာလူသားကား အခြားသူမဟုတ်၊ ဘုရားသခင် ဖြစ်ချေ၏။"

( ၄ )

"အို....ရဟန်းတို့၊ သည်လိုပုဂ္ဂိုလ်မျိုး ကွယ်လွန် သွားသော် လူအပေါင်းတို့အား နှလုံးကြေကွဲ ဝမ်းနည်း ပူပန်ခြင်းကို ဖြစ်စေ၏။ ထိုပုဂ္ဂိုလ်အတွက် ဆွေးတသက်သက် မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရကုန်၏။ ထိုပုဂ္ဂိုလ်ကား အသူဖြစ်မည် ထင်သနည်း။

"ရဟန်းတို့၊ ထိုသည့်ပုဂ္ဂိုလ်ကား အခြားသူမဟုတ်ပြီ။လောကသုံးပါး၏ အားထားရာ၊ မှီခိုရာ၊ ကိုးကွယ်ရာ မဟာလူသားဘုရားသခင်ပင် ဖြစ်သတည်း။"

( ၅ )

"အို....ရဟန်းတို့၊ လောက၌ သည်လိုပုဂ္ဂိုလ်မျိုး တယောက်ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော် ထိုသူသည် ဇမ္ဗူတွင် တလူသာတည်း။ နှစ်ဆူမရှိ။ တဘက်ကင်း၏။ ဆင်တူယိုးမှား ကိုယ်စားပြုနိုင်သူမရှိ။ သူ့ကို နိုင်းပြိုင်နိုင်သူမရှိ။ တုပနိုင်သူမရှိ။အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် သူသာလျှင် အမြတ်ဆုံးဖြစ်၏။ ထိုပုဂ္ဂိုလ်ကား မည်သူဖြစ်မည်ဟင်သနည်း။

"ရဟန်းတို့၊ထိုပုဂ္ဂိုလ်ကား အခြားသူမဟုတ်ပြီ။ဘုရားသခင်ဖြစ်သတည်း။"

---

စပယ်ဦးစာပေ

( ၆ )

"အို....ရဟန်းတို့၊ ပုဂ္ဂိုလ်တဦး၏ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့် ဉာဏ်မျက်စိ ပွင့်ခြင်း ထင်ရှားဖြစ်လာ၏။ ပညာ၏ လင်းခြင်း ထင်ရှား ဖြစ်လာ၏။ ပညာတန်ဆောင် အရောင် ပြိုးပြက် တလက်လက်ထင်ရှား ဖြစ်လာ၏။ ခြောက်မျိုးသော အနုတ္တရိယတရား ထင်ရှားဖြစ်လာ၏။လေးပါးသော ပဋိသမ္ဘိဒါကို မျက်မှောက်ပြုရန် ထင်ရှားဖြစ်လာ၏။မရေ မတွက် နိုင်သော ဓာတ်တို့ကို ထိုးထွင်း၍ သိခြင်းဖြစ်လာ၏။ ဓာတ် အထူးထူးတို့ကို ထိုးထွင်း၍ သိခြင်းဖြစ်လာ၏။ ဝိဇ္ဇာ၊ ဝိမုတ္တိဖိုလ်ကို မျက်မှောက်ပြုရခြင်း ဖြစ်လာ၏။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း ဖြစ်လာ၏။

"အဘယ် ပုဂ္ဂိုလ်တဦး ထင်ရှားဖြစ်ပေါ် လာခြင်းကြောင့်နည်း....ဆိုသော်၊ ရဟန်းတို့....၊ တဆူသောဘုရား လောကသုံးပါး၌ ထင်ရှားပွင့်တော်မူလာခြင်းကြောင့် ဖြစ်သတည်း။ဤသို့သော ဘုရားတဆူပွင့်ထွန်းတော်မူလာခြင်းကြောင့် ဆိုခဲ့သော အကျိုးတရားတို့ ထင်ရှားဖြစ်လာကုန်၏။"

( ၇ )

"အို....ရဟန်းတို့၊ သာရိပုတ္တရာသည် မြတ်သော ဓမ္မစက်ကို ငါနှင့်ထပ်တူ ငါ့အတုလိုက်၍ ကောင်းစွာ လည်စေ နိုင် သူဖြစ်၏။ ဓမ္မစကြာကို ကောင်းစွာ လည်စေသောအရာတွင် သာရိပုတ္တရာလောက် ပြောင်မြောက်သူဆို၍ တဦးမျှ ငါမမြင်။ ရဟန်းတို့၊ သာရိပုတ္တရာကား ငါနှင့်အလားတူပင်၊ မြတ်သော

ဓမ္မစက်ကို ကောင်းစွာလည်စေနိုင်၏....''ဟု ဟောတော်မူပြီး နောက် ဤစကား၏အဆုံးတွင် ဤကေပုဂ္ဂလအုပ်စုကို နိဂုံးချုပ်တော်မူ၏။

× × ×

## ၁၄။ တေဒဂ္ဂဝဂ္ဂ၊ ၁-ပထမဝဂ်

ကေပုဂ္ဂလ အုပ်စု၏နောက်တွင် တေဒဂ္ဂ အုပ်စုကို တွေ့ရ၏။ ဤသာသနာတော်၌ အတော်ဆုံး ဖြစ်သော အကျော်အမော် ပုဂ္ဂိုလ်များကို ထိုက်တန်သော ဘွဲ့များချီးမြှင့်သည့် ''ဘွဲ့ရပုဂ္ဂိုလ်များ''အုပ်စုဖြစ်၏။

သာသနာတော်၌ အာသဝေါကုန်ခန်းပြီးရဟန္တာအသီးသီးတို့ မရေမတွက်သာအောင် ရှိကြ ကုန်သော်လည်း ရဟန္တာပုဂ္ဂိုလ်တိုင်း ''တေဒဂ်ဘွဲ့''မရကြောင်းကို သိစေသည်။

ရဟန္တာပုဂ္ဂိုလ်များသော်မှပင် မရနိုင်သည်ကို ထောက်ခြင်းအားဖြင့် ထိုတေဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်များ၏ အရည်အသွေးအဆင့်ကို ချင့်နိုင်တန်ရာပါပြီ။ သာသနာ့သမိုင်းတလျှောက်လုံးတွင် တေဒဂ်ဘွဲ့ရပုဂ္ဂိုလ်ပေါင်း ရှစ်ကျိပ်သာ ရှိကြောင်း တွေ့ရ၏။

ဗုဒ္ဓသည် ယင်းပုဂ္ဂိုလ်များအား အုပ်စုပေါင်း (၇)ခုပြု၍။ အုပ်စု(၇)စုခွဲ၍ ဘွဲ့ချီးမြှင့်တော်မူလေသည်။ အဘယ်ပုဂ္ဂိုလ်များ ဘွဲ့ရကြသည် ထင်သနည်း။

(၁)

"အို ...ရဟန်းတို့၊ညဥ့်အပိုင်းအခြား[၁]ကို သိကုန်သော ငါ၏ တပည့် ရဟန်းတို့တွင် အညာသိကောဏ္ဍည-မည်သော တပည့် သည်ရှိ၏။ ထိုတပည့်သည် အမြတ်ဆုံး[၂] ဖြစ်၏။

"အို... ရဟန်းတို့....

၂။ ပညာကြီးသူတို့တွင် သာရိပုတ္တရာသည်အမြတ်ဆုံး။

၃။ တန်ခိုးကြီးသူတို့တွင် မဟာမောဂ္ဂလာန်သည် အမြတ်ဆုံး။

၄။ ဓုတင်ဆောင်သူတို့တွင် မဟာကဿပသည် အမြတ်ဆုံး။

၅။ ဒိဗ္ဗစက္ခုအဘိညာဏ်ရှိသူတို့တွင်အနုရုဒ္ဓါသည်အမြတ်ဆုံး။

၆။ မြတ်သောအမျိုး၌ ဖြစ်သူတို့တွင် ကာဠိဂောဓာ မည်သော သာကီဝင်မင်းသမီး၏သား ဘဒ္ဒိယသည်အမြတ်ဆုံး။

၇။ သာယာသော အသံရှိသူတို့တွင် လကုဏ္ဍကဘဒ္ဒိယ သည် အမြတ်ဆုံး။

၈။ ခြင်္သေ့ကဲ့သို့ ရဲဝံ့စွာ ကြုံးဝါး မြွက်ဆို နိုင်သူတို့တွင် ပိဏ္ဍောလဘာရဒွါဇသည် အမြတ်ဆုံး။

---

၁။ ရဟန်းဘဝဖြင့်နေခဲ့သည့်ညဥ့်၊ သေက္ခဘဝ,ရဟန္တာဘဝဖြင့် နေခဲ့သည့်ညဥ့် အပိုင်းအခြား။

၂။ ဧတဒဂ္ဂ။ (ဧတံ+အဂ္ဂ = ထိုသူ အမြတ်ဆုံး)။

၉။ တရားဟောတတ် သူတို့တွင် မန္တာဏိပုဒ္ဓဏ္ဏားမ၏သား ပုဏ္ဏသည် အမြတ်ဆုံး။
၁၀။ အကျဉ်းအားဖြင့် ဟောအပ်သောတရားကို အကျယ် တဝင့်ဖွင့်ဆိုဟောပြောတတ်သူတို့တွင် မဟာကစ္စာန သည် အမြတ်ဆုံး ဖြစ်၏ဟု ဟောတော်မူ၏။"

× × ×

## ၁၄။ ဧတဒဂ္ဂဝဂ္ဂ၊ ဒုတိယဝဂ်

ဧတဒဂ်ဘွဲ့ရ ဒုတိယ အုပ်စုဝင်များနှင့် တွေ့၏။ ထိုအုပ်စု၌ မည်သည့်အရှင်ကိုယ်တော်မြတ်တွေ ပါမည်ထင်သနည်း။

"အို....ရဟန်းတို့....

၁။ စိတ်ဖြင့် ပြီးသော ကိုယ်ကို ဖန်ဆင်း တတ်သူတို့တွင် စူဠပန္ထကသည် အမြတ်ဆုံး။
၂။ ရူပါဝစရစျာန်အရာ၌ လိမ္မာ ကျွမ်းကျင် ကုန်သော သူတို့တွင် စူဠပန္ထကသည် အမြတ်ဆုံး။
၃။ အရူပါဝစရစျာန်အရာ၌လိမ္မာကျွမ်းကျင်ကုန်သော သူတို့တွင် စူဠပန္ထကသည် အမြတ်ဆုံး။
၄။ ကိလေသာနှင့် ကင်းကင်း ရှင်းရှင်း နေသူ တို့တွင် သုဘူတိ ရဟန်းသည် အမြတ်ဆုံး။
၅။ တောရ ဆောက် တည် သူ တို့ တွင် ရေ ဝ တ သည် အမြတ်ဆုံး။

၆။ မြတ်သောအလှူကို ခံထိုက်သူတို့တွင် သုဘူတိသည် အမြတ်ဆုံး။

၇။ ဈာန်၌ မွေ့လျော်သူတို့တွင် ကခ်ါရေဝတ သည် အမြတ်ဆုံး။

၈။ ကောင်းသောစကားကို ဆိုတတ်သူတို့တွင် ကုဋိကဏ္ဏ အမည်ရသော သောဏသည် အမြတ်ဆုံး။

၉။ ထက်သန်သော ဇွဲရှိသူတို့တွင် ကောဠိဝိသအနွယ်၌ ဖြစ်သော သောဏသည် အမြတ်ဆုံး။

၁၀။ လာဘ်လာဘ ပေါများသူတို့တွင် သီဝလိသည် အမြတ်ဆုံး။

၁၁။ သဒ္ဓါတရား အား ကြီး သူ တို့ တွင် ဝက္ကလိသည် အမြတ်ဆုံး....ဟု ဟောတော်မူ၏။"

ဤအုပ်စု၌ အရှင်သုဘူတိရဟန်းသည် တေဒဂ်ဘွဲ့ သုံးထပ်ကွမ်း ရရှိသည်ကို တွေ့ရ၏။

× × ×

## ၁၄။ တေဒဂ္ဂဝဂ္ဂ၊ တတိယဝဂ်

"အို....ရဟန်းတို့....

၁။ အကျင့်သိက္ခာကို လိုလားကုန်သူတို့တွင် ရာဟုလာ သည် အမြတ်ဆုံး။

၂။ သဒ္ဓါတရားဖြင့် ရဟန်းပြုသူတို့တွင် ရဋ္ဌပါလသည် အမြတ်ဆုံး။

၃။ စာရေးတန်မဲကို ရှေးဦးပထမ ခံယူသူတို့တွင် ကုဏ္ဍဓာနသည် အမြတ်ဆုံး။
၄။ ပညာဉာဏ်ဆန်းရှိသူတို့တွင် ဝင်္ဂီသသည် အမြတ်ဆုံး။
၅။ ထက်ဝန်းကျင် ကြည်ညိုဖွယ် ရှိသူတို့တွင် ဝင်္ဂန္တပုဏ္ဏားရဲ့သား ဥပသေနသည် အမြတ်ဆုံး။
၆။ ကျောင်းအိပ်ရာခနေရာ ခင်းကျင်းသူတို့တွင် မလ္လာမင်း၏သား ဒဗ္ဗသည် အတော်ဆုံး။
၇။ နတ်တို့ ချစ်ခင်သော အရာတွင် ပိလိန္ဒဝစ္ဆသည် အတော်ဆုံး။
၈။ မင်္ဂလ်ပို လျင်စွာရသူတို့တွင် ဗာဟိယတိုင်းသား ဒါရုစီရိယသည် အတော်ဆုံး။
၉။ ဆန်းကြယ်စွာ တရားဟောတတ်သူတို့တွင် ကုမာရကဿပသည် အတော်ဆုံး။
၁၀။ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်သော သူတို့တွင် မဟာကောဋ္ဌိကသည် အတော်ဆုံး....ဟု ဟောတော်မူ၏။"

× × ×

## ၁၄။ တေဒဂ္ဂဝဂ္ဂ၊ စတုတ္ထဝဂ်

"အို....ရဟန်းတို့....

၁။ အကြားအမြင် ဗဟုသုတရှိသူတို့တွင် အာနန္ဒာ။
၂။ သတိရှိသူ၊ မှတ်ဉာဏ်ကောင်းသူတို့တွင် အာနန္ဒာ။

၃။ ငါဟောအပ်သည့်အတိုင်း သိစွမ်းနိုင်သော ပညာရှိသူတို့တွင် အာနန္ဒာ။
၄။ လုံ့လ ဝီရိယရှိသူတို့တွင် အာနန္ဒာ။
၅။ ငါ့အား ပြုစု လုပ်ကျွေးသူတို့တွင် အာနန္ဒာသည် အမြတ်ဆုံး။
၆။ ပရိသတ်များစွာရှိသူတို့တွင် ဥရုဝေလကဿပသည် အမြတ်ဆုံး။
၇။ ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေတတ်သောသူတို့တွင် ကာဠုဒါယီသည် အမြတ်ဆုံး။
၈။ အနာရောဂါကင်းသူတို့တွင် ဗာကုလသည် အမြတ်ဆုံး။
၉။ အတိတ်ဘဝများကို ပြန်၍ အောက်မေ့နိုင်သူတို့တွင် သောဘိတသည် အမြတ်ဆုံး။
၁၀။ ဝိနည်းကိုဆောင်သူတို့တွင် ဥပါလိသည် အမြတ်ဆုံး။
၁၁။ ဘိက္ခုနီမတို့ကို ဆုံးမသူတို့တွင် နန္ဒကသည် အမြတ်ဆုံး။
၁၂။ ဣန္ဒြေကို စောင့်စည်းသူတို့တွင် နန္ဒသည် အမြတ်ဆုံး။
၁၃။ ရဟန်းယောကျ်ားတို့ကို ဆုံးမသူတို့တွင် မဟာကပ္ပိနသည် အမြတ်ဆုံး။
၁၄။ တေဇောဓာတ် ဝင်စားရာ၌ ကျွမ်းကျင်သူတို့တွင် သာဂတသည် အမြတ်ဆုံး။
၁၅။ တရားကို သိထင် မြင် လွယ် သူ တို့ တွင် ရာဓသည် အမြတ်ဆုံး။

၁၆။ ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သောသူတို့တွင် မောဃရာဇသည် အမြတ်ဆုံးဖြစ်၏....ဟု ဟောတော်မူ၏။”

ဤအုပ်စု၌ ဘွဲ့ရပုဂ္ဂိုလ်ပေါင်း တကျိပ်ခြောက်ယောက်ရှိ၏။ ယင်းတို့အနက် အရှင်အာနန္ဒာကား ဧတဒဂ်ဘွဲ့ကြီးကို ငါးထပ်ကွမ်းရသူ ဖြစ်လေသည်။

× × ×

## ၁၄။ ဧတဒဂ္ဂဝဂ္ဂ၊ ပဉ္စမဝဂ်

ဧတဒဂ်ဘွဲ့ရ အုပ်စု ၁-မှ ၄-အထိ၊ အုပ်စုလေးခု၌ ဘွဲ့ရယောကျ်ားဘိက္ခုပေါင်း(၄၇)ပါးဖြစ်၏။ သာသနာ့သမိုင်းတွင် ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ကျားမပေါင်း ရှစ်ကျိပ်ရှိလေသည့် အနက် (၄၇)မှ ကြွင်းသမျှသည် ဥပသကာ၊ ဥပသကီ၊ ဘိက္ခုနီ ရဟန်းမိန်းမများသာဖြစ်လေရာ။ ယင်း (၃၃)ဦးတွင် မည်သူ မည်သူတွေ ပါဝင်သည် ထင်သနည်း။

“အို....ရဟန်းတို့....

၁။ ညဉ့်အပိုင်းအခြားကို သိကုန်သော ငါ၏ တပည့်ရဟန်းမိန်းမတို့တွင်မဟာပဇာပတိသည် အမြတ်ဆုံး။

၂။ ပညာကြီးသူတို့တွင် ခေမာသည် အမြတ်ဆုံး။

၃။ တန်ခိုးဣဒ္ဓိပါဒ်ရှိသူတို့တွင် ဥပ္ပလဝဏ်သည် အမြတ်ဆုံး။

၄။ ဝိနည်းကို ဆောင်သူတို့တွင် ပဋာစာရီသည် အမြတ်ဆုံး။

၅။ တရားဟော ဓမ္မကထိကဲ တို့တွင် ဓမ္မ ဒိန္နာသည် အမြတ်ဆုံး။

၆။ ဈာန်ဝင်စားခြင်း၌ မွေ့လျော်သူတို့တွင် နန္ဒာသည် အမြတ်ဆုံး။

၇။ ထက်သန်သော ဇွဲလုံ့လ ရှိသူတို့တွင် သောဏာသည် အမြတ်ဆုံး။

၈။ ဒိဗ္ဗစက္ခု အဘိညာဉ်ရှိသူတို့တွင် ဗကုလာသည်အမြတ်ဆုံး။

၉။ မဂ်ဖိုလ်ကို လျင်စွာရသူတို့တွင် ဘဒ္ဒါခေါ် ကုဏ္ဍလကေသာသည် အမြတ်ဆုံး။

၁၀။ အတိတ်ဘဝများကို ပြန်လည်အောက်မေ့ နိုင်သူတို့တွင် ဘဒ္ဒါကပိလာနီသည် အမြတ်ဆုံး။

၁၁။ မြတ်သော အဘိဉာဉ် ရောက်သူတို့တွင် ဘဒ္ဒကစ္စာနာသည် အမြတ်ဆုံး။

၁၂။ ခေါင်းပါးသော သင်္ကန်းဆောင် သူတို့တွင် ကိသာဂေါတမီသည် အမြတ်ဆုံး။

၁၃။ သဒ္ဓါတရားအားကြီးသူတို့တွင်သိင်္ဂါလကမာတာသည် အမြတ်ဆုံးတည်းဟု မြွက်ကြားတော်မူ၏။"

× × ×

---

စပယ်ဦးစာပေ

# ၁၄။ တေဒဂ္ဂဝဂ္ဂ ဆင္ဒမဝဂ်

ဤဆင္ဒမအုပ်စု၌ ယောကျ်ားသပ်သပ်၊ ဘွဲ့ရ ပုဂ္ဂိုလ်ပေါင်း တက်ါပ်တွေ့ရ၏။ ယင်းတွင် မည်သူ မည်သူတွေ ပါဝင်မည် ထင်သနည်း။

"အို....ရဟန်းတို့....

၁။ ရှေးဦးစွာ သရဏဂုံတည်သူတို့တွင်တပုဿနှင့်ဘလ္လိက သည် အမြတ်ဆုံး။

၂။ အလှူဒါနနှ၌ မွေ့လျော်သူတို့ဘွင် သုဒတ္တခေါ် အနာထပိဏ်သည် အမြတ်ဆုံး။

၃။ တရားဟော ဓမ္မကထိကတို့တွင် မစ္ဆိကာသဏ္ဍာ မြို့သား စိတ္တသူကြွယ်သည် အမြတ်ဆုံး။

၄။ ပစ္စည်းလေးပါးလှူဒါန်း ချီးမြှောက်သူတို့တွင် ဟတ္ထအာဠဝကသည် အမြတ်ဆုံး။

၅။ မွန်မြတ်သော ဝတ္ထုလှူသူတို့တွင် သာကီဝင်မင်းမျိုး မဟာနာမ်သည်အမြတ်ဆုံး။

၆။ နှစ်သက်ဖွယ်ဝတ္ထုလှူသူတို့တွင် ဝေသာလီ ပြည်သား ဥဂ္ဂသူကြွယ်သည် အမြတ်ဆုံး။

၇။ သံဃာကို လုပ်ကျွေးသူတို့တွင် ဟတ္ထိရွာသား ဥဂ္ဂတသူကြွယ်သည် အမြတ်ဆုံး။

၈။ သာသနာ၌ သက်ဝင် ယုံကြည် သူတို့တွင် သူရဗန္ဓ, ဥပါသကာသည် အမြတ်ဆုံး။

၉။ ပုဂ္ဂိုလ်ကို ကြည်ညိုသော သူတို့တွင် အဘယ မင်းသား၏ မွေးစားသား ဇီဝကသည် အမြတ်ဆုံး။

၁၀။ ငါနှင့်အကျွမ်းတဝင်ဆိုပြောသူတို့တွင် နကုလပိတာသူကြွယ်သည်အမြတ်ဆုံးဖြစ်၏”ဟု မြွက်ကြားတော်မူ၏။

× × ×

## ၁၄။ ဧတဒဂ္ဂဝဂ္ဂ၊ သတ္တမဝဂ်

ဧတဒဂ်ဘွဲ့ရသောယောကျ်ား အုပ်စု(ဆဋ္ဌမဝဂ်)၏ နောက်၌သတ္တမဝဂ်တွင် ဘွဲ့ရဥပါသိကာမ တကျိပ်ကိုတွေ့ရသည်။ သူတို့အထဲတွင် မည်သူမည်သူတွေ ပါဝင်လေသနည်း။

“အို....ရဟန်းတို့....

၁။ ရှေးဦးစွာ သရဏဂုံတည်သော ဥပါသိကာမတို့တွင် သေနိယနိဂုံးသူ သူဌေးသမီး သုဇာတာသည့်အမြတ်ဆုံး။

၂။ အလှူဒါနဌ် မွေ့လျော် သူတို့တွင် ဝိသာခါသည် အမြတ်ဆုံး။

၃။ အကြားအမြင် ဗဟုသုတများသူတွင် ခုဇ္ဇုတ္တရာသည် အမြတ်ဆုံး။

၄။ မေတ္တာစိတ်ဖြင့် နေလေ့ရှိသူတွင် သာမာဝတီသည် အမြတ်ဆုံး။

၅။ စျာန်၌ မွေ့လျော်သူတို့တွင် ဥတ္တရာသည် အမြတ်ဆုံး။

၆။ မှန်မြတ်သော ဝတ္ထု လှူသူတို့တွင် သုပ္ပဝါသာသည် အမြတ်ဆုံး။

၇။ လူနာပြုစုသူတို့တွင် သုပ္ပိယာသည် အမြတ်ဆုံး။

၈။ သာသနာ၌ သက်ဝင်ယုံကြည်သူတို့တွင် ကာတိယာနီသည် အမြတ်ဆုံး။

၉။ ငါနှင့်အကျွမ်းတဝင်ဆိုပြောသူတို့တွင် နကုလမာတာ သူကြွယ်မသည် အမြတ်ဆုံး။

၁၀။ တဆင့်စကား ပြောသံကြားဖြင့် ကြည်ညိုသူတို့တွင် ကာဠီဥပါသိကာမသည် အမြတ်ဆုံး ဖြစ်၏" ဟုမြွက်ကြားတော်မူ၏။

× × ×

## ၁၅။ အင္ဂုတ္တရ ပါဠိ ပထမဝဂ်

တေဒဂ်ဘွဲ့ရအုပ်စုသည် မြိုင်လှ၏။ ဘွဲ့ရပုဂ္ဂိုလ် အသီးသီးနှင့် ရင်းရင်းနှီးနှီးတွေ့ခွင့်ရခဲ့ပြီးသည့်နောက် ရှေ့သို့ဆက်၍ လျှောက်မိသော်....အင္ဂုတ္တရနအုပ်စုသို့ ရောက်သွား၏။ထိုအုပ်စု၏ ဆိုလိုချက် အနက်သော်ကား "ဘယ်သူတွေက ဘာဘဲ ပြောနေနေ မဖြစ်ထိုက်၊ ဖြစ်ရန်အကြောင်းမရှိ သည်တို့ကို ပြဆိုသော အုပ်စု" ဟု ဆိုလိုသည်။

'တေဒဂ္ဂံ-သည် သူ့အမြတ်ဆုံး' ဟူသော ဗုဒ္ဓ၏ မြွက်ဆိုသံကို ကြားရသည်၏ အဆုံးတွင် 'အဋ္ဌာနမေတံ-သည်ဟာ မဖြစ်နိုင်ပါဘူး' ဆိုသော မြွက်ဆိုသံကိုဆက်၍ ကြားရသည်။ ဘာကို ဆိုတော်မူလေသနည်း။

( ၁ )

"အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိ-အမြင်မှန် ကျပ်ပြည့် တင်းပြည့်ရှိထားသူတယောက်သည် တစုံတခုသော သင်္ခါရ-ကို 'သည်ဟာ နိစ္စ-မြဲသည်' ဟု ယူရာသော အကြောင်းမရှိ။ ဤသို့ယူခြင်းသည် ဖြစ်နိုင်သော အကြောင်းမဟုတ် မဖြစ်ထိုက်[1]။

"အို....ရဟန်းတို့၊ ပုထုဇဉ် ပုဂ္ဂိုလ်တယောက်က ဤအယူမျိုး ရှိသည့် ဆိုလျှင်မူကား ဖြစ်ထိုက်၏။ ဖြစ်နိုင်စရာ အကြောင်း ရှိ၏။"

( ၂ )

"အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိအမြင်မှန် ကျပ်ပြည့် တင်းပြည့် ရှိထားသူ တယောက်သည် တစုံတခုသော သင်္ခါရတရားတို့သည် 'သည်ဟာ သုခ-ချမ်းသာသည်' ဟု ယူရာသော အကြောင်းမရှိ။ ဖြစ်နိုင်သော အကြောင်းမဟုတ်။ မဖြစ်ထိုက်။ ပုထုဇဉ် ပုဂ္ဂိုလ် တယောက်က ဤသို့ ယူလျှင် မူကား ဖြစ်ထိုက်၏။ ဖြစ်နိုင်စရာ အကြောင်းရှိ၏။"

---

၁။ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော....စသည်။

(၃)

"အို....ရဟန်းတို့၊သမ္မာဒိဋ္ဌိအမြင်မှန်ကို ကျပ်ပြည့် တင်းပြည့် ရရှိထားသူတယောက်သည် တစုံတခုသော သင်္ခါရ တရားကို 'သည်ဟာ အတ္တ-အစိုးတရရှိသည်' ဟု ယူရာသော အကြောင်း မရှိ။ ဖြစ်နိုင်သောအကြောင်းမဟုတ်။ မဖြစ်ထိုက်။ ပုထုဇဉ် ပုဂ္ဂိုလ်တယောက်က ဤသို့ယူလျှင်မူကား ဖြစ်ထိုက်၏။ ဖြစ်နိုင် စရာ အကြောင်းရှိ၏၊"

(၄)

"အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိ အမြင်မှန် ကျပ်ပြည့် တင်းပြည့် ရှိထားသူ တယောက်သည် အမိကိုသတ်ရာသောအကြောင်းမရှိ။

၅။ အဖကို သတ်ရာသော အကြောင်းမရှိ။

၆။ ရဟန္တာကို သတ်ရာသော အကြောင်းမရှိ။ ပုထုဇဉ် တယောက်က သတ်သည်ဆိုလျှင်မူဖြစ်ထိုက်၏။ ဖြစ်နိုင် စရာ အကြောင်းရှိ၏။"

(၇)

"အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိအမြင်မှန် ကျပ်ပြည့် တင်းပြည့် ရှိထားသူတယောက်သည် ပြစ်မှားလိုစိတ်ဖြင့် မြတ်စွာဘုရား အား သွေးစိမ်းတည်အောင် ပြုရာသော အကြောင်းမရှိ။ မဖြစ် ထိုက်၊ ဖြစ်နိုင်စရာ အကြောင်းမဟုတ်။ပုထုဇဉ်ပုဂ္ဂိုလ်တယောက် ဆိုလျှင်မူကား ဖြစ်ထိုက်၏။ ဖြစ်နိုင်စရာ အကြောင်းရှိ၏။"

---

စပယ်ဦးစာပေ

( ၈ )

"အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိအမြင်မှန် ကျပ်ပြည့် တင်းပြည့် ရှိထားသူတယောက်သည် 'သံဃာကို ကွဲအောင်ခွဲသည်' ဆိုလျှင် မဖြစ်နိုင်၊ဖြစ်နိုင်စရာအကြောင်းမရှိ။ပုထုဇဉ်ပုဂ္ဂိုလ်တယောက်က "သံဃာကို သင်းခွဲသည်" ဆိုလျှင်မူ ဖြစ်နိုင်သည်။ ဖြစ်နိုင်စရာ အကြောင်းရှိပေသည်။"

( ၉ )

"အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိ အမြင်မှန် ကျပ်ပြည့် တင်းပြည့် ရှိထားသူတယောက်သည် 'ဘုရားမှတပါး အခြားတဦးကို ဆရာ အဖြစ်ညွှန်ပြသည်' ဆိုလျှင် မဖြစ်နိုင်၊ ဖြစ်နိုင်စရာ အကြောင်း မရှိ။ပုထုဇဉ်တယောက်က ညွှန်လျှင်မူ ဖြစ်နိုင်သည်။ ဖြစ်နိုင်စရာ အကြောင်းရှိပေသည်။"

( ၁၀ )

"အို....ရဟန်းတို့၊ တခုသော လောကဓာတ်အတွင်း၌ 'ဘုရား နှစ်ဆူ ပြိုင်တူပွင့်သည်'ဆိုလျှင် ဖြစ်နိုင်စရာ အကြောင်းမရှိ၊ မဖြစ်နိုင်။ တဆူတည်းသာ ပွင့်တော်မူသည် ဆိုလျှင်မူ ဖြစ်နိုင်ပေ သည်။ ဖြစ်နိုင်စရာ အကြောင်းရှိပေသည်"ဟု မိန့်တော်မူ သတည်း။

ဤအုပ်စု၏ ဆိုလိုချက်မှာ "စာကလေး၏ ဦးခေါင်းထဲ၌ ရွှေကြက်ဥတလုံးရှိသည်"ဆိုသော စကားမှာ မဖြစ်နိုင်၊ ဖြစ်နိုင် စရာအကြောင်းမရှိ ဆိုသော အတိုင်းပင်တည်း။

× × ×

စပယ်ဦးစာပေ

## ၁၅။ အဋ္ဌာနပါဠိ ဒုတိယဝဂ်

အဋ္ဌာနမေတံ၊ ထိုဟာဖြစ်နိုင်သော အကြောင်းမဟုတ်။ အနဝကာသော၊ ဖြစ်နိုင်ခွင့်မရှိ ဆိုသော အုပ်စုကား ထိုမျှဖြင့် မပြည့်စုံ၊ မကုန်သေးသောကြောင့် အုပ် ၂၊ ၃ ကို ထပ်၍ ဖွဲ့ထားသည်ကို တွေ့ရသည်။ ဤအုပ်စုမှာ နှစ်ခုမြောက် ဒုတိယ အုပ်စုဖြစ်လေရာ၊ ယင်း အုပ်စုတွင် "မဖြစ်နိုင်၊ ဖြစ်နိုင်စရာ အကြောင်းမရှိ" ဟူသော ဖြစ်ရပ်များ မည်မျှပါရှိလေဦး မည်နည်း။

( ၁ )

"အို....ရဟန်းတို့၊တခုသော လောကဓာတ်အတွင်း၌ စကြာ ဝတေးမင်းနှစ်ပါး တပြိုင်နက် ဖြစ်ရာသော အကြောင်းအခွင့် မရှိ။ စကြာဝတေးမင်းတပါးသာ ဖြစ်ပွားသည်ဆိုလျှင်မူ ဖြစ် နိုင်စရာအကြောင်းရှိသည်။"

( ၂ )

"အို....ရဟန်းတို့၊ မိန်းမသည် ဘုရားဖြစ်ရန်အကြောင်းမရှိ။ ယောကျ်ားသည်သာ ဘုရားဖြစ်ရန် အကြောင်းအခွင့် ရှိ၏။

"အို....ရဟန်းတို့၊ မိန်းမသည်....

၃။ စကြာဝတေးမင်းဖြစ်ရန် အကြောင်းမရှိ။

၄။ သိကြားဖြစ်ရန် အကြောင်းမရှိ။

၅။ မာရ်နတ်ဖြစ်ရန် အကြောင်းမရှိ။

၆။ ဗြဟ္မာဖြစ်ရန်အကြောင်းမရှိ၊ ယောကျ်ားသည်သာ ဖြစ်ရန် အကြောင်းအခွင့်ရှိ၏။

---

၇။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ကာယ ဒုစရိုက်အား အလိုရှိအပ်သောအကျိုး၊ မြတ်နိုးအပ်သောအကျိုး၊နှစ်သက်အပ်သောအကျိုးဖြစ်ရန်အကြောင်းမရှိ။

၈။ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု ဝစီဒုစရိုက်။

၉။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု မနော ဒုစရိုက်မှန်သမျှ အလိုရှိအပ်၊ တောင့်တအပ်၊ မြတ်နိုးအပ်သောအကျိုးရှိရန် အကြောင်းမရှိ,ဟု မိန့်ကြားတော်မူ၏။

× × ×

## ၁၅။ အင်္ဂုတ္တိုရ်နိပါတ် တတိယဝဂ်

ဤတတိယအုပ်စုကား ဒုတိယအုပ်စု၏ ဆန့်ကျင်ဘက်ဆိုလျှင်မမှား။ ဒုတိယအုပ်စုက မကောင်းပြုသည်ကို ဤတတိယအုပ်စုကအကောင်းပြုသောကြောင့် ဖြစ်သည်။ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ကောင်းသောအမှုကိုပြုသော်- အကျိုးခံစားခွင့် ရှိပုံကိုမြွက်ကြား ထားပေသည်။

"အို....ရဟန်းတို့....

၁။ ကိုယ်ဖြင့် ကောင်းစွာပြုအပ်သော သုစရိုက်မှုမျိုး။

၂။ နှုတ်ဖြင့် ကောင်းစွာပြုအပ်သော သုစရိုက်မှုမျိုး။

၃။ စိတ်ဖြင့် ကောင်းစွာပြုအပ်သောသုစရိုက်မှုမျိုး မှန်သမျှ အလိုရှိအပ်၊ တောင့်တအပ်၊ မြတ်နိုးအပ်သောအကျိုးဖြစ်ရန် အကြောင်းရှိ၏။ ဖြစ်ထိုက်သည်၊ ဖြစ်နိုင်စရာအကြောင်းရှိပေသည်။"

"အို....ရဟန်းတို့....

၄။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်မှုမျိုး။

၅။ နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု ဝစီဒုစရိုက်မှုမျိုး။

၆။ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု မနောဒုစရိုက်မှုမျိုးကို ပြုလေ့ရှိသူ ကွယ်လွန်သော် ထိုမကောင်းမှုကံကြောင့် နတ်ရွာ သုဂတိသို့ လားရောက်ရန် အကြောင်းမရှိ။ ထိုသူ အပါယ်သို့ လားရောက်သည် ဆိုလျှင်မူ ဖြစ်ထိုက်သည်၊ ဖြစ်နိုင်စရာ အကြောင်း ရှိပေသည်။"

"အို....ရဟန်းတို့....

၇။ ကိုယ်ဖြင့်ပြုအပ်သောကောင်းမှု ကာယသုစရိုက်မျိုး၊

၈။ နှုတ်ဖြင့်ပြုအပ်သောကောင်းမှု ဝစီသုစရိုက်မျိုး၊

၉။ စိတ်ဖြင့်ပြုအပ်သောကောင်းမှု မနောသုစရိုက်မျိုးကို ပြုလေ့ရှိသူ ကွယ်လွန်သော် ထိုသူသည် မိမိပြုခဲ့သောကောင်းမှုကြောင့် အပါယ်သို့လားရန် အကြောင်းမရှိ။ ထိုသူ နတ်ရွာသုဂတိသို့ လားရောက်သည်ဆိုလျှင်မူ ဖြစ်ထိုက်သည်။ ဖြစ်နိုင်စရာအကြောင်းရှိပေသည်ဟု မိန့်ကြားတော်မူ၏။"

ဤသို့လျှင် ဗုဒ္ဓသည် လောက၌ ဖြစ်နိုင်စရာအကြောင်းရှိပုံနှင့် မရှိပုံကို မြွက်ကြားတော်မူပြီးသည့်အဆုံးတွင် ဤအဋ္ဌာနအုပ်စုကို နိဂုံးချုပ်ပေသော်မူသတည်း။

× × ×

---

စပယ်ဦးစာပေ

## ၁၆။ ကေဝမ္မပါဠိ ပထမဝဂ်

အင္ဂုတ္တရနိကာယ်ကို ပြီးတွင် တခုကောင်းအုပ်စု(ကေဝမ္မဝဂ်)နှင့် တွေ့၏။ ဤအုပ်စုပါ အကြောင်းအရာများသည် တခုကောင်း သညာပေး တရားများသာ ဖြစ်သည်ကို တွေ့ရသည်။

လူတို့သည် မီးအလိုရှိမှုကြောင့် ခတ်မီးခြစ်ကို ခြစ်ကြရာ၌ တချက်တည်းဖြင့် လိုအပ်သည့်မီးကို ရသည့်အခါမျိုးလည်း ရှိသည်။ လေးငါးခြောက်ချက်လောက် ဆင့်ကာ ဆင့်ကာခြစ်မှ ရသည့်အခါမျိုးလည်းရှိသည်။

တရားအားထုတ်ကြ၊ ကျင့်ကြသည်မှာ နိဗ္ဗာန်ကို လိုချင်ကြ သောကြောင့် ဖြစ်လေရာ၊ တရားတထုံးတည်းဖြင့် ဝင်ဇာတ်တုံး ကာ နိဗ္ဗာန်ရောက်သည်လည်း ရှိ၏။ တရားများစွာကို အားထုတ် ကျင့်ကြံလေမှ နိဗ္ဗာန်ရောက်သည်လည်းရှိ၏။

ဤအုပ်စုပါ ညွှန်ကြားချက်များမှာ များစွာသော တရား တို့ကို အားမထုတ်ရဘဲ တရားတခုကို ပွားများအားထုတ်မှုဖြင့် လိုအပ်သောချမ်းသာကို ရရှိနိုင်ကြောင်းကို လမ်းညွှန်ထားပေ သည်။ ထို တခုကောင်းတရားတို့ကား ဤသို့တည်း။

"အို....ရဟန်းတို့၊ တခုသောတရားကို အာရုံစူးစိုက်စွာ ပွား များအပ်၊ အထပ်ထပ်အခါခါ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် စင်စစ် ဝဋ်ဆင်းရဲတို့၌ ငြီးငွေ့ဘို့အတွက် ဖြစ်၏။ တပ်မက်ငြင်းကင်းဘို့အတွက်၊ ရာဂစသည် ချုပ်ငြိမ်း ဘို့အတွက်၊ ကိလေသာငြိမ်းဘို့အတွက်၊ သစ္စာလေးပါး အမှန်

တရားကို သိဘို့အတွက်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုဘို့အတွက် ဖြစ်၏။ ° ထိုတခုသောတရားကား အဘယ်နည်း။

"အို....ရဟန်းတို့....

၁။ ဘုရားကို အဖန်ဖန်သတိရခြင်း (ဗုဒ္ဓါနုဿတိ)

၂။ တရားကို အဖန်ဖန်သတိရခြင်း (ဓမ္မာနုဿတိ)

၃။ သံဃာကို အဖန်ဖန်သတိရခြင်း(သံဃာနုဿတိ)

၄။ သီလကို အဖန်ဖန်သတိရခြင်း (သီလာနုဿတိ)

၅။ စွန့်ကြဲခြင်းကို အဖန်ဖန်သတိရခြင်း (စာဂါနုဿတိ)

၆။ နတ်ကဲ့သို့ သဒ္ဓါစသောဂုဏ်ကို သတိရခြင်း (ဒေဝတာနုဿတိ)

၇။ ထွက်သက်ဝင်သက်ကို သတိနှင့်မှတ်ခြင်း (အာနာပါနာနုဿတိ)

၈။ သေခြင်းကို အဖန်ဖန်သတိရခြင်း (မရဏာနုဿတိ)

၉။ ဆံစသော ရုပ်အစုကို သတိရခြင်း (ကာယဂတာနုဿတိ)

၁၀။ နိဗ္ဗာန်ကို အဖန်ဖန်သတိရခြင်း (ဥပသမာနုဿတိ)

ဤတရားတို့ ဖြစ်ကုန်သတည်း။"

"ရဟန်းတို့၊ တခု တခုသော အာရုံတရားကို စူးစိုက်ကာ ပွားများအပ်၊ အထပ်ထပ်အခါခါ အဖလဲ့အလာ ပြုအပ် သည်

၁။ ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော (ပ) နိဗ္ဗာနာယ သံဝတ္တတိ။

ရှိသော် စင်စစ် ဝဋ်ဆင်းရဲတို့၌ ငြီးငွေ့ဘို့အတွက် ဖြစ်၏။ တပ်မက်ခြင်းကင်းဘို့အတွက်၊ ရာဂစသည် ချုပ်ငြိမ်းဘို့အတွက်၊ ကိလေသာငြိမ်းဘို့အတွက်၊ သစ္စာလေးပါး အမှန်တရားကို သိဘို့အတွက်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့အတွက်ဖြစ်၏။”

× × ×

## ၁၆။ ကေဝမ္မပါဠိ ဒုတိယဝဂ်

ဤ ဒုတိယအုပ်စု၌ အမြင့်, အရေးကြီးပုံကို ပြထား၏။ အမှားမြင်နှင့် အမှန်မြင် (သမ္မဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ) ယင်းနှစ်ပါး၏ အကျိုးနှင့်အပြစ်ကို သိထင်မြင်အောင် တခုစီဘခုစီ ရှင်းပြထားသည်ကို တွေ့ရပေသည်။

ထိုမှတပါး မနသိကာရ ခေါ်သော နှလုံးသွင်း အရေးကြီးကြောင်း၊ နှလုံးသွင်းပုံ ဖြူစင်လျှင် ဖြူစင်သည့်အလျှောက်၊ မဖြူစင်လျှင် မဖြူစင်သည့်အလိုက် အကောင်းနှင့်အဆိုး အကျိုးပေးတတ်ပုံများကိုလည်း ပြဆိုထား၏။

အချုပ်အားဖြင့် ကောဝမ္မော၊ တခုတည်းသောတရားသည် အကျိုးပေးရာ၌ ကောင်းသောတရား ဖြစ်လျှင်လည်း ကောင်းကျိုးများများ၊ မကောင်းတရားဖြစ်လျှင်လည်း မကောင်းကျိုးများများ ပေးတတ်ပုံများကို အဖြူဘကန့်၊ အမဲတကန့် တခုစီ ကန့်၍ ကန့်၍ ပြ၏။

ဤအုပ်စု၌ ဧကောဓမ္မောအရ အဘယ်တရားကို ဆိုလေသနည်း။

( ၁ )

"အို....ရဟန်တို့၊ မှားသောမြင်ခြင်း၊ မှားသောအယူ (မိစ္ဆာဒိဋ္ဌိ)သည် မဖြစ်သေးသော အကုသိုလ်တို့ကိုလည်း ဖြစ်စေ၏။ ဖြစ်နှင့်ပြီး အကုသိုလ်တို့ကိုလည်း ကြီးထွားပွားများစေ၏။ ရဟန်းတို့၊ အကုသိုလ်ကို ဖြစ်ပေါ်စေ၊ ကြီးထွားပွားပြန့်စေသောအရာတွင် မိစ္ဆာဒိဋ္ဌိလောက် ထိရောက်သော အယူဆို၍ တခုမျှငါမမြင်။"

( ၂ )

"အိုရဟန်းတို့၊မှန်သောမြင်ခြင်း၊ မှန်သောအယူ (သမ္မာဒိဋ္ဌိ) သည် မဖြစ်သေးသော ကုသိုလ်တရားတို့ကိုလည်း ဖြစ်စေ၏၊ ဖြစ်နှင့်ပြီးသော ကုသိုလ်တရားတို့ကို ကြီးထွားပွားပြန့်စေ၏။ ရဟန်းတို့၊ ကုသိုလ်ကို ဖြစ်ပေါ်စေ၊ ကြီးထွားပွားပြန့်စေသော အရာတွင် သမ္မာဒိဋ္ဌိတရားလောက် ထိရောက်သောမြင်ခြင်းဆို၍ တခုမျှငါမမြင်။"

( ၃ )

"အိုရဟန်းတို့၊ မှားသောမြင်ခြင်း၊ မှားသောအယူရှိသူ (မိစ္ဆာဒိဋ္ဌိ) ပုဂ္ဂိုလ်အား မဖြစ်သေးသော အကုသိုလ်တို့လည်း ဖြစ်လာကုန်၏။ ဖြစ်နှင့်ပြီး ကုသိုလ်တို့လည်း ယုတ်လျော့ အားနည်းကုန်၏။"

( ၄ )

"အိုရဟန်းတို့၊ မှန်သောမြင်ခြင်း၊ မှန်သော အမြင်ရှိသူ (သမ္မာဒိဋ္ဌိ) ပုဂ္ဂိုလ်အား မဖြစ်သေးသော အကုသိုလ်တို့လည်း

မဖြစ်ပေါ်လာကုန်။ ဖြစ်နှင့်ပြီး ကုသိုလ်တို့လည်း ကြီးထွား ပွားပြန့်လာကုန်၏။"

(၂)

"အိုရဟန်းတို့၊ မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း (အယောနိသော မနသိကာရ) သည် မဖြစ်သေးသော အမှားမြင်ခြင်း၊ အယူမှား(မိစ္ဆာဒိဋ္ဌိ)ကိုလည်း ဖြစ်ပေါ်စေ၏။ ဖြစ်ပေါ်ပြီး မိစ္ဆာဒိဋ္ဌိကိုလည်း ကြီးထွားအားကောင်း ပွားပြန့်စေ၏။"

(၆)

"အိုရဟန်းတို့၊ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း (ယောနိသော မနသိကာရ) သည် မဖြစ်သေးသော မှန်သောမြင်ခြင်း၊ မှန်သောအယူ(သမ္မာဒိဋ္ဌိ)ကိုလည်း ဖြစ်စေ၏။ ဖြစ်နှင့်ပြီးသော သမ္မာဒိဋ္ဌိကိုလည်း ကြီးထွား အားကောင်း ပွားပြန့်လာစေ၏။"

(၇)

"အိုရဟန်းတို့၊ မှားသောမြင်ခြင်း၊ မှားသောအယူ ရှိသူတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်၏အခြားမဲ့၌ အပါယ်သို့ လားကုန်၏။"

(၈)

"အိုရဟန်းတို့၊ မှန်သောမြင်ခြင်း၊ မှန်သောအယူရှိသူတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်၏အခြားမဲ့၌ ကောင်းရာသုဂတိသို့ လားကုန်၏"

---
စပယ်ဦးစာပေ

(၉)

"အိုရဟန်းတို့၊ မိစ္ဆာဒိဋ္ဌိ မှားသောမြင်ခြင်း၊ မှားသောအယူ ရှိသူ၊ (အမြင်မှား အယူမှားနေသူ) အား အယူအားလျော်စွာ ပြည့်စုံစေအပ်၊ ဆောက်တည်အပ်သော ကာယကံသည်၎င်း၊ ဝစီကံသည်၎င်း၊ မနောကံသည်၎င်း၊ အယူအားလျော်စွာ ပြည့်စုံခစေအပ်၊ ဆောက်တည်အပ်သော လှုံ့ဆော်ခြင်းစေတနာ သည်၎င်း၊ တောင့်တခြင်း ပတ္ထနာသည်၎င်း၊ စိတ်ကိုဆောက် တည်ခြင်း ပဏိဓိသည်၎င်း၊ ပြုစီရင်ခြင်း သင်္ခါရတို့သည်၎င်း၊ ထိုဆိုအပ်ခဲ့ပြီးသော တရားအားလုံးတို့သည် မလိုလားအပ်ဖွယ် အတွက်၎င်း၊ မနှစ်သက်ဖွယ် အတွက်၎င်း၊ နှလုံးမသာယာ ဖွယ်အတွက်၎င်း၊ အကျိုးမဲ့အတွက်၎င်း၊ ဆင်းရဲအတွက်၎င်း ဖြစ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်၏ ယုတ်မာ သော အယူကြောင့်ဖြစ်၏။

"အို....ရဟန်းတို့၊ဥပမာတခုကို ငါဆိုအံ့။ တမာစေ့၊ သပွတ် ခါးစေ့၊ ဗူးခါးစေ့များကို စိုစွတ်သော မြေ၌ ချ၍ စိုက်၏။ အပင်ပေါက် ကြီးပြင်း၍ သီးချိန်တန်သောအခါ အသီး သီး လာ၏။ သို့သော် ထိုအသီးတို့ကား ခါးကုန်၏။ မချိုကုန်။ အဘယ့်ကြောင့် ပါနည်း။ မျိုးစေ့ မကောင်းသောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ ဤနည်းတူပင်လျှင် မိစ္ဆာဒိဋ္ဌိအယူရှိနေသူအား အယူအားလျော်စွာ ပြည့်စုံစေအပ်၊ ဆောက်တည် အပ်သော ကာယကံ,ဝစီကံ,မနောကံ- သည်လည်းကောင်း၊ စေတနာ, ပတ္ထ နာ, ပဏိဓိ, သင်္ခါရ တို့သည်လည်းကောင်း မလိုလားအပ်ဖွယ်

အတွက်၊နှလုံးမသာယာဖွယ်အတွက်၊ အကျိုးမဲ့အတွက်၊ ဆင်းရဲ အတွက် ဖြစ်ကုန်၏။ အဘယ့်ကြောင့် ဆိုသော် ထိုပုဂ္ဂိုလ်၏ ယုတ်မာသော အယူကြောင့် ဖြစ်သတည်း။”

(၁၀)

“အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိ-မှန်သောအမြင်၊ မှန်သောအယူ ရှိသူအား အယူအားလျော်စွာ ပြည့်စုံစေအပ်၊ဆောက်တည်အပ် သော ကာယကံ,ဝစီကံ,မနောကံ သည်လည်းကောင်း၊ စေတ နာ,ပတ္ထနာ,ပဏိဓိ,သင်္ခါရ တို့သည်လည်းကောင်း၊ လိုလားအပ် ဖွယ်အတွက်၊ နှစ်သက်ဖွယ်အတွက်၊ နှလုံးသာယာဖွယ် အတွက်၊ အကျိုးရှိဖို့အတွက်၊ ချမ်းသာဖို့ အတွက် ဖြစ်ကုန်၏။ အဘယ့် ကြောင့်ဆိုသော် ထိုသူ၏ကောင်းသော အယူကြောင့်ဖြစ်၏။

“ရဟန်းတို့၊ဥပမာတခုကိုငါဆိုအံ့။ကြံစေ့၊သလေးစပါးစေ့၊ သပြက်စေ့များကို စိုစွတ်သောမြေ၌ချ၍စိုက်၏။ အပင်ပေါက် လာ၏။ ကြီးပြင်း၍ သီးချိန်တန်သောအခါ အသီး သီးလာ၏။ ထိုအသီးတို့သည်ချိုကုန်၏။မခါးကုန်။အဘယ့်ကြောင့်ပါနည်း။ မျိုးစေ့ကောင်းသောကြောင့်ဖြစ်၏။

“ရဟန်းတို့၊ ဤနည်းတူပင်လျှင် သမ္မာဒိဋ္ဌိအယူရှိနေသူအား အယူအားလျော်စွာပြည့်စုံစေအပ်၊ဆောက်တည်အပ်သော ကာ ယကံ, ဝစီကံ, မနောကံသည်လည်းကောင်း၊ စေတနာ, ပတ္ထနာ, ပဏိဓိ,သင်္ခါရတို့သည်လည်းကောင်း လိုလားအပ်ဖွယ် အတွက်၊ နှစ်သက်ဖွယ်အတွက်၊ နှလုံးသာယာဘွယ်အတွက်၊ အကျိုးရှိဘို့ အတွက်၊ချမ်းသာဘို့အတွက်ဖြစ်ကုန်၏။အဘယ့်ကြောင့် ဆိုသော် ထိုသူ၏အယူကောင်းသောကြောင့် ဖြစ်သတည်းဟု မိန့်တော် မူ၏။

---

စပယ်ဦးစာပေ

နောက်ဆုံး တရားနှစ်မျိုး၌ အယူကို မျိုးစေ့နှင့် နှိုင်း၍ ပြထားသည်ကို တွေ့ရသည်။ ဗီဇကောင်းမှ အရသာကောင်း ထွက်သည်ဟု ဆိုခြင်းပင်တည်း။ တနည်းအားဖြင့် သဘာဝကို မစွန့်နိုင်၊မလွန်ဆန်နိုင်ကြောင်းကိုလည်း ပြရာရောက်၏။ ကြံပင်မှ ကြံရည်ထွက်၍ သရက်ပင်မှ သရက်သီးသာ သီးကြောင်းနှင့်လည်း ဟပ်၍ ယူနိုင်၏။

× × ×

## ၁၆။ ကောဓပေယျာလ တတိယဝဂ်

ဤတတိယအုပ်စု၌ ကောဓမ္မော အရကို ဆက်၍ ဟော သော်လည်း မူပြောင်း၍ ဟောတော်မူသည်ကို တွေ့ရ၏။ ဒုတိယ အုပ်စုတွင် အယူဝါဒနှင့်ပတ်သက်၍ နာမ်ပိုင်းဆိုင်ရာကို ဟော တော်မူ၏။ ဤတတိယအုပ်စု၌ကား ပုဂ္ဂိုလ်ရေးရာနှင့် ပတ် သက်၍ ရုပ်ပိုင်းဆိုင်ရာကို ဟောတော်မူခဲ့လေသည်။ အဘယ်သို့ ဟောတော်မူသည် ထင်သနည်း။

(၁)

"အို....ရဟန်းတို့....၊ လောက၌ ဖြစ်ထွန်းလာသော တဦး တယောက်သော ပုဂ္ဂိုလ်သည် လူအပေါင်းတို့ အစီးအပွား ဆုတ်ယုတ်ဖို့အတွက်၊ လူအပေါင်းတို့ ချမ်းသာမှု ဆိတ်သုဉ်းဖို့

အတွက်၊ လူများစုအား အကျိုးမဲ့စေဘို့အတွက်၊ နတ်လူတို့အား အကျိုးစီးပွား ပျက်ပြား ဆုတ်ယုတ်စေဘို့၊ ဆင်းရဲစေဘို့ အတွက် ဖြစ်၏။

“ထိုတဦးတယောက်သော ပုဂ္ဂိုလ်ကား အဘယ်သူနည်း ဆိုသော် အမြင်မှား၊ အယူမှား၊ တရားမှားကို ညွှန်ကြား တတ်သော မိစ္ဆာဒိဋ္ဌိ-ပုဂ္ဂိုလ်ဖြစ်လေသည်။ ထိုသူသည် လူအများကို သူတော်ကောင်း တရားမှ ကင်းကွာစေ၍ မသူတော် တရား၌ တည်စေ၏။ (အယူဖောက်ပြန်အောင်သွေးဆောင်ဖျားယောင်း သိမ်းသွင်းခြင်းပြု၏)။

“ရဟန်းတို့၊ မိစ္ဆာဒိဋ္ဌိအယူရှိသောဤပုဂ္ဂိုလ်မျိုး တယောက် လူ့လောက၌ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော် လူအပေါင်းတို့ အစီးအပွားဆုတ်ယုတ်ဖို့ အတွက် လူအပေါင်းတို့ ချမ်းသာမှု ဆိတ်သုန်းဖို့အတွက်၊ လူများစုအား အကျိုးမဲ့စေဖို့အတွက်၊နတ်လူတို့အား အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားစေဖို့၊ဆင်းရဲစေဖို့ အတွက်ဖြစ်သတည်း။”

( ၂ )

“အို....ရဟန်းတို့၊ သမ္မာဒိဋ္ဌိ-အယူရှိသော ပုဂ္ဂိုလ်မျိုး တဦးတယောက်သည် လူ့လောက၌ ဖြစ်ထွန်း ပေါ်ပေါက်လာလျှင်မူကား လူအပေါင်းတို့ အကျိုးစီးပွား ဖြစ်ထွန်းဖို့ အတွက်၊ လူအပေါင်းတို့ ချမ်းသာဘို့အတွက်၊လူအများစုအား အကျိုးရှိစေဘို့အတွက်၊ နတ်လူတို့အား ကောင်းကျိုးဖြစ်ထွန်းစေဖို့၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေဖို့အတွက်ဖြစ်၏။”(လိုရင်းကိုသာ ယူ၍ ဖော်ပြခြင်း)။

( ၃ )

"အို... ရဟန်းတို့၊ အမြင်မှားခြင်း မိစ္ဆာဒိဋ္ဌိ-သည် လွန်စွာ အပြစ်များ၏။ အပြစ်များသော အရာတွင် မိစ္ဆာဒိဋ္ဌိလောက် ထိရောက်သောတရားဆို၍ တခုမျှ ငါမမြင်။"

( ၄ )

"အို....ရဟန်းတို့၊ မဂ်ဖိုလ်မှ အချီးနှီး၊အထီးကျန်ယောကျ်ား မက္ခလိဂေါသာလသည် လူအပေါင်းတို့ အကျိုးစီးပွားဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်းအကျင့်ကို ကျင့်နေသူဖြစ်၏။လူအပေါင်းတို့အား ချမ်းသာခြင်းကင်းဖို့အတွက်၊ အကျိုးမဲ့မှုအတွက်၊ နတ်လူတို့အား အကျိုးစီးပွားဆုတ်ယုတ်ပျက်ပြားစေဖို့၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ဖို့အတွက် ကျင့်နေသူဖြစ်၏။"

"ရဟန်းတို့၊လူအပေါင်းတို့အားချမ်းသာမှုကင်းပျောက်၊ဆင်းရဲတွင်းရောက်အောင် ကျင့်သော အရာတွင် မက္ခလိဂေါသာလလောက် ထိရောက်သောသူဟူ၍ တယောက်မျှ ငါမမြင်။"

( ၅ )

"အို....ရဟန်းတို့၊ ငါဟောအပ်လေသမျှ ဓမ္မဝိနယ-ဟု ဆိုအပ်သောသုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်ကို စနစ်တကျ အယူအဆ မှန်ကန်စွာ အဟောအပြော မတတ်ခဲ့သော် ဆရာဖြစ်သူကိုယ်တိုင်ကလည်း တရားမှားကို ကျင့်၏။တပည့်ကိုလည်း ထိုတရားမှားကို အကျင့်ခိုင်း၏။ တပည့် သည်လည်း ဆရာကခိုင်းလေတိုင်း ကျင့်၏။ ထိုအလုံးစုံသော ဆရာတပည့် တို့သည် များစွာသော မကောင်းမှုကို ပွားစေသည်မည်ကုန်၏။ အဘယ့်ကြောင့်ပါနည်း။

"ရဟန်းတို့၊တရားမကောင်းသောကြောင့်၊ ဝါ၊တရားကိုမှန်ကန်အောင် ဟောပြောနိုင်ခြင်း မရှိသောကြောင့် ဖြစ်လေသည်။"

( ၆ )

"အို....ရဟန်းတို့၊ ငါဟောအပ်လေသမျှ ဓမ္မဝိနယ-ဟု ဆိုအပ်သောသုတ်, အဘိဓမ္မာ,ဝိနည်း တရားတော်ကို စနစ်တကျ၊ အယူအဆ မှန်ကန်အောင် အဟောအပြောတတ်ခဲ့သော်၊ ဆရာဖြစ်သူ ကိုယ်တိုင်ကလည်း တရားမှန်ကို ကျင့်၏။ တပည့်ကိုလည်း ထိုတရားမှန်ကို ကျင့်စေ၏။တပည့်သည် ဆရာက ခိုင်းလေတိုင်း ကျင့်၏။

"ထိုအလုံးစုံသော ဆရာတပည့်တို့သည်များစွာသောကောင်းမှုကို ပွားစေသည် မည်ကုန်၏။အဘယ့်ကြောင့်နည်း ဆိုသော်.... ရဟန်းတို့၊ တရားကောင်းသောကြောင့်၊ ဝါ၊ တရားကို အယူအဆ မှန်ကန်အောင် ဟောပြော နိုင်စွမ်းရှိသောကြောင့် ဖြစ်လေသည်။"

( ၇ )

"အို....ရဟန်းတို့၊ ငါဟောအပ်လေသမျှ ဓမ္မဝိနယ-ဟု ဆိုအပ်သောသုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်ကို စနစ်တကျ အယူအဆ မှန်ကန်အောင် မဟောပြော တတ်ခဲ့သော် လှူသူဒါယကာဖြစ်သူက အတိုင်း အရှည်ကို သိအပ်သည်၊ သိရမည်။ အလှူခံ ပုဂ္ဂိုလ်ကား အတိုင်းအရှည်သိရန် မလိုပေ။

"အဘယ့်ကြောင့် ဆိုသော်၊ တရားမကောင်းသောကြောင့်၊ ဝါ၊ တရားကို အယူအဆမှန်ကန်အောင် ဟောပြောနိုင်စွမ်း မရှိသောကြောင့် ဖြစ်လေသည်။

---

(၈)

"အို....ရဟန်းတို့၊ ငါဟောအပ်လေသမျှ ဓမ္မဝိနယ-ဟု ဆို အပ်သောသုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်ကို စနစ်တကျ အယူအဆ မှန်ကန်အောင် ဟောပြော နိုင်စွမ်း ရှိခဲ့သော် အလှူခံ ပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိတတ်ရမည်။ လှူသူကားအတိုင်း အရှည်သိရန်မလိုပေ။

"အဘယ့်ကြောင့်ဆိုသော်.... တရား ကောင်းသောကြောင့်၊ ဝါ၊ တရားတော်ကို စနစ်တကျ အယူအဆ မှန်ကန်အောင် ဟောတတ် ပြောတတ်သောကြောင့် ဖြစ်လေသည်။"

(၉)

"အိုရဟန်းတို့၊ ငါဟောအပ်လေသမျှ ဓမ္မဝိနယဟု ဆိုအပ် သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်ကို စနစ်တကျ အယူအဆ မှန်ကန်အောင် မဟောတတ်, မပြောတတ်ခဲ့သော် အကြင်သူသည် တရားကို ပြင်းစွာအားထုတ်လေ၏။ ထိုသူသည် ဆင်းရဲ၏။" (ဆင်းရဲခြင်းသည်သာလျှင် အဖတ်တင်၏ဟု ဆိုလို သည်)

"အဘယ့်ကြောင့်ပါနည်းဆိုသော်.... တရားမကောင်းသော ကြောင့်၊ ဝါ၊ တရားကို စနစ်တကျ အယူအဆ မှန်ကန်အောင် မဟောတတ်, မပြောတတ်သောကြောင့်သာတည်း။"

(၁၀)

"အိုရဟန်းတို့၊ ငါဟောအပ်သော ဓမ္မဝိနယကို စနစ်တကျ အယူအဆမှန်ကန်အောင် ဟောတတ်, ပြောတတ် ရှိခဲ့သော် အကြင်သူသည် ပျင်းရိ၏။ ထိုသူသည် ဆင်းရဲ၏။"

---

စပယ်ဦးစာပေ

"အဘယ့်ကြောင့်ဆိုသော်.... တရားကောင်းသောကြောင့်ဝါ၊ တရားကို စနစ်တကျ အယူအဆ မှန်ကန်အောင် ဟောတတ် ပြောတတ်သောကြောင့်ဖြစ်သတည်း။"

(၁၁)

"အိုရဟန်းတို့၊ ငါဟောအပ်သော ဓမ္မဝိယကို စနစ်တကျ အယူအဆ မှန်ကန်အောင် မဟောတတ်၊ မပြောတတ်ခဲ့သော် အကြွင်သူသည် ပျင်းရိ၏။ ထိုသူသည် ချမ်းသာစွာ နေရ၏။"

"အဘယ့်ကြောင့်ဆိုသော်....တရား မကောင်းသောကြောင့် ဖြစ်သတည်း။"

(၁၂)

"အိုရဟန်းတို့၊ ငါဟောအပ်သော ဓမ္မဝိနယကို စနစ်တကျ အယူအဆမှန်ကန်အောင် ဟောတတ်၊ ပြောတတ်ရှိခဲ့သော်.... အကြွင်သူသည် တရားကို ထက်သန်စွာ အားထုတ်၏။ ထိုသူ ချမ်းသာစွာနေရ၏။ အဘယ့်ကြောင့်ဆိုသော် တရားကောင်းသောကြောင့် ဖြစ်သတည်း။"

(၁၃)

"အိုရဟန်းတို့၊ ဥပမာတခုကို ငါဆိုအံ့။ မစင်သည် နည်းသော်လည်း မကောင်းသော အနံ့နံ၏။ ဤအတူပင်လျှင် ဘဝသည်လည်း နံစော်လှ၏။ အနည်းငယ်မျှသော ဘဝကိုပင် ငါ

---

၁။ ဤအုပ်စု၌ ဘဝကို မစင်ဘင်ပုပ်များနှင့် နှိုင်းနှိုင်းဟောပြောသွားချက်များမှာ မှတ်သားဘွယ်ကောင်းလှ၏။

မခ်ိဳးမွမ်းလို၊ ယုတ်စွအဆုံး လက်ဖျစ်တတီးကာလကလေးမျှပင် ဘဝကို ငါမချီးမွမ်းလို။"

(၁၄)

"အိုရဟန်းတို့၊ ဥပမာတခုကို ငါဆိုဦးအံ့၊ ကြင်ငယ်ရေသည် နည်းနည်းကလေး ဖြစ်စေကာမူလည်း နံစော်၏။မဖြစ်စလောက် တံတွေးပေါက်သည်ရင်း၊ ပြည်သည်ရင်း၊ သွေးသည်ရင်း ညှီစို့စို့ မကောင်းနံ့ထွက်၏။"

"ရဟန်းတို့၊ ဤအတူပင်လျှင် နံစော်လှသော ဘဝကို ငါ မချီးမွမ်းလို၊ ယုတ်စွအဆုံး လက်ဖျစ်တီးရုံကလေးမျှလောက်ပင် ဘဝကို ငါမချီးမွမ်းလို" ဟု မိန့်တော်မူ၏။

× × ×

## ကေမွပါဠိ စတုတ္ထဝဂ်

ကောဓမ္မော တတိယအုပ်စုကို ဥပမာဖြင့် အဆုံးသတ်ခဲ့၏။ ထိုဥပမာသည် အမြွင်ပြတ်မသွားသေး။ ဤ စတုတ္ထ အုပ်စုအထိ ပါလာ၏။ စလျှင်စခြင်းပင် ဥပမာကို အလျှင်ဆုံးတွေ့ရ၏။

သို့သော်.... မူအားဖြင့် ဥပမာချင်း တူစေကာမူ အသွင်ကွဲလေသည်။ ဥပမာများသည် တမျိုးစီဆန်း၍ တဖုံစီကွန့်၊ ညွန့်လှ၏။ ဤအုပ်စုကို အဘယ်ဥပမာဖြင့် စသည်ထင်သနည်း။

(၁)

"အိုရဟန်း၊ ဤဇမ္ဗူဒိပ်ကျွန်း၌ မွေ့လျော်ဘွယ် အရာမ် ဆိုသည်မှာ အနည်းငယ်မျှသာရှိ၏။ သာယာသော တောဆို သည်မှာလည်း မပြောပလောက်။ သာယာညီညွတ်သော မြေပြင်၊ ရှုမောဘွယ်ရေကန် ဆိုသည်မှာလည်း မပြောပဘွယ်အနည်းငယ် မျှသာတည်း။"

"ချိုင့်ဝမ်းဝှမ်းသောမြေ၊ မြင့်မောက်သောမြေ၊ အကူးရခက် သောမြစ်၊ သစ်ငုတ်၊ ခလုတ်၊ ဆူးညောင့် ထူထပ်သောအရပ်၊ နိမ့်တုံမြင့်တုံ မညီညွတ်သောတောင် တို့ကား အဆမတန်များ ကုန်၏။

"ရဟန်းတို့၊ ဤအတူသာလျှင် ကုန်း၌နေသောသတ္တဝါတို့ သည်နည်းပါးလှကုန်၏။ ရေနေသတ္တဝါတို့ကသာ များကုန်၏။"

(၂)

"အိုရဟန်းတို့၊ ဤနည်းအတူသာလျှင် အကြင်သတ္တဝါတို့ သည် သေသည်မှ နောက်ဘဝတခု၌ လူပြန်၍ ဖြစ်လာကုန်၏။ ထိုလူဖြစ်လာသော သတ္တဝါတို့ကား မပြောပလောက်ချေ။ ငရဲ တိရစ္ဆာန် စသော အပါယ်ဘုံ၌ ဖြစ်သော သတ္တဝါတို့က များ ကုန်၏။

"ရဟန်းတို့၊ ဤအတူသာလျှင် မဇ္ဈိမဒေသ၌ ပြန်၍ဖြစ်လာ သောသတ္တဝါတို့သည် နည်းကုန်၏။ တိုင်းစွန်ပြည်နယ် ဇနပုဒ် အရပ်များ၌ ဖြစ်သော သတ္တဝါတို့က များကုန်၏။"

စယ်ဦးစာပေ

( ၃ )

"အိုရဟန်းတို့၊ ဤအတူသာလျှင် မထိုင်းမှိုင်းသူ၊ မဆွံ့အသူ၊ စကားကောင်း၊ စကားဆိုး ခွဲခြား၍ သိနိုင်စွမ်းရှိသူ ပညာရှိ ပုဂ္ဂိုလ်တို့ လွန်စွာနည်းကုန်၏။ ထိုင်းမှိုင်းသူ, ဆွံ့အသူ, စကားကောင်း၊ စကားဆိုးကို ခွဲခြား၍ သိနိုင်စွမ်းမရှိသူ ပညာမဲ့တို့သာ များကုန်၏။"

( ၄ )

"အိုရဟန်းတို့၊ ဤအတူသာလျှင် မြတ်သော ပညာရှိသူ သတ္တဝါတို့ကား နည်းပါးကုန်၏။ အဝိဇ္ဇာမှောင် တွင်းသို့ ကျရောက်လျက် တွေဝေ ထုံထိုင်းသူတို့က များကုန်၏။"

( ၅ )

"အိုရဟန်းတို့၊ ဤအတူသာလျှင် ဘုရားသခင်ကို ဖူးမြင် ရကြသူတို့ကား နည်းပါးလှကုန်၏။ ဘုရားပွင့်ခိုက်နှင့် ကြုံကြိုက် ငြားသော်လည်း ဖူးမြင်ခွင့်မရသူ၊ မဖူးထိုက်သူတို့က များကုန်၏။"

( ၆ )

"ရဟန်းတို့၊ ဤအတူသာလျှင် ဗုဒ္ဓ ဟောကြားအပ်သော ဓမ္မဝိနယကို ကြားနာရသူတို့ နည်းကုန်၏။ မကြားရသူ၊ ကြားနာခွင့်မရကြသူတို့က များကုန်၏။

"အိုရဟန်းတို့၊ ဤအတူသာလျှင်....

၇။ တရားကို ဆောင်နိုင်သူနည်း၍ မဆောင်နိုင်သူက များ၏။

၈။ တရားကို ဆင်ခြင်နိုင်စွမ်းရှိသူနည်း၍ မဆင်ခြင်နိုင်သူကများ၏။
၉။ တရားကို သိသော်လည်း ကျင့်နိုင်သူက နည်း၏။
၁၀။ သံဝေဂ ဖြစ်သူနည်း၍ မဖြစ်သူက များ၏။
၁၁။ သံဝေဂ ဖြစ်သော်လည်း အား မ ထုတ် နိုင် သူ က နည်း၏။
၁၂။ နိဗ္ဗာန်အာရုံပြု၍ သမာဓိ ရကြသူနည်း၍ မရကြသူက များ၏။
၁၃။ မွန်မြတ်သော ထမင်းအရသာကို ရကြသူနည်း၍ မရကြသူက များ၏။
၁၄။ မဂ်,ဖိုလ်,နိဗ္ဗာန် အရသာကို ရကြသူနည်း၍ မရကြသူက များ၏။

"ရဟန်းတို့....၊ထို့ကြောင့် ဤသို့ ကျင့်ကြရာ၏။ 'ငါတို့သည် မဂ်အရသာ, ဖိုလ်အရသာ, နိဗ္ဗာန်အရသာကို ရရှိသူများ ဖြစ်ကြကုန်အံ့' ဟု ကျင့်ကြကုန်။"

( ၁၅ )

"အို....ရဟန်းတို့၊ ဥပမာတခုကို ငါဆိုအံ့။ ဤဇမ္ဗူဒိပ်ကျွန်း၌ မွေ့လျော်ဘွယ်ကောင်းသော အရာမ်,တော, မြေပြင်, ဥယျာဉ်တို့ကား နည်းပါးကုန်၏။ ချိုင့်ဝှမ်းမြေ,မြင့်မောက်မြေ, အကူးရခက်သောမြစ်၊ ခလုတ်, ငုတ်, ဆူးညောင့် ထူထပ်သော အရပ်, နိမ့်မြင့် မညီညွတ်သော တောင်တို့က များကုန်၏။

"ရဟန်းတို့....၊ ဤအတူသာလျှင် လူသေ၍ လူပြန်ဖြစ်သူက နည်းကုန်ပြီး ငရဲသို့ လားကြသူက များ၏။

၁၆။ တိရစ္ဆာန်ဖြစ်သူက များ၏။
၁၇။ ပြိတ္တာဖြစ်သူက များ၏။
၁၈။ လူ့ဘဝမှစုတေသော် နတ်ဖြစ်သူကနည်း၍ငရဲလား သူက များ၏။
၁၉။ တိရစ္ဆာန်ဖြစ်သူက များ၏။
၂၀။ ပြိတ္တာဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ ဤအတူသာလျှင် နတ်ဘဝမှ စုတေ၍ နတ်ပြန်၍ ဖြစ်သူက နည်း၍....

၂၁။ ငရဲလားသူကများ၏။
၂၂။ တိရစ္ဆာန်ဖြစ်သူက များ၏။
၂၃။ ပြိတ္တာဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ ဤအတူသာလျှင် နတ်ဘဝမှ စုတေပြီး လူဖြစ်သူနည်း၍....

၂၄။ ငရဲလားသူက များ၏။
၂၅။ တိရစ္ဆာန်ဖြစ်သူကများ၏။
၂၆။ ပြိတ္တာဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ ဤအတူသာလျှင် ငရဲမှ စုတေပြီး လူဖြစ်သူက နည်း၍....

၂၇။ ငရဲ၌ ပြန်၍ ကျသူက များ၏။
၂၈။ တိရစ္ဆာန်ဖြစ်သူက များ၏။
၂၉။ ပြိတ္တာဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ ဤအတူသာလျှင် ငရဲမှစုတေပြီး နတ်ဖြစ်သူက နည်း၍....

၃၀။ ငရဲ၌ပြန်၍ ကျသူက များ၏။

---

စပယ်ဦးစာပေ

၃၁။ တိရစ္ဆာန်ဖြစ်သူက များ၏။

၃၂။ ပြိတ္တာဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ဤအတူလျှင်၊ တိရစ္ဆာန်ဘဝမှ စုတေခဲ့ပြီး လူဖြစ်သူနည်း၍....

၃၃။ ငရဲလားသူက များ၏။

၃၄။ တိရစ္ဆာန်ပြန်၍ဖြစ်သူက များ၏။

၃၅။ ပြိတ္တာဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ ဤအတူသာလျှင် တိရစ္ဆာန်ဘဝမှ စုတေခဲ့ပြီး နတ်ဖြစ်သူနည်း၍....

၃၆။ ငရဲလားသူက များ၏။

၃၇။ တိရစ္ဆာန်ပြန်၍ ဖြစ်သူက များ၏။

၃၈။ ပြိတ္တာဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ ဤအတူသာလျှင် ပြိတ္တာဘဝမှ စုတေခဲ့ပြီး လူဖြစ်သူနည်း၍....

၃၉။ ငရဲလားသူက များ၏။

၄၀။ တိရစ္ဆာန်ဖြစ်သူက များ၏။

၄၁။ ပြိတ္တာပြန်၍ ဖြစ်သူက များ၏။

"အို....ရဟန်းတို့၊ ဤအတူသာလျှင် ပြိတ္တာဘဝမှ စုတေခဲ့ပြီး နတ်ဖြစ်သူကနည်း၍....

၄၂။ ငရဲလားသူကများ၏။

၄၃။ တိရစ္ဆာန်ဖြစ်သူက များ၏။

၄၄။ ပြိတ္တာပြန်၍ဖြစ်သူကများ၏ ဟု ဟောတောတော်မူ၏။"

× × ×

---

စပယ်ဦးစာပေ

## ၁၇။ ပဲသာဒကရဓမ္မ ဝဂ်

ဤအုပ်စုသည် ကြည်ညိုဘွယ် အုပ်စုဖြစ်၏။ ကြည်ညိုဘွယ်ဖြစ်လာအောင် ပြုတတ်သော တရားများအကြောင်းကို ရွေး၍ဖော်ထုတ်ထားသည်ကို တွေ့ရ၏။

လူသည်လည်းကောင်း၊ ရဟန်းသည်လည်းကောင်း ကြည်ညိုခြင်းခံရမှုကို မလိုလားသူဟူ၍ မရှိ။ လိုလားကြသူများသာ ဖြစ်ဘိ၏။ သို့ဖြစ်ဘိသော် လူကြည်ညို့နတ်ကြည်ညိုခြင်း ခံရအောင် မည်သို့နေကြမည်နည်း၊ မည်သို့ ကျင့်ကြံကြမည်နည်း, ဆိုသော မေးခွန်းပြဿနာမျိုး ဖြစ်ပေါ်လာခဲ့သော် ဗုဒ္ဓက မည်သို့ အဖြေပေးတော်မူသည် ထင်သနည်း။

"အို....ရဟန်းတို့ လာဘ်လာဘ ဟူသည် လိုလားစရာဖြစ်၏။ ယင်း လာဘ်လာဘကို ပုဂ္ဂိုလ်မရွေးလိုလားကြသည်သာ ဖြစ်၏။ ယင်း လာဘ်လာဘကို ရယူလိုသော်....

၁။ တောရဆောက်တည်သော ရဟန်း၏အဖြစ်။
၂။ သွမ်းခံခြင်း အလေ့ရှိသော ရဟန်း၏ အဖြစ်။
၃။ ပံ့သုကူသက်န်းကိုဆောင်သော ရဟန်း၏ အဖြစ်။
၄။ တိစီဝရိတ်ဆောင်သော ရဟန်း၏အဖြစ်။
၅။ တရားဟောဓမ္မကထိက ပုဂ္ဂိုလ်၏အဖြစ်။
၆။ ဝိနည်းကိုဆောင်သောရဟန်း၏အဖြစ်။
၇။ အကြားအမြင်များသူ၏အဖြစ်။
၈။ သိက္ခာဝါရင့်၍ ထာဝရ တည်မြဲခြင်းသို့ ရောက်သော ရဟန်း၏အဖြစ်။

၉။ ကြည်ညိုဘွယ် အသွင်အပြင်နှင့် ပြည့်စုံသောရဟန်း၏ အဖြစ်။
၁၀။ အခြံအရံနှင့်ပြည့်စုံသော ရဟန်း၏အဖြစ်၊
၁၁။ အလွန်များသော အခြံအရံရှိသည်၏အဖြစ်၊
၁၂။ အမျိုးကောင်းသား ရဟန်းဖြစ်သည်၏အဖြစ်၊
၁၃။ ရုပ်အဆင်းနှင့် ပြည့်စုံသည်၏အဖြစ်၊
၁၄။ ချိုသာသောစကားကို ဆိုတတ်သည်၏ အဖြစ်၊
၁၅။ အလိုရမက်နည်းသည်၏အဖြစ်၊
၁၆။ ကျန်းမာရေးနှင့် ပြည့်စုံသည်၏အဖြစ်သည် လာဘ် လာဘကိုရခြင်း၏ အကြောင်း စင်စစ်ဖြစ်၏ဟု မိန့်တော်မူ၏။"

ဤအုပ်စုသည် ရဟန်းတို့နှင့်သာ သက်ဆိုင်သည်မဟုတ်။ အခြံအရံများခြင်း၊ စကားချိုသာခြင်း၊ အဆင်းလှခြင်း၊ အလိုနည်းခြင်း၊ ရုပ်အဆင်းလှပခြင်း၊ ကျန်းမာရေးနှင့် ပြည့်စုံခြင်း ဆိုသောရာအတွင် လူတို့နှင့်လည်း သက်ဆိုင်၏။ စကားချိုသာ သူကို လူတို့ ကြည်ညိုမြတ်နိုးကြသည်မှာ အမြင်အားဖြင့် ထင်ရှားလှပါသည်။

× × ×

၁၈။ အပရအဋ္ဌရာသင်္ဘတဝဂ်

ဤအုပ်စု၌ တိုတောင်းလှစွာသော အချိန်ကလေးကို တန်ဘိုးရှိရှိ အသုံးချသွားပုံပြထားသည်ကို တွေ့ရ၏။ တိုတောင်းသော အချိန်ကလေးပင် ဖြစ်စေကာမူ အဖိုးတန်အောင် အသုံးပြု

ပါက တန်ဖိုးမဖြတ်နိုင်အောင်သော အကျိုးကို ခံစားရသည်ဟု ဆိုလို၏။

အချိန်တိုကလေးကို တန်ဖိုးရှိအောင် အသုံးချပုံကို ဗုဒ္ဓက ရဟန်းတို့အား မည်သို့ဟောတော်မူသည် ထင်သနည်း။

"အို....ရဟန်းတို့၊ အလွန်တိုတောင်းလှစွာသော လက်ဖျစ် တတီးကာလမျှလည်း သံသရာဝဋ်မှ လွတ်မြောက် လိုသော ပုဂ္ဂိုလ်သည် အကယ်၍....

၁။ ပထမစျာန်ကို ပွားများလေငြားအံ့၊
၂။ ဒုတိယစျာန်ကို ပွားများလေငြားအံ့၊
၃။ တတိယစျာန်ကို ပွားများလေငြားအံ့၊
၄။ စတုတ္ထစျာန်ကို ပွားများလေငြားအံ့၊
၅။ စေတော ဝိမုတ္တိ မေတ္တာ[1]ကို ပွားများလေငြားအံ့၊
၆။ စေတော ဝိမုတ္တိ ကရုဏာ[2]ကို ပွားများလေငြားအံ့၊
၇။ စေတော ဝိမုတ္တိ မုဒိတာ[3]ကို ပွားများလေငြားအံ့၊
၈။ စေတော ဝိမုတ္တိ ဥပေက္ခာ[4]ကို ပွားများလေငြားအံ့၊

---

၁။ ပျက်စီးစေလိုခြင်း ဗျာပါဒ,မှ စိတ်၏လွတ်မြောက်ကြောင်းဖြစ်သော မေတ္တာ။
၂။ ညှဉ်းဆဲလိုခြင်း ဝိဟိံသ,မှ စိတ်၏ လွတ်မြောက်ကြောင်း ဖြစ်သော မေတ္တာ။
၃။ မနှစ်မြို့လျော်ခြင်း အရတိ,မှ စိတ်၏ လွတ်မြောက်ကြောင်း ဖြစ်သော မေတ္တာ။
၄။ တပ်မက်ခြင်း ရာဂ,မှ စိတ်၏လွတ်မြောက်ကြောင်းဖြစ်သော မေတ္တာ။

"ထိုသူကိုစျာန်မှဆိတ်သုဉ်းခြင်းမရှိမူ၍နေသောသူဟူ၍ရင်း၊ ဘုရားသာသနာကို ပြုစုနေသူဟူ၍ရင်း၊ ပြည်သူတို့ ဆွမ်းကို အချီးနှီးမဖြစ်စေမူ၍ စားသုံးသူဟူ၍ရင်း ဆိုထိုက်၏။ စျာန်ကို အဖန်ဖန် အလေ့အထပြုသော သူတို့၌ကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိတော့အံ့နည်း။

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်ကာလမျှ ပြင်းစွာအားထုတ်ခြင်း သွေးပူလုံ့လရှိသည်ဖြစ်၍ သတိသမ္ပဇဉ်ရှိလျက် လောက၌ အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ပြီးလျှင်....

၉။ ရုပ်အပေါင်းကို ရုပ်အပေါင်းဟု အဖန်ဖန်ရှုလျက်၊

၁၀။ ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက်၊

၁၁။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက်၊

၁၂။ သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက်နေငြားအံ့။

"ထိုသူကို စျာန်မှဆိတ်သုန်းခြင်းမရှိမူ၍ နေသူ(ပ)မေတ္တာကို အဖန်ဖန် အလေ့အထပြု၍ ပွားများနေသူတို့၌ကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိတော့အံ့နည်း။

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်ကာလမျှ....

၁၃။ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ "မဖြစ်စေရ"ဟု ဆန္ဒကို ဖြစ်စေငြားအံ့၊ လုံ့လပြုအံ့၊ ဝီရိယကို အားထုတ်အံ့၊ စိတ်ကို မြှင့်တင်ငြားအံ့၊ အားစိုက်ငြားအံ့၊

၁၄။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ "ပျောက်စေ"ဟု ဆန္ဒကို ဖြစ်စေပြောအံ့၊ လုံ့လ ပြုပြောအံ့၊ ဝီရိယကို အားထုတ်ပြောအံ့၊ စိတ်ကို မြှင့်တင်ပြောအံ့၊ အားစိုက်ပြောအံ့၊

၁၅။ မဖြစ်သေးသော ကုသိုက်ဘရားတို့ကို ဖြစ်စေခြင်းငှာ "ဖြစ်ရမည်"ဟူ၍ ဆန္ဒကို ဖြစ်စေပြောအံ့၊ လုံ့လ ပြုပြောအံ့၊ ဝီရိယကို အားထုတ်ပြောအံ့၊ စိတ်ကို မြှင့်တင်ပြောအံ့၊ အားစိုက်ပြောအံ့၊

၁၆။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေခြင်း၊ မပျက်စီးစေခြင်း၊ ဆထက်တပိုး တိုးပွားစေခြင်း၊ ပွားများစေခြင်း၊ ပြည့်စုံစေခြင်းငှာ ဆန္ဒကို ဖြစ်စေအံ့၊ လုံ့လပြုပြောအံ့၊ ဝီရိယကို အားထုတ်ပြောအံ့၊ စိတ်ကို မြှင့်တင်ပြောအံ့၊ အားစိုက်ပြောအံ့၊

ထိုသူကို ဈာန်မှ ဆိတ်သုန်းခြင်းမရှိမူ၍ နေသူဟူ၍ရင်း(ပ) ဆိုထိုက်၏။"

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ ...(ကတ္တာ ပုဒ်လိုက်၍ပေး)

၁၇။ အလိုဆန္ဒအရင်းခံ၍ သမာဓိပြဋ္ဌာန်းသည့် အစီအရင် နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားပြောအံ့၊

၁၈။ ဝီရိယ အရင်းခံ၍ သမာဓိပြဓာန်းသည့် အစီအရင် နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများပြောအံ့၊

၁၉။ စိတ်အင်္ဂါရင်းခံ၍ သမာဓိပြဋ္ဌာန်းသည့် အစီရင်နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများခြင်းအံ့၊

၂၀။ ဝီမံသကို အရင်းခံ၍ သမာဓိ ပြဋ္ဌာန်းသည့် အစီရင်နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများခြင်းအံ့။

ထိုသူကို ဈာန်မှဆိတ်သုဉ်းခြင်းမရှိမူ၍ နေသူဟူ၍ရင်း (ပ) ဆိုထိုက်၏။ ဣဒ္ဓိပါဒ်ကို အမြဲမပြတ် အဖန်ဖန်ပွားများသူတို့၌ကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိတော့အံ့နည်း။”

“အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ....

၂၁။ သဒ္ဓိန္ဒြေကို ပွားများခြင်းအံ့၊

၂၂။ ဝီရိယိန္ဒြေကို ပွားများခြင်းအံ့၊

၂၃။ သတိန္ဒြေကို ပွားများခြင်းအံ့၊

၂၄။ သမာဓိန္ဒြေကို ပွားများခြင်းအံ့၊

၂၅။ ပညိန္ဒြေကို ပွားများခြင်းအံ့၊

ထိုသူကို ဈာန်မှ ဆိတ်သုန်းခြင်းမရှိမူ၍ နေသူဟူ၍ရင်း၊ (ပ)ဆိုထိုက်၏။ ဣန္ဒြေတို့ကို အမြဲတစေအဖန်ဖန် ပွားများနေသူတို့၌ကား ဆိုဖွယ်ရာမရှိပြီ။

“အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ....

၂၆။ သဒ္ဓါဗိုလ်ကို ပွားများခြင်းအံ့၊

၂၇။ ဝီရိယဗိုလ်ကိုပွားများခြင်းအံ့၊

၂၈။ သတိဗိုလ်ကို ပွားများခြင်းအံ့၊

၂၉။ သမာဓိဗိုလ်ကို ပွားများခြင်းအံ့၊

၃၀။ ပညာဗိုလ်ကို ပွားများခြင်းအံ့၊

---

၃၁။ သတိသမ္ဗောဇ္ဈင်ကို ပွားများခြင်းအံ့၊
၃၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွားများခြင်းအံ့၊
၃၃။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွားများခြင်းအံ့၊
၃၄။ ပီတိသမ္ဗောဇ္ဈင်ကို ပွားများခြင်းအံ့၊
၃၅။ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ပွားများခြင်းအံ့၊
၃၆။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများခြင်းအံ့၊
၃၇။ သမာဓိသမ္ဗောဇ္ဈင်ကို ပွားများခြင်းအံ့၊
၃၈။ သမ္မာဒိဋ္ဌိကို ပွားများခြင်းအံ့၊
၃၉။ သမ္မာသင်္ကပ္ပကို ပွားများခြင်းအံ့၊
၄၀။ သမ္မာဝါစာကို ပွားများခြင်းအံ့၊
၄၁။ သမ္မာကမ္မန္တကို ပွားများခြင်းအံ့၊
၄၂။ သမ္မာအာဇီဝကို ပွားများခြင်းအံ့၊
၄၃။ သမ္မာဝါယာမကို ပွားများခြင်းအံ့၊
၄၄။ သမ္မာသတိကို ပွားများခြင်းအံ့၊
၄၅။ သမ္မာသမာဓိကို ပွားများခြင်းအံ့၊

ထိုသူကို ဈာန်မှ ဆိတ်သုန်းခြင်းဖြင့် မနေမူ၍နေသောသူ ဟူ၍ဂုဏ်း၊ (ပ) ဆိုထိုက်၏။ အဖန်ဖန် ပွားများနေသူတို့၌ကား အဘယ်မှာလျှင် ဆိုဖွယ်ရှိ တော့အံ့နည်း။ (နောက်တို့ပြန်၍ ကန့်လန့်နားသတ်)

"အို....ရဟန်းတို့၊သံသရာဝဋ်မှ လွတ်မြောက်လိုသူသည်၊လက် ဖျစ် တတ္တက်စာကာလမျှ....

၄၆။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာရှိသည်ဖြစ်၍ ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော သေးငယ်သောရုပ်၊ လှသောရုပ်၊ အကျည်းတန်

အရုပ်ဆိုးသော ရုပ်တို့ကို ရှုလေငြားအံ့။ ထိုရုပ်ငယ်၊ ရုပ်လှ၊ ရုပ်ဆိုးတို့ကို လွှမ်းမိုး၍ “ငါသိသည်၊ ငါမြင်သည်”ဟု အမှတ်သညာ ရှိသည်ဖြစ်အံ့၊

၄၇။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာရှိသည်ဖြစ်၍ ဗဟိဒ္ဓသန္တာန် ဖြစ်ကုန်သော အတိုင်းအဆမရှိ အလွန်ကြီးမားသောရုပ်၊ လှပသောရုပ်၊ အကျည်းတန်အရုပ်ဆိုးသော ရုပ်တို့ကို ရှုလေငြားအံ့။ ထိုရုပ်ကြီး၊ ရုပ်လှ၊ ရုပ်ဆိုးတို့ကို လွှမ်မိုး၍ “ငါသိသည် ငါမြင်သည်” ဟုအမှတ်သညာရှိသည်ဖြစ်အံ့၊

၄၈။ အဇ္ဈတ္တသန္တာန်ဖြစ်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာမရှိလေဘဲ ဗဟိဒ္ဓ၌ဖြစ်ကုန်သော သေးငယ်သောရုပ်၊ လှပသောရုပ်၊ အကျည်းတန်အရုပ်ဆိုးသော ရုပ်တို့ကို ရှုလေငြားအံ့။ ထိုရုပ်ငယ်၊ ရုပ်လှ၊ အရုပ်ဆိုးတို့ကို လွှမ်းမိုးလျက် “ငါသိသည် ငါမြင်သည်”ဟု အမှတ်သညာရှိသည်ဖြစ်အံ့၊

၄၉။ အဇ္ဈတ္တသန္တာန် ဖြစ်ကုန်သောရုပ်တို့ကို ရှုမှတ်ခြင်းသညာမရှိလေဘဲ ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော အတိုင်းအဆမရှိ အလွန်ကြီးမားသောရုပ်၊ လှပသောရုပ်၊ အကျည်းတန် အရုပ်ဆိုးသောရုပ်တို့ကို ရှုလေငြားအံ့။ ထိုကြီးသောရုပ်၊ လှပသောရုပ်၊ အကျည်းတန်သောရုပ်တို့ကို လွှမ်းမိုးလျက် “ငါသိသည် ငါမြင်သည်”ဟု အမှတ်သညာရှိသည်ဖြစ်အံ့၊

---

၅၀။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိဘဲ ဗဟိဒ္ဓသန္တာန်ဖြစ်ကုန်သော ညိုသော ရုပ်၊ ညိုသောအဆင်းရှိသောရုပ်၊ တခဲနက်အညို အပိန်း ဖြစ်သောရုပ်၊ အညိုရောင်သန်းနေသောရုပ် တို့ကို ရှုလေငြားအံ့။ ထိုထိုရုပ်တို့ကို လွှမ်းမိုးလျက် "ငါသိသည်ငါမြင်သည်"ဟု အမှတ်သညာရှိသည် ဖြစ်အံ့၊

၅၁။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိလေဘဲ ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော ရွှေသောရုပ်၊ ရွှေသောအဆင်းရှိသောရုပ်၊ တခဲ နက်ရွှေသောရုပ်၊ အရွှေရောင် သန်းနေသောရုပ် တို့ကို ရှုလေငြားအံ့။ ထိုထိုရုပ်တို့ကို လွှမ်းမိုး လျက် "ငါသိသည် ငါမြင်သည်"ဟုအမှတ်သညာ ရှိသည် ဖြစ်အံ့၊

၅၂။ အဇ္ဈတ္တသန္တာန်ဖြစ်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိလေဘဲ ဗဒ္ဓသန္တာန်၌ဖြစ်သော နီသော ရုပ်၊ နီသောအဆင်းရှိသောရုပ်၊ တခဲနက် အနီ ပိန်းနေသောရုပ်၊ အနီရောင် သန်းနေသောရုပ် တို့ကို ရှုလေငြားအံ့။ ထိုထိုရုပ်တို့ကို လွှမ်းမိုးလျက် "ငါသိသည်ငါမြင်သည်"ဟု အမှတ်သညာရှိသည် ဖြစ်အံ့၊

၅၃။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိလေဘဲ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ဖြူသောရုပ်၊ ဖြူသောအဆင်းရှိသောရုပ် အဖြူ

ပိန်းရုပ်၊ အဖြူရောင်သန်းနေသောရုပ်တို့ကို ရှုလေ ငြားအံ့။ ထိုထိုရုပ်တို့ကို လွှမ်းမိုးလျက် "ငါသိ သည် ငါမြင်သည်"ဟု အမှတ်သညာ ရှိသည် ဖြစ်အံ့၊

ထိုသူကိုစျာန်မှ ဆိတ်သုန်းခြင်း မရှိမူ၍ နေသောသူဟူ၍ ရင်း၊ (ပ)ဆိုထိုက်၏။

"အို....ရဟန်းတို့၊ ရူပစျာန်ရှိသော ပုဂ္ဂိုလ်သည်....

၁၄။ ရုပ်တို့ကို ရှုငြားအံ့၊

၁၅။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိလေဘဲ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ရုပ်တို့ ကို ရှုငြားအံ့၊

၁၆။ တင့်တယ်၏-ဟူ၍သာလျှင် နှလုံးသွင်းငြားအံ့။

၁၇။ ရူပါဝစရစျာန်နှင့် စပ်လျဉ်းသော ရှုမှတ်ခြင်း၊ ရူပသညာကို လွန်မြောက်၍ ဝတ္ထုအာရုံတို့၏ ထိ ခိုက်ခြင်းကြောင့်ဖြစ်သော ပဋိဃသညာတို့၏ ချုပ် ခြင်းကြောင့်၊ အမျိုးမျိုးသော အာရုံ၌ ဖြစ်သော အမှတ်သညာတို့ကို နှလုံး မသွင်း ခြင်းကြောင့်၊ "ကောင်းကင် ပညတ်သည် အဆုံးအပိုင်းအခြား မရှိ"ဟု စီးဖြန်းပြီးလျှင် အာကာသာနဉ္စာယတန စျာန်သို့ ရောက်နေ၍ နေငြားအံ့၊

၁၈။ အာကာသာနဉ္စာယတန စျာန်ကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာလွန်မြောက်လျက် "ပထမာရုပ္ပဝိညာဏ်သည် အဆုံးအပိုင်း အခြား

မရှိ"ဟု စီးဖြန်းပြီးလျှင်ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေပြီးအံ့၊

၃၉။ ဝိညာဏဉ္စာယတနစျာန်ကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာလွန်မြောက်လျက် "ပထရုပ္ပဝိညာဏ်သည် ဘာမျှမရှိ"ဟု စီးဖြန်း ပြီးလျှင် အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေပြီးအံ့၊

၄၀။ အာကိဉ္စညာယတနစျာန်ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် ကောင်းစွာလွန်မြောက်လျက် နေဝသညာ နာသညာယတနစျာန်သို့ ရောက်၍ နေပြီးအံ့၊

၄၁။ နေဝသညာနာသညာယတနစျာန်ကိုခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာ လွန်မြောက်လျက် သညာဝေဒနာတို့၏ ချုပ်ခြင်းဟု ဆိုအပ်သော နိရောဓသမာပတ်သို့ ရောက်၍နေပြီးအံ့။

ထိုသူကိုစျာန်မှ ဆိတ်သုဉ်းခြင်းမရှိမူ၍နေသောသူ ဟူ၍ရင်း (ပ)ဆိုထိုက်၏၊

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ....

၄၂။ ပထဝီကသိုဏ်းလျှင် အာရုံရှိသောစျာန်ကိုပွားများပြီးအံ့၊

၄၃။ အာပေါကသိုဏ်းလျှင် အာရုံရှိသောစျာန်ကို ပွားပြီးအံ့၊

၄၄။ တေဇောကသိုဏ်းလျှင် အာရုံရှိသောစျာန်ကို ပွားများပြီးအံ့၊

၆၅။ ဝါယော ကသိုဏ်းလျှင် အာရုံ ရှိသော စျာန်ကို ပွားများအံ့၊
၆၆။ နီလ ကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ပွားများအံ့၊
၆၇။ ပီတ ကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ပွားများအံ့၊
၆၈။ လောဟိတ ကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ပွားများပြားအံ့၊
၆၉။ ဩဒါတ ကသိုဏ်းလျှင် အာရုံ ရှိသော စျာန်ကို ပွားပြားအံ့၊
၇၀။ အာကာသ ကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ပွားများပြားအံ့၊
၇၁။ ဝိညာဏ ကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ပွားများပြားအံ့၊

ထိုသူကိုစျာန်မှ ဆိတ်သုန်းခြင်းမရှိမူ၍ နေသောသူဟူ၍ရင်း (ပ)ဆိုထိုက်၏။

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက် လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ....

၇၂။ မတင့်တယ်သော အာရုံ၌ ဖြစ်သော အသုဘသညာကို ပွားများပြားအံ့၊
၇၃။ သေခြင်းကို အာရုံပြု၍ မရဏသညာကို ပွားများပြားအံ့၊
၇၄။ အာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ဟု ဆင်ခြင်သော အာဟာရပဋိကူလသညာကို ပွားများပြားအံ့၊

၇၅။ လောကအားလုံး၌ မမွေ့လျော်ဘွယ်ဟု ရှုမှတ်သော သဗ္ဗလောကေ အနဘိရတိသညာကို ပွားငြားအံ့၊
၇၆။ ခန္ဓာငါးပါးတို့၌ အမြဲမရှိဟု ရှုမှတ်သော အနိစ္စသညာကို ပွားငြားအံ့။
၇၇။ အမြဲမရှိသော ခန္ဓာငါးပါး၌ ဆင်းရဲ၏ဟု မှတ်သော ဒုက္ခသညာကို ပွားများငြားအံ့၊
၇၈။ ဆင်းရဲသော ခန္ဓာငါးပါး၌ အလိုသို့မလိုက်သော အတ္တမဟုတ်ဟု ရှုမှတ်သော အနတ္တသညာကို ပွားများငြားအံ့၊
၇၉။ ကိလေသာပယ်ခြင်းကို အာရုံပြု၍ဖြစ်သော ပဟာနသညာကို ပွားများငြားအံ့၊
၈၀။ ရာဂကင်းခြင်းကို အာရုံပြု၍ဖြစ်သော ဝိရာဂသညာကို ပွားများငြားအံ့၊
၈၁။ သင်္ခါရတို့၏ချုပ်ရာ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော နိရောဓသညာကို ပွားများငြားအံ့၊

ထိုသူကို ဈာန်မှဆိတ်သုန်းခြင်းမရှိမူ၍ နေသောသူဟူ၍ရင်း (ပ)ဆိုထိုက်၏။"

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖြစ်တတွက်ကာလမျှ....

၈၂။ အမြဲမရှိဟု ရှုမှတ်သော အနိစ္စသညာကို ပွားများငြားအံ့၊
၈၃။ အလိုသို့မလိုက်ဟု ရှုမှတ်သော အနတ္တသညာကို ပွားများငြားအံ့၊

၃၄။ သေခြင်းကို အာရုံပြု၍ ဖြစ်သော မရဏာသညာ,ကို ပွားများပြားအံ့၊
၃၅။ အာဟာရ၌ စက်ဆုပ်ဘွယ်ဟု ရှုမှတ်သော အဟာရ ပဋိကူလသညာကို ပွားများပြားအံ့၊
၃၆။ မွေ့လျော်ဘွယ် ဘာမျှမရှိဟု ရှုမှတ်သော သဗ္ဗလောကအနဘိရတိသညာ,ကို ပွားများပြားအံ့၊
၃၇။ အရိုးစုကို အာရုံပြု၍ ဖြစ်သော အဋ္ဌိကသညာကို ပွားများပြားအံ့၊
၃၈။ အကောင်ပုပ်ကို အာရုံပြု၍ဖြစ်သော ပုဠဝကသညာ ပွားများပြားအံ့၊
၃၉။ ညိုသောအဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ကို အာရုံပြု၍ ရှုမှတ်သောဝိနီလကသညာကို ပွားများပြားအံ့၊
၄၀။ ထက်ပိုင်းပြတ် စက်ဆုပ်ဘွယ်ကို အာရုံပြု၍ဖြစ်သော ဝိစ္ဆိဒ္ဒကသညာကို ပွားများပြားအံ့၊
၄၁။ ဖူးဖူးရောင်လျက် ပုပ်ပွနေသော အလောင်းကောင်ကို အာရုံပြု၍ဖြစ်သော ဥဒ္ဓုမာတကသညာကို ပွားများပြားအံ့၊

ထိုသူကို (ပ) ဆိုထိုက်၏။"

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ

၄၂။ ဘုရားဂုဏ်တော်ကိုအောက်မေ့လျက် ဗုဒ္ဓါနုဿတိကို ပွားများပြားအံ့၊
၄၃။ တရားဂုဏ်တော်ကို အောက်မေ့လျက် ဓမ္မာနုဿတိကို ပွားများပြားအံ့၊

---

စပယ်ဦးစာပေ

၉၄။ သံဃာ့ဂုဏ်ကို အာရုံပြု အောက်မေ့လျက် သံဃာ နုဿတိကို ပွားများခြင်းအံ့၊

၉၅။ သီလာနုဿတိကို အဖန်ဖန် ပွားများခြင်းအံ့၊

၉၆။ စာဂါနုဿတိကို အဖန်ဖန် ပွားများခြင်းအံ့၊

၉၇။ ဒေဝတာနုဿတိကို အဖန်ဖန် ပွားများခြင်းအံ့၊

၉၈။ အာနာပါနာနုဿတိ ကို အဖန်ဖန် ပွားများ ခြင်းအံ့၊

၉၉။ မရဏာနုဿတိကို အဖန်ဖန် ပွားများခြင်းအံ့၊

၁၀၀။ ကာယဂတာသတိကို အဖန်ဖန် ပွားများခြင်းအံ့၊

၁၀၁။ ဥပသမာနုဿတိကို အဖန်ဖန် ပွားများခြင်းအံ့၊

ထိုသူကို ဈာန်မှဆိတ်သုဉ်းခြင်းမရှိမူ၍ နေသောသူဟူ၍ရင်း (ပ)ဆိုထိုက်၏။"

"အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ.... ပထမဈာန်နှင့်တကွဖြစ်သော....

၁၀၂။ သဒ္ဓိန္ဒြေကို ပွားများခြင်းအံ့၊

၁၀၃။ ဝီရိယိန္ဒြေကို ပွားများခြင်းအံ့၊

၁၀၄။ သတိန္ဒြေကို ပွားများခြင်းအံ့၊

၁၀၅။ သမာဓိန္ဒြေကို ပွားများခြင်းအံ့၊

၁၀၆။ ပညိန္ဒြေကို ပွားများခြင်းအံ့၊

၁၀၇။ သဒ္ဓါဗိုလ်ကို ပွားများခြင်းအံ့၊

၁၀၈။ ဝီရိယဗိုလ်ကို ပွားများခြင်းအံ့၊

၁၀၉။ သတိဗိုလ်ကို ပွားများခြင်းအံ့၊

၁၁၀။ သမာဓိဗိုလ်ကို ပွားများငြားအံ့၊
၁၁၁။ ပညာဗိုလ်ကို ပွားများငြားအံ့၊
ထိုသူကို စျာန်မှဆိတ်သုဉ်းခြင်းမရှိမူ၍ နေသောသူဟူ၍ရင်း၊ (ပ)ဆိုထိုက်၏။”

“အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက် လိုသူသည် လက်ဖျစ်တတွက်စာကာလမျှ ဒုတိယစျာန်နှင့်တကွဖြစ်သော....။
၁၁၂။ သဒ္ဓိန္ဒြေကိုပွားများငြားအံ့၊
၁၁၃။ ဝီရိယိန္ဒြေကို ပွားများငြားအံ့၊
၁၁၄။ သတိန္ဒြေကို ပွားများငြားအံ့၊
၁၁၅။ သမာဓိန္ဒြေကို ပွားများငြားအံ့၊
၁၁၆။ ပညိန္ဒြေကို ပွားများငြားအံ့၊
၁၁၇။ သဒ္ဓါဗိုလ်ကို ပွားများငြားအံ့၊
၁၁၈။ ဝီရိယဗိုလ်ကို ပွားများငြားအံ့၊
၁၁၉။ သတိဗိုလ်ကို ပွားများငြားအံ့၊
၁၂၀။ သမာဓိဗိုလ်ကို ပွားများငြားအံ့၊
၁၂၁။ ပညာဗိုလ်ကို ပွားများငြားအံ့၊
ထိုသူကို (ပ)ဆိုထိုက်၏။”

မှတ်ချက်။ ။တတိယစျာန်၌လည်း သဒ္ဓိန္ဒြေမှ ပညာဗိုလ်ထိ ၁၀-မျိုးပွား။ စတုတ္ထစျာန် မေတ္တာ, ကရုဏာ, မုဒိတာတို့၌ ထိုနည်းတူပင် ဆယ်မျိုးစီးပွားလေ မခဲယဉ်းတော့။ နောက်ဆုံးဖြစ်သော ဥပေက္ခာကိုသာ အဓိပ္ပါယ်ဖော်တော့အံ့။

၁၂၂။ “အို....ရဟန်းတို့၊ သံသရာဝဋ်မှ လွတ်မြောက်လိုသူသည် လက်ဖျစ်တတွက်စာ ကာလမျှ ဥပေက္ခာနှင့်တကွ ဖြစ်သော ပညာဗိုလ်ကို ပွားများငြားအံ့။ ဤသူကို စျာန်မှ ဆိတ်

သည်းခြင်းမရှိမူ၍ နေသောသူဟူ၍ရင်း၊ ဘုရားသာသနာကို ပြုသူ ဟူ၍ရင်း၊ ဗုဒ္ဓဩဝါဒကို ရိုသေစွာ ခံယူလိုက်နာသူ ဟူ၍ရင်း၊ အချီးနှိုးမဖြစ်စေမူ၍ ပြည်သူတို့လှူသောဆွမ်းကို ဆင်ခြင်၍ သုံးဆောင်သူ ဟူ၍ရင်း ဆိုထိုက်၏။ ထိုဥပေက္ခာနှင့် တကွ ဖြစ်သော ပညာဗိုလ်ကို အဖန်ဖန် အလေ့အလာ ပြုသူတို့၌ကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိတော့အံ့နည်းဟု မိန့်တော်မူ၏။”

× × ×

## ၁၉။ ကာယဂတာသတိဝဂ်

ယခင်အုပ်စု (အစ္ဆရာသင်္ဃာတဝဂ်)၌ ပွားများအားထုတ်ခြင်းပြုက မျက်စိတမှိတ်၊ လျှပ်တပြက်၊ လက်ဖျစ်တတွက် တိုတောင်းလှသော ကာလကလေးပင် ဖြစ်စေဦးတော့.... ထိုအချိန်ကာလသည် ကာလအနေဖြင့် မပြောပလောက်သော်လည်း အကျိုးအာနိသင် အနေဖြင့် တွက်သော် အတိုင်းမသိ တန်ဖိုးရှိကြောင်းကို ဗုဒ္ဓမြွက်ကြားတော်မူခဲ့ပေသည်။

တရားပွားများပုံ ဦးတည်ချက်အနေအားဖြင့် ဗဟိဒ္ဓ ဟု ဆိုအပ်သော အပြင်အပရုပ်များအပေါ်၌ အခြေခံ၍ ဟောတော်မူသွား၏။ ဤကိုယ်ခန္ဓာအဖွဲ့အစည်းအုပ်စု (ကာယဂတာသတိဝဂ်) ၌ကား ဟောတော်မူသည်မှာ အဇ္ဈတ္တသန္တာန် ဘက်သို့ ဦးလှည့်လာသော အရိပ်အရောင်များကို တွေ့ရပေသည်။ “တရား

ရှာ ကိုယ်မှာတွေ့”ဟူသော မြန်မာစကားပုံ၏ ရေသောက်မြစ် ဟူ၍လည်း ဆိုနိုင်ပေသည်။

ရှုပ်ပွားရန်တရားကို အပြင်အပ၌မရှာဘဲ မိမိ၏ ကိုယ်ကာယ ခန္ဓာအိမ်တွင်း၌ရှာကြရန် ညွှန်ကြားတော်မူထား၏။ဤတရားကို မဟောမီ ဗုဒ္ဓသည် ရှေးဦးစွာ ပင်လယ်သမုဒ္ဒရာပြင်ကြီးကို ထိုးပြတော်မူပြီး မြင်အောင်အကြည့်ခိုင်းလိုက်သည်။

ဤသို့ ပင်လယ်ကို အကြည့်ခိုင်းခြင်းမှာ ရည်ရွယ်ချက်ရှိ၏။ ပင်လယ်ကိုမြင်လျှင် ပင်လယ်အကြောင်းကိုသိကြမည်။ မြစ်ငယ် ချောင်းငယ် များစွာတို့ ပင်လယ်ကြီးထဲသို့ စီးဝင်လာကြပုံကို မြင်ကြမည်။ ဤသည်ကို အလိုရှိသောကြောင့် အကြည့်ခိုင်းခြင်း ဖြစ်လေသည်။

ပင်လယ်ကိုမြင်ပါပြီတဲ့။ ဘာလုပ်မည်နည်း။

ဤအုပ်စုကို စလျှင်စချင်းပင် ပင်လယ်ကို ဗုဒ္ဓက မည်သို့ အသုံးချတော်မူသွားပုံကို ရှေးဦးစွာ မြင်တွေ့ရမည် ဖြစ်သည်။ ဗုဒ္ဓက ပင်လယ်ကို မည်သို့အသုံးချတော်မူသည်ထင်သနည်း။

(၁)

“အို….ရဟန်းတို့၊မည်သူမဆိုတဦးတယောက်သူသည် ပင်လယ်ပြင်ကြီးကို စိတ်ကူးဖြင့်မှန်း၍ ကြည့်လျှင် ဘာတွေမြင်ရမည်ထင်သနည်း။ ပင်လယ်ကြီးထဲသို့ အလျှိုအလျှို ဟိုကသည်က စီးဝင်လာကြသော မြစ်များကိုလည်းမြင်ရမည်။ ချောင်းငယ် မြောင်းငယ် ကလေးတွေကိုလည်း တွေ့ရမည်ဖြစ်သည်။ ပင်လယ်သမုဒ္ဒရာဆိုသည်မှာ အခြားမဟုတ်။ ဤမြစ်ငယ် ချောင်းငယ် မြောင်းငယ် အပေါင်းတို့ကို တပေါင်းတည်းပြု၍ ခေါ်ဆိုအပ်သော ပညတ်စကားဖြစ်၏။”

---

စပယ်ဥးစာပေ

"ရဟန်းတို့၊ ဤနည်းအတူပင်လျှင် ခန္ဓာကိုယ်ကာယသည် ပင်လယ်ကြီးနှင့် အလားတူ၍ မြစ်ငယ်, ချောင်း, မြောင်းငယ် တို့ကား ဆံပင်,မွေးညှင်း စသော ခန္ဓာကိုယ် အစိတ်အပိုင်း များနှင့် အလားတူပေသည်။ ယင်းခန္ဓာကိုယ်၏ အစိတ်အပိုင်း များအနက်မှ ဆံပင်ကိုဖြစ်စေ၊ မွေးညှင်းကိုဖြစ်စေ တခုခုကို အာရုံ စူးစိုက်စွာ ပွားများအပ်သည်ရှိသော်၊ အခါများစွာ အလေ့အလာ ပြုခဲ့သည်ရှိသော် အသိဉာဏ် (ဝိဇ္ဇာ) ၏ သွေး သောက်ရင်း အပေါင်းအသင်းဖြစ်ကုန်သော ကုသိုလ်တရား တို့သည် ပင်လယ်ထဲသို့ မြစ်ချောင်းတွေ စီးဝင်လေသည့်အလား တရားကို ရှုပွားသူ၏ အထံသို့ စီးဝင်လာကြကုန်မည်ဖြစ်၏"ဟူ၍ တရားတထုံးကို နိဂုံးချုပ်တော်မူ၏။ 'တရားရှာသော် ကိုယ်မှာ တွေ့လိမ့်မည်။ တွေ့နိုင်သည်။ မိမိကိုယ်တွင်းမှာ ရှာကြ....'ဟု တိုက်တွန်းတော်မူလိုခြင်းမင်တည်း။

ဤပင်လယ်တရား၏နောက်ဆွယ်၌ ဗုဒ္ဓသည် ကောဋ္ဌာသ၊ ကိုပင် ပရိယာယ်တမျိုးဖြင့် တပတ်ကျော့၍ ဟောလာပြန်သည် ကို တွေ့ရ၏။ ဤ၌ ကောဋ္ဌာသအရ ၃၂-မျိုးသော ကော ဋ္ဌာသများအနက်မှ ဆံပင် မွေးညှင်း အစရှိသည့် တမျိုးတမျိုးကို ကောဋ္ဌာသဟု ရှယ်စူးတော်မူဟန်တူပေသည်။ ဤအုပ်စုတွင် ကောဋ္ဌာသကို မည်သို့ ဟောတော်မူသည် ထင်သနည်း။

"အို....ရဟန်းတို့၊ ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့ အလာပြုအပ်သော တခုသော တရားသည်....: ဝါ၊ တခုသော တရားကို ပွားများအပ်၊ ကြိမ်ဖန်များစွာ အထပ်ထပ် အခါခါ အလေ့အလာပြုအပ်သည်ရှိသော်....။

၂။ များစွာသံဝေဂရဘို့အတွက်၊
၃။ များစွာကျေးဇူးရှိဘို့အတွက်၊
၄။ ယောဂလေးပါးကုန်ဆုံးရာ နိဗ္ဗာန်အတွက်၊
၅။ သတိဘမ္ပဇဉ်ရှိဘို့အတွက်၊
၆။ ဉာဏ်အမြင်ရဘို့အတွက်၊
၇။ မျက်မှောက်ဘဝမှာပင် ချမ်းသာစွာနေရဘို့ အတွက်၊
၈။ မင်ဖိုလ်ကို မျက်မှောက်ပြုဘို့အတွက်ဖြစ်၏။

"တခုသောတရားဟူသည် အဘယ်နည်း။ အဘယ်တရားကို တခုသော တရားဟု ဆိုသနည်း။ ဆံပင်,မွေးညှင်း အစရှိသော ကောဋ္ဌာသ ရုပ်အစုတို့၌ဖြစ်သော အောက်မေ့ခြင်း ကာယက တာနုဿတိ, ဖြစ်သတည်း။ ကာယကတာ နုဿတိ သည် တခု သော တရားဖြစ်သတည်း။

"ရဟန်းတို့၊ ဤတခုသော ကာယဂတာ နုဿတိ တရားကို ပွားများအပ်သည်ရှိသော်၊ကြိမ်ဖန်များစွာ အလေ့အလာပြုအပ် သည်ရှိသော် များစွာ သံဝေဂရဘို့အတွက် (ပ) မင်ဖိုလ်ကို မျက်မှောင်ပြုဘို့အတွက် ဖြစ်၏။"

## ( ၉ )

"အို....ရဟန်းတို့၊ တခုသောတရားကို ပွားများအပ်၊ ကြိမ် ဖန်များစွာ ထပ်ကာထပ်ကာ အလေ့အလာ ပြုအပ်သည်ရှိသော် ကိုယ်လည်း ငြိမ်းအေး၏။ စိတ်လည်းငြိမ်းအေး၏။ ကြံစည် ခြင်း, သုံးသပ်ဆင်ခြင်ခြင်း (ဝိဘက်၊ဝိစာရ)တို့လည်း ငြိမ်းအေး ကုန်၏။ ဝိဇ္ဇာဘာဂိယဘရားအားလုံးတို့လည်း ပွားများခြင်း, ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

"ထိုတခုသော တရားကား ကာယဂတာသတိ ပင်တည်း။ ရဟန်းတို့၊ တခုသော ဤကာယဂတာသတိ တရားကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ အလေ့အလာ ပြုအပ်သည်ရှိသော် ကိုယ်လည်းငြိမ်းအေး၏ (ပ) ဝိဇ္ဇာဘာဂိယ တရားအားလုံးတို့လည်း ပွားများခြင်း ပြည့်စုံခြင်းသို့ ရောက်ကုန်၏။"

( ၁၀ )

"အို....ရဟန်းတို့၊ တခုသောတရားကို ပွားများအပ်၊ ကြိမ်ဖန်များစွာထပ်ကာ အလေ့အလာ ပြုအပ်သည်ရှိသော် မဖြစ်သေးသော အကုသိုလ်တို့လည်း ဖြစ်မလာကုန်။ ဖြစ်ပြီးသော အကုသိုလ်တို့လည်း ပျောက်ပြယ်သွားရကုန်လေ၏။

ထိုတခုသော တရားကား အခြားမဟုတ်၊ ကာယဂတာသတိ ပင်ဖြစ်သတည်း။ ဤတရားကို ပွားများအပ်သည်ရှိသော် မဖြစ်သေးသော အကုသိုလ်တို့လည်း ဖြစ်မလာကုန်။ ဖြစ်ပြီး အကုသိုလ်တို့လည်း ပျောက်ပြယ်သွားရကုန်လေ၏။"

( ၁၁ )

"အို....ရဟန်းတို့၊ တခုသောတရားကို ပွားများအပ်၊ အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် မဖြစ်သေးသော ကုသိုလ်တို့လည်း ဖြစ်လာကုန်၏။ ဖြစ်ပြီးသော ကုသိုလ်တို့လည်း ကြီးထွားအားကောင်းလာကုန်လေ၏။

ထိုတရားကား ကာယဂတာသတိပင်တည်း။ ယင်းတရားကို ပွားများအပ်သည်ရှိသော်... (ပ)....

( ၁၂ )

"အို....ရဟန်းတို့၊ တခုသောတရားကို ပွားများအပ်၊ အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် အဝိဇ္ဇာပျောက်လေ၏။

ဝိဇ္ဇာဖြစ်ပေါ်လာ၏။ ဖြစ်ပြီးသော ကုသိုလ်တို့လည်း ကြီးထွားအားကောင်းလာကုန်၏။ ထိုတရားကား ကာယဂတာသတိပင်တည်း။”

× × ×

“အို....ရဟန်းတို့၊ တခုသောတရားကို ပွားများအပ်၊ အဖန်ဖန်အလေ့အလာပြုအပ်သည်ရှိသော်....

၁၃။ ပညာဖြင့် ထိုးဖောက်၍ သိဘို့အတွက်ဖြစ်၏။

၁၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့အတွက်ဖြစ်၏။

ထိုတရားကား ကာယဂတာသတိပင် ဖြစ်သတည်း။”

“အို....ရဟန်းတို့၊တခုသောတရားကို ပွားများအပ်၊အဖန်ဖန်အလေ့အထကို ပြုအပ်သည်ရှိသော်....

၁၅။ များစွာသောဓာတ်တို့ကို ထိုးထွင်း၍သိ၏။

၁၆။ အထူးထူးသော ဓာတ်တို့ကို ထိုးထွင်း၍သိ၏။

၁၇။ များစွာသော ဓာတ်တို့ကို ခွဲခြား၍သိ၏။

ထိုတရားကား ကာယဂတာသတိပင် ဖြစ်သတည်း။”

× × ×

“အို....ရဟန်းတို့၊တခုသောဘရားကို ပွားများအပ်၊အဖန်ဖန်အလေ့အလာပြုအပ်သည်ရှိသော်....

၁၈။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုဘို့အတွက်၊

၁၉။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုဘို့အတွက်၊

၂၀။ အာနာဂါမိဖိုလ်ကို မျက်မှောက်ပြုဘို့အတွက်၊

၂၁။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုဘို့အတွက် ဖြစ်၏။

ထိုတရားကား ကာယဂတာသတိပင် ဖြစ်သတည်း။”

× × ×

"အို....ရဟန်းတို့၊ တခုသောတရားကို ပွားများအပ်၊ ပွားများဖန် များလတ်သော်....

၂၂။ ပညာရဘို့အတွက်၊
၂၃။ ပညာတိုးပွားဘို့အတွက်၊
၂၄။ ပညာ ပြန့်ပြောဘို့အတွက်၊
၂၅။ ပညာကြီးသည်၏ အဖြစ် ရောက်ဘို့အတွက်၊
၂၆။ ပညာတိုးပွားသည်၏ အဖြစ်သို့ ရောက်ဘို့အတွက်၊
၂၇။ ပညာပြန့်ပြောသည်၏အဖြစ်သို့ ရောက်ဘို့အတွက်၊
၂၈။ ပညာနက်နဲသည်၏ အဖြစ်သို့ ရောက်ဘို့အတွက်၊
၂၉။ သူမနိုင်းသာသော ပညာအဖြစ်သို့ ရောက်ဘို့အတွက်၊
၃၀။ မြေကြီးနှင့်တူသော ပညာအဖြစ်သို့ရောက်ဘို့အတွက်၊
၃၁။ ပညာ ထွန်းကားဘို့အတွက်၊
၃၂။ ပညာ လျင်ဘို့အတွက်၊
၃၃။ ပညာ ပေါ့ပါးဘို့အတွက်၊
၃၄။ ပညာ ရွှင်ဘို့အတွက်၊
၃၅။ ပညာ သွက်လက်ဘို့အတွက်၊
၃၆။ ပညာ ထက်မျက်ဘို့အတွက်၊
၃၇။ ကိလေသာ ဖောက်ခွဲနိုင်သော ပညာအတွက်ဖြစ်၏။

ထိုတရားကား တခုသော ကာယဂတာသတိပင် ဖြစ်သတည်း။ ရဟန်းတို့၊ ဤတခုသော ကာယဂတာသတိတရားကို ပွားများအပ်၊ ပွားများဖန် များလတ်သော် ပညာရဘို့အတွက် ဖြစ်၏။ (ပ) ကိလေသာကို ဖောက်ခွဲနိုင်သော နိဗ္ဗေဓိကပညာ အတွက်ဖြစ်၏...."ဟု မိန့်တော်မူ၏။

× × ×

## ၂၀။ အမတဝဂ်

ဤအုပ်စုကား သေခြင်းကင်းသော၊ ဝါ- သေခြင်းဟူ၍ အလျင်းပင်မရှိသော (အမတဝဂ်) နိဗ္ဗာန်အုပ်စုဖြစ်၏။ (အ+မတ။ အ = မရှိ၊ကင်း။ မတ = သေခြင်း။ အမတ = သေခြင်းမရှိ။ သေခြင်းကင်း။)

"ကြွက်သေတခု၊ အရင်းပြု။ လေးလတွင်းဝယ်၊ တသိမ်းကြွယ်" ဆိုသကဲ့သို့ မိမိ၏ခန္ဓာကိုယ်ကို အရင်းအနှီးပြု၍ နိဗ္ဗာန်ဆုကို ဆွတ်ချူ ယူငင်ကြနိုင်စေခြင်းငှာ ဤ ကာယဂတာသတိကမ္မဋ္ဌာန်း°ကို စီးဖြန်းကြဟု ဗုဒ္ဓ ညွှန်ကြားတော်မူသည် ။

ကာယကတာသတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် နိဗ္ဗာန်ရောက်နိုင်သည်ဟု ဗုဒ္ဓ မိန့်တော်မူသည်ကိုထောက်လျက်

---

၁။ ကာယဂတာသတိကမ္မဋ္ဌာန်းကို မစီးဖြန်းမီ ရှေးဦးစွာ ၃၂ ကောဋ္ဌာသ အစုအဝေး၏ အနက်အဓိပ္ပာယ်ကို သိထားဘို့လိုသည်။ ထို့ကြောင့်....

၁။ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီး၌ နှစ်ကုဋေငါးသန်းသော ဆံပင်၊ ကိုးသောင်း ကိုးထောင်သော မွေးညှင်း၊ နှစ်ဆယ်သော လက်သည်း,ခြေသည်း၊ ၃၂ ချောင်းသောသွား၊ တကိုယ်လုံးခွာ၍ လုံးသည်ရှိသော် ဆီးစေ့ခန့်မျှ ပမာဏရှိသော အရေထူ,အရေပါး။

၂။ ကိုးရာသော အသားတစ်၊ ကိုးရာ့ခြောက်ဆယ်သော ကြောသေး,ကြောမ၊ သုံးရာသော အရိုး၊ ရိုးဘွင်းခြင်ဆီအစု၊ သရက်သီးနှစ်လုံးပြွတ် သဏ္ဌာန်ရှိသော အညှို့နှစ်ခု။

၃။ လက်ဆွံ့ခွဲမျှသောက် သွေးရှိသော သားမြတ် နှစ် ခု တို့၏ အလယ်၌ တည်သော နှလုံးသား၊သားမြတ်အုံနှစ်ဘက်တို့၏ အတွင်း၌

လူတို့၏ ခန္ဓာကိုယ်ကောင် တခုလုံးသည် နိဗ္ဗာန်ရောက်ရှိရေး အတွက် အထောက်အကူပြုသော ပစ္စည်းတမျိုးဖြစ်ကြောင်း ထင်ရှား၏။

ဤခန္ဓာကိုယ်သည် နိဗ္ဗာန်မုခ်ဦးဖြစ်သည်။ နိဗ္ဗာန်ကို ရှေးရှုရာဖြစ်သည်။ ဤခန္ဓာကိုယ်ဖြင့် ရင်းနှီး၍ နိဗ္ဗာန်ရောက်နိုင်သည် ဆိုချက်ကို ဗုဒ္ဓက မည်သို့မြွက်ကြားတော်မူသည် ထင်သနည်း။

( ၁ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မသုံးဆောင်ဘူးကြကုန်။ ထိုသူတို့သည် အမြိုက် နိဗ္ဗာန်ကို မသုံးဆောင်ကြရလေကုန်။

---

တည်သော ပင်လယ် ကသစ်ရွက်သဏ္ဍာန်ရှိသော အသားပြား တည်း ဟူသော အသဲနှစ်မွှာ၊ အသားကြား၌တည်သော ဖုံးလွှမ်း မဖုံးလွှမ်း အပ်သော နှစ်မည်သောအမြှေး၊ နွားငယ်၏ လျှာသဏ္ဍာန်ရှိသော အပြင်၊ သဖန်းသီး သဖွယ် ၃၂ လုံးသော အသားတုံးအပြားရှိသော အဆုပ်။

၄။ ၃၂ တောင် ယောကျ်ား၊ နှစ်ဆယ့်ရှစ်တောင်မိန်းမ၊ သွေးကျင်းမှာခွေ ခေါင်းပြတ်မြွေသဏ္ဍာန် နှစ်ဆယ့်တတန် အခွေရှိသော အူမကြီး၊ အူမကြီးကို နေရာတကျ မလျှောကျရအောင် နှောင်ဖွဲ့လျှိုထိုး ခြေသုတ်ကြိုးအလား အူမကြားမှာတည်သော အူသိမ်၊ အူနု၊ ရွှံ့ဘွယ် လတ်လတ် ခွေးအန်ဖတ်ပမာ အစာသစ်အစု၊ ရွံ့ဘွယ်ထပ်လောင်း အစာဟောင်းအစု၊ ဦးခေါင်းအတွင်း နို့ခဲအဆင်းနှင့်တူသောဦးနှောက် အစု။

၅။ အသည်းကိုမှီ၍ အအိမ်နှင့်တည်သော ဗဒ္ဓသည်းခြေ၊ တကိုယ်လုံး၌ နှံ့၍တည်သော အဗဒ္ဓသည်းခြေ၊ ကိုယ်၏အတွင်း တခွက်ခင်းမျှ ပမာရှိသော ချွဲသလိပ်၊ ဖက်ရွက်ရော်အဆင်း ထိခိုက်ခြင်းကြောင့်

"ရဟန်းတို့၊ အကြင်သူတို့ကား ကာယဂတာသတိ ကမ္မဋ္ဌာန်းကို သုံးဆောင်ကြကုန်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ကြရလေကုန်၏။"

( ၂ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မသုံးဆောင်အပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်အပ်လေ။

---

ဖြစ်သော ပြည်ပုပ်၊ အဆုပ်,အညှို့,နှလုံးအထက် အသည်းရွက်အောက်နေ ဤလေးထွေကို စိုစေလျက်၊ တစက်စက်ကျသော သန္ဓိစိတ,သွေး၊ ခါတ်သဘောမညီ နှမ်းဆီအဆင်း ဆံမွေးတွင်းမှ ယိုကျသောချွေး၊ နန္တင်းခဲအဆင်း အသားတွင်း၌ တည်သော အဆီခဲ။

၆။ ကြည်လင်ဝမ်းမြောက် ငိုကြွေးရောက်က ပေါ်ပေါက်လာရသော မျက်ရည်၊ ဥတုပျက်ပြား ခြေလက်ဖဝါး နှာခေါင်းဖျားတို့မှ ရောက်လျှားပေါ်လာရသော ဆီကြည်၊ ရေမြှုပ်အဆင်း ပါးစောင်တွင်းမှ သက်ဆင်းရသောတံတွေး၊ ဦးခေါင်းတွင်းမှ သက်ဆင်းလျှောကျ၊ နှာခေါင်းဝသို့ ယိုစီးရသောနှပ်ချေး၊ အရိုးဆက်တွင်း စွတ်စိုခြင်းနှင့် မဟာလှေကားပွင့်အဆင်းနှင့် တူသောအစေး၊ ဝင်ပေါက်မထင် ထွက်ပေါက်သာမြင်ရသော ကျင်ငယ်ရေအစု။

ဤ ၃၂ ပါးသော ကောဋ္ဌာသအနက်ကို နှုတ်တက်အာဂုံဆောင်မှသာ ကောဋ္ဌာသ ကွဲပြားနိုင်မည်ဖြစ်၏။ ယင်း ၃၂ ပါးကို ရွတ်ဆိုပွားများသော်....

ဆံပင်၊မွေးညှင်း၊ခြေသည်း၊လက်သည်း၊သွား၊အရေ။ (အနုလုံ)
အရေ၊သွား၊လက်သည်း၊ခြေသည်း၊မွေးညှင်း၊ဆံပင်။ (ပဋိလုံ)
အသား၊အကြော၊အရိုး၊ရိုးတွင်းခြင်ဆီ၊အညှို့။ (အနုလုံ)
အညှို့၊ရိုးတွင်းခြင်ဆီ၊အရိုး၊အကြော၊အသား။ (ပဋိလုံ)

---

စပယ်ဦးစာပေ

"ရဟန်းတို့....၊ အကြင်သူတို့သည် ကာယဂတာ သတိ စာမ္မဋ္ဌာန်းကို သုံးဆောင်အပ်၏။ ထိုသူတို့ကား အမြိုက်နိဗ္ဗာန်ကို သုံးဆောင်အပ်လေ၏။"

( ၃ )

"အို... ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိ စာမ္မဋ္ဌာန်းကို ဆုတ်ယုတ်စေအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန် ကို ဆုတ်ယုတ်စေအပ်၏။ အကြင်သူတို့ကား ကာယဂတာ သတိ စာမ္မဋ္ဌာန်းကို မဆုတ်ယုတ်စေအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန် ကို မဆုတ်ယုတ်စေအပ်။"

---

နှလုံး၊ အသည်း၊ အမြှေး၊ အပြင်၊ အဆုတ်။ (အနုလုံ)
အဆုတ်၊ အပြင်၊ အမြှေး၊ အသည်း၊ နှလုံး။ (ပဋိလုံ)
အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊
သွား၊ လက်သည်း၊ ခြေသည်း၊ မွေးညှင်း၊ ဆံပင်။ (ပဋိလုံ)
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ (အနုလုံ)
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊
အဆုတ်၊ အပြင်၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို့၊
ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊
သွား၊ လက်သည်း၊ ခြေသည်း၊ မွေးညှင်း၊ ဆံပင်။ (ပဋိလုံ)
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ (အနုလုံ)
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်။
အူမ၊ အဆုတ်၊ အပြင်၊ အမြှေး၊ အသည်း၊ နှလုံး၊
အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊
အရေ၊ သွား၊ လက်သည်း၊ ခြေသည်း၊ မွေးညှင်း၊ ဆံပင်။ (ပဋိလုံ)
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ (အနုလုံ)

(၄)

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိကမ္မဋ္ဌာန်းကို ချတ်ယွင်းစေအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ချတ်ယွင်းစေအပ်သည် မည်၏။"

"ရဟန်းတို့၊ အကြင်သူတို့ကား ကာယဂတာ သတိကိုမချတ်ယွင်းစေအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မချတ်ယွင်းစေအပ်သည်မည်၏။"

(၅)

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိကို မေ့လျော့နေကုန်၏။ ထိုသူသည် အမြိုက်နိဗ္ဗာန်ကို မေ့လျော့သည် မည်ကုန်၏။

---

ကျင်ငယ်၊အစေး၊နှပ်၊တံတွေး၊ ဆီကြည်၊ မျက်ရည်၊
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊
ဦးနှောက်၊အစာဟောင်း၊အစာသစ်၊အူသိမ်၊အူမ၊
အဆုတ်၊ အပြင်၊ အမြှေး၊ အသည်း၊နှလုံး၊ အညှို့၊
ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊
သွား၊လက်သည်း၊ခြေသည်း၊မွေးညှင်း၊ဆံပင်။ (ပဋိလုံ)

ဤသို့ဆိုခဲ့ပြီးသော အနုလုံ-ပဋိလုံအစဉ်အတိုင်း ဆစ်ပိုင်းပြန်လှန်၍ အဖန်ဖန် ကြိုးစည်ပွားများသော ယောဂီပုဂ္ဂိုလ်အား ရွဲလုံးတန်း၊စောင်းရန်းခြေအစဉ်၊ လက်ကောက်အစဉ်ကဲ့သို့ ကောဋ္ဌာသ အစဉ်အားဖြင့် ထင်ရှားလတ်သည်ရှိသော်....

ဆံပင်စသော နာမပညတ်ကို မသုံးသပ် မမှတ်သားဘဲ "ဤကားစက်ဆုပ်ဖွယ်၊ ဤကားစက်ဆုပ်ဖွယ်"ဟု ပညတ်ကိုလွန်သောအားဖြင့် စဉ်းစား သတိထား၍ ပွားများထပ်ထပ် ရှုဆင်ခြင်အပ်၏။

---

စယ်ဦးစာပေ

"ရဟန်းသို့၊ အကြင်သူတို့သည် ကာယဂတာ သတိကို မခံမှ လျော့ကြလေကုန်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မမှေလျော့ သည် မည်ကုန်၏။"

( ၆ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိကို မေ့ပျောက်စေအပ်၏။ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မေ့ပျောက် စေအပ်သည် မည်၏။ အကြင်သူတို့ကား ကာယဂတာ သတိကို မမေ့ပျောက်စေအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မမေ့ ပျောက်စေအပ်သည်မည်၏။"

---

ဤသို့ရှုဆင်ခြင်ဖန်များသဖြင့် ကွက်ကြားကွက်ကြား အထူးအားဖြင့် ခြားနား၍ထင်လာ၏။ထိုအခါ၊-မထင်ရာမထင်ရာကောဋ္ဌာသကိုချ၍ချ၍ ဉာဏ်တွင်ထင်ရှားသော ကောဋ္ဌာသဥ္စသာ နှလုံးထား၍ ကောဋ္ဌာသ တပါးတည်းကျန်သည့်တိုင်အောင် ထန်း ၃၂ ပင်ရှိသောထန်းတောဥ္စ မှဆိုးလိုက်၍ ပစ်ခတ်အပ်သော ယောမျောက်၏ အလားကဲ့သို့အစဥ် လွှတ်သောအားဖြင့် "စက်ဆုတ်ဖွယ်-စက်ဆုပ်ဖွယ်"ဟု အဖန်တလဲလဲ ပွားများဆင်ခြင်အပ်၏။

ဤသို့ဆင်ခြင်ပွားများ၍ အထူးအားဖြင့် ထင်လာသော ထိုတခု တည်းသော ကောဋ္ဌာသကိုမှီ၍ အခါခါအဖန်ဖန် ပွားများပြန်သည် ရှိသော်....စကြာမင်းဖျား ပတ္တမြားရတနာ ထည့်အပ်စွာသော ရေ နောက်သည် ပျောက်ပျက်ခြင်းခဏ စိမ်းမြဖြူစင် ကြည်လင်တောက်ပ သည့်အတူ တခုတည်းသောအာရုံကိုယူရသော သမာဓိနှင့်ယှဥ်သဖြင့် ယောဂီပုဂ္ဂိုလ်၏ စိတ်အစဥ်သည် လွန်စွာဖြူစင် ကြည်လင်တောပသည်

( ၇ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာသတိကို မမှီဝဲအပ်၊ ထိုသူတို့သည်ကား အမြိုက်နိဗ္ဗာန်ကို မမှီဝဲအပ်သည်မည်၏။ အကြင်သူတို့သည်ကား ကာယဂတာသတိကို မှီဝဲအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မှီဝဲအပ်သည်မည်၏။"

( ၈ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိကို မပွားများအပ်။ ထိုတို့သူသည် အမြိုက်နိဗ္ဗာန်ကို မပွားပျား အပ်သည်မည်၏။ အကြင်သူတို့သည်ကား ကာယဂတာ သတိကို ပွားများအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပွားများအပ်သည်မည်၏။"

( ၉ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိကို ကြိမ်ဖန်များစွာ အလေ့အလာမပြုအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို အဖန်ဖန် အလေ့အလာ မပြုအပ်သည်မည်၏။ အကြင်

---

ဖြစ်၍ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ ငါးပါးတို့နှင့် ပြည့်စုံသော အပ္ပနာဈာန်ကိုရလေ၏။ (အဘိဓမ္မတ္ထဒီပက ကျမ်း ၃၂၇-၃၃၁၊ မိုလ်ကုန်းဆရာတော်)။

ကာယကတာသတိ ကမ္မဋ္ဌာန်းကို အစမ်းလေ့လာ ပွားများ အား ထုတ်လိုသူများအတွက် မိုလ်ကုန်းဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်း ပွားနည်း နှိုသယည်းကို အခွင့်အားလျော်စွာ ဖော်ပြထားပါသည်။

သူတို့ကား ကာယကတာသတိကို ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို အဖန်ဖန် အလေ့ အလာ ပြုအပ်သည်မည်၏။"

( ၁၀ )

"အို....ရဟန်းတို့ အကြင်သူတို့သည် ကာယဂတာ သတိကို ထူးသောဉာဏ်ဖြင့် မသိအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် မသိအပ်သည် မည်၏။ အကြင် သူတို့သည် ကား ကာယဂတာ သတိကို ထူးသောဉာဏ်ဖြင့် သိအပ်၏။ ထိုသူ တို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် သိအပ်သည် မည်၏။"

( ၁၁ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိကို ပိုင်းခြား၍မသိအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပိုင်းခြား၍ မသိအပ်သည် မည်၏။ အကြင်သူတို့သည်ကား ကာယဂတာ သတိကို ပိုင်းခြား၍ သိအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပိုင်းခြား၍ သိအပ်သည် မည်၏။"

( ၁၂ )

"အို....ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာ သတိကို မျက်မှောက်မပြုအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မျက်

မှောက်မပြုအပ်သည်မည်၏။ အကြင်သူတို့သည်ကား ကာယ ဂတာ သတိကို မျက်မှောက်ပြုအပ်၏။ ထိုသူတို့သည် အမြိုက် နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်သည် မည်၏။

ဗုဒ္ဓမြတ်ဘုရားသည် ရဟန်းတို့အား ဤစကားကို ဆိုတော်မူ၏။ ထိုရဟန်းတို့သည် မြတ်ဘုရား ဟောကြားအပ်သည့် တရားတော်ကို နှစ်လို ဝမ်းသာစွာ ခံယူကြလေကုန်သတည်း။"

× × ×

# ဒုကနိပါတ်

ကေနိပါတ်၏နောက် အခန်းအတိုင်း ဒုကနိပါတ်ထဲ ရောက်သွား၏။ ထိုတွင် အသွင်တမျိုးကို မြင်တွေ့ရသည်။ ဤဒုကနိပါတ်၏ ပြင်ဆင်မှုမှာ ကေနိပါတ်ထက် ဆန်းသစ်နေ၏။ ။

ပြင်ဆင်ထားပုံမှာ ယခင် ကေနိပါတ်၌ကဲ့သို့ မဟုတ်တော့ဘဲ သံဂါယနာတင် အရှင်သူမြတ်တို့က တမျိုးတဖုံ စီစဉ်ထားလေသည်။

ကေနိပါတ်၌ ပါဝင်သောတရားများကို အုပ်စုဖွဲ့၍ တသန့်စီပြထား၏။ ဤဒုကနိပါတ်တွင်မူ အုပ်စုဖွဲ့ရှိသော မကလေတော့ဘဲ ပါဝင်သမျှတရားတို့ကို အစီစဉ်သစ်ပြုလျက် ငါးဆယ်တရစ်၊ ငါးဆယ်တရစ်အားဖြင့် သုံးရစ်ခွဲ၍ ပြထားပေသည်။

တရစ်တရစ်၌ ငါးဆယ် ဆိုသော်လည်း ရေတွက်၍လွယ်ကူအောင် အဓိကသချာအားဖြင့်သာ ဆိုခြင်းဖြစ်၏။ စင်စစ် အတိအကျဆိုလျှင်ကား....

၁။ ပထမပဏ္ဏာသက = ပထမအရစ်ငါးဆယ်၌ ၅၂၊

၂။ ဒုတိယပဏ္ဏာသက = ဒုတိယအရစ်ငါးဆယ်၌ ၆၆၊

၃။ တတိယပဏ္ဏာသက = တတိယအရစ်ငါးဆယ်၌ ၆၂၊

ဤသို့ အသီးသီး အစွန်းထွက်များရှိလေသည်။

အရစ်သုံးရစ်အနက် ပထမအရစ်၌ သုတ်ပေါင်းဆယ်သုတ်၊ အုပ်စုပေါင်း ငါးအုပ်စု ပါဝင်၏။ ဒုတိယအရစ်၌ သုတ်မပါ၊ အုပ်စုပေါင်း ငါးအုပ်စုသာပါဝင်၏။ တတိယ အုပ်စု၌ကား အုပ်စုပေါင်း ငါးခုနှင့် ပေယျာလ လေးမျိုး ပါဝင်လေသည်။

ဤဒုကနိပါတ်၌ သုတ်များပါဝင်လာခြင်း၊ ပေယျာလ လေးမျိုးပါဝင်လာခြင်းသည် ယခင် ဧကနိပါတ်ထက် ထူးခြားသည်ကို တွေ့ရ၏။ ဟောအပ်သောတရားများမှာလည်း အမျိုးပေါင်း (၇၆၁)မျိုးရှိသဖြင့် ဧကနိပါတ်ထက် ၁၅၀ မျှပိုလာသည်ကို တွေ့ရ၏။

ဒုကနိပါတ်၏ ဦးတည်ချက်ကား အမျိုးအစားချင်း မတူသော တရားနှစ်မျိုးကို ဦးတည်ထား၏။ ဆိုလိုသည်မှာ ဧကနိပါတ်၌ ဧကောဓမ္မော,ဆိုသည့်အတိုင်း တရားတထုံးတထုံးကို နိဂုံးချုပ်၍ ဟောဟောသွားတော်မူ၏။ ဤ၌ကား အမျိုးအစား

ချင်းမတူသော တရားနှစ်မျိုးကို ဒွန်တွဲလျက်၊ ဥပမာ- အဆိုးနှင့် အကောင်းကို တတွဲ၊ အဖြူနှင့်အမဲကိုတတွဲ၊ အနိမ့်နှင့်အမြင့်ကို တတွဲ၊ ဤသို့ စသည်တွဲလျက် ဒွိစုံ ဒွိစုံ ဟောတော်မူသွားသည်ကို တွေ့ရ၏။ တရားတထုံးကို ဖြစ်ရပ်နှစ်မျိုးပြိုင်တူ၊ ဝါ၊ မျဉ်းပြိုင်ဟောသော တရားများ့ဟု ဆိုလိုသည်။

ဟောတော်မူသည့် နေရာကိုကား ပြောင်းလဲသည်ကို မတွေ့ရ။ ယခင် ဧကနိပါတ်ကို ဟောတော်မူရာ ဇေတဝန်ကျောင်းတော်၌ပင် ဟောတော်မူသည်။

ထိုဇေတဝန်ကျောင်းတော်ကား.... "ကျောင်းဆောက်ရန်အတွက်"ဆိုသဖြင့် ဇေတမင်းသားမှာ မိမိပိုင် ခြံမြေဥယျာဉ်တော်ကြီးကို မရောင်းဘဲ မနေသာ၊ အနာထပိဏ်သူဌေးအား လေးဆယ့်ငါးကုဋေ အသပြာငွေဖြင့် ရောင်းလိုက်ခဲ့ရကြောင်း ကျမ်းဂန်တို့၌ ဆိုပေသည်။ အနာထပိဏ်သူဌေးသည် ထိုဇေတဥယျာဉ်၌ ကျောင်းဆောက်၍ ဘုရားအား လှူလေသည်။

ဘုရားသခင်သည် အနာထပိဏ်သူဌေး ဆောက်လှူအပ်သော ထိုကျောင်း၌ သီတင်းသုံးတော်မူလျက်မှ များစွာသောတရားတို့ကို ဟောတော်မူလေသည့် အနက်တွင် ဤဒုကနိပါတ်လာ တရားတော်များလည်း အပါအဝင် ဖြစ်လေသည်။

ဗုဒ္ဓမြတ်ဘုရား ဟောတော်မူအပ်သော တရားတော်များ အနက် ဤဒုကနိပါတ်တွင် မည်သည့်အမျိုးအစား တရားတော်များ ပါဝင်လေမည်နည်း။

---

စပယ်ဦးစာပေ

## (၁) ဝဇ္ဇသုတ်

သံဂါယနာတင် အရှင်တို့သည် ဤဒုကနိပါတ်ကို "အမှုလုပ်အုပ်စု"ခေါ် ကမ္မကရဏဝဂ်ဖြင့် ရှေးဦးစွာ ဖွင့်ကြ ကုန်၏။ ယင်းအုပ်စု၏ ပထမဆုံးသုတ်ကား ဝဇ္ဇသုတ် ဖြစ်လေသည်။ဤသုတ်တွင် လောက၌ ဖြစ်ရှိ,ကြုံတွေ့ရတတ်သည့် အပြစ်များ၊ ပြစ်မှုများကို ဖော်ပြထား၏။

ဤဝဇ္ဇသုတ်ကို စလျှင်စချင်း "လောကမှာ အပြစ်နှစ်မျိုး ရှိကြောင်း"၊တမျိုးမှာ လောကပြစ်, ဖြစ်၍ နောက် တမျိုးမှာ သံသရာပြစ်,ဖြစ်ကြောင်း ဗုဒ္ဓ ဟောတော်မူသည်ကို ရှေးဦးစွာ တွေ့ရပေသည်။

အပြစ်ဟူသည် အဘယ်မျှ ကြောက်စရာ၊ လန့်စရာ၊ထိတ်စရာ၊ နှလုံးတုန်၊ရင်ခုန်စရာ ကောင်းပါသနည်း။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက တိုင်းရင်းသား မြန်မာလူမျိုးတို့အား ဖက်ဆစ်ဂျပန် များ၏ ညှဉ်းပမ်းနှိပ်စက်ပုံ အမျိုးမျိုးအနက် ရေနွေးပူလောင်းခြင်း၊လက်သဲခွာခြင်းတို့ကို လွန်မင်းစွာ ကြောက်စရာ ကောင်းသည်ဟု ပြောကြ၏။

ဤဝဇ္ဇသုတ်၌ဗုဒ္ဓ ဟောကြား အပ်သော အပြစ် တို့ကား ဖက်ဆစ်တို့ကပင်သြချယူရလောက်အောင်ထိတ်ဘွယ်၊လန့်ဘွယ်၊ ကြက်သီးထဘွယ် ကောင်းပုံ၊ လူကိုလူက ညှဉ်းပမ်းနည်း မျိုးစုံ အဖုံဖုံတို့ကို သရုပ်ထင်ထင် ရုပ်ရှင်ရိုက်ပြ ထားသည့်ပမာ တွေ့မြင်ရ၏။ ဗုဒ္ဓက လူလူချင်း ညှဉ်းပမ်းနှိပ်စက်ချက်တို့ကို မည်သို့ ပြွက်ကြားတော်မူသွားလေသနည်း။

# ( ၁ )

"အို....ရဟန်းတို့၊ လောက၌ အပြစ်တို့သည်နှစ်မျိုးရှိကုန်၏။ မျက်မှောက်ဘဝ၌ပင် ခံစားအပ်သော လောကပြစ်က တမျိုး[၁]။ တမလွန် လောက၌ ခံစားအပ် လတံ့သော သံသရာ ပြစ်က တမျိုး [၂]။ ဤသို့အားဖြင့် နှစ်မျိုးဖြစ်ကုန်၏။"

"ရဟန်းတို့ အပြစ်၏အနှစ်သာရကို သင်တို့အား ငါ ပြအံ့။ ရှုလေကုန်လော့။ လောက၌ လူတယောက်သည် ရှိလေကုန်၏။ ထိုသူသည် ရှေ့တူရူသို့ အာရုံ စူးစိုက်စွာ ကြည့်နေရင်းမှ သူ၏ မျက်လုံးတို့သည် တဖြည်းဖြည်း ကြည့်ရင်း ကြည့်ရင်းမှပင် ပြူးပြူးလာကုန်၏။ထိုမျှမက ကြောက်ရွံ့ ထိတ်လန့်အောအမူအရာ များဖြင့် စိတ်၏ လှုပ်ရှားခြင်း တို့လည်း ဖြစ်လာကုန်လေ၏။ အဘယ့်ကြောင့် သင်တို့ထင်ကုန်သနည်း။

"အို....ရဟန်းတို့၊ ကြောက်ရွံ့လန့်ထိတ်၊ စိတ်၏လှုပ်ရှားခြင်း မဖြစ်ဘဲ ထိုသူနေနိုင်ပါမည်လော။ ထိုသူ၏ ရှုကွက် မျက်ဝါး ထင်ထင် မြင်တွေ့နေရသော အာရုံကား အသဲနှလုံး တုန်ဘွယ် ပေတကား။မင်းချင်း ယောကျာ်းတို့သည် ဖမ်းမိထားသောခိုးသူ အား ထိုသူ၏ မျက်မှောက်တွင် ခြေဖြင့် ကျောက်လိုကျောက် ကန်လိုကန် နှိပ်စက်သော ထိုသည့် ဒဏ်ချက်များကြောင့် ခိုးသူ ခမြာမှာ သွေးသံတရဲရဲနှင့် ရှိနေရှာ၏။ မင်းချင်း ယောကျာ်း တို့သည် ထိုခိုးသူအား....

(က) ကြိမ်ဖြင့်ရိုက်သူက ရိုက်ကြကုန်၏။
(ခ) ကြိုးဖြင့်ရိုက်သူက ရိုက်ကြကုန်၏။

---

၁။ ဒိဋ္ဌဓမ္မိကဝဇ္ဇံ။ ၂။ သမ္ပရာယိကဝဇ္ဇံ။

(ဂ) ဒုတ်တို့ဖြင့် နှက်သူက နှက်ကြကုန်၏။
(ဃ) 'သူ့ ဥစ္စာယူချင်အိုးဟဲ့'ဟူ၍ လက်ဖြတ်သူက ဖြတ်ပစ်ကုန်၏။
(င) 'သွားချင်အိုးဟဲ့'ဟူ၍ ခြေကို ဖြတ်သူက ဖြတ်ပစ်ကြကုန်၏။
(စ) 'ထောင်ချင်အိုးဟဲ့'ဟူ၍ နှာရှက်ကို ဖြတ်သူက ဖြတ်ပစ်ကြကုန်၏။
(ဆ) 'ရှူချင်အိုးဟဲ့' ဟူ၍ နှာခေါင်းကိုဖြတ်သူက ဖြတ်ကြကုန်၏။
(ဇ) ငယ်ထိပ်ကို ဖောက်ပြီး ရဲရဲတောက်ပူသော သံတွေခဲကို ညှပ်ဖြင့်ယူ၍ ဦးခေါင်းထဲထည့်ကာ ဦးနှောက်ပွက်လာအောင် ပုန်းရည်ကျိုသကဲ့သို့ ကျိုချက်သူက ချက်ကြကုန်၏။
(ဈ) ဦးခေါင်းကို အရေခွာပြီးလျှင် သေးချင်းချင်း ခဲနေသော ဦးခေါင်းပြောင်ကို ကျောက်စရစ်ခဲ၊သလဲများဖြင့် ခရုသင်း တိုက်သကဲ့သို့ ပွတ်တိုက်သူကပွတ်တိုက်ကြကုန်၏။
(ည) ပါးစပ်ကိုဖြဲ၍ သံချွန်ဖြင့် ထောက်ထားပြီးလျှင် နေ့လကို ရာဟု ဖမ်းစားသည့်အလား ပါးစပ်ထဲမီးထွန်းသူကထွန်း၏။
(ဋ) တကိုယ်လုံးကိုအဝတ်ဖြင့်ပတ်၊ဆီလောင်း၍မီးရှို့ကာ မီးပန်းသဖွယ် ပြုသူကပြု။
(ဌ) အချို့က လက်ကို အဝတ်ပတ်၊ ဆီလောင်း၍ မီးမြှိုက်သူကမြှိုက်။

---
စပယ်ဦးစာပေ

(ဍ) လည်ပင်းမှစ၍ အောက်သို့ အရေခွာချလိုက်ပြီးလျှင် လူကိုကြိုးဖြင့်ဆွဲသောအခါ ထိုခိုးသူသည် မိမိ အရေများကို နင်းမိတိုင်း လဲလဲသွားအောင်လုပ်သူကလုပ်။

(ဎ) လည်ပင်းမှ ခါးအထိ အရေကိုခွာ၊ ထိုနောက် ခြေကျင်းဝတ်မှအထက် ခါးအထိ အရေကို ခွာပြီးလျှင် အထက်အရေနှင့် အောက်အရေ များကို ကြိုးကျစ်သကဲ့သို့ ကျစ်သူကကျစ်။

(ဏ) ခြေလက်တို့ကို လေးဘောင်လေးဘက် မြေ၌ သံစို့နှက်၍ ကားကြက်သည့်နှယ် ကြက်ထားပြီးလျှင် သားကောင်ကို မီးကင်သည့်သဖွယ် ကင်သူကကင်။

(တ) အသားကို သံခြစ်ဖြင့်ခြစ်၍ တဖျစ်ဖျစ် ခွါသူကခွါ။

(ထ) အရှင်လတ်လတ်မှအသားတစ်များကို ကျပ်ပြားဝိုင်းခန့်လက်သီးဆုပ်ခန့် ဓားဖြင့်လှီး၍ ထစ်သူကထစ်။

(ဒ) လူ တကိုယ်လုံးကို သံဒုတ်ဖြင့် ငါးဖယ်တေတေအောင် ရိုက်နှက်ပြီးနောက် ဆပ်ပြာရေပက်၊ ဆယ်သွားသီးဖြင့်တိုက်ကာ တိုက်ကာ အရေအကြောတွေကွာအောင် ပွတ်သူကပွတ်။

(ဓ) မြေ၌ စောင်းလျက် အိပ်စေပြီး အပေါ်နားမှ အောက်ဖက်နားသို့ ပေါက်အောင် သံတံကျင်ဖြင့် ထိုးသူကထိုး။

(န) ကျိုက်ကျိုက်ဆူသော ဆီပူဖြင့် ပက်သူကပက်။

(ပ) နှစ်ရက်သုံးရက် အစာငတ်ထားပြီးမှ ထိုခိုးသူကို ခွေးစာကျွေးသူကကျွေး။

(ဖ) သံတံကျင် လျှိုသူကလျှို။

---

(ဗ) ခေါင်းကို သန်လျက်ဖြင့် ဖြတ်သူကဲဖြတ်။
စိတ်နှလုံး တုန်လှုပ်စရာ ဤသည့် ဖြစ်ရပ်များကို တွေ့မြင်ရလေသောအခါ ထိုသူသည် အဘယ်မှာလျှင်မရှိဘဲ၊ မကြောက်ဘဲ၊ မတုန်လှုပ်ဘဲ နေနိုင်ချေတော့မည်နည်း။
"အို....ရဟန်းတို့၊ ထိုအမနာပ ရှုကွက်ကို မြင်ရလေသော အခါ ထိုသူအား ဤသို့သောအကြံသည် ဖြစ်လာလေ၏။ "ငြော် မကောင်းမှု၏အပြစ်ဟာ တယ်ကြောက်စရာ ကောင်းပါကလား၊ လောလောလတ်လတ် မျက်မှောက်ဘဝမှာပင် မရှုမလှ ခံရပါကလား "ဟု ဤသို့တွေး၍ ရှုံ့လာပြီး "ငါတသက် မည်သည့်အခါမျှ မကောင်းတာမလုပ်"ဟူ၍ ဆုံးဖြတ်ကာ ကြဉ်ရှောင်လေ၏။
"ရဟန်းတို့၊ လောလောလတ်လတ် မျက်မှောက်ဘဝ၌ပင် ခံစားအပ်သော လောကအပြစ်ကား ဤသည်ပင်တည်း။"
မြတ်ဗုဒ္ဓသည် ရဟန်းတို့အား လောကပြစ်ကို ဤသို့ဟောပြတော်မူလေရာ ဤလောကပြစ်ကား ဖစ်ဆစ်တို့၏ ညှဉ်းပန်းနည်းထက်ပင် ရက်စက် ကြမ်းကြုတ်စွာဘိသည် တကား။ ထိုနောက် ဗုဒ္ဓသည် ရဟန်းတို့အား သံသရာပြစ်ကို ဆက်၍ ဟောတော်မူပြန်၏။
"အိုရဟန်းတို့၊သံသရာပြစ်ကို ငါဆိုဦးအံ့။ စူးစိုက်စွာ မှတ်သားနာယူလင့်ကြကုန်လော့။
"ရဟန်းတို့၊ ဆင်ခြင်ဥာဏ် အတော်အသင့် ရှိသူသည် ဤသို့ ဆင်ခြင်မိလေ၏။"ကိုယ်ဖြင့် ကာယကံမြောက် ကျူးလွန်မိသော အပြစ်၊ နှုတ်ဖြင့် ဝစီကံမြောက် ကျူးလွန်မိသောအပြစ်၊ စိတ်ဖြင့် မနောကံမြောက် ကျူးလွန်မိသောအပြစ်၊ ထိုအပြစ်

ဤအပြစ်များ၏ အကျိုးကား ယုတ်မာဘိစွ၊ ကြောက်မက်ဖွယ် လိလိ ဆင်းရဲဘိစွ၊ တမလွန်ဘဝ၌ မုချ ခံစားရမှာပါတကား။

"ငါတို့သည်လည်း ကံသုံးပါးတွင် တပါးပါးဖြင့် ကျူးလွန်မိခဲ့ချေသော် 'သေသည်၏အခြားမဲ့ ဘဝသစ်၌ အပါယ်လေးပါးသို့ မုချ လားရမှာပါတကား' ဤသို့ဆင်ခြင်မိလေ၏။ ထိုသူသည် ကျခံရမည့် သံသရာပြစ်ကို ကြောက်သောကြောင့် မကောင်းသော အပြုအမူ၊ အပြောအဆို၊ အကြံအစည်များမှ ရှောင်ရှားကာ ကာယသုစရိုက် = ကိုယ်ဖြင့်ပြုအပ်သော အကျင့်ကောင်းကို ပွားစေ၏။ ဝစီဒုစရိုက်ကိုရှောင်ကြဉ်လျက် ဝစီသုစရိုက်ကိုဆောင်၏။ မနောဒုစရိုက်ကိုရှောင်ကြဉ်လျက် မနောသုစရိုက်ကိုဖြည့်တင်း၏။ မိမိ၏ခန္ဓာကိုယ်ကောင်ကို စင်ကြယ်စွာဆောင်၏။

"ရဟန်းတို့၊ သံသရာပြစ် ဆိုသည်ကား ဤသည်ပင်တည်း။ ဤသို့အားဖြင့် အပြစ်တို့သည် နှစ်ပါးဖြစ်ကုန်သတည်း။

"ထို့ကြောင့်အိုရဟန်းတို့၊ သင်တို့သည် ဤသို့ကျင့်ကြလေကုန်၊ "ငါတို့သည်လောကပြစ်ကို ကြောက်ကြကုန်အံ့။ သံသရာပြစ်ကို ကြောက်သူများဖြစ်ကြကုန်အံ့။ ငါတို့သည် အပြစ်ကို ကြောက်သူများ၊ အပြစ်ဘေးကို မြင်သူများ ဖြစ်ကြကုန်အံ့" ဟု အမြဲနှလုံးသွင်းကာ ငါဆိုသည့်အတိုင်းသာ သင်တို့ ကျင့်ကြကုန်လော့။

"ရဟန်းတို့၊ "အပြစ်ကိုကြောက်သူ၊ သေဘေးကိုမြင်သူသည် အပြစ်ခပ်သိမ်းတို့မှ လွတ်မြောက်လတံ့" ဟူသော ဤအကျိုးကိုသာ မြော်ကိုးအပ်၊ တောင့်တအပ်၏ ဟု မိန့်တော်မူ၏။"

x x x

## ၂။ ပစ္စာနသုတ်

နှစ်ခု နှစ်မျိုး နှစ်စားကို ဒွက ဟုဆိုသည်။ ထို ဒွက ဆိုသော စကားနှင့် လိုက်ဖက်အောင် ယခင် ဝဇ္ဇသုတ်၌ လောကပြစ်နှင့် သံသရာပြစ် အပြစ်နှစ်မျိုးကို ဒွန်တွဲလျက် ဗုဒ္ဓ ဟောကြားတော်မူခဲ့၏။ ထို့အတူ ဤ ပစ္စာနသုတ်၌လည်း ဗုဒ္ဓသည် လူအလုပ်နှင့် ရဟန်းအလုပ်၊ အလုပ်နှစ်မျိုးကို ဒွိစုံအဖြစ် မျဉ်းပြိုင် ဟောကြားတော်မူသည်ကို တွေ့ရ၏။

အလုပ် ဆိုသည်မှာလည်း လူတို့၌သာ ရှိစကောင်း၊ ရအပ်စကောင်းသည်မဟုတ်။ တိရစ္ဆာန်တို့၌လည်းကောင်း၊ သက်မဲ့ဖြစ်သော သစ်ပင်တို့၌ လည်းကောင်း သဘာဝအလျောက် ရအပ်စကောင်းသည်သာဖြစ်သည်။

မှန်၏။ ကြက်များသည် နေ့ခင်း၌ တွန်ခြင်း မပြုလေဘဲ ညသန်းခေါင်ကျော် လင်းအားကြီး အချိန်ကျမှ တပြိုင်နက် ထ၍ တွန်ကျူးကြခြင်းကား ကြက်တို့၏ အလုပ်ပင်ဖြစ်သည်။ ထို့ အတူပင် ကျွဲများသည် နေ့စဉ် ညှ ထဲဆင်း၍ လူးလူးပေးရခြင်းမှာလည်း ကျွဲတို့၏ အလုပ်ဟူ၍ပင် ဆိုရမည်ဖြစ်သည်။

ထိုမှတပါး သစ်ပင်များကို ကြည့်လျှင်လည်း 'ရာသီမသိ ပန်းနှင့်ညို'ဟူ၍ပင် လူတို့က ဆိုစမှတ် ပြုကြရကုန်သည်။ သီးချိန်တန်လျှင် သီး၍ ပွင့်ချိန်တန်လျှင်ပွင့် ရင့်ချိန်တန်လျှင်ရင့် ရင့်ပေးကြရသည်မှာ သစ်ပင်တို့၏ အလုပ်ပင် ဖြစ်လေသည်။

ဤသုတ်၌ ဗုဒ္ဓသည် အလုပ်နှစ်မျိုးကို ဒွန်တွဲ၍ ဟောတော်မူသွားပေသည်။ လူမှာလည်း လူ့အလျောက် လူ့အလုပ် ရှိသကဲ့သို့ ရဟန်းမှာလည်း ရဟန်းအလျောက် ရဟန်းအလုပ်

များရှိကြောင်းကို ပဓာနထား၍ ဟောကြားတော်မူ၏။ အလုပ်ဆိုသော်လည်း လူတိုင်း လူတိုင်း၊ ရဟန်းတိုင်း ရဟန်းတိုင်း ပြုနိုင်စွမ်းသော အလုပ်မျိုး မဟုတ်ဘဲ အင်မတိအင်မတန် စေတနာ ခေါတ်ခံရှိသော သမ္မာရင့် ဝါရင့် ပုဂ္ဂိုလ်များသာ စွမ်းစွမ်း တမန် ပြုလုပ်ရသည့် အလုပ်မျိုးကိုသာ ဟောကြားတော်မူသို ရင်းဖြစ်၏။ ထိုအလုပ်နှစ်မျိုးကို မျှဉ်းပြိုင်ပြု၍ ဗုဒ္ဓက မည်သို့ ဟောတော်မူသွားသည် ထင်သနည်း။

"အို....ရဟန်းတို့၊ လောက၌ တော်တော်နှင့် ဖြက်ခပါဘို့ မလွယ်ကူသော ခဲခဲယဉ်းယဉ်း ကြိုးစားပမ်းစား အားထုတ်ယူရသော ပဓာနအလုပ် နှစ်မျိုး ရှိပေသည်။တမျိုးကား လူ့အလုပ်၊ နောက်တမျိုးကား ရဟန်းအလုပ်။ ဤသို့အားဖြင့် ပဓာနအလုပ် နှစ်မျိုးရှိ၏။

"ရဟန်းတို့၊ လူဖြစ်သည်ချင်း တူကြသော်လည်း 'အလှူရေစက် လက်နှင့်မကွာ' ဆိုသော လူတန်းစားမျိုးကား လွန်စွာ ရှားလှ၏။ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး ဤလေးပါးသော ပစ္စည်းတို့သည် ရဟန်းသုံး ပစ္စည်းများ ဖြစ်ကုန်၏။ အိမ်ပိုင်ရှင် အမည်ခံနေသော လူပုဂ္ဂိုလ်သည် ယင်း ရဟန်းသုံး ပစ္စည်းလေးပါးတို့ကို မဖြစ်လျှင် ဖြစ်အောင်၊မပြောက်လျှင် ပြောက်အောင် ထက်သန် စေတနာ အရင်းခံလျက် လှူခြင်းဟူသော ပဓာန အလုပ်သည် လူ့အလုပ်ဖြစ်၏။

"ရဟန်းတို့၊ လူ့ဘောင်ကို ရှောင်ခွာလျက် သာသနာ့ဘောင် တွင်းသို့ ဝင်ရောက်လာသော ရဟန်းတိုင်း ရဟန်းတိုင်းသည်

၁။ ဒုရဘိသမ္ဘဝါနိ လောကသ္မိံ။

"တရားကို ပေါက်မြောက်အောင် အားထုတ်မည်" ဟူသော ရှယ်စူးချက် ရှိသူများ ဖြစ်ကြသည်။ ဥပဓိ ခပ်သိမ်းတို့မှ လွတ်ကင်းရာဖြစ်သော နိဗ္ဗာန်အကျိုးငှာ မတွန့်မဆုတ် အားထုတ် ကြိုးစားခြင်းဟူသော ပဓာန အလုပ်မျိုးကား ရဟန်းအလုပ် ဖြစ်၏။

"ရဟန်းတို့၊ ပဓာနကျသော အလုပ်သည် ဤသို့အားဖြင့် နှစ်မျိုးနှစ်စား ရှိသတည်း။

"အို....ရဟန်းတို့၊ ဤပဓာနအလုပ် နှစ်မျိုးအနက် နိဗ္ဗာန်ကို ရှယ်စူးဦးတိုက်၍ အားထုတ် ကြိုးစားခြင်းအလုပ်ကား အမြတ်ဆုံး အလုပ်ဖြစ်၏။

"ထို့ကြောင့် ရဟန်းတို့၊ သင်တို့သည် ဤသို့ကျင့်ကြလေကုန်။ "ငါတို့သည် ဥပဓိ ခပ်သိမ်းတို့မှ ကင်းလွတ်ရာ နိဗ္ဗာန် အကျိုးငှာ အားထုတ်ကြကုန်အံ့၊ အားထုတ်သူများ ဖြစ်ကြကုန်အံ့" ဟု ဤသို့ နှလုံးသွင်းလျက် ကျင့်ကြလေကုန်၊ အားထုတ်ကြလေကုန်ဟု မိန့်တော်မူ၏။"

× × ×

## ၃။ တပနီယသုတ်

တပ သဒ္ဒါသည် အပူဟူသောအနက်ကိုဟော၏။ ဣယပစ္စည်း သက်၍ တပနီယ-ဟူ၍ဖြစ်လာသောအခါ အပူရှိသူ၊ အပူကောင် ဟူသော အနက်ထွက်လာသည်။

ဤသည်ကိုထောက်ခြင်းအားဖြင့် တပနီယသုတ်၏ ဟောလိုရင်းသဘောအချက်ကို မျက်မှန်းတန်းမိတန်ရာပါသည်။ "ငယ်က

ပညာ မသင်ရှာ၊ ကြီးခါနောင်တ၊ ရှိတတ်စွ”ဟု ဆိုစကား ရှိ၏။

ဤ၌ နောင်တ,သည် အပူပင်ဖြစ်၏။ “ငါငယ်ငယ်ကပညာ မသင်ခဲ့မိလေခြင်း”ဟု စိတ်ထဲ၌ တအုံ့နွေးနွေးဖွဲ့မီးကဲ့သို့ တငွေ့ ငွေ့လောင်နေသည်ကို နောင်တ,ဟုဆိုသည်။

ဤတပနီယသုတ်၌ဗုဒ္ဓသည် တပ-ဟူသော နောင်တ,တရားကို လုပ်ဆောင်ချက် အနက်နှစ်မျိုးဖြင့် ခွန်တွဲလျက်ဟောကြားသွား သည်ကို တွေ့ရ၏။

ဤသုတ်၌ တပ-အရ အဘယ်ကို အပူ,ဟု ဗုဒ္ဓ ဟောတော် မူလေသနည်း။

“အို... ရဟန်းတို့၊ စိတ်နှလုံး လောင်မြိုက်အောင် အပူတိုက် တတ်သော တရားနှစ်စားရှိ၏။ ယင်း နှစ်စားကား အဘယ် နည်း။

“ရဟန်းတို့၊ လောကအသွင်ကို မြင်အောင် ရှုကြစမ်းလော့။ လူအချို့သည် ကိုယ်ဖြင့်လည်းကောင်း၊နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း ဒုစရိုက်မှုကိုပြု၏။ သုစရိုက်မှုမျိုးကား ယောင်မှား၍မျှ မပြုမိလေ။ ထိုသူသည် တချိန်သောအခါတွင် “ငါ ဒုစရိုက်မှုကို ပြုမိလေခြင်း”ဟူ၍ နောင်တတဖန်ပူပန်ခြင်း ဖြစ်လာ၏။ “ငါ သုစရိုက်မှုမျိုးကို မပြုမိခဲလခြင်း” ဟူ၍လည်း နောင်တ,တဖန်ပူပန်ခြင်းဖြစ်လာ၏။

“ရဟန်းတို့၊ စိတ်နှလုံး လောင်မြိုက်အောင် အပူတိုက်တတ် သော တရားဟူသည် ဤနှစ်ပါး ပင်တည်း”ဟု ဟော တော် မူ၏။

---

ဝေယံဦးတာဝ

မကောင်းတာကို လုပ်မိသည့် အတွက် ပူရ ပင်ရသော အပူ နောင်တ,က တမျိုး။ ကောင်းတာကို မလုပ်ခဲ့မိသည့် အတွက် ပူရသော အပူ-နောင်တ,က တမျိုးဟု ဆိုလိုသည်။

အပူကို ချိန်ခွင်လျှာသဏ္ဍာန် အလယ်၌ထားလျက် ပြုမိလေခြင်းကတဖက်၊ မပြုမိလေခြင်းကတဖက်၊ ချိန်ခွင်ထဲထည့်ကာ ချိန်စက်၍ ဟောသောတရား-ဟူ၍ ဆိုနိုင်ပေသည်။

× × ×

## ၄။ အတပနီယသုတ်

ဤ အတပနီယသုတ်ကား ယခင် တပနီယသုတ်,ကို ပြောင်းပြန်လှန်၍ ဟောသောသုတ်ဖြစ်၏။ တနည်းအားဖြင့်အပူတရားတတွဲမှ မပူတရား၊ ဝါ၊ အအေးတရား တတွဲကိုဆက်၍ ဟောခြင်းဖြစ်၏။ မပူတရား၊ ဝါ၊ သောက ကင်းဝေး စိတ်အေးချမ်းသာရာ တရားကို အဘယ်သို့ ဟောကြားတော်မူသည် ထင်သနည်း။

"အို....ရဟန်းတို့၊နှလုံးစိတ်ဝမ်းရေစင်ဖြင့် ဆွတ်ဖျန်းသကဲ့သို့ အေးချမ်း သွားစေတတ်သော တရားလည်း နှစ်မျိုးနှစ်စား ရှိချေ၏။ ထိုနှစ်မျိုးကား အဘယ်နည်း။

"ရဟန်းတို့၊ လူအချို့သည် ကိုယ် နှုတ် နှလုံး သုံးပါးစလုံးဖြင့် သုစရိုက် မှုများကိုသာ ပြုလာခဲ့၏။ ဒုစရိုက် အားလုံးကို ရှောင်၏။ ထိုသူကား ကောင်းမှုကိုသာ ပြုခဲ့လေ သောကြောင့် နောင်တ,တဖန် ပူပန်ခြင်းမှ ကင်းလေ၏။ မကောင်းမှုကိုရှောင်ခဲ့လေသောကြောင့်လည်း နောင်တ,တဖန်ပူပန်စရာဟူ၍ ဘာမျှမရှိ ဖြစ်၏။

"ရဟန်းတို့၊ ပူပန်ခြင်းကင်း၍ နှလုံးစိတ်ဝမ်းချမ်းသာ စေတတ်သော တရားကား ဤနှစ်ပါးပင် ဖြစ်သတည်း"ဟု မိန့်တော်မူ၏။

× × ×

## ၅။ ဥပညာတသုတ်

"ကြိုးစားက ဘုရားဖြစ်နိုင်၏"ဟူသော စကားပုံသည် ဤသုတ်မှ မြစ်ဖျားခံရိပ်ထင်၏။ အဘယ်ကြောင့်ဆိုသော် .. သွေးပူလို့လ ကြိုးစားခြင်း အရင်းခံလျက် အထွဋ်အထိပ်သို့ ရောက်အောင် ဤသုတ်က လမ်းညွှန်ပို့ဆောင်ထားသောကြောင့်ဟု ဆိုနိုင်ပေသည်။

ဤသုတ်၌ တရားနှစ်မျိုးကို ဒွန်တွဲထားခြင်းမှာ ယခင်တရားများနှင့်စာသော် ဆန်းနေသယောင်ယောင် ထင်ရသည်။ ဤသုတ်မှ ထွက်လာသည့် တရားနက်များမှာလည်း လျှမ်းလျှမ်းတောက် အံ့ဘနန်းပင် ဖြစ်နေသည်ကို တွေ့ရ၏။

မည်သည့်အလုပ်မျိုးကို လုပ်သည်ပင် ဖြစ်စေ ဤသုတ်ကို စံထားလျက် ဤသုတ်၌ပါရှိသည့် ဩဝါဒများအတိုင်း လိုက်နာကျင့်သုံး သွားနိုင်မည်ဆိုပါက မှချအောင်မြင်မှု ကျွန်းညိုသို့ ကွန်းခိုနိုင်မည်ဖြစ်၏။ ဗုဒ္ဓသည် ဤသုတ်၌ မည်သည့် အမျိုးကို မည်သို့ ဟောတော်မူမည် ထင်သနည်း။

"အို....ရဟန်းတို့၊ ကုသိုလ်ကောင်းမှု ကောင်းသော အလုပ်မျိုးကို လုပ်ရာ၌ အားမရနိုင်၊ မရောင့်ရဲနိုင်ခြင်း၊ အလုပ်ကို ကြိုးစားလုပ်ကိုင်ရာ၌ အဆီးအတားမရှိ၊ ဟန့်တား၍ မရခြင်း၊

ဤတရားနှစ်မျိုးတို့၏ဂုဏ်ကျေးဇူးအထူးကို ငါမှာကပ်၍ သိထင်မြင်လာပြီ။

"ရဟန်းတို့၊ဆီး၍မနိုင် တား၍မရသော သွေးပူလုံ့လအရှင်းခံလျက် သဗ္ဗညုတဉာဏ်ကို ရရှိရေးအလုပ်ကို ငါလုပ်လာခဲ့၏။ ငါ့အသားအရေတွေ စုတ်ချင်စုတ်သွားပါစေ၊ ငါ့အကြောတွေ ပြတ်ချင် ပြတ်ကုန်ပါစေ၊ ငါ့အရိုးတွေ ကျိုးချင် ကျိုးကုန်ပစေ၊ ငါ့တကိုယ်လုံး အရိုးနှင့်ပြိုင်းပြိုင်းသာ ကျန်ချင်ကျန်ပစေ၊ ငါ့အသွေးတွေ ခန်းချင်ခန်းခြောက်ကုန်ပစေ ယောကျ်ားမြတ်တို့၏ စွမ်းအား၊ ယောကျ်ားမြတ်တို့၏ဇွဲလုံ့လ၊ ယောကျ်ားမြတ်တို့၏ လှုပ်ရှားရုန်းကန်မှုဖြင့် ရအပ် ရောက်အပ်သော နိဗ္ဗာန်အရပ်သို့ မရောက်မချင်း ငါမလျှော့"ဟူသော ဇွဲမျိုးဖြင့် ငါကြိုးစားခဲ့၏။

"ရဟန်းတို့၊ငါသည် ဤသို့မမေ့မလျှော့သော ဇွဲလုံ့လမျိုးဖြင့် အရိုးကြေကြေ၊ အရေစုတ်စုတ်၊ မဆုတ်မနစ် ကြိုးစားလာခဲ့သောကြောင့်သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းရအပ်ခဲ့ပြီ။ ယောဂတို့၏ ကုန်ဆုံး နိဂုံးချုပ်ရာ နိဗ္ဗာန်ကိုလည်း ရအပ် ရောက်အပ် မျက်မှောက်ပြုအပ်ပေပြီ။

"အို....ရဟန်းတို့၊ သင်တို့သည်လည်း ငါနှယ် ကြိုးစားကြကုန်လော့။ မဆုတ်မနစ်သောဇွဲဖြင့် အားထုတ်ကြကုန်လော့။ အမြိုက်နိဗ္ဗာန်ကို ရှယ်စူးဦးခိုက်လျက် လူ့ဘောင်ကို စွန့်ခွာခဲ့ကြပြီ၊ ငါ၏ သာသနာတွင်းသို့ ရဟန်းပဥ္စင်းအဖြစ် ရောက်ရှိလာကြကုန်သော သင်တို့သည် မကြာမြင့်မီ ကာလအတွင်း ထူးသော တရားတို့ကို ကိုယ်တိုင်သိကာ မျက်မှောက်ပြုလျက် နေကြရကုန်လတံ့။

---

ဝယ်ဉ်းစာဆ

"ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဤသို့ ကျင့်ကြလေကုန်။ စိတ်၌ခိုင်မြဲစွာ နှလုံးပိုက်သွင်းထားကြလေကုန်။ "ငါတို့အရေတွေ စုတ်ချင်စုတ်ကုန်ပါစေ၊ ငါတို့အကြောတွေ ပြတ်ချင်ပြတ်ကုန်ပါစေ၊ငါတို့အရိုးတွေကျိုးချင်ကျိုးကုန်ပါစေ၊ တကိုယ်လုံးတွင် အရိုးပြိုင်းပြိုင်းနှင့် ဖြစ်ချင်ဖြစ်ကုန်ပါစေ၊ အသွေးတွေ ခန်းချင်ခန်းခြောက်ကုန်ပါစေ၊ ယောကျ်ားမြတ်တို့၏ အစွမ်း၊ ယောကျ်ားမြတ် တို့၏ ဝီရိယ၊ ယောကျ်ားမြတ်တို့၏ လုပ်ရှားရုန်းကန်မှုဖြင့် ရအပ် ရောက်အပ် မျက်မှောက် ပြုအပ်သော နိဗ္ဗာန်ကို မရမချင်း ငါတို့မလျှော့"ဟု ဤသို့သော ဇွဲမျိုးထားကာ ကြိုးစား၍ ကျင့်ကြလေကုန်,ဟု မိန့်တော်မူ၏"

ဤတရားကား စိတ်ဓာတ်မခိုင် ခဏခဏယိုင်ချင်သူ, ကြိုးစားမှုနည်းသူ, ဇွဲမရှိသူ, ခံနိုင်ရည်မရှိသူတို့အတွက် ဗုဒ္ဓ၏ ဆေးစွမ်းကောင်း အားဆေးတလက်ပင်တည်း။

× × ×

## ( ၆ ) သညောဇနသုတ်

ဤသုတ်၌ ဟောအပ်သော တရားကား 'ပြုံးတလှဲ့ မှုန်းတလှဲ့' ဆန်ဆန်ဖြစ်သည်ကို တွေ့ရ၏။ သံယောဇဉ်ကို အလယ်ဗဟိုဌ်ထားလျက် တဖက်တွင် အပြုံး၊ တဖက်တွင်အမုန်း၊ ဤတရားနှစ်ပါးကို သျှောင်ထုံးသည့်သဘွယ် ဒွန်တွဲ၍ ဟောထားပေသည်။

သံယောဇဉ်ကိုအခြေခံလျက်၊ ဝါ၊ သံယောဇဉ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာတတ်သော၊ ဖြစ်ပေါ်လာနိုင်စရာ ရှိသော ဖြစ်ရပ်များကို သုံးသပ်၍ ဟောအပ်သော တရားဖြစ်၏။ ဗုဒ္ဓသည် ရဟန်းတို့အား ဤတရားကို မည်သို့ ဟောတော်မူခဲ့လေသနည်း။

"အို....ရဟန်းတို့၊ လောက၌ ဤတရားနှစ်မျိုးသည် ရှိ၏။ တမျိုးကား သံယောဇဉ်ကို ခင်တွယ်သောတရား၊ နောက်တမျိုးကား သံယောဇဉ်ကို ငြီးငွေ့သော တရားပင် ဖြစ်၏။

"ရဟန်းတို့၊ သံယောဇဉ်တရားတို့၌ သာယာဘွယ်၊ နှစ်သက်ဘွယ်၊ မြတ်နိုးဘွယ် ဟူ၍ သံယောဇဉ်ကို လက်မလွှတ်နိုင်ဘဲ ကျားပိန်တွယ်သည့်နှယ် တွယ်ဖက်နေသူသည် ရာဂ ကိုလည်း မစွန့်နိုင်၊ ဒေါသကိုလည်း မပယ်နိုင်၊ မောဟကိုလည်း မခွာနိုင်။ ထိုသည့် ရာဂ,ဒေါသ,မောဟတို့ကို မစွန့်နိုင်,မပယ်နိုင်, မခွာနိုင်လေသမျှ ပဋိသန္ဓေရခြင်း ဇာတိမှ လွတ်နိုင်မည်မဟုတ်၊ အိုရခြင်း, သေရခြင်း, စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေးရခြင်း, ဆင်းရဲခြင်းတို့မှ၎င်း၊ စိတ်နှလုံး မသာယာခြင်း,ပြင်းစွာ ပူပန်ရခြင်းတို့မှ၎င်း လွတ်နိုင်မည်မဟုတ် ဟု ငါဆို၏။

"ရဟန်းတို့၊ သံယောဇဉ်တရားတို့၌ ခင်တွယ်စရာမမြင်၊ မီးပုံကြီးများအလားထင်၍ ရှုပွားနေသူသည်ကား ရာဂ ကိုလည်း ပယ်နိုင်၏။ ဒေါသ ကိုလည်း ခွာနိုင်၏။ မောဟကိုလည်း စွန့်နိုင်၏။ ထိုသည့် ရာဂ,ဒေါသ,မောဟတို့ကို ပြတ်ပြတ်သားသား ဖြတ်တောက်နိုင်၊ စွန့်ခွာနိုင်သည်ရှိသော် ပဋိသန္ဓေ နေရခြင်း၊ ဇာတိဒုက္ခမှလည်း လွတ်လေ၏။ အိုရခြင်း ဇရာဒုက္ခ, သေရခြင်း

မရဏဒုက္ခ, စိုးရိမ်ရခြင်း သောကဒုက္ခ, ငိုကြွေးရခြင်း ပရိဒေဝဒုက္ခ စသော ဆင်းရဲခပ်သိမ်းတို့မှ ကင်းလုံးကျွတ် လွတ်လေ၏။

"ရဟန်းတို့၊ တရားနှစ်ပါးဟူသည်ကား ဤတရားများပင်တည်း"ဟု မိန့်တော်မူ၏။

× × ×

## ( ၇ ) ကဏှသုတ်

ဤသုတ်၌ စိတ်မိုက်, စိတ်ရိုင်း, စိတ်ညစ်ကို မည်းနက်နက်မဲချိတ်ချိတ် အရောင်ပုပ်နှင့် တင်စားထားသည်ကို တွေ့ရ၏။ အရှက်နှင့်အကြောက်ကို လောကပါလ(လောကကိုစောင့်သော) တရားနှစ်ပါးဟု ဆိုသည်။ အရှက်မရှိသူကို "ရှက်ကြောပြတ်" ဟူ၍လည်း ဆိုကြသေးသည်။

အရောင်အမျိုးမျိုးရှိလေသည်တွင် အမဲရောင်သည် အမှောင်ဆုံးဖြစ်၏။ အလင်း အမှောင် ဆို ရာ၌ လည်း အ မှောင်ကို အကောင်းဘက်၌ ထား၍ ဆိုလေ့မရှိကုန်။

ဗုဒ္ဓသည် ရဟန်းတို့အား အမှောင်တရားနှစ်မျိုးကို ဟောတော်မူခဲ့သည်ဖြစ်ရာ ထိုအမှောင်တရားကား အဘယ်ကို ဆိုလေသနည်း။

"အို....ရဟန်းတို့၊ အမှောင်မဲနက်သော တရားနှစ်ပါးရှိ၏။ တမျိုးကား အဟိရိ-အရှက်မရှိခြင်း၊ တမျိုးကား အနောတ္တပ္ပ-အကြောက်မရှိခြင်း ဖြစ်၏။ ဤနှစ်ပါးကား အမဲ အနက်, အမှောင်တရားများသာတည်းဟု ဟောတော်မူ၏။

× × ×

## (၇) သုက္ကသုတ်

ကဏှ-သဒ္ဒါသည် အမဲ၊အမှောင်၊မည်းနက်သော အရောင်ကို ဟော၏။ ယင်း အမဲ၊ အမှောင်ကို ပြောင်းပြန်လှန်လိုက်သော်.... အမှောင်၏ဆန့်ကျင်ဆက် အဖြူ ဟူသောအနက်ထွက်လာ၏။

ယင်း အဖြူဟူသောအနက်ကို သုက္ကသဒ္ဒါက ဟောလေရာ ဤသုတ်သည် သုက္ကသုတ် ဖြစ်သောကြောင့် အဖြူတရား ဖြစ်ကြောင်းကို ရိပ်စားမိနိုင်ပေသည်။

အဘယ်တရားမျိုးကို ဗုဒ္ဓက အဖြူ ဆိုတော်မူလေသနည်း။

"အို-ရဟန်းတို့၊ အဖြူတရားသည် နှစ်မျိုး နှစ်စား ရှိ၏။ တမျိုးကား ဟိရီ-အရှက်၊နောက်တမျိုးကား ဩတ္တပ္ပ-အကြောက် ဖြစ်၏။အဖြူ ဟူသည်ကား ဤတရားနှစ်ပါးပင်တည်း"ဟု ဟောတော်မူ၏။ မကောင်းမှု ပြုရမှာကို ရှက်၊ မကောင်းတာပြုရမှာကို ကြောက် ဟု ဆိုလိုသည်။

× × ×

## (၈) စရိယသုတ်

ဤသုတ်ကား ကိုယ်ကျင့်တရားကိုပြသော သုတ်ဖြစ်၏။ ဤ ကိုယ်ကျင့်တရား များက စောင့်ထိန်း ချုပ်ကိုင်ထားလေသော ကြောင့်သာ လောကကြီးသည် တင့်တောင့် တင့်တယ် ကြည်ညို စဘွယ် ဖြစ်၍နေသည်ဟု ဆိုပုံကိုတွေ့ရ၏။

တနည်းအားဖြင့် အထက်ပါ သုက္ကသုတ်၏ ဆိုလိုချက်အနက် အဓိပ္ပါယ်ကို ဤစရိယသုတ်က အကျယ်တဝင့် ဖွင့်ပြသည် ဟူ၍ လည်း ဆိုနိုင်၏။ ထိုအချက်ကို ဗုဒ္ဓ မြွက်ကြားသွားတော်မူသည် ကား....

---

"အို-ရဟန်းတို့၊ဤ အဖြူတရားနှစ်မျိုးတို့သည် လောကကို (စောက်ထိုးမိုးမျှော် ဖြစ်မသွားအောင်) စောင့်ထိန်း ချုပ်ကိုင်ထားကုန်၏။ တမျိုးကား ဟိရီ-အရှက်၊ နောက်တမျိုးကား ဩတ္တပ္ပ-အကြောက် ဖြစ်၏။

"ရဟန်းတို့၊အကယ်၍သာ ဤ ဟိရီ-ဩတ္တပ္ပ အဖြူတရား နှစ်ပါးက လောကကို စောင့်ထိန်းချုပ်ကိုင်၍ မထားခဲ့သော် အမိ ဟူ၍လည်း သိတော့မည်မဟုတ်။ မိကြီး မိထွေး ဟူ၍လည်း သိတော့မည်မဟုတ်။ ဆရာ့မယား၊ အရှင်သခင်၏ မယား ဟူ၍ လည်း သိတော့မည်မဟုတ်။ လောကသည် ဆိတ်များ၊ ကြက်များ၊ဝက်များ၊ အိမ်ခွေး တောခွေးများကဲ့သို့ ရောထွေး;စပ်ရှက်ခြင်းဖြစ်သွားလတံ့။

"ရဟန်းတို့၊ဤဟိရီ၊ဩတ္တပ္ပ အဖြူတရားနှစ်ပါးက လောကကို (အုတ်အရောရော ကျောက်အရောရော ဆိုသကဲ့သို့ဖြစ်မသွားအောင်) စောင့်ထိန်း ချုပ်ကိုင်ထားခဲ့ပေသောကြောင့်သာ အမိ ဟူ၍ရင်း၊ မြိကြီး မိထွေး ဟူ၍ရင်း၊ ဆရာ့ဇနီး ဟူ၍ရင်း၊ အရှင်သခင်၏ ဇနီးဟူ၍ရင်း သိသာထင်ရှားနေခြင်းဖြစ်သတည်း" ဟု မိန့်တော်မူ၏။

× × ×

## (၁၀) ဝဿူပနာယိကသုတ်

ဤသုတ်ကား ရဟန်းသံဃာတို့နှင့်သာ ဆိုင်သော သီးခြားသုတ်ဖြစ်၏။ ဝါဆိုဝါကပ်ခြင်း နှစ်မျိုးရှိကြောင်းကို ဒုက အဖြစ်ဖော်ထုတ်မြွက်ကြားသောသုတ် ဖြစ်လေသတည်း။

"ရဟန်းတို့၊ (ရဟန်းတို့အနေဖြင့်) ဝါဆိုခြင်းသည် နှစ်မျိုး ရှိ၏။တမျိုးကား ပုရိမဝါ၊နောက်တမျိုးကား ပစ္ဆိမဝါဖြစ်၏" ဟု မိန့်တော်မူ၏။

(မှတ်ချက်။ ။ဝါဆိုလပြည့်ကျော်တရက်နေ့၌ ကပ်သောဝါကို ပုရိမဝါ၊ ဝါခေါင်လပြည့်ကျော် တရက်နေ့၌ ကပ်သော ဝါကို ပစ္ဆိမဝါဟု ခေါ်၏။

× × ×

## (၂)အဓိကရဏဝင်

ငြင်းခုန်မှုအုပ်စု (အဓိကကရဏဝဂ်) သို့ ရောက်လျှင် ရှေး ဦးစွာ "အား"ကို တွေ့ရ၏။ ဤအုပ်စုကို အား့ဖြင့် စထား လေသည်။ အား့နှင့်ပတ်သက်သော အကြောင်းအချက်လက် များသည် ဤအုပ်စု၏ မုခ်ဦးပင်ဖြစ်သည်။

အား့နှင့်ပတ်သက်၍ အား့သည် အလွန်အရေးပါ အရာ ရောက်ကြောင်းကို ဖွင့်ဆိုသောစကား များစွာရှိ၏။ 'သံဃာ့ အားကို ဘုရားမဆန်သာ'ဟူ၍လည်း ဆိုသည်။ ဘုရားသခင် ကိုယ်တော်အရှင်မြတ်ကြီးသည်ပင် မလွန်ဆန်နိုင်လောက်အောင် လွန်စွာထိရောက် ကြီးမားလှသော အား့ဟု ဆိုခြင်းပင်တည်း။

ထိုမှတပါး ကာယအား၊ ဉာဏအား၊ လုပ်အားဟူ၍ရင်း၊ အားမတန် မာန်လျော့၊ လူထုအားကို အများကြီးလိုသည် ဟူ၍ရင်း၊ အားမွေးသည်၊ အပေးသည်၊ အားပြုသည်၊ အား

တင်းသည်။ အားပြော့သည် ဟူ၍၎င်း၊ ဆိုကြသော ထိုထိုအား စကား၊ အားသံများသည်လည်း အား,ကို ဦးတိုက်သည့် စကား သံများသာ ဖြစ်ပေသည်။

ဤအုပ်စု၌ ဗုဒ္ဓသည် အကြောင်းဟူရာ အချက်အလက် (၂၂) မျိုးဒွန်တွဲလျက် ဒွိစုံဒွိစုံ မြင်းပြိုင် ဟောကြားသွားတော် မူသည်ကို တွေ့ရပြီး ရှေးဦးစွာ ဟောအပ်သောတရာကား အထက်၌ ဆိုခဲ့သောအတိုင်း "အားတရား" ဖြစ်လေသည်။

ယခင် ကမ္မကရဏအုပ်စု၌ ပြုလုပ်မှု အလုပ်တရားကို ဟော ကြားတော်မူခဲ့ပြီးသည့်နောက် တဆက်တည်းပင် ဤအုပ်စု၌ အား,တရားကို ဟောတော်မူခြင်းမှာ အလုပ်နှင့်အား, ဆက် စပ်မှုရှိ၏။ အလုပ်ကို အားဓာတ်ဖြင့် ဖြည့်တင်းပေးခြင်းဟု ဆိုနိုင်ပေသည်။

သို့သော် ထိုအား,ကို ကြည့်ဘို့၊ သိဘို့ လိုအပ်ပေဦးမည်။ ဗုဒ္ဓသည်ကား ကာယအားသမား,မဟုတ် ဉာဏအားသမားကြီး ပေတကား။ ဗုဒ္ဓလိုချင်သောအား, မွေးမြူစေလိုသောအားကား အဘယ်အားမျိုး ဖြစ်လေမည်နည်း။ ကာယအားတရားကိုပင် ဟောလေမည်လော၊ သို့မဟုတ် ဉာဏအားတရားကိုပင် ဟော တော်မူလေမည်လော။

(၁)

"အို....ရဟန်းတို့၊ အား,သည် နှစ်မျိုးနှစ်စားရှိ၏။ ယင်း နှစ်ပါးကား ဆင်ခြင်ခြင်းအားတမျိုး[၁]၊ ပွားများခြင်း အဖန်ဖန် အလေ့အလာပြုခြင်း အား,တမျိုး[၂] ဤသို့အားဖြင့် အားသည် နှစ်မျိုးနှစ်စားရှိသတည်း။"

၁။ ပဋိသင်္ခါနဗလ၊ ၂။ ဘာဝနာဗလ၊

ဤတရားသည် ဤအဓိကျရဏအုပ်စု၏ ပွဲဦးထွက် မုခ်ဦးတရား ဖြစ်လေသည်။ ဆင်ခြင်ခြင်း၊ ပွားများခြင်းတို့ကား ကာယ အလုပ်မဟုတ် ဉာဏအလုပ်များသာ ဖြစ်၏။ ယင်းသည့် ဆင်ခြင် ခြင်း၊ ပွားများခြင်း၊ အလုပ်စခန်းအတွက် အားအင်တောင့် တင်းဘို့ ဆင်ခြင်ခြင်းအင်အား၊ပွားများခြင်းအင်အား ကြီးထွား ဘို့ လိုအပ်သည်ဟု ဆိုတော်မူခြင်းပင်ဖြစ်ရာ ဗုဒ္ဓအလိုရှိတော် မူသောအား၊ မွေးမြူစေလိုသောအားမှာ ကာယအားမျိုးကို မရွယ်စူး။ဤ၌ဉာဏအား၊ကိုသာဦးတိုက်ထားကြောင်း ထင်ရှား ပေသည်။

ယင်း အား၊နှစ်မျိုးကို သရုပ်ခွဲ ရှင်းတမ်းထုတ်ရာ၌ကား မြတ်ဘုရားသည် ဆင်ခြင်ခြင်းအားအတွက် ဝဇ္ဇသုတ်ကို ပြန်၍ တကျော့ပြန်အဖြစ် ဟောတော်မူသည်ကို တွေ့ရပေသည်။

"အို....ရဟန်းတို့၊ ဤလောက၌ ပုဂ္ဂိုလ်အချို့သည် ဤသို့ ဆင်ခြင်၏။ ဒုစရိုက်အရင်းခံလျက် ကိုယ်ဖြင့် လုပ်သမျှအလုပ်၊ နှုတ်ဖြင့် လုပ်သမျှအလုပ်၊ စိတ်ဖြင့် လုပ်သမျှအလုပ် မှန်လျှင် ယခုမျက်မှောက်ဘဝ၌လည်း မကောင်း၊ နောင်တလွန်ဘဝ၌ လည်းမကောင်း၊ ဘယ်သင်းမှမကောင်းပါကလားဟူ၍ ဤသို့ ဆင်ခြင်၏။ ဤသို့ဆင်ခြင်ပြီးလျှင် ထိုသူသည် ဒုစရိုက်ဟူသမျှကို ရှောင်ကြဉ်၍ သုစရိုက်တရားများကို ပွားများစေလေ၏။ မိမိ ကိုယ်ကို အစင်ကြယ်ဆုံးဖြစ်အောင် မွေးမြူလေ၏။ ရဟန်းတို့၊ ဤသည်ကို ဆင်ခြင်အား၊ဟူ၍ ဆိုအပ်၏။"

ဤကား ဆင်ခြင်အား၊ (ပဋိသင်္ခါနဗလ) အတွက် ရှင်းချက်ဖြစ်၏။ ဒုစရိုက်မှုများကို ကြောက်မက်ဖွယ်အဖြစ်ဟု မြင်သော အသိဉာဏ်၊ သုစရိုက်မှုများကို မြတ်နိုးဖွယ်၊ ခင်တွယ်

ဖွယ် အကျိုးဟု မြင်သော အသိစိတ်ရှိခဲ့သော်....ထိုသူကို ဆင်ခြင်ခြင်းအင်အား တောင့်တင်းသူဟု ဆိုခြင်းဖြစ်၏။

ပွားများခြင်းအားကို ရှင်းပြချက်၌ကား ဝဇ္ဇသုတ်နှင့် မတူတော့ဘဲ တဘာသာ သီခြားထွက်လာသည်ကို တွေ့ရ၏။

"အို ...ရဟန်းတို့၊ ပွားများအား (ဘာဝနာဗလ) ဟူသည် အဘယ်နည်းဆိုသော်.... အိုရဟန်းတို့၊ အကြင် ပွားများ ခြင်းဟူသော အားခွတ်သည်ရှိ၏။ ထိုအားခွတ်ကား သေက္ခပုဂ္ဂိုလ်တို့၏ အားခွတ်ဖြစ်၏။"

"ထိုစကား မှန်ဘိစွ၊ အို....ရဟန်းတို့၊ ဘာဝနာအားကို ပွားများသော ထိုသူသည် သေက္ခပုဂ္ဂိုလ်တို့၏ အားခွတ်ကိုစွဲမှီ၍ ရာဂကိုလည်း ပယ်၏။ ဒေါသကိုလည်းစွန့်၏။ မောဟကို ခွာ၏။ ရာဂ,ဒေါသ,မောဟ,ကို စွန့်ပယ်ပြီးလျှင် အကြင်အမှုသည် မကောင်း၊ အကုသိုလ် ဖြစ်၏။ ထိုအမှုကို သူမပြုတော့၊ မမှီဝဲတော့ချေ။ ရဟန်းတို့ ...၊ ဤသည်ကို ပွားများခြင်းအား,ဟု ဆိုအပ်၏။"

ဤပွားများခြင်း ဘာဝနာအားခွတ်ကား ဆင်ခြင်ခြင်းအားခွတ်ထက် အဆင့်မြင့်၏။ ဆင်ခြင်ခြင်း အားခွတ်ကား ကောင်း,မကောင်း၊သင့်,မသင့်ကို ချင့်ချိန်၍ ဆင်ခြင်နိုင်ရုံမျှသာတည်း။ ရာဂ, ဒေါသ, မောဟ,ကို ပယ်နိုင်စွမ်းသော အဆင့်ထိ မမြင့်မားသေး။ ဘာဝနာအားခွတ် ကျမှသာ ရာဂ, ဒေါသ, မောဟတို့ကို ပယ်နိုင်စွမ်း ရှိလာသည်။ ဤသို့ အားခွတ်နှစ်ခုတို့၏ တခုနှင့်တခု မတူသော ခြားနားချက်ကိုလည်း ရိပ်စားမိစေရာ၏။

---

ပယ်ဦးတာပေ

( ၂ )

ဤမေ့ကထာ၌လည်း ယခင် အားနှစ်မျိုးကိုပင် မျဉ်းပြိုင်ပြု၍ ဆက်ဟောသည်ကို တွေ့ရ၏။ ဆင်ခြင်ခြင်းအားခေတ်ကို ယခင် အတိုင်းဟော၍ ထူးခြားချက် မတွေ့ရသော်လည်း ပွားများခြင်း ဘာဝနာအားခေတ်ကို ဟောရာ၌မူ အသစ်အဆန်း ပါလာလေသည်။ ထိုအားခေတ်၏အနက်ကို ဤသို့ ဗုဒ္ဓဖွင့်တော်မူသည်ကို တွေ့ရ၏။

"အို....ရဟန်းတို့ပွားများခြင်း ဘာဝနာ အားခေတ်ဟူသည် အဘယ်နည်းဆိုသော်၊ အို...ရဟန်းတို့၊ ဤငါ၏ သာသနာ၌ ဝဋ်မှလွတ်မြောက်လိုသော ရဟန်းသည် သတိ သမ္ဗောဇ္ဈင်ကို ပွားများအားထုတ်၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ဥပေက္ခာ သမ္ဗောဇ္ဈင် ကို ပွားများအားထုတ်၏။ ရဟန်းတို့၊ဤ အားခေတ် ပွားများခြင်း ဘာဝနာအားခေတ် ဟု ဆိုအပ်၏" ဟု မိန့်တော်မူ၏။

ဘာဝနာ အားခေတ်ချင်း မူအားဖြင့် တူသော်လည်း အကြောင်းအရာ ခြားနားပုံကိုတွေ့ရ၏။ ယခင် ဘာဝနာအား ခေတ်၏ စွမ်းအင်ဖြင့် ရာဂ, ဒေါသ, မောဟ,ကို ပယ်ပုံပြသည်။ ယခု ဘာဝနာအားခေတ်၏ သတ္တိဖြင့် ဗောဇ္ဈင် (၇) ပါး အထိ ပွားများနိုင်စွမ်း ရှိလာကိုပုံ ပြသည်။

( ၃ )

ဤမေ့ကထာ၌လည်း ထို အားခေတ်နှစ်မျိုးကိုပင် ဆက်၍ ဟောထားသည်ကို တွေ့ရ၏။ အားနှင့် ပတ်သက်၍ဟောသော အားတရားသုံးမျိုးစလုံး၌ ဆင်ခြင်ခြင်း အားခေတ်ကို မတ္တိုင်

ထား၍ဟောကြားပြီး ပွားများခြင်း ဘာဝနာအားဓာတ်၌သာ တမျိုးနှင့် တမျိုး မထပ်စေဘဲ ဖြစ်ရပ်ဆန်း အသွင်ထူးများဖြင့် မှုန်းခြယ်ထား၍ ဟောတော်မူသွားလေကည်။

ဤတတိယကထာ၌ ပွားများခြင်း ဘာဝနာအားဓာတ်၏ အဆင့်ကား ယခင် အားနှစ်မျိုးထက်ပင် အဆင့်မြင့် အားကောင်းလာသည်။ ပထမ ဈာန်မှသည် စတုတ္ထဈာန်အထိ ဈာန်ဝင်စား၍ ချမ်းသာစွာနေနိုင်သော အခြေသို့ ဆိုက်ရောက်ပုံကို ပြ၏။ ယခင်ပွားများခြင်း အားနှစ်မျိုးထက် ထူးခြားချက်အဖြစ် သိမှတ်ရ၏။

(၄)

ဤစတုတ္ထကထာ၌ကား ဒေသနာတော်နှစ်မျိုးရှိကြောင်းကိုပြ၏။

"အို... ရဟန်းတို့၊ ဗုဒ္ဓ၏ ဓမ္မဒေသနာတရား ဟောတော်မူခြင်းသည် နှစ်မျိုးရှိ၏။ တမျိုးကား အကျဉ်းအားဖြင့် ဟောတော်မူခြင်းဖြစ်၍ နောက်တမျိုးကား အကျယ်အားဖြင့် ဟောတော်မူခြင်းဖြစ်၏။ ဤသို့အားဖြင့် တရားဟောတော်မူခြင်းသည် နှစ်မျိုးဖြစ်သည်။"

တရားဟောခြင်း နှစ်မျိုးရှိပုံကို သန်းခေါင်းစာရင်း တို့ပြရုံမျှသာ။ ဤ၌ အကျဉ်းဟောပုံအကျယ်ဟောပုံကို ဟောပြတော်မမူချေ။

(၅)

ဤပဉ္စမကထာ၌ သံဃာ့ကိစ္စ၊ သံဃာချင်း အငြင်းပွားမှုနှင့် ယင်းသို့ မှုခင်းဖြစ်လာခဲ့သော် မည်သို့မည်ပုံ လိုက်နာကျင့်သုံးသင့်သည်၊ ကျင့်သုံးရမည်ဟုဟူသော ဗုဒ္ဓ၏အဆုံးအဖြတ်, အဆိုအမိန့်, ဩဝါဒများကိုပါ တွေ့ရ၏။

ဝိနည်းသည် ရဟန်းတို့ လိုက်နာ စောင့် ထိန်း အပ် သည့် ဥပဒေပညတ်ချက်ဖြစ်၏။ ထိုဝိနည်းကို 'သာသနာ၏ အသက် အသွေးကြော'ဟု ဝိနည်း အဋ္ဌကထာ၌ အရှင်မဟာ ဗုဒ္ဓဃောသ ဆိုတော်မူသည်။ (ဝိနယောနာမ သာသနဿ အာယု။)

သာသနာ အဓွန့်ရှည်စွာ တည်တန့်ရေးကို မြော်ခေါ်လျက် ရဟန်းတော်တို့သည် ဝိနည်းကို အလေးဂရုပြု၍ အစွန်းအထင်း မရှိရအောင် စောင့်ထိန်းကြရကုန်၏။

အကယ်၍ ရဟန်းကျင့်ဝတ်နှင့် မလျော်သောအမှုကို ပြုမိ၍ အပြစ်ရောက် အာပတ်သင့်သည်ကို မြင်လတ်သော် ရဟန်း အချင်းချင်း ဆို ဆုံးမပိုင်ခွင့်ရှိသည့်အလျောက် သာသနာရေးကို မြော်ထောက်၍ ဆိုပြောဆုံးမမိလေသောအခါများတွင် နာခံ သူလည်းရှိ၊ မနာခံသူလည်း ရှိလေ၏။ကြိုက်သူလည်းရှိ မကြိုက် သူလည်း ရှိလေ၏။

ဝိနည်း ဓမ္မကံဖြင့် ဆိုပြောဆုံးမခြင်းကို မကြိုက်သူ၊ လက် မခံဘဲ ငြင်းဆန်သူများနှင့် ကြုံလတ်သော် မှုခင်းဖြစ်လာသည်။ တဦးကတဦးကို အာပတ်ဖြင့် စွပ်စွဲခြင်းကို အစွပ်စွဲခံရသူက ငြင်း ရာမှအစ 'အာပတ္တာဓိကရုဏ်း' ဖြစ်လာလေတော့သည်။

ဤသည့် မလိုလားအပ်သည့် သံဃာ့ မှုခင်းကိစ္စမျိုးကား သာသနာ၌ မကြာခဏဆိုသလိုပင် ကြုံတွေ့ရတတ်သည် ဖြစ်ရာ ယင်းသို့ အဓိကရုဏ်းဖြစ်လာခဲ့သော် သံဃာထုကြီး တရပ်လုံး မှာလည်း စိတ်နှလုံး မချမ်းမသာ ဖြစ်ကြရကုန်လေ၏။

ဤသည့်အန္တရာယ်ကို ဟန့်တားရန်နှင့် ရဟန်းသံဃာအားလုံး ပြုံးရွှင်သော ကိုယ်စိတ်ဖြင့် ချမ်းသာစွာ နေနိုင်ရေးကို ရှေးရှု တော်မူလျက် ဗုဒ္ဓသည် ယင်း၏ တပည့်ရဟန်းများအား အခါ

အား လျော်စွာပင် ကြပ်မတ်ကွပ်ကဲကာ ဆုံးမဩဝါဒများ ပေးတော်မူလေ့ရှိသည့်အလျောက် ဤ၌လည်း ဗုဒ္ဓသည် ရဟန်းတို့အား မည်သို့ ဩဝါဒပေးတော်မူလေသနည်း။

"အို....ရဟန်းတို့၊ အာပတ်နှင့်ပတ်သက်၍ ဖြစ်ပွားလာသော ငြင်းခုံမှု အဓိကရုဏ်းဖြစ်လာခဲ့သော် တရားလို၊ တရားခံ (စောဒက၊ စုတိဒက) နှစ်တန်သော ရဟန်းများကိုယ်တိုင် မိမိကိုယ်ကို ကောင်းစွာမဆင်ခြင်သည် ဖြစ်အံ့။ ထိုသို့ ငြင်းခုံနေခြင်းသည် ထို အဓိကရုဏ်း၌ အမှုရှည်လျားဘို့အတွက်၊ ကြမ်းကြုတ်စွာ နှုတ်ရောက်ကျူးလွန်မှုဖြစ်ဘို့အတွက်၊ ရိုက်မောင်း ပုတ်မောင်း ခေါ်တပြက် ဒုတ်တပြက်ဖြစ်လာဘို့အတွက် ဖြစ်လတံ့။ ရဟန်းတို့လည်း ချမ်းသာစွာ မနေကြရသည် ဖြစ်လတံ့။

"အို....ရဟန်းတို့၊ အဓိကရုဏ်း ဖြစ်လာခဲ့သော် တရားလို၊ တရားခံ နှစ်တန်သော ရဟန်းများကိုယ်တိုင် မိမိကိုယ်ကို ကောင်းစွာ ဆင်ခြင်ကြလျှင်မူကား ထိုအဓိကရုဏ်း၌ အမှုလည်း ရှည်လျားတော့မည်မဟုတ်၊ ကြမ်းကြုတ်စွာ နှုတ်ရောက်ကျူးလွန်မှုလည်း ဖြစ်လာမည်မဟုတ်၊ ရိုက်မောင်း ပုတ်မောင်း ခေါ်တပြက် ဒုတ်တပြက်လည်း ဖြစ်လာမည်မဟုတ်၊ ရဟန်းတို့လည်း ချမ်းသာစွာ နေကြရကုန်လတံ့။

"အို..ရဟန်းတို့၊ တရားလို၊ တရားခံ နှစ်တန်သော ရဟန်းများကိုယ်တိုင် မိမိကိုယ်ကို အဘယ်သို့ ဆင်ခြင်ရမည်နည်းဆိုသော်..ရဟန်းတို့၊ ဤ ငါ၏သာသနာ၌ အာပတ်သို့ရောက်သော (အာပတ်သင့်သော) ရဟန်းသည် ဤသို့ မိမိကိုယ်ကို ဆင်ခြင်၏။ "ငါမှာ အာပတ်သင့်နေသည်မှာ အမှန်။ ငါ အာပတ်သင့်နေမှန်းကို ထိုရဟန်းက မြင်သည်မှာလည်း အမှန်။

အကယ်၍ ငါ အာပတ်မသင့်ခဲ့ပါမူ ထိုရဟန်းက ငါ့ကို မမြင်တန်လေရာ။ ငါ့မှာ အာပတ်သင့်လေသောကြောင့်သာ ထိုရဟန်းက ငါ့ကို မြင်ခြင်းဖြစ်ပေ၏။ သူမြင်လေသောကြောင့်ပင် စိတ်မချမ်းသာခြင်း ဖြစ်လေသည်။ စိတ်မချမ်းသာသောကြောင့်သာ ထိုရဟန်းသည် ငါ့ကို ပြောဆိုခြင်းဖြစ်သည်။ ထိုရဟန်းသည် မှန်သောစကားကို ဆိုသည်ဖြစ်ပါလျက် ငါက သူ့အပေါ် မနှစ်ခြိုက် ဖြစ်မိသည်။ မနှစ်ခြိုက်သည့်အလျောက် မနှစ်ခြိုက်နိုင်ကြောင်းကို အခြားရဟန်းများအား ငါ ပြောကြားမိချေပြီ။ ထိုကိစ္စ၌ သူ့မှာ အပြစ်မရှိ။ ငါ့အပြစ်သာတည်း။ အပြစ်သည် ငါ့အပေါ် ကျရောက်နေပြီကော။ ပမာအားဖြင့် ငါ့အဖြစ်ကား ကင်းခွန် (အကောက်ခွန်)ပေးဆောင်ရမည်စိုး၍ ကင်းကို ရှောင်လွဲ၍ ဥစ္စာကို ဆောင်ယူသူသည် ကင်းမှူးနှင့် တိုးနေသည့် အဖြစ်နှင့် တူနေပါကလား" ဟူ၍ တရားခံ ရဟန်းသည် ဤသို့ မိမိကိုယ်ကို ဆင်ခြင်ရာ၏။

"အို....ရဟန်းတို့၊ တရားလို စောဒကရဟန်းသည် အဘယ်သို့ ဆင်ခြင်ရမည်နည်းဆိုသော်....

"အို... ရဟန်းတို့၊ ဤ ငါ၏သာသနာ၌ တရားလို၊ စောဒကရဟန်းသည် ဤသို့ဆင်ခြင်၏။ "ဤရဟန်းကား အာပတ်သင့်နေသည်မှာ အမှန်။ ငါသိမြင်သည်မှာလည်း အမှန်။ အကယ်၍သာ ဤရဟန်း အာပတ်မသင့်ခဲ့ပါသော် ထိုရဟန်းကို ငါ မမြင်တန်လေရာ။ ဤရဟန်း အာပတ်သင့်လေသောကြောင့်သာ (အာပတ်သင့်သောအမှုကို သူပြုလေသောကြောင့်သာ) ငါမြင်ရခြင်းဖြစ်သည်။ မြင်သောကြောင့်သာ ငါ့မှာ စိတ်မချမ်းသာခြင်းဖြစ်ရသည်။ စိတ်မချမ်းသာသောကြောင့်လည်း ထိုရဟန်းကို အာ

ပတ်ဖြင့် စွပ်စွဲစကားငါပြောမိချေသည်။ ငါပြောမိလေသော ကြောင့်သာ သူ့မှာ စိတ်မချမ်းမသာ ဖြစ်ရချေသည်။ စိတ်မချမ်းသာသည့်အလျောက်လည်း အခြားရဟန်းများအားမချမ်းသာကြောင်းကို သူပြောလေသည်။ ထိုကိစ္စ၌ သူ့မှာ အပြစ်မရှိ။ ငါ့မှာသာ အပြစ်ရှိချေ၏၊ အပြစ်သည် ငါ့အပေါ် ကျရောက်နေပါပြီကော။ ငါ့အပြစ်ကား ကင်းခွန်(အကောက်ခွန်) ပေးဆောင်ရမည် စိုးသောကြောင့် ကင်းကိုရှောင်လွှဲ၍ ဥစ္စာကို ထုတ်ဆောင်သူသည် ကင်းမှူးနှင့် ရင်ဆိုင်ပက်ပင်းတိုးမိနေသည်နှင့် တူလေခြင်း'' ဟူ၍ ဤသို့ ဆင်ခြင်ရာ၏။

ဗုဒ္ဓသည် ဤသို့လျှင် ဖြစ်ဆဲ၊ ဖြစ်လတံ့သော အဓိကရုဏ်းကို နူးညံ့စွာ ငြိမ်းအေးစေတော်မူ၏။ နှစ်ဦးနှစ်ဖက် တရားလို တရားခံ ရဟန်းတို့လည်း ကြည်ညက်နူးနပ်စွာသော အသိစိတ်ဓာတ်ဖြင့် ခံယူကြသဖြင့် ပြေပြေလည်လည် အမှုလည်းပြီး၊ ရန်မီးလည်း ငြိမ်းသွားလေ၏။ နှုတ်ကြမ်း အာကြမ်း ရမ်းကား ပုတ်ခတ် ဆိုပြောခြင်းလည်း ကင်း၊ ထိုးခုတ်သတ်ဖြတ်မှု ရန်ပွဲလည်း ရှင်းသွားလေ၏။

( ၆ )

ဤဒေသနာကား လူမှုရေး၊ သို့မဟုတ် ဘာသာရေး ဆန်လာသည်ကို တွေ့ရ၏။ မေးမြန်းသူ အတွေးသမား ပုဏ္ဏားတဦး၏ ဆန္ဒမှ ပေါက်ဖွားလာရသော တရားဖြစ်၏။

အတွေးသမား ပုဏ္ဏားတဦးသည် လူ့အကြောင်း၊ နတ် အကြောင်း၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်အကြောင်းများကို အားအားရှိတိုင်း တွေးနေ၏။ လူသေလျှင် တချို့က လူဖြစ်သည်၊ တချို့က နတ်၊ တချို့က တိရစ္ဆာန်၊ တချို့က

ငရဲလားသည်ဟု ဆိုသည်။ လူ-နတ် ဖြစ်ကြသည်ထက် ငရဲ၊ တိရစ္ဆာန်၊အပါယ်ဘုံသို့လားရောက်ကြသူက ပို၍ များပြားသည်ဟု ပြောကြသည်။ အဘယ့်ကြောင့်ပါလိမ့်။

ထိုပုဏ္ဏားသည် ဤသို့ တွေးလည်းတွေးသည်။ သိအံ့ ထင်သူများထံ ချဉ်းကပ်၍ မေးလည်းမေးသည်။ သို့သော် အဖြေမပေါ်ခဲ့။ သို့ကြောင့် ပုဏ္ဏားမှာ အတွေးငြောင့်စူးခြင်းခံရသဖြင့် အောင့်သက်သက်နှင့် ကြာမြင့်စွာ နေလာခဲ့ရာက တနေ့သောအခါတွင်မူ သူသည် စိတ်ကူးတမျိုး ပေါက်လာဟန်တူ၏။ "သူ သိများ သိလေမလား၊ ဒီအကြောင်းတွေကို ငါ ရှင်ကြီးဂေါတမထံ သွားမေးရရင် ကောင်းမှာဘဲ။"

ဤသို့ စိတ်ကူးပေါက်လာပြီးနောက် ထိုပုဏ္ဏားသည် ပြဿနာထုပ်ကို ရင်ဝယ်ပိုက်တွေးလျက် ဘုရားသခင်ထံ ပြေးလာလေ၏။ အနှစ်နှစ် အလလက မျိုသိပ်ထားလာခဲ့ရသော ပြဿနာရပ်ကို ဘုရားသခင်အား ဤသို့မေးမြန်း လျှောက်ထားလေ၏။

"အို....အရှင်ဂေါတမ၊ လူတို့သည် မွေးဖွားလာကြသည်မှာလည်း အသခ်ျ၊ သေကြသည်မှာလည်း အနန္တပင် ဖြစ်ပါကုန်၏။ သေသည်မှ နောက်ဘဝတွင် လူချင်းတူပါလျက်နှင့် လားရာဂတိချင်း မတူကြသည်မှာ အဘယ့်ကြောင့်ပါနည်း။ အချို့က လူဖြစ်သူဖြစ်၊ နတ်ပြည်သွားသူကသွား၊ ငရဲလားသူကလား၊ တိရစ္ဆာန်ဘဝ ရောက်သူကရောက်၊ ကမောက်ကမ ဖြစ်ပါကုန်၏။ သည်အထဲတွင် ငရဲသို့ လားကြသူက အများဆုံးဟုဆိုပါသည်။ အဘယ့်ကြောင့်ပါနည်း အရှင်ဂေါတမ"ဟု မေးလျှောက်ပြီးလျှင် ဗုဒ္ဓထံမှ ကြားရမည့် အဖြေစကားကို နားစွင့်လျက် ကို်နေရှာလေသည်။

"အိုး... ဒါယကာ ပုဏ္ဏား၊ သည်ပြဿနာသည် ဖြစ်ထိုက်၏။ မေးထိုက်သော ပြဿနာဖြစ်၏။ အပါယ်လေးပါး ငရဲသို့ လားရောက်ကျသူက များရခြင်းကား အခြားကြောင့်မဟုတ်။ တရားလက်လွှတ် လူတို့အကျင့်ဖောက်ပြန်ခြင်း၊ စောင့်ထိန်း အပ်သော လူ့ကျင့်ဝတ်၊ လူ့သိက္ခာပုဒ်များကို သွေဖီလျက် မသင့်သည်တို့ကို စိတ်ညွှတ်လေတိုင်း စွတ်၍လုပ်ခြင်းတို့ကြောင့် အပါယ်လေးပါး ငရဲသို့ လားရောက်ကြရခြင်းဖြစ်ကုန်၏"ဟု မိန့်တော်မူ၏။

ယင်းသည့် အဖြေစကား ကြားရသောအခါ ပုဏ္ဏားသည် များစွာ ဝမ်းမြောက်သွားလေ၏။ ထပ်ဆင့်၍ ပြဿနာ တပုဒ် တင်ပြပြန်၏။ ထိုပြဿနာကား နတ်ပြဿနာ ဖြစ်လေသည်။ လူသေလျှင် အဘယ့်ကြောင့် နတ်ရွာ လားကြသနည်း,ဟု မေးလျှောက်ခြင်းဖြစ်၏။ ယင်းပြဿနာအတွက် ဗုဒ္ဓ၏ နှုတ်တော်မှ ထွက်လာသောအဖြေကား....

"အိုး....ဒါယကာ ပုဏ္ဏား၊ လူသေလျှင် နတ်ရွာ သုဂတိဘုံ များသို့ လားရောက်ကြခြင်းကား လူ့အဖြစ်၊ လူ့ဘဝ၌ နေစဉ်က တရားသဖြင့် ကျင့်ခြင်း၊ စောင့်ထိန်းအပ်သော လူ့ကျင့်ဝတ်၊လူ့သိက္ခာပုဒ်များနှင့်အညီ ကျင့်သုံးနေထိုင်ခြင်းတို့ကြောင့် လူ့ဘဝမှ စုတေလေသောအခါ နတ်ရွာသုဂတိသို့လားရောက်ကြရခြင်းဖြစ်၏"ဟု ဖြေတော်မူ၏။

ထိုအခါ ပုဏ္ဏားသည် ဗုဒ္ဓအား များစွာ ချီးကျူးရှိမျှမက၊ "အကျွန်ုပ်အား အရှင်ဂေါတမ၏တပည့်၊ ရာသက်ပန်ဥပါသကာ, ဟု မှတ်တော်မူပါ အရှင်"ဟူ၍ ဗုဒ္ဓထံ ဥပါသကာအဖြစ် ခံယူလေ၏။

ဆယ်ဦးစာလ

ခြိုင်ငုံ သုံးသပ်လိုက်သော်....ထိုပုဏ္ဏားသည် ဘုရား ကိုးကွယ်ဆည်းကပ်ရမှန်း မသိသောဘဝမှ ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်ကိုးကွယ်သော ဥပါသကာအဖြစ်သို့ ရောက်ရှိ လာခြင်းမှာ အတွေး၏ ကျေးဇူးကြောင့်ဖြစ်ကြောင်းကို တွေ့ရ၏။

ထိုပုဏ္ဏား၏ အတွေး ကျေးဇူး ကြောင့်လည်း လူသားတို့အတွက် ဆောင်စရာ၊ရှောင်စရာ၊သင်ခန်းစာများ ရရှိလိုက်သည်ကိုလည်း အသိအမှတ် ပြုကြရမည်ပင်ဖြစ်၏။

(၇)

ဗုဒ္ဓထံတော်သို့ ပုဏ္ဏား ပြဿနာတွေ ဆက်တိုက် ဝင်လာနေ၏။ လာပြန်ချေပြီ၊ ပုဏ္ဏားတယောက်။ သူ၏ အမည်ကား ဇာဏုသောဏိဟုတွင်၏။ ဇာဏုသောဏိအမည်ရှိသော ပုဏ္ဏားဟူပေ၏။

သူကလည်း ယခင် ပုဏ္ဏား နည်းတူပင် အကျိုး သိလို၍ အကြောင်းကို မေးသည်။ ဘာ့ကြောင့် ငရဲ လားရကြောင်း၊ ဘာကြောင့်နတ်ရွာလားရကြောင်း များပင် ဖြစ်လေသည်။

မေးခွန်းခြင်း၊ မေးမြန်းပုံခြင်း တူသော်လည်း ဖြေဆိုရာ၌ကား မတူတော့ချေ။ ဗုဒ္ဓ မြတ်ဘုရားသည် ဒေသနာ အရာ၌ လိမ္မာတော်မူလှသည် အားလျော်စွာ ထိုပြဿနာကို အနက်တူ အက္ခရာကွဲ၊ ဝေါဟာရကွဲဖြင့် ဤသို့ ဖြေတော်မူ၏။

"အို....ဇာဏုသောဏိပုဏ္ဏား၊ သေသည်၏အခြားမဲ့ နောက်ဘဝ၌လူတို့ငရဲသို့လားကြရခြင်း၏ အကြောင်းကား....မပြုအပ်၊ မပြုသင့်၊ မပြုထိုက်သည်ကို ပြုသောကြောင့်။ ပြုအပ်၊ ပြုသင့်၊ ပြုထိုက်သည်ကို မပြုသောကြောင့် ဖြစ်၏။

ထိုအဖြေစကားကို ကြားလတ်သော်....ဇာဏုဿောဏိပုဏ္ဏားသည် ပြုံးကြောင်ကြောင် ပါးစပ် အဟောင်းသားနှင့် မြတ်ဘုရားအားငေး၍ ဖူးမျှော်နေသည်။ သူ၏ အမူအရာမှာ အားမလို၊အားမရဖြစ်နေပုံ အသွင်ကို ဆောင်လျက် ရှိနေသည်။ ထိုနောက် သူသည် မဝံ့မရဲဟန်ဖြင့် စွန့်စားကာ ဗုဒ္ဓအား ဤသို့ ထပ်ဆင့်၍ ပန်ကြားလေ၏။

"အို...အရှင်ဂေါတမ၊ အကျဉ်း အားဖြင့် ဟောအပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို အကျွန်ုပ် မသိနိုင်ပါ။ သိနိုင်အောင် ဉာဏ်မမှီပါ။ အရှင်ဂေါတမ၊ အကျွန်ုပ် တောင်းပန်ပါ၏။ ထိုတရားတော်ကို အကျယ်အားဖြင့် အကျွန်ုပ်အား ဟောပြတော်မူပါဦး၊ ဤသို့ ဟောတော်မူပါမှ အကျွန်ုပ်သိနိုင်ပါမည် အရှင်ဂေါတမ"ဟူ၍ တောင်းပန်၏။

မပြုအပ်သည်ကို ပြုသောကြောင့် ပြုအပ်သည်ကို မပြုသောကြောင့် ဆိုသည်ကို ပုဏ္ဏားသည် နားဝေနေဟန်တူ၏။ သို့ကြောင့် ဤသို့ထပ်မံ ပန်ကြားခြင်းဖြစ်ပေမည်။ ဗုဒ္ဓသည် တောင်းပန်ချက်ကို လက်ခံပြီးလျှင် "ပြုအပ်၊မပြုအပ်"ဟူသော အကျဉ်းသခေ်ပ တရားကို ဝိတ္ထာရအားဖြင့် ဤသို့ဟောကြားတော်မူ၏။

"အို... ဇာဏုဿောဏိ၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်၊ ဤဒုစရိုက်သုံးမျိုးကို လူသည်မပြုအပ်၊မပြုသင့်၊မပြုထိုက်၊ ပြုထိုက်သော အရာမဟုတ်။ ကာယသုစရိုက်၊ ဝစီသုစရိုက်၊မနောသုစရိုက်၊ ဤသုစရိုက်သုံးမျိုးကို လူသည် ပြုအပ် ပြုသင့်၊ ပြုထိုက်၏။ ပြုထိုက်သော အရာဖြစ်၏။

"အို...ဇာဏုဿောဏိ၊ လူသည် မပြုအပ်၊ မပြုသင့်၊ မပြုထိုက်သော ဒုစရိုက် သုံးမျိုးကို ... မှုပသာမြောက်အောင် ပြု

လေသောကြောင့် အပါယ်လေးပါး၊ ငရဲသို့ လားရခြင်းဖြစ်သည်။ လူအချို့ကား ပြုအပ်၊ပြုသင့်၊ ပြုထိုက်သော သုစရိုက်သုံးမျိုးကို ကမ္ဘာပထ မြောက်အောင်ပြုလေသောကြောင့် နတ်ရွာသုဂတိသို့ လားရခြင်းဖြစ်သည်”ဟု မိန့်တော်မူ၏။

ထိုအခါ ဇာဏုသောဏိ ပုဏ္ဏားလည်း လွန်စွာ နှစ်သက်အားရ၊ ရှင်လန်းသည် ဖြစ်၍ ယခင် ပုဏ္ဏား နည်းတူပင် ဗုဒ္ဓထံ ဥပါသကာအဖြစ် ခံယူလေသတည်း။

( ဂ )

ဇာဏုသောဏိ ပုဏ္ဏားနှင့် မရှေးမနှောင်း တဆက်တည်းဖြစ်ကောင်းဖြစ်ပေမည်။ သို့ကြောင့်သာ ဗုဒ္ဓသည် အရှင်အာနန္ဒာ ဝင်လာသောအခါ စကားအဆက်မရှိလော်၊ ဤကတ, အတတ(ပြုအပ်,မပြုအပ်) စကားကို မြွက်ကြားတော်မူခြင်း ဖြစ်တန်ရာသည်။

“အာနန္ဒာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊မနောဒုစရိုက်၊ ဤသုံးမျိုးကို စင်စစ် မပြုအပ်ဟု ငါဟော၏။

စကားအဆက်အစပ်မရှိ၊ ရောက်မဆိုက် ဤစကားကို မြွက်ကြားလိုက်ဖြင့် အရှင်အာနန္ဒာမှာ ရုတ်တရက် ကြောင်စီစီ ဖြစ်ကောင်း ဖြစ်သွားပေမည်။ သို့သော် အရှင် အာနန္ဒာကား “အကြောင်းရှိပေ၍သာ ဆိုပေရာသည်”ဟု ရိပ်စား မိသည့်အလျောက် ထိုစကားကျကိုပင် ကောက်၍ မေးလျှောက်လိုက်လေသည်။

“အရှင်ဘုရား၊ ဒုစရိုက်မှုကို မပြုအပ်,ဟု ဤသို့ မြတ်ဘုရားဟောကြားတော်မူသည်မှာ ဟုတ်လှပါပြီ။ ယင်းသို့ ဟောအပ်

ပါလျက် ယင်း ဒုစရိုက်မှုတို့ကို ပြုလုပ်ခဲ့ပါသော်....အပြစ် မည်သို့ ရှိပါသနည်းဘုရား။

"အာနန္ဒာ....ဤသို့ဒုစရိုက်မှုတ်ကို ပြုလုပ်ခဲ့သော် မိမိကိုယ်ကို မိမိ ဒုစရိုက်ကောင်,ဟု စွပ်စွဲ၏။ ပညာ ရှိတို့ သိလတ်သော် ကဲ့ရဲ့ခြင်းခံရ၏။ သေသော် တွေဝေ၍ သေရ၏။ သေသည်၏ အခြားမဲ့၌ ငရဲလား၏။ ဤသည်တို့ကား ဒုစရိုက်မှုကို ပြုခြင်း၏ အပြစ်တို့ ဖြစ်ကုန်၏။

ထိုနောက် ဗုဒ္ဓက သုစရိုက်မှုများကို ပြုအပ်၏ ဟု ငါ ဟော ကြောင်းဖြင့် အရှင် အာနန္ဒာအားမိန့်တော်မူလျှင် အရှင် အာ နန္ဒာက ထိုသို့ပြုခြင်း၏အကျိုး မည်သို့ပါနည်းဘုရား....ဟူ၍ မေး လျှောက်သော်၊ ဗုဒ္ဓက....

"ထိုသို့ပြုခဲ့သော် မိမိ ကိုယ်ကိုလည်း မိမိ မစွပ်စွဲနိုင်ဘော။ ပညာရှိတို့ သိလတ်သော် ချီးမွမ်းခြင်းခံရ၏။ကောင်းသောကျော် စောသံများလျှံထွက်လာ၏။မတွေဝေဘဲသေရ၏။သေသော် နတ် ရွာသုဂတိသို့လားရ၏။ဤသည်တို့ကား သုစရိုက်မှုများကိုပြုခြင်း ၏ အကျိုးများ ဖြစ်ကုန်၏" ဟု ဖြေတော်မူပုံများကို တွေ့ရ၏။

ဤဒေသနာ၌ ဒုစရိုက်နှင့် သုစရိုက် ပြုခြင်းနှင့် မပြုခြင်း တို့ ကို မျှင်းပြိုင်ပြု၍ ဗုဒ္ဓဟောတော်မူအပ်သဘည်း။

( ၉ )

ဤဒေသနာ၌ကား ဗုဒ္ဓသည် ကုသိုလ်နှင့် အကုသိုလ်ကို နှိုင်း တွဲ၍ ဟောတော်မူသည်ကိုတွေ့ရ၏။ မေးလျှောက်သူမပါ။ ဩ ဝါဒ ပေးသည့်အနေဖြင့် တပည့် ရဟန်းတို့အား ဟောဘော်မူ ခြင်း ဖြစ်ရသည်။

ဟောတော်မူရာ၌လည်း ယခင်တရားများနှင့်စာသော် ဟော ပုံ ဟောနည်း ဆန်းသစ်သည်ဟု ဆိုနိုင်၏။ ကိုယ်တော်တိုင် မေး ဖြေသဘောမျိုးဖြင့် ဟောတော်မူသောကြောင့် ဖြစ်၏။ ဟော တော်မူနေစဉ်အတွင်း တစုံတယောက်သောရဟန်းက ကြားဖြတ် ဝင်ရောက် မေးလျှောက်ခြင်းပြုသည်ကို မတွေ့ရ။ ဗုဒ္ဓမြတ်ဘုရား ကိုယ်တော်ကသာ ကရားရေလွှတ် တတွတ်တွတ် ဟောတော်မူ သည်ကို တွေ့ရ၏။

"အို-ရဟန်းတို့၊ အကုသိုလ်ကို ပယ်ကြ စွန့်ကြကုန်။ စွန့်ပယ် ရန် သင်တို့ တတ်နိုင်ကုန်၏။ အကယ်၍ မတတ်နိုင်သော အရာ ဖြစ်ခဲ့သော် အကုသိုလ်ကို စွန့်ပယ်ကြ ဟူသောစကားကို ငါ ဆို မည်မဟုတ်။ သင်တို့အား ငါ အပယ်ခိုင်းမည်မဟုတ်။ တတ်နိုင် သော အရာဖြစ်သောကြောင့်သာ ငါခိုင်းခြင်းဖြစ်၏။

"အို....ရဟန်းတို့၊ ဤအကုသိုလ်ကိုပယ်ခြင်းသည် အကျိုးမဲ့ ဘို့၊ ဆင်းရဲဘို့ ဖြစ်ခဲ့ငြားအံ့။ ငါသည် သင်တို့အား အကုသိုလ် ကို အပယ်မခိုင်းလေရာ။ အကုသိုလ်ကိုပယ်ခြင်းကား အစီးအပွား ဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်၏။ ထို့ကြောင့်သာ သင်တို့ အား ငါ အပယ်ခိုင်းခြင်း ဖြစ်၏"

ဤသို့အကုသိုလ်ကိုပယ်စေခြင်းနှင့် ပယ်စေခြင်း၏အကြောင်း ကို မေးဖြေသဘောမျိုးဖြင့် ဟောတော်မူပြီးနောက် ကုသိုလ် ရေး ဘက်သို့ မျက်နှာလှည့်တော်မူပုံကို တွေ့ရသည်။

"အို....ရဟန်းတို့၊ ကုသိုလ်တရားကိုပွားများကြလေကုန်။ ပွား များရန် သင်တို့တတ်နိုင်ကြသည်။သင်တို့ တတ်နိုင်သည့်စွမ်းအား နှင့် အရည်အသွေးကို မြင်လေသောကြောင့် ငါတိုက်တွန်းခြင်း ဖြစ်ပေသည်။

---

စယ်ဒီးစာပေ

"အို....ရဟန်းတို့၊ ဤကုသိုလ် တရားကို ပွားများခြင်းသည်၊ ဝါ—ပွားများခြင်းအားဖြင့် သင်တို့အား အကျိုးမဲ့ဘို့၊ ဆင်းရဲဘို့ ဖြစ်နေလေငြားအံ့။ ငါသည် သင်တို့အား မတိုက်တွန်းတန်လေရာ။ ကုသိုလ်ကိုပွားများခြင်းကား စင်စစ်အားဖြင့် အစီးအပွားဖြိုးဝေခြင်းငှာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှာ ဖြစ်၏။ ထို့ကြောင့်သာ သင်တို့အား ကုသိုလ်တရားကို ပွားများစေခြင်း ဖြစ်သတည်း။"

ဤသို့လျှင် မြတ်ဗုဒ္ဓသည် ရဟန်းတို့အား ကုသိုလ်နှင့် အကုသိုလ်ကို တတွဲ၊ ပွားများခြင်းနှင့် စွန့်ပယ်ခြင်းတတွဲ၊ မျှဉ်းပြိုင်ပြု၍ ဟောတော်မူပုံများကို ဤခမ္မကထာ၌ တွေ့ရ၏။

ဤဒေသနာဖြင့် သာသနာတော်တည်တံ့ခြင်းနှင့် သာသနာကွယ်ပခြင်းကို ဦးတည်ထားပုံကို တွေ့ရ၏။

ထိုမှတပါး ဤဒေသနာဖြင့်ပင် သာသနာတော်သည် ဗုဒ္ဓပါဝစန တည်းဟူသော ပိဋကတ်တော်များ အပေါ်တွင် တည်နေပုံ၊ ဗုဒ္ဓစကား ပိဋကတ်တော်များ၌ အက္ခရာ ယွင်းချွတ်တိမ်းပါး အမှားမှား အယွင်းယွင်း ရှိနေခဲ့သော် သာသနာကွယ်ပသွားနိုင်ပုံများ ရိပ်စားမိစေသည်။

ဤဒေသနာတော်ကို ဟောတော်မမူမီ အချိန်တွင် ရဟန်းသံဃာများလောက၌ သာသနာတည်တံ့ရေးအတွက် ဆွေးနွေးမှုသော်လည်းကောင်း၊ အရှည်သဖြင့် သာသနာတော် တည်မှတည်ပါမလား ဟူ၍ တအုံ့နွေးနွေး စိတ်မအေးနိုင်မှုသော်လည်းကောင်း ရှိနေတန်ရာသည်။ သို့ကြောင့်သာလျှင် စိတ်ဖြောင့်ဖြောင့်နေနိုင်ကြစေခြင်းငှာ ဤ သာသနာရေးတရားကို ဟောကြားတော်မူခြင်း ဖြစ်တန်ရာသည်။

---

ထယ်ဦးတာဃ

ယင်း သာသနာတည်တံ့ရေးကိစ္စနှင့် ပတ်သက်၍ ရဟန်းတို့အား ဤသို့ ဗုဒ္ဓမြွက်ကြားတော်မူ၏။

"အို....ရဟန်းတို့၊ ငါ၏သာသနာသည် အကြောင်းနှစ်မျိုးကြောင့် ကွယ်ပသွားနိုင်၏။ ယင်းအကြောင်း နှစ်မျိုးအနက်....

၁။ တမျိုးကား....စာမှားခြင်း[၁]၊

၂။ နောက်တမျိုးကား....အသိရခက်ခြင်း[၂]၊

ဤနှစ်မျိုးပင်တည်း။ အက္ခရာအနေအထား၊ အရေးအသားမှားယွင်း တိမ်းစောင်းခဲ့သော် ဆိုလိုချက် အနက် အဓိပ္ပါယ်ကို အသိရ ခက်လေ၏။ ရဟန်းတို့၊ ဤသို့ အက္ခရာပုဒ်ပါဠိ၌ အနေအထား အရေးအသား မှားယွင်းခြင်း၊ အနက်အဓိပ္ပါယ် အသိရခက်ခြင်းဟူသော ဤအကြောင်းများသည် သာသနာ ပျက်စီးခြင်း၊ ကွယ်ပခြင်းငှာဖြစ်၏။

"အို....ရဟန်းတို့၊ ငါ၏သာသနာသည် အကြောင်းနှစ်မျိုးကြောင့်ပင် တည်တံ့နိုင်၏။ ယင်းအကြောင်းနှစ်မျိုးအနက်....

၁။ တမျိုးကား....စာမှန်ကန်ခြင်း[၃]၊

၂။ နောက်တမျိုးကား....အနက်ကိုသိလွယ်ခြင်း[၄]၊

ဤနှစ်မျိုးပင်တည်း။ အက္ခရာပုဒ် ဗျည်းအနေအထား၊ အရေးအသား အမှားအယွင်းမရှိ။ မှန်ကန်ခဲ့သော် အနက်အဓိပ္ပါယ်ကို သိလွယ်၏။ ရဟန်းတို့၊ ဤသို့ အက္ခရာပုဒ် ဗျည်း မှန်ကန်ခြင်း၊ အနက်အဓိပ္ပါယ် သိလွယ်ခြင်းသည် သာသနာ မပျက်စီးဘို့၊ တည်တံ့ဘို့အတွက် ဖြစ်၏။

---

၁။ ဒုန္နိက္ခိတ္တဉ္စ ပဒဗျဉ္ဇနံ။ ၂။ အတ္ထော စ ဒုန္နီတော။

၃။ သုနိက္ခိတ္တဉ္စ ပဒဗျဉ္ဇနံ။ ၄။ အတ္ထော စ သုနီတော။

ဤဒေသနာ၌ ဒုကအဖြစ် ဒွန်တွဲ၍ ဟောသွားတော်မူသည် ကားသာသနာကွယ်ပုံနှင့် တည်ပုံတတွဲ၊ အက္ခရာအရေးအသားနှင့် အသိရခက်ပုံကတတွဲ၊ အမှန်နှင့်အသိလွယ်ကတတွဲ၊ ဤသို့ ဒွိစုံဒွိစုံ တွဲ၍ ဟောသွားတော်မူပုံကို တွေ့ရ၏။

× × ×

## (၃) ဗာလဝဂ်

ဤအုပ်စုကား အမိုက်အုပ်စုဖြစ်၏။ အုပ်စုဝင်အမျိုးအစား ပေါင်း တဆယ့်တမျိုးရှိသည်ကို တွေ့ရ၏။ ယင်းဆယ့်တမျိုးကို မိုက်ကန်းသူ (ဝ႑) လူမိုက်က ဦးဆောင်၏။ အုပ်စုဗိုလ်အဖြစ် လူမိုက်ကို အလျင်ဆုံးတွေ့ရ၏။

ဤ၌ မည်သည့်လူစားမျိုးကို လူမိုက်ဟု ဗုဒ္ဓ ဆိုတော်မူလေသနည်း။ အများအားဖြင့် ခိုးသူ၊ တိုက်သူ၊ သတ်ဖြတ်သူ၊ ရမ်းကားသူ၊ မြေတိုက်သူများအား လူဆိုးလူမိုက်စာရင်း သွင်းကာ ၎င်းတို့အား ကြောက်စရာလူများအဖြစ် သတ်မှတ်လေ့ ရှိကြ၏။

ဤ၌ လူသိများသော လူမိုက်မှတပါး လူသိ နည်းသော လူမိုက်ကို ဗုဒ္ဓက ထုတ်ပြတော် မူလိုက်သည်။ ထိုသူကား မည်သည့်လူစားမျိုး ဖြစ်လေသနည်း။

"အို….ရဟန်းတို့၊ လူမိုက်သည်နှစ်မျိုးရှိ၏။ ယင်းနှစ်မျိုးကား အဘယ်နည်း။

၁။ မိမိအပြစ်ကို အပြစ်ဟု မမြင်သူတမျိုး။

၂။ ဝန်ချတောင်းပန်လာသူကို လက်မခံသူတမျိုး။

ဤသို့အားဖြင့် လူမိုက်သည် နှစ်မျိုးဖြစ်၏။ ထို့နောက် ဗုဒ္ဓသည် လူမိုက်၏ဆန့်ကျင်ဘက် လူလိမ္မာ ပညာရှိကို ဆက်၍ ဟောတော်မူပုံကို တွေ့ရပြန်သည်။

"အို....ရဟန်းတို့၊ ပညာရှိသူသည် နှစ်မျိုးရှိ၏။ ယင်းနှစ်မျိုးကား အဘယ်နည်း။

၁။ မိမိအပြစ်ကို အပြစ်ဟုရှုသူတမျိုး။

၂။ ဝန်ချတောင်းပန်လာသူကို လက်သင့်ခံသူတမျိုး။

ဤသို့အားဖြင့် လူမိုက်သည် နှစ်မျိုးရှိသတည်း"ဟု မိန့်တော်မူ၏။

ဤ၌ ဒုကအဖြစ် လူမိုက်နှင့် လူလိမ္မာပညာရှိကို ဒွန်တွဲလျက် မျဉ်းပြိုင်ပြ၍ ဟောတော်မူပုံ၊ ကိုယ့်အပြစ်ကို အပြစ်ဟု ရှုသူနှင့် တောင်းပန်ပါလျက် မကျေနိုင်မချမ်းနိုင် လက်သင့် မခံသူကို ဒွန်တွဲလျက် မျဉ်းပြိုင်ပြ၍ ဟောတော်မူပုံများကို တွေ့ရ၏။

( ၂ )

အထက်ဒေသနာမှ လူမိုက် အမြင်တန်းလန်း ပါလာသည်ဟူ၍ပင် ဆိုနိုင်၏။ လူမိုက်၏နောက် ဤ၌လည်း လူမိုက်ကိုပင် ဆက်ထားသည်ကို တွေ့ရ၏။ သို့သော်.... မိုက်ပုံကား ကွာခြားလေသည်။

ရှင်ဘုရင့် ခေါင်းကိုခေါက် ဟု စကားပုံရှိ၏။ လူမိုက်ကိုပင် ဆိုခြင်းပင်တည်း။ ဗုဒ္ဓအား စွပ်စွဲဆိုပြော ဆဲရေးတိုင်းထွာခြင်း ပြုခဲ့သော် ထိုသူသည်လည်း လူမိုက်ပင် မဟုတ်ပါလား။

"အို....ရဟန်းတို့၊ ဘုရားကို စွပ်စွဲရဲသူ နှစ်ယောက်ရှိ၏။ ထိုနှစ်ယောက်ကား ဤသူများ ဖြစ်ကြသည်။

၁။ ဒေါသစေတ်ခံ အားကြီးသူတယောက်။

၂။ လွဲမှားသော အယူ အစွဲဖြင့် သဒ္ဓါ လွန်ကဲ နေသူတယောက်။ ဤသို့အားဖြင့် နှစ်ယောက်ဖြစ်သတည်း။

ဒေါသော အတ္တံ နစာနာတိ-ဟုဆိုသည်ကို ဒေါသ-ဟူသည် အကျိုးအပြစ်ကိုမသိတတ်ဟုအနက်ကောက်ကြသည်။ ဒေါသ အားကြီး လာသော်.. ဘုရားသော, မိဘသော, ဆရာ သမား သော နားမလည် နှုတ်အာရဲရဲနှင့် စွပ်စွဲမည်သာ ဖြစ်၏။ အယူ အစွဲလွဲမှားနေသူသည်လည်း မိမိကြည်ညိုရာပုဂ္ဂိုလ်ပေါ်၌ သဒ္ဓါ လွန်ကဲသည်နှင့်အမျှ တဖက်သားတို့အပေါ်တွင် အထင်အမြင် သေးလေသည့်အတိုင်း ဟောဟောဒိုင်းဒိုင်းထိပါးပုတ်ခတ် စွပ်စွဲ လေမည်သာဖြစ်၏။

ဤ၌ ဒေါသနှင့် တဖက်စွန်းရောက် သဒ္ဓါမောက်သူကို ဒွန် တွဲ၍ ဟောထား၏။ ဒွန်တရားကား ဤသည်သာ ပင်တည်း။

( ၃ )

ဤဒေသနာ၌မူ စွပ်စွဲပုံ တမျိုးကိုတွေ့ရပြန်၏။ဗုဒ္ဓအားတိုက် ရိုက် နှုတ်အာရဲရဲဖြင့် ဆိုပြောမှုသာ စွပ်စွဲခြင်းမည်သည် မဟုတ်။ ဗုဒ္ဓကို ထိပါးအောင် သွားပုပ်လေလွင့်၊ သတင်းလွှင့်လျှင်လည်း စွပ်စွဲသည်ပင်မည်သည်ဟု ဗုဒ္ဓမိန့်တော်မူပုံကို တွေ့ရ၏။ အဘယ် သို့ မိန့်တော်မူသနည်း ဆိုသော်...

"အို....ရဟန်းတို့၊ ဘုရားကို စွပ်စွဲရဲသူနှစ်ယောက်ရှိ၏။ ထိုနှစ် ယောက်ကား ဤသူများ ဖြစ်ကြသည်။

၁။ ဘုရား မဟောဘဲလျက်ကို ဟောသည်ဟု ပြောသူ တယောက်။

၂။ ဘုရားဟောပါလျက်ကိုမဟောဟု ပြောသူတယောက်။ ဤသို့အားဖြင့် နှစ်ယောက်ဖြစ်သတည်း။

---

"အို....ရဟန်းတို့၊ ဘုရားကို မစွပ်စွဲ ဝံ့သူလည်း နှစ်ယောက် ရှိ၏။ ထိုနှစ်ယောက်ကား ဤသူများ ဖြစ်ကြသည်။

၁။ ဘု ရား မဟောအပ် သည်ကို မဟောဟု ပြော သူ တယောက်။

၂။ ဘုရား ဟောအပ်သည်ကို ဟောသည်,ဟု ပြော သူ တယောက်။ ဤသို့အားဖြင့် နှစ်ယောက်ဖြစ်သတည်း။

ဤ၌ ဒုက-အဖြစ် စွပ်စွဲသူနှင့် မစွပ်စွဲသူတတွဲ။ စွပ်စွဲရာတွင် လည်း ဟောနှင့်မဟောတတွဲ၊ ဤသို့နှစ်မျိုးတတွဲ၊ နှပ်မျိုး တတွဲ တွဲ ဒွန်တွဲ၍ ဟောတော်မူသွားသည်ကို တွေ့ရ၏။

( ၄ )

ဘုရားကို စွပ်စွဲသူကား မကုန်သေး၊ စာရင်းမပိတ်သေး။ ဤ ၌လည်း စွပ်စွဲသူ တမျိုးကို တွေ့ရပြန်သည်။

သို့သော်....စွပ်စွဲပုံခြင်းကားမတူ။ မူကွဲစွပ်စွဲသူဖြစ်လေသည်။ အလျင်စွပ်စွဲသူက အဖြူကိုအမဲ၊ အဟုတ်ကို မဟုတ်၊ မဟုတ်ကို အဟုတ်ဟုဆိုသည်။ ဤ၌ကား စွပ်စွဲနည်း သဏ္ဍာန် ဦးခေါင်း တမျိုး ပြောင်းလဲထားလေသည်။

"အို....ရဟန်း ဘို့၊ ဘုရားကို စွပ်စွဲဝံ့သူနှစ်ယောက်ရှိ၏။ ထိုနှစ် ယောက်ကား ဤသူများဖြစ်ကြသည်။

၁။ သွယ်ဝိုက်သော အားဖြင့် ဆောင်ယူမှ အနက်ထွက် ရှိသောသုတ်ကို တိုက်ရိုက် အနက်ရှိသုတ်ဟု ဆိုသူ တယောက်။

---

၁။ နေယျတ္ထသုတ္တန္တ။ ၂။ နီတတ္ထသုတ္တန္တ

၂။ တိုက်ရိုက်အနက်ရှိသုတ်ကို ဆောင်ယူမှု အနက်ထွက်ရှိသောသုတ်ဟု ဆိုသူတယောက်။

ဤသို့အားဖြင့် နှစ်ယောက်ဖြစ်သတည်း။

ထိုနှင့်တဆက်တည်းပင်မစွပ်စွဲသူနှစ်ယောက်ရှိကြောင်းကိုပါ ဟောတော်မူသွား၏။

( ၅ )

"အို....ရဟန်းတို့၊ ဘုရားကို မစွပ်စွဲသူနှစ်ယောက်ရှိ၏။ ထိုနှစ်ယောက်ကား ဤသူများ ဖြင်ကြသည်။

၁။ ဆောင်ယူမှု အနက်ထွက်ရှိသော သုတ်ကို ဆောင်ယူမှု အနက်ထွက်ရှိသောသုတ်,ဟူ၍ပင် ဆိုသူတယောက်။

၂။ တိုက်ရိုက်အနက်ထွက်ရှိသောသုတ်ကို တိုက်ရိုက် အနက်ထွက်ရှိသောသုတ်, ဟူ၍ပင် ဆိုသူတယောက်။

ဤသို့အားဖြင့် နှစ်ယောက်ဖြစ်သတည်း"ဟု ဟောတော်မူ၏။

ဤ၌ သွယ်ဝိုက်နှင့်တိုက်ရိုက်,ကို ဒွန်တွဲ၍ ဟောတော်မူသွား၏။ အထက်၌ဆိုခဲ့သော ဒေသနာနှင့် စာလျှင် ဤဒေသနာ၌ အနုစိတ်လာသည်ကို တွေ့ရသည်။ အလျှင်ဒေသနာ၌"ဗုဒ္ဓဟော, မဟော"ကို ပိဋကတ်တော်အားလုံးကို ခြုံ၍ ယေဘုယျအားဖြင့် ဟောသွား ခဲ့သော်လည်း ဤ၌ကား ယင်း ပိဋကတ်တော်များ အနက်မှ သွယ်ဝိုက်,တိုက်ရိုက်(နေယျတ္ထ,နီတတ္ထ)ဟူ၍ အနီးကပ် အသေးစိတ်၌ သုံးသပ်ထားသည်ကို အကဲခတ်နိုင်သည်။

ထိုမှတပါး ယခင်ဒေသနာ၌ "ဗုဒ္ဓဟော,မဟောနှင့်မဟော, အဟော"ကိုအခြားမထင်ဘဲ တပေါင်းတည်း ဟောတော်မူသည်ကို တွေ့ရပြီး ဤ၌ကား သွယ်ဝိုက်,တိုက်ရိုက်,ကိုသီးခြား သန့်သန့်

ဒေသနာအဖြစ် ဟောတော်မူပုံ၊ ပြီးမှ နံပါတ်အသစ်ပြောင်း၍ သွယ်ဝိုက်,နှင့် သွယ်ဝိုက် (နေယျတ္ထ) တိုက်ရိုက်နှင့် တိုက်ရိုက် (နီတတ္ထ)ကို သီးခြားသန့်သန့် ဟောတော်မူပုံကိုတွေ့ရသည်။

( ၆ )

သတ်ရဲ၊ဖြတ်ရဲ၊တိုက်ရဲ၊ခိုက်ရဲမှသာ လူမိုက် မဟုတ်။ ဤလို လူမျိုးကိုလည်း ဗုဒ္ဓက လူမိုက်,ဟူ၍ သမုတ်တော်မူပုံကို တွေ့ရပြန်သည်။ လူမိုက်တမျိုး ပေါ်ပြင်တည်း။

"အို....ရဟန်းတို့၊ ဒုစရိုက် မှုများကို ဖုံးဖိထားသူအဖို့ ငရဲသော်လည်းကောင်း၊ သို့မဟုတ် တိရစ္ဆာန်သော်လည်းကောင်း၊ လားရာဂတိနှစ်မျိုးတွင် တမျိုးမျိုးကို မြော်လင့်အပ်၏။ ဖုံးဖိထားစရာ ဒုစရိုက်မှုမရှိသူအဖို့နတ်သော်လည်းကောင်း၊ လူသော်လည်းကောင်း၊ လားရာဂတိနှစ်မျိုးအနက် တမျိုးမျိုးကို မြော်လင့်အပ်၏"ဟုဟောတော်မူ၏။

ဤ၌ ဒုစရိုက်ကိုဖုံး မဖုံး တတွဲ၊ ငရဲတိရစ္ဆာန်တတွဲ၊ နတ်လူတတွဲ၊ ဤသို့မြင်းပြိုင်ပြု၍ ဒွိစုံဒွိစုံ ဟောတော်မူသွားပုံကို တွေ့ရ၏။

( ၇ )

လူမိုက်မျိုးကား မပြတ်သေး။ မျိုးဆက်များ ကျန်သေးကြောင်းကို ဤဒေသနာ၌ ဆက်ပြထားပေသည်။

"အိုရဟန်းတို့၊ မိစ္ဆာဒိဋ္ဌိ အယူရှိသူအဖို့ ငရဲ သို့မဟုတ် တိရစ္ဆာန်၊ ဤလားရာဂတိ နှစ်ပါးအနက် တမျိုးမျိုးကို မြော်လင့်အပ်၏။

( ၈ )

"အို....ရဟန်းကို၊ သမ္မာဒိဋ္ဌိအယူရှိသူအဖို့ နတ်၊ သို့မဟုတ် လူ ဤလားရာဂတိ နှစ်မျိုးအနက် တမျိုးမျိုးကို မြော်လင့်အပ်၏ဟု ဗုဒ္ဓဟောတော်မူ၏။"

အထက်ဒေသနာ၌ မိစ္ဆာဒိဋ္ဌိ ဗဟိုပြုလျက် ငရဲနှင့်တိရစ္ဆာန်ကို ဝဲယာထားကာ ဒွန်တွဲလျက် ဟောတော်မူပြီးနောက် ဤ၌ကား သမ္မာဒိဋ္ဌိကို ဗဟိုထားလျက် နတ်နှင့်လူကို ချိန်ခွင်၌ စက်သကဲ့သို့ ဒွန်တွဲ၍ ဟောသွားတော်မူပုံကို တွေ့ရသည်။

( ၉ )

ဤလူမိုက်ကလည်း တမျိုးပင်တည်း၊ လူမိုက်မျိုးစုံ နိုင်သမျှစုံအောင် ပြနေသကဲ့သို့ ထင်ရသည်။

"အိုဟန်းတို့၊ သီလမရှိသူ၊ ကိုယ်ကျင့်တရားဆိတ်သုန်းနေသူအဖို့ ငရဲ၊ သို့မဟုတ် တိရစ္ဆာန်၊ ဤလားရာဂတိ နှစ်မျိုးအနက်တမျိုးမျိုးကို မြော်လင့်အပ်၏။"

ပြဆိုခဲ့ပြီး ဒေသနာများကို ခြုံ၍သုံးသပ်လျှင် ပင်မဏ္ဍိုင်ရေစီးကြောင်းသာ ပြောင်းလဲခြင်းရှိပြီး၊ ငရဲ၊ တိရစ္ဆာန်ကား နေရာကမရွေ့သည်ကို တွေ့ရ၏။

(၁၀)

ဤတွင်မှ လူမိုက်မျိုးကို ပြတ်တော့သည်။ ဤ၌ ဗုဒ္ဓသည် သူ့အကြောင်းမှ ကိုယ့်အကြောင်းသို့ တရားမိးမောင်း ပြောင်းလဲ၍ ထိုးတော်မူသည်ကို တွေ့ရ၏။ မေးသူမရှိဘဲလျက် အဖြေထွက်လာသော ဗုဒ္ဓဝင်ချုပ် တရားဖြစ်၏။

ဤဒေသနာတော်ကို ဟောတော်မူရခြင်း၏ ကျောထောက်နောက်ခံ သမိုင်းသည် ရဟန်း အချို့တို့၏ အတွေးပင်လယ်၌

တည်ကောင်း တည်ပေလိမ့်မည်။ "မြတ်ဘုရားသည် အဘယ် အကျိုးကို မြှော်ကိုး၍ တောရဆောက်တည်တော်မူပါလိမ့်မလဲ" ဟူ၍ အတွေးရောက်သူ ရှိကောင်း ရှိပေရာသည်။

ထိုသူတို့၏ တွေးလုံးအဇ္ဈာသယကို ရိပ်စားမိတော်မူ၍သာ ဤကိုယ်တွင်းရေး အတ္တုပ္ပတ် ဗုဒ္ဓဝင်ချုပ်ကို ရဟန်းတို့အား ထုတ်ဖော်မြွက်ကြားတော်မူရဟန် တူ၏။

"အိုရဟန်းတို့၊ ငါသည် ဤအကျိုးထူးနှစ်မျိုးကို ကောင်းစွာမြင်လေ၍ လူတို့နှင့် ဝေးကွာရာ တောကျောင်းများကို မှီဝဲခဲ့ပေသည်။ အကျိုးထူးနှစ်မျိုးကား ဤသည်တို့ပင်တည်း။

၁။ ငါ့အဖို့မှာလည်း လက်ငင်းချမ်းသာစွာ နေရခြင်း အကျိုးထူးတမျိုး၊

၂။ နောင်လာနောင်သားတို့အားသနားသဖြင့်ဝဋ်ဆင်းရဲမှ ကယ်တင်ရန် အကျိုးထူးတမျိုး၊

ဤသို့အားဖြင့် နှစ်မျိုးဖြစ်ပေ၏။ ဤအကျိုးထူးနှစ်မျိုးကို မြင်ပေ၍ လူသူမနီး တောကြီးမြိုင်ချောင် ရှိမြှောင်ထူတပ် လူသူကင်းပြတ်သော အရပ်များ၌ တောရဆောက်တည်၍ နေခဲ့သည်" ဟု ဟောတော်မူ၏။

ဤ၌ ဒုက ကား အကျိုးနှစ်မျိုးပင်တည်း။ မိမိ၏ လက်ငင်း ချမ်းသာနှင့် သတ္တဝါတို့ကို ကယ်တင်ရန် ဤနှစ်ခုကို ဒွန်ပြု၍ ဟောတော်မူသောတရား ဖြစ်၏။

( ၁၁ )

ဤ၌ကား ရုပ်ဝတ္ထု၏ လှုပ်ရှားမှုအပြီးတွင် နာမ်၏လှုပ်ရှား ချက်များကို ဆက်ထားကြောင်း တွေ့ရ၏။ သမထလုပ်ငန်းနှင့် ဝိပဿနာ လုပ်ငန်းတို့၏ စွမ်းအားချင်း မတူပုံ။ အကျိုးသက်

ရောက်မှုခြင်း ခြားနားပုံများကို ဟောသွားတော် မူလေသည်။

"အို....ရဟန်းတို့၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၏ အစိတ်အပိုင်းဖြစ်ကုန်သော၊ဝါ၊ ဝိဇ္ဇာအမျိုးအနွယ်ဖြစ်ကုန်သောတရားတို့သည် နှစ်မျိုးနှစ်စား ရှိကုန်၏။

၁။ တမျိုးကား သမထ။

၂။ တမျိုးကား ဝိပဿနာ။

ဤသို့အားဖြင့် ဝိဇ္ဇာဘာဂိယ တရားတို့သည် နှစ်ပါး ဖြစ်ကုန်သတည်း။

"အို....ရဟန်းတို့၊ သမထကို ပွားများအပ်သော် အဘယ်အကျိုးကို ရရှိခံစားရလေသနည်း။ စိတ်ကို ပွားများစေအပ်၏။ စိတ်ကိုပွားများစေအပ်သော် အဘယ်အကျိုးရရှိခံစားရသနည်း။ တပ်မက်ခြင်း "ရာဂ"ကို ပယ်နိုင်လေ၏။

"အို-ရဟန်းတို့၊ ဝိပဿနာကိုပွားများအပ်သော် အဘယ်မည်သော အကျိုးကို ရရှိခံစားရလေသနည်း။ ပညာကို ပွားများစေအပ်၏။ ပညာကို ပွားများ စေအပ်သော် အဘယ်အကျိုးကို ရရှိခံစားရလေသနည်း။ မသိခြင်း "အဝိဇ္ဇာ"ကို ပယ်နိုင်လေ၏။

"အို....ရဟန်းတို့၊ရာဂဖြင့် လူးလဲပေကျံနေခဲ့သော် စိတ်သည် ကိလေသာမှ မလွတ်မြောက်နိုင်။ အဝိဇ္ဇာဖြင့် လူးလဲပေကျံနေခဲ့သော် ပညာကိုမပွားစေအပ်။ ရဟန်းတို့၊ ဤသို့လျှင် ရာဂကုန်ခန်းသော် စိတ်သည် ကိလေသာမှ လွတ်မြောက်သော၏။

---

၁။ ရာဂုပက္ကိလိဋ္ဌံ ဝါ စိတ္တံ နဝိမုစ္စတိ။

၂။ အဝိဇ္ဇုပက္ကိလိဋ္ဌာ ဝါ ပညာ နဘာဝီယတိ။

အဝိဇ္ဇာကုန်ခန်းသော် ပညာသည် ကိုလေသာမှ လွတ်မြောက်လေ၏”ဟု ဟောတော်မူ၏။

ဤသို့ ဒုက္ခအဖြစ် သမထနှင့် ဝိပဿနာကို သိအပ်၏။ သမထ၏အကျိုးနှင့် ဝိပဿနာ၏ အကျိုးကိုလည်း ဒွန်တရား ဟူ၍ပင် ဆိုနိုင်၏။

× × ×

## ၄။ သမစိတ္တဝဂ်

ဤအုပ်စု၏ ပုံသဏ္ဌာန်သည် အဝကျဉ်း၍ ဝမ်းကယ်သော နန်းနီအိုးနှင့် အလားတူ၏။ ဒေသနာ၏အစ၌ကျဉ်း၍ အလယ်လောက်တွင် ဟောက်နေသောကြောင့် ဖြစ်ပေသည်။ သူတော်ကောင်းနှင့် သူယုတ်မာကို တွဲခုတ်စေလျက် ဤအုပ်စုကို ပွဲထုတ်ထား၏။

အုပ်စုဝင်စာရင်းကို စစ်ကြည့်သောအခါ အထက်ပါ ဗာလဝက်အောက် ဂဏန်းတလုံးလျော့နေသည်ကို တွေ့ရ၏။ အုပ်စုဝင် ဒေသနာ အမျိုးအစားပေါင်း တဆယ်ရှိလေသော ဟူ၏။ သို့သော် ကျယ်ပြန့်သည်၊ ခြေဆန့်သာ လက်ဆန့်သာ ရှိသည်ကို တွေ့ရသည်။

အုပ်စုဝင်တို့၏ ကျောရိုးမှာ ပင်စောက်လုံးချော အရိုးနှင့် ပြိုင်းပြိုင်းမဟုတ်။ ခက် ကိုင်းဝေဆာ ပဒေသာတမျှ စည်ကားလှသည်ကို တွေ့ရ၏။

ဒေသနာ ဇာတ်ဆောင်သူများအဖြစ် သူဌေး သူကြွယ်များလည်း ပါသည်။ ရဟန်း ပုဏ္ဏား နတ် သိကြားတို့လည်း သူ့နေရာနှင့်သူ အသီးသီး ပါကြကုန်သည်။ ထို့ကြောင့် ဤအုပ်စုကို သိုက်မြိုက် မြိုင်ဆိုင်သော အုပ်စုဟု ကမ္ပည်းထိုးလျှင် ထိုက်တန်သော ဆောင်ရွက်ချက်ဟု ဆိုရပေမည်။

အနှစ်သာရ တရားသားနှင့် ပတ်သက်၍ဆိုသော်....သူတော်ကောင်း၊ သူယုတ်မာ ဖြစ်လာပုံ အခြေခံ ရင်းမြစ်များ၊ မိဘတို့၏ ကျေးဇူးတရားများ၊ ဝါဒရေးရာများကို သူ့အကန့်နှင့်သူ တသန့်စီ တွေ့ရသည်။ ဝါဒရေးရာနှင့် ပတ်သက်၍ ပုဏ္ဏားတဦး၏ အမေးကို ဗုဒ္ဓ ဖြေဆိုတော်မူပုံ၊ ဒက္ခိဏေယျ ပုဂ္ဂိုလ်နှင့် ပတ်သက်၍ အနာထပိဏ်သူဌေးက ဗုဒ္ဓအား မေးလျှောက်ပုံ။ အရှင်သာရိပုတ္တရာက ရဟန်းတို့အား အဇ္ဈတ္တ သံယောဇနပုဂ္ဂိုလ်နှင့် ဗဟိဒ္ဓသံယောဇနပုဂ္ဂိုလ်နှစ်မျိုးကို ခွဲခွဲခြားခြား ရှင်းလင်းဟောကြားပုံ။ လူလူချင်း၊ ရဟန်း ရဟန်းချင်း ခိုက်ရန်ဒေါသ ဖြစ်ပွားကြခြင်း၏ ရင်းမြစ်ကို မေးလျှောက်ရာ၌ အရှင်ကစ္စာနက တရားသဘောနှင့် ထိတွေ့ဖြေဆိုတော်မူပုံစသော အချက်အလက်များမှာ ဤအုပ်စု၏ အသက်သွေးကြောများပင် ဖြစ်ပေသည်။

သမစိတ္တသည် ဤအုပ်စု၏ အမည်နာမဖြစ်၏။ ထိုအမည်သည် အစကနဦး ဒေသနာကို အစွဲပြု၍ ခေါ်တွင်သော အုပ်စုဗိုလ် အမည်မျိုး မဟုတ်။ အုပ်စုတခုလုံး၏ အနှစ်သာရကို ခြုံငုံ၍ ဘွဲ့တပ်ထားသော အမည်ဖြစ်ကြောင်းကိုလည်း တခုတခေါင်း အကဲခတ်နိုင်သည်။

ဗုဒ္ဓသည် ဤအုပ်စုဖွင့်ပွဲ အခမ်းအနား၌ အဘယ်တရားကို အောင်လုံထူ၍ ဖွင့်တော်မူလေသနည်း။

( ၁ )

"အို....ရဟန်းတို့၊ သူယုတ်မာဖြစ်ခြင်း၏ ရင်းမြစ်ကိုလည်းကောင်း၊ သူတော်ကောင်းဖြစ်ခြင်း၏ ရင်းမြစ်ကိုလည်းကောင်း သင်တို့အား ငါဟောအံ့။ ဤတရားကို နားစိုက်၍ နာလင့်ကုန်" ဟူ၍ ဗုဒ္ဓသည် ရဟန်းတို့အား တရားအာရုံ၌ စူးစိုက်စေရန် ရှေးဦးစွာ လှုံ့ဆော်တော်မူပြီးမှ ဟောတော်မူလေသည်ကား....

"အို....ရဟန်းတို့....

၁။ သူ့ကျေးဇူးကို မသိတတ်ခြင်း (ကျေးဇူးကန်းခြင်း)၊

၂။ ကျေးဇူး တုံ့ပြန်ရမှန်း မသိတတ်ခြင်း(ကျေးစွပ်ခြင်း)၊

ဤနှစ်မျိုးကား သူယုတ်မာတို့၏ အခြေခံ သဘောရင်းဖြစ်ပေ၏။ ဤသို့ ကျေးဇူးကန်းမှု၊ ကျေးစွပ်မှု အားလုံးကို သူယုတ်မာတို့က ဝိုင်း၍ ချီးကျူးကြကုန်သည်။

"အို....ရဟန်းတို့....

၁။ သူ့ကျေးဇူးကို သိတတ်ခြင်း (ကျေးဇူးမကန်းခြင်း)၊

၂။ ကျေးဇူးတုံ့ပြန်ရမှန်းသိခြင်း(ကျေးဇူးဆပ်တတ်ခြင်း)

ဤနှစ်မျိုးကား သူတော်ကောင်းတို့၏ အခြေခံ သဘောရင်းဖြစ်ပေ၏။ ဤသို့ ကျေးဇူးသိတတ်မှု၊ ကျေးဇူးတုံ့ပြန်တတ်မှု အားလုံးကိုကား သူတော်ကောင်းတို့က ဝိုင်း၍ ကောင်းချီးသြဘာပေးကြကုန်သည်"ဟု ဟောတော်မူ၏။

ဤဒေသနာ၌ အနှစ်သာရ အရ ကောက်သော်.... ကျေးဇူးသိတတ်မှုနှင့် မသိတတ်မှုကား ဒွန်တရားတည်း။ ယင်းတရားနှစ်မျိုးကို တတွဲတွဲလျက် ဒုက အဖြစ် ဒွန်တရား ဟောတော်မူခြင်းဖြစ်၏။

---

( ၂ )

ဤဒေသနာကား အမိဒေသနာ၊ အဖဒေသနာဖြစ်ကြောင်းကို ဦးတည်ထား၏။

အကြင်သူသည် ကျေးဇူးတရားကို အဘယ်မျှပင် သိတတ်သည့် ဆိုစေကာမူ ထိုသူသည် မိဘနှစ်ပါး၏ ကျေးဇူးကိုကား ကြေလည်အောင် ဆပ်နိုင်စွမ်းရှိရှာမည် မဟုတ်ဆိုသော အချက်သည် ဤဒေသနာ၏ အသက်ပင် ဖြစ်လေသည်။

ကြည့်လျှင် မြင်နိုင်ပါ၏။ လူတယောက်သည် မိဘနှစ်ပါးအား ကျေးဇူးဆပ်နေပါ၏။ သူ၏ ကျေးဇူးဆပ်ပုံကား အံ့မကုန်နိုင်အောင် ဖြစ်စေဘိတော့သည်။ မိဘကျေးဇူးကား ထိုသူဆပ်သကဲ့သို့ အနှစ်တရာပတ်လုံး ဆပ်သော်လည်း ဆပ်၍ မကုန်နိုင်ကြောင်းကို ဗုဒ္ဓက မည်သို့ မီးမောင်းထိုးပြတော်မူသည် ထင်သနည်း။

"အို....ရဟန်းတို့၊ ဤနှစ်မျိုးသော ပုဂ္ဂိုလ်တို့၏ ကျေးဇူးတရားကို လွယ်လွယ်နှင့် ပေးဆပ်နိုင်သည်ဟု ငါမဆို။[၁] ထိုပုဂ္ဂိုလ်နှစ်ဦးကား အမိနှင့် အဖ ဖြစ်သတည်း။

"အို....ရဟန်းတို့၊ အသက်တရာတန်း၌ အသက်တရာထိ နေရသော သားသမီးသည် အမိကို ပခုံးတဖက်ပေါ်တင်၊ အဖကိုပခုံးတဖက်ပေါ် ထမ်းလျက် အနှစ်တရာပတ်လုံး ပခုံးပေါ်က မချဘဲ လုပ်ကျွေးပြုစုသည်ဆိုဦးတော့။ ထိုသားသမီးသည် မိဘနှစ်ပါးတို့အား အနံ့အသက်ကင်းအောင် အမွှေးအကြိုင်တို့ဖြင့် လိမ်းကျံပေးခြင်း၊ အညောင်းအညာပြေအောင် နှင်းနှိပ်ပေးခြင်း၊

---

၁။ ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ။

အခါ ရာသီအလိုက် အိုက်သည့်အခါ ရေအေး၊အေးသည့်အခါ ရေနွေးဖြင့် ရေချိုးပေးခြင်း၊ ခြေဆုပ်လက်နယ် ပြုခြင်းတို့ဖြင့် ပြုစုသည် ဆိုစေဦးတော့။ ထို မိဘနှစ်ပါးတို့သည်လည်း သား သမီး၏ပခုံးပေါ်မှာပင် အပေါ့၊ အလေး၊ ကျင်ကြီး၊ ကျင်ငယ် စွန့်ကြကုန်သည် ဆိုစေဦးတော့....။

ဤသို့ပင် အနှစ်တရာပတ်လုံး ပခုံးပေါ်က မချလေဘဲ ပြုစု လုပ်ကျွေးခြင်းဖြင့် ဆပ်ငြားသော်လည်း မိဘတို့၏ ကျေးဇူးကား မကုန်နိုင်လေရာ။

"အို....ရဟန်းတို့၊ကျေးဇူးသိတတ်လှပါသည်ဆိုသော အကြင် သမီး မိဖုရား၊ သား ရှင်ဘုရင်ဖြစ်သူတဦးသည် ရတနာ စိန်ရွှေ တို့ဖြင့် ဖြိုးဖြိုးဝေလျက်ရှိသော ဤ မဟာပထဝီမြေကြီးကို စိုးပိုင် သည့် ကေရာဇ်ဘုရင်အဖြစ်ထားလျက် မိဘကို ကျေးဇူးဆပ် သည် ဆိုငြားအံ့။ ဤသို့ဆပ်ခဲ့သော်ငြားလည်း မိဘတို့၏ ကျေးဇူး တရားကား မကုန်နိုင်လေရာ။ အဘယ့်ကြောင့် မကုန်နိုင်သနည်း ဆိုသော် မိဘတို့သည် သားသမီးတို့အား များသောကျေးဇူးကို ပြုကြသောကြောင့်၊ ကြီးပွားလာအောင် စောင့်ရှောက်ကြ သောကြောင့်၊ ဤလောကကို ပြတတ်သူများ ဖြစ်သောကြောင့် ပေတည်း။

"အို... ရဟန်းတို့၊ အကြင်သားသမီးသည် ရတနာသုံးပါး၌ ယုံကြည်ခြင်းမရှိသော မိဘတို့ကို ယုံကြည်ခြင်း ဖြစ်လာအောင် ဆောက်တည်စေ၏။ သက်ဝင်စေ၏။ ယုံကြည်မှု၌ တည်စေ၏။ သီလခံယူ ဆောက်တည်ခြင်းမရှိသော မိဘတို့ကို သီလ ရှိလာ အောင်၊ ဝန်တိုမစ္ဆရိယ အားကြီးသော မိဘတို့ကို စွန့်ကြဲ ပေး ကမ်း လှူဒါန်းခြင်း၌ မွေ့လျော်လာအောင်၊ အသိဉာဏ် ခေါင်း

ပါးသော မိဘတို့ကို အသိဉာဏ်ပွင့်လင်းလာအောင် ဆောက် တည် သက်ဝင် တည်ထားစေ၏။

"ရဟန်းတို့....ထိုသားသမီး၏ထိုသို့ပြုခြင်းသည်သာလျှင် မိဘ ကျေးဇူးသိရာ၊ မိဘကို ကျေးဇူးတုံ့ပြန် ပေးဆပ်ရာ ရောက်ပေ သတည်း"ဟု ဟောတော်မူ၏။

မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးသခင်....ဆိုသော စကား၏ ရင်းမြစ်ကို ရှာသော်....ဤဥ္စ လာတွေ့ကြောင်း သိစေ သည်။ ဤဒေသနာ၌ လာသော စကားကို အကိုးအထောက် ပြုလျက် အရှင်မဟာရဋ္ဌသာရ,သည် ကိုးခန်းပျို့၌ရင်း၊ အခြား ဆရာများသည် ဆုံးမစာတို့၌ရင်း ဖွဲ့ဆို သီကုံးကြခြင်း ဖြစ် ကြောင်းကိုလည်း သိရှိသွားစေသည်။

ဤဥ္စ အမိနှင့်အဖကို တတွဲ၊ လက်ဝဲနှင့် လကျ်ာကို ၎င်းတွဲ တွဲလျက် ဒွန်တရား ဟောတော်မူသွားသည်ကို တွေ့ရ၏။ အမိနှင့် အဖ၊ လက်ဝဲနှင့်လကျ်ာသည် ဤဥ္စ ဒုက၏ မဏ္ဍိုင် ဖြစ်သဘည်း။

(၃)

ထိုခေတ်သည် ဝါဒရေးရာကို အထူးလေ့လာသောခေတ်၊ ဝါဒတခုကို အခြေခံလျက် ဂိုဏ်းဂဏ စသည်ကို အပြိုင်အဆိုင် ထူထောင်နေသောခေတ် ဖြစ်၏၊

မှန်၏။ သစ္စက,ကဲ့သို့သော ပရိဗိုဇ်တဦး၌ပင် ဝါဒပေါင်း တထောင်ကို ခါးပိုက်ဆောင်အဖြစ် ထားရှိသည်ဟု ဆိုပေသည်။ လူချင်းတွေ့သော်လည်းကောင်း၊ လူနှင့် ရဟန်းတွေ့သော်လည်း ကောင်း ဝါဒစကားကို ပြောတတ်မှ ထင်ပေါ်သောခေတ်ဟု ဆိုက မမှားတန်လေရာ။

ဝေယံဦးဇော်

ထိုအချက် မှန်ကန်ကြောင်းကို ပုဏ္ဏားတယောက်က ထွက်၍ သက်သေခံလိုက်သည့်ပမာ....အဆိုပါ ပုဏ္ဏားသည် ဘုရားသခင်နှင့် တွေ့လတ်သော်....ဝါဒစကားကိုပင် ဦးဦးဖျားဖျားဆိုသည်ကို တွေ့ရပေသည်။

"အရှင်ဂေါတမ၊ အရှင်သည် အဘယ်ဝါဒ၊ အဘယ်အယူရှိပါသနည်း။ အဘယ်အကျင့်တရားကို ဟောလေ့ရှိပါသနည်း" ဟု ဘုရားသခင်အား မေးလျှောက်သည်ကိုထောက်ခြင်းအားဖြင့် ဝါဒ၏ လွှမ်းမိုးခြင်းအရှိန်အဝါကို ရိပ်စားမိနိုင်ပေသည်။

စကားအရာ၌ အင်္ဂါလေးတန်နှင့် ညီညွတ်စွာ အလွန် လိမ္မာတော်မူသော မြတ်ဘုရားသည် မေးသူရှိလှာဘော့လည်း မိမိ၏ ဝါဒကို ပြောပြရလေ၏။

"အို....ပုဏ္ဏား၊ ငါကား ပြုအပ်၏ဟု အယူရှိသူ(ကိရိယဝါဒီ) ဆိုလျှင်လည်း ဟုတ်၏။ မပြုအပ်ဟု အယူရှိသူ (အကိရိယဝါဒီ) ဆိုလျှင်လည်း ဟုတ်၏ "ဟု ဖြေတော်မူ၏။

ထိုအဖြေကြောင့် ပုဏ္ဏားမှာ ကြောင်စီစီ ဖြစ်သွားလေသည်။ "ဘာအဓိပ္ပါယ်ပါလိမ့်" ဟူသော အတွေး မေးခွန်းသည် သူ၏ မျက်နှာရိပ်တွင် နိမိတ်ထင် စွဲလာ၏။ ထို့ကြောင့်ပင်....

"အို....အရှင်ဂေါတမ၊ အရှင်ဂေါတမ၏စကားကို အကျွန်ုပ် မည်သို့ နားလည်ရပါမည်လဲ။ ကိရိယဝါဒီ ဟူ၍လည်း ဆိုသည်။ အကိရိယဝါဒီ ဟူ၍လည်း ဖွင့်ပေါ်သည်။အဘယ်သို့ပါနည်း အရှင်ဂေါတမ"

"အို....ပုဏ္ဏား၊ ငါ့စကား၏ အဓိပ္ပါယ်သွားကား ဤသို့ ဖြစ်ပေ၏။ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးဖြင့် ဒုစရိုက်မှုများကို

မပြုအပ်ဟု ငါဟော၏။ ဤသည်ကို အကိရိယဝါဒီဟု ငါဆိုခြင်းဖြစ်သည်။

"အို....ပုဏ္ဏား၊ ကိုယ် နှုတ် နှလုံး သုံးပါးစလုံးဖြင့် သုစရိုက်မှုများကို ပြုအပ်၏ဟု ငါဟော၏။ဤသည်ကို ကိရိယဝါဒီ,ဟု ငါဆိုခြင်းဖြစ်သည်"ဟု မိန့်တော်မူ၏။

ဤအဖြေကို ကြားရသောအခါ ထိုပုဏ္ဏားသည် များစွာနှစ်ခြိုက်သွားသည်သာမက၊ ဗုဒ္ဓထံ၌ ဥပါသကာအဖြစ် ခံယူလေ၏။

ဤ၌ ကိရိယဝါဒီနှင့် အကိရိယဝါဒီကို ဒုက ဒွန်တရား၏အဖြစ်ဖြင့် တွေ့ရ၏။

(၄)

ဤဒေသနာ၌ အလှူခံပုဂ္ဂိုလ်နှင့် အလှူ၊ ယင်းနှစ်မျိုးနှင့် ပတ်သက်သော မှတ်ချက်၊ မှတ်တမ်းတပုဒ်အဖြစ် ထိတွေ့ရ၏။ ဤဒေသနာကို သရုပ်ဆောင်သူကား အနာထပိဏ်သူဌေးကြီး ဖြစ်လေသည်။

သူသည် ဘုရားဒကာ၊ ကျောင်းဒကာကြီးဖြစ်သဖြင့် သာသနာ၏ အတွင်းလူ၊ သာသနာနှင့် အနီးကပ်ဆုံး ပုဂ္ဂိုလ်ဘဦးဖြစ်၏။ သို့ပါလျက် သူ့အနေဖြင့် ဤမေးခွန်းမျိုးကို မြတ်ဘုရားထံ မေးလျှောက်ခြင်းမှာ ဆန်း၏။ သူ မမေးထိုက်သောမေးခွန်းဖြစ်၏။

သို့သော်....မေးထိုက်သော အကြောင်းဆိုက်၍သာ သူ မေးလျှောက်ခြင်း ဖြစ်ပေမည်။ သူဆောက်လှူထားသော ဇေတဝန်ကျောင်းတိုက်ကြီးသည် နာမည်ကျော်သလောက် အလွန် ကြီးမား ကျယ်ဝန်းလှသော ကျောင်းတိုက်ကြီး ဖြစ်လေရာ သိဘင်း

သုံးနေထိုင်ကြသည့် သံဃာတော်များလည်း အစားစားပင် ဖြစ်ပေလိမ့်မည်။

သူ မေးလျှောက်သော မေးခွန်းသည် သူ၏ ကျောင်းတိုက်ကြီးအတွင်းမှ ကြည်ညိုစဖွယ် သံဃာတပါးပါးကိုသော်လည်းကောင်း၊ သို့မဟုတ် လူဒါယကာတို့မြင်သော် သဒ္ဓါတရားဆွဲရှားစရာ သံဃာ တပါးပါးကိုသော်လည်းကောင်း ရှယ်စူးဦးတည်ခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။

မည်သို့ပင်ဆိုစေ၊ သူ၏ မေးခွန်းကား သာသနာတော်အတွက် အကျိုးပြုမှုကို ရှေးရှုလေမည်ကိုကား သံသယ မဖြစ်သင့်။ သူသည် ဗုဒ္ဓအား မည်သို့ လျှောက်ထားလေသနည်း။

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ လောက၌ မြတ်သောအလှူကို ခံထိုက်သောပုဂ္ဂိုလ် ဘယ်နှစ်မျိုး ရှိပါသနည်း။ အဘယ်ပုဂ္ဂိုလ်မျိုး၌ အလှူကို လှူထိုက်ပါသနည်းဘုရား"ဟု မေးလျှောက်လေ၏။

သူ၏စိတ်ထဲ၌ သံသယရှိနေပေ၍သာ ထိုသံသယကို ပျောက်စေလိုသည့်အတွက် မေးလျှောက်ခြင်းသော်လည်း ဖြစ်တန်ရာသည်။သူ၏မေးခွန်းကို ရုတ်ချည်းပင် ဗုဒ္ဓ ဖြေတော်မူလိုက်သည်ကား....

"အို....သူကြွယ်၊ လောက၌မြတ်သောအလှူကို ခံထိုက်သည့် အလှူခံပုဂ္ဂိုလ်သည် နှစ်မျိုးရှိပေ၏။ တမျိုးကား သေက္ခပုဂ္ဂိုလ်။ နောက်တမျိုးကား အသေက္ခပုဂ္ဂိုလ်။ ဤသို့အားဖြင့် နှစ်မျိုးရှိပေသည်။ ဤပုဂ္ဂိုလ်တို့၌ အလှူကို လှူထိုက်၏။

---

ဤကား ဗုဒ္ဓ၏အဖြေဖြစ်၏။ ထိုအဖြေကို ဖြေပြီးနောက် ဗုဒ္ဓသည် အလှူခံပုဂ္ဂိုလ်နှင့်စပ်သောစကားကို ဆက်၍ မြွက်ကြားတော်မူလေသည်။

"လောက၌ သေက္ခ ပုဂ္ဂိုလ်တမျိုး၊ အသေက္ခ ပုဂ္ဂိုလ်တမျိုး၊ဤပုဂ္ဂိုလ်နှစ်မျိုးတို့သည် ပေးလှူပူဇော်တတ်ကုန်သော ဒါယကာတို့၏ အလှူကို ခံထိုက်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်တို့သည် ကိုယ်အမူအရာ အားဖြင့်လည်း ဖြောင့်မတ်ကုန်၏။ နှုတ်အမူအရာအားဖြင့်လည်း ဖြောင့်မတ်ကုန်၏။ စိတ်အမူအရာ အားဖြင့်လည်း ဖြောင့် မတ်ကုန်၏။ ပေးလှူ ပူဇော် တတ်သော ဒါယကာတို့၏ ကောင်းမှု မျိုးစေ့စိုက်ပျိုးရာ လယ်ယာနှင့် အလားတူ၏။ ဤပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးများ၏" ဟု မြွက်ကြားတော်သတည်း။

ဤဒေသနာ၌ မျဉ်းပြိုင်ပြု၍ ဒွန်တရားအဖြစ် ရပ်တည်လေသည်ကား သေက္ခပုဂ္ဂိုလ်နှင့် အသေက္ခဖြစ်၏။ဤပုဂ္ဂိုလ်နှစ်ဦးကို ဦးတည်လျက် ဒွန်တရား ထွက်လာသည်ကို တွေ့ရ၏။

( ၅ )

ဤဒေသနာကား ပုဗ္ဗာရုံကျောင်းထွက်ဒေသနာ အရှင်သာရိပုတ္တရာ၏ လက်ဖြစ်ကြောင်း တွေ့ရ၏။

ထိုအချိန်၌ အရှင်သာရိပုတ္တရာသည် ပုဗ္ဗာရုံကျောင်းတိုက်သို့ ရောက်ရှိသွားလေရာ များစွာသော သံဃာထု၌ အရှင်၏ တရားတော်ကို ကြားနာလိုမှုဆန္ဒ ရှိနှင့်ပြီး ဖြစ်ကြဟန်တူ၏။

အရှင်ဟောကြားအပ်သော တရားတော်၏ အဘောဘ်ကို ထောက်လျှင် သံသာ့လောကဌ် တရားအားထုတ်မှု ကျင့်ဝတ်ပိုင်းဆိုင်ရာ၌ကြိုးစားမှုခေါင်းပါးခြင်း ဖြစ်ရှိနေတန်သည်။

အရှင်သာရိပုတ္တရာသည် ထိုပျော့ကွက် ဟာကွက်များကို သိရှိမြင်တွေ့တော် မူလေ၍သာ ယင်းနှင့် လိုက်ဖက် နှစ်သက်လာအောင် ဤဓမ္မ ဒေသနာကို ဟောတော်မူခြင်း ဖြစ်ပေရာသည်။ ထိုသံဃာ့ပရိသတ်၌ အရှင်သည် မည်သည့် အဓိပ္ပါယ်မျိုး သက်ရောက်စေသည့် တရားမျိုးကို ဟောတော်မူလေသနည်း။

"ငါ့ရှင်တို့၊ အဇ္ဈတ္တသံယောဇဉ် ရှိသော ပုဂ္ဂိုလ်အကြောင်းနှင့် ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်အကြောင်းကို သင်တို့အား ငါဟောပြအံ့။ ငါ့ရှင်တို့၊ မြတ်ဘုရား၏ သာသနာ့ဝန်ကို ထမ်းဆောင်နေသော ရဟန်းသည် သီလရှိ၏။ ပါတိမောက္ခ သံဝရ သီလကို မကျိုးမပေါက်ရအောင် စောင့်စည်းလျက် နေ၏။ အာစာရ ဂေါစရ အကျင့် ကျက်စားရာနှင့် ပြည့်စုံသည်ဖြစ်၍ အဏုမြူမျှ ပမာဏရှိသော အပြစ် အသေး အမွှားတို့၌ပင် ရောမဘေးကြီးဟု ရှုလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ ထိုရဟန်း ကွယ်လွန်လေသော် နတ်ပြည်ခြောက်ရပ် အထပ်ထပ်သို့ ကပ်၍ ဖြစ်လေ၏။

ထိုရဟန်းသည် နတ်ပြည်မှတဖန် စုတေပြန်သော် ဤ လူ့ပြည်သို့ ပြန်လာ၍ဖြစ်သောကြောင့် အာဂါမိ ပုဂ္ဂိုလ်မည်၏။ ဤပုဂ္ဂိုလ်မျိုးကို အာဂါမိပုဂ္ဂိုလ်မျိုးဟု ဆိုအပ်၏။

"ငါ့ရှင်တို့၊ ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်အကြောင်းကို ဆိုဦးအံ့။ ငါ့ရှင်တို့၊ ဗုဒ္ဓမြတ်စွာ၏ သာသနာ့ဝန်ကို အားသွန်

---

ကြိုးပမ်း၍ ထမ်းဆောင်နေသော ရဟန်းသည် သီလရှိ၏၊ ပါတိ မောက္ခ သံဝရသီလကို မကျိုးမပေါက် စောင့်စည်းလျက်နေ၏။ အာစာရ ဂေါစရအကျင့် ကျက်စားရာနှင့် ပြည့်စုံသည်ဖြစ်၍ အဏုမြူမျှ ပမာဏရှိသော အသေးအမွှား အပြစ်တို့၌ပင် ဘေးမ ဘေးကြီးဟု ရှုလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် သမာပတ် ရှစ်ပါးတို့တွင် တပါး ပါး ဖြစ်သောကိလေသာ အေးငြိမ်းရာ၊ ကိလေသာတို့မှ လွတ်မြောက် ရာ ဖြစ်သော စတုတ္ထဈာန် သမာပတ်သို့ရောက်၍နေ၏။

ထိုရဟန်း ကွယ်လွန်သော် ဗြဟ္မာ့ဘုံ တဘုံဘုံသို့ ကပ်၍ ဖြစ်လေ၏။ ထိုရဟန်းသည် ဗြဟ္မာပြည်မှတဖန် စုတေပြန်သော် ဤလူ့ပြည်သို့ ပြန်မလာသောကြောင့် အနာဂါမိ ပုဂ္ဂိုလ်မည်၏။ ဤပုဂ္ဂိုလ်မျိုးကို ဤလူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသော ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

"ငါ့ရှင်တို့၊ နောက်တမျိုးကို ငါဆိုဦးအံ့။ ရဟန်းသည် သီလရှိ၏။ (ပ) သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် ကာမတို့ကိုပင် ငြီးငွေ့ခြင်းငှါကျင့်၏။ ကာမတဏှာ ကင်းခြင်း၊ ကာမတဏှာ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ ဘဝတို့ကိုပင် ငြီးငွေ့ခြင်းငှါ ကျင့်၏။ ဘဝတဏှာ ကင်းခြင်း၊ ဘဝတဏှာချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ ကာမတဏှာ ကုန်ခန်း ခြင်း၊ လောဘ ကုန်ခန်းခြင်းငှါ ကျင့်၏။

ထိုရဟန်း ကွယ်လွန်သော် ဗြဟ္မာ့ဘုံတခုခုသို့ ကပ်၍ ဖြစ် လေ၏။ ထိုဗြဟ္မာ့ဘုံမှ တဖန် စုတေပြန်သော် ဤလူ့ဘုံသို့ မလာသောကြောင့် အနာဂါမိပုဂ္ဂိုလ်မည်၏။ ထိုပုဂ္ဂိုလ်မျိုးကို

ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏”ဟူ၍ ဟောတော်မူလေသတည်း။

ထိုအခါ စိတ်သဘောဆန္ဒချင်း တူညီသော နတ်များစွာတို့သည် ဘုရားသခင့် အထံတော်သို့ သွားရောက်ကြကုန်ပြီးလျှင် ထိုအကြောင်းကို လျှောက်ထားကြလေကုန်၏။

“ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုအရှင် သာရိပုတ္တရာကိုယ်တော်ကြီးသည် ပုဗ္ဗာရုံကျောင်းတော်၌ ရဟန်းတို့အား အဇ္ဈတ္တ သံယောဇဉ် ပုဂ္ဂိုလ်အကြောင်း၊ ဗဟိဒ္ဓ သံယောဇဉ် ပုဂ္ဂိုလ်အကြောင်းကို ဟောကြားလျက် ရှိနေပါကြောင်း။ ပရိသတ်တို့ကလည်း သူ၏ ဟောပြောချက်များကို များစွာ နှစ်သက်ကြပါကြောင်း။ အရှင်ဘုရား တပည့်တော်တို့ တောင်းပန်ပါကုန်၏။ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးထံသို့ ကိုယ်တော်တိုင် ကြွရောက် ရှုစားတော်မူပါဘုရား” ဟူ၍ တောင်း ပန်ကြလေ ကုန်၏။

ဗုဒ္ဓမြတ်ဘုရားသည် နတ်တို့၏ တောင်းပန်ချက်ကို လက်ခံ၍ အရှင်သာရိပုတ္တရာရှိရာ ပုဗ္ဗာရုံကျောင်းတော်သို့ ကြွရောက်တော်မူပြီးလျှင် အရှင်သာရိပုတ္တရာအား .. ဤစကားကို ဆိုတော်မူ၏။

“သာရိပုတ္တရာ၊ သင်ဟောအပ်သောတရားကို လာရောက်ကြားနာကုန်သော နတ်ပြဟ္မာတို့ကား၊ အရေအတွက်အားဖြင့် လွန်စွာ များကုန်၏။ နေရာမရသောကြောင့် ဆောက်ပုတ်ဖျားလောက်ရှိသော နေရာကလေး၌ပင် တကျိပ် နှစ်ကျိပ်မှ ငါးကျိပ် ခြောက်ကျိပ်အထိ သူတို့ နေကြရရှာကုန်သည်။ ဤသို့ နေကြသော်လည်း အချင်းချင်း ထိပါးခြင်း မရှိကြကုန်။

"တွေးစရာတော့ရှိသည် သာရိပုတ္တရာ။ သူတို့သည် ဣဒ္ဓိပါဒ် တန်ခိုးရှိသူများ ဖြစ်ကြသည်။ ထိုသို့သော တန်ခိုးဣဒ္ဓိပါဒ်မျိုး ရရှိအောင် သူတို့ဆီ၌ ပွားများ၍ ဖြစ်လေသလော····"ဟု ဤသို့ တွေးထင်စရာ ရှိပေသည်။

"သို့သော်....ဤသို့ သင်မမှတ်လေလင့် သာရိပုတ္တရာ။ထိုထိုသို့သော တန်ခိုးဣဒ္ဓိပါဒ်မျိုး ရရှိအောင် ဆိုသောကိစ္စကား ဤလူ့ပြည်၊ ဤ ငါ၏သာသနာ၌သာ ဖြစ်နိုင်သည်။

"သို့ဖြစ်သောကြောင့် သာရိပုတ္တရာ သင်တို့သည် ဤသို့ ကျင့်ကြလေကုန်။ "ငါတို့သည် တည်ငြိမ်သော ဣန္ဒြေ၊ ငြိမ်သက်သော စိတ်ရှိကြကုန်အံ့။ တည်ငြိမ်သောဣန္ဒြေ၊ ငြိမ်သက်သော စိတ်ရှိကြသည့် သင်တို့အား တည်ငြိမ်သောဣန္ဒြေ၊ ငြိမ်သက်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုသည် ဖြစ်လတံ့။ ငါတို့သည် သီတင်းသုံးဖော်တို့အပေါ်၌ တည်ငြိမ်၊ ငြိမ်သက်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပူဇော်မှုကို ပြုကြ ကုန်အံ့" ဟူ၍ ဤသို့သာ သင်တို့ ကျင့်ကြလေကုန်။

"သာရိပုတ္တရာ၊ သာသနာမှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် ဤတရားတော်ကို မကြားနာကြရကုန်။ ထို ပရိဗိုဇ်တို့သည် ချမ်းသာမှ ဆုံးရှုံးကုန်ဘိစွ"ဟု မိန့်တော်မူ၏။

ဤဒေသနာ၌ အဇ္ဈတ္တ သံယောဇနပုဂ္ဂိုလ်နှင့် ဗဟိဒ္ဓ သံယောဇနပုဂ္ဂိုလ်ကို ခွဲခြားနှိုင်းယှဉ် မျဉ်းပြိုင်ဟောသွားသည်ကို တွေ့ရ၏။ နက် ဖြဟ္မာတို့ရှိသော တန်ခိုးဣဒ္ဓိပါဒ်များသည် နတ်ဘုံ ဗြဟ္မာဘုံရောက်မှ ပွားများယူ၍ရသော တန်ခိုးဣဒ္ဓိပါဒ်များ မဟုတ်။ လူ့ပြည်၌ပြုသော ဒါန၊ သီလ၊ ဘာဝနာမှု များကို

အခြေခံသည့် တန်ခိုးများ ဖြစ်ကြောင်းများကိုလည်း အထူး မှတ်သားဘွယ်အဖြစ် တွေ့ရ၏။

ဤဒေသနာ၌ ငြင်းခုံခြင်း၏ ရင်းမြစ်, သဲလွန်စ,ကို စူးစမ်း သူနှင့် ရင်းမြစ်,သဲလွန်စ,ဖော်ပေးသူကိုတွေ့ရ၏။

ငြင်းခုံခြင်းကား လူ့လောကနှင့် မကင်းရာ မကင်းကြောင်း အမြိတ်အဆာတမျိုးကဲ့သို့ဖြစ်နေသည်။ အလွှာ အသီးသီးတို့၌ ထိုငြင်းခုံခြင်းကို တွေ့နိုင်၏။ တွေ့ရ၏။ လူလူခြင်းလည်းငြင်းကြ ခုံကြသည်။ ဘုရင် အချင်းချင်း၊ သူဌေး အချင်းချင်း၊ ပုဏ္ဏား အချင်းချင်းလည်း ငြင်းကြခုံကြသည်။

ထိုအကြောင်းကို စပ်စပ်စုစု ပုဏ္ဏားတဦးက တွေးလေသည်။ "လူတွေဟာ ဘာကြောင့် ငြင်းခုံကြပါလိမ့်"ဟူ၍ငြင်းခုံခြင်း၏ အကြောင်းကို ရှာသည်။သို့သော်....သူ့ခေါင်းသာချာချာလည် သွား၏။ အကြောင်းကိုကားရှာ၍မရချေ။ စပ်စုသော ထိုပုဏ္ဏား ကား အာရာမဒဏ္ဍ အမည်ရှိသူ ပုဏ္ဏား ဖြစ်ကြောင်းဖြင့် ဤဒေ သနာ၌ တွေ့ရပေသည်။

အာရာမဒဏ္ဍပုဏ္ဏားသည် ထိုအကြောင်းကို ပုဂ္ဂိုလ်အသီးသီး ထံ ချဉ်းကပ်၍ စူးစမ်းသော်လည်း အဖြေကိုမရ။အရှင်ကစ္စာနထံ ရောက်လေမှ သူ့ ပြဿနာမှာ ပြေလည်၍ သွားလေ တော့ သည်။

ထိုအခါ၌ အရှင်ကစ္စာနသည် ဝရဏမြို့ဘဒ္ဒသာရ,မည်သော မြစ်ကမ်းတွင် သီတင်းသုံးနေ၏။ အာရာမဒဏ္ဍ ပုဏ္ဏားသည် ထို အရှင်သူမြတ်ထံ ချဉ်းကပ်၍သူ၏ပြဿနာကို မေးလျှောက်ခြင်း ပြုလေ၏။

မေး။ "အို....အရှင်ကစ္စာနျ၊ဘုရင်တို့သည်လည်းဘုရင်အချင်းချင်း ငြင်းခုံကြပါကုန်၏။ ထို့ အတူ ပုဏ္ဏား အချင်းချင်း၊သူကြွယ်အချင်းချင်းတို့လည်း ငြင်းခုံကြပါကုန်၏။ ထိုငြင်းခုံခြင်း ဖြစ်ပေါ်လာစေသောအကြောင်းကားအဘယ်ပါနည်း။အကြောင်းမရှိဘဲ ငြင်းခုံကြမည် မဟုတ်ပါ၊ ထိုအကြောင်းကား အဘယ်ပါနည်း။"

ဖြေ။ "ဒါယကာ ပုဏ္ဏား ဤသို့ငြင်းခုံကြခြင်းကား အခြားကြောင့်မဟုတ်၊ ကာမရာဂကြောင့် ဖြစ်ပေ၏။ကာမဂုဏ် ငါးပါးကို အခြေခံ၍ ဖြစ်သော တပ်မက်ခြင်းကြောင့်၊ ဝါ၊ ကာမရာဂနှတ်က အကြွင်းမဲ့ ဖမ်းစားအပ်သောကြောင့် ဘုရင်အချင်းချင်းလည်း ငြင်းကြကုန်သည်။ ပုဏ္ဏား အချင်းချင်း၊ သူကြွယ်အချင်းချင်းတို့လည်း ငြင်းကြကုန်သည်။"

မေး။ "အို....အရှင်ကစ္စာနျ၊ လူတို့အဖို့ အရှင် မိန့်တော်မူသည့်အတိုင်းဟုတ်တန်ရာပါပြီ။ ရဟန်းသံဃာတော်များအချင်းချင်း ငြင်းကြ ခုံကြခြင်းမှာ အဘယ့်ကြောင့်ပါနည်း အရှင်။"

ဖြေ။ "ဒါယကာ ပုဏ္ဏား၊ ရဟန်းသံဃာအချင်းချင်း ငြင်းခုံကြသည်ကား ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိကို အကြောင်းပြု၍ ဖြစ်သော တပ်မက်ခြင်းကြောင့် ဖြစ်ပေ၏။"

မေး။ "သို့ဖြစ်ခဲ့သော်....ထိုသည့်ကာမရာဂနှင့် ဒိဋ္ဌိရာဂ နှစ်မျိုးကို လွတ်မြောက် ကျော်လွှားနိုင်သူ၊ ဤလောကမှာ လူတယောက်မျှ ရှိနိုင်ပါမည်လားအရှင်။"

ဖြေ။ "ရှိပြီကော ဒကာ။"

မေး။ "အဘယ်သူ ဖြစ်လေသနည်း။"

ဖြေ။ "ဒါယကာပုဏ္ဏား၊ဤမြစ်ကမ်း၏ အရှေ့ဘက် ဇနပုဒ် တို့၌ သာဝတ္ထိ အမည်ရှိသော မင်းနေပြည်ကြီး ရှိ၏။ လောက သုံးပါး၏ ဦးခိုက်ပူဇော်ခြင်းကို ခံတော်မူထိုက်သော မြတ်ဘုရား သည် ယခုအခါ ထိုသာဝတ္ထိ မင်းနေပြည်၌ သီတင်းသုံးလျက် ရှိနေ၏။ ထိုမြတ်ဘုရားကား ကာမရာဂနှင့် ဒိဋ္ဌိရာဂနှစ်မျိုးကို လွန်မြောက်တော်မူပြီးသော ပုဂ္ဂိုလ်ပေတည်း။"

ဤသို့ ဘုရား ဟူသောစကားကို ကြားလိုက်ကာမျှနှင့်ပင် ဘုရား၌ ကြည်ညိုခြင်း ပြင်းစွာဖြစ်လာသည်။ နေရာမှရုတ်ချည်း ထလျက် အပေါ်တွင် စုလျားတဘက်ကို လက်ကတော့ထိုးပြီး လျှင် လက်ျာဘက်ဒူးကို မြေ၌ထောက်လျက် ဘုရားသခင်ရှိတော် မူရာ အရှေ့အရပ်ကို မျှော်၍ ရှိခိုးရင်း သုံးကြိမ်တိတိ ဤသို့ ဥဒါန်းကျူးလေသတည်း။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။"

အတိုင်းမသိသော ဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံ တော်မူသော ထိုရှင်တော်မြတ်ဘုရားသည် လွန်မြောက်နိုင်ခဲလှ စွာသော ဤကာမရာဂနှင့် ဒိဋ္ဌိရာဂကို လွတ်မြောက်စွာ ကျော် လွှားတော် မူနိုင်ပါပေသည်တကား။

ဤသို့ ဥဒါန်းကျူးပြီးနောက် အာရာမဒဏ္ဍ ပုဏ္ဏားသည် အရှင်ကစ္စာနထံ၌ ဥပါသကာအဖြစ် ခံယူလေ၏။

ဤ၌ ဒွန်တရားကား ကာမရာဂနှင့် ဒိဋ္ဌိရာဂ ဖြစ်၏။တမျိုး အားဖြင့် လူ့လောကနှင့် ရဟန်းလောကကိုလည်း ဒွန်အဖြစ် ယူနိုင်၏။

(၃)

ဤဒေသနာ၌ ထိုခေတ် ထိုအချိန်က "ဗုဒ္ဓဝါဒ" ကြီးစိုးလွှမ်းမိုးပုံကို ထင်စေ မြင်စေသည်။ ကြီးသောသူကို ငယ်သောသူက အရိုအသေပြုရမည်၊ရှိခိုးရမည် ဟူသော ကြီးစဉ်ငယ်လိုက် ပူဇော်မှုဝါဒ ထွန်းကားသောခေတ်တွင် လူချင်းတွေ့၍ငယ်သူက ကြီးသူကို ရိုသေ လေးစားမှု မပြုခဲ့သော် ရိုင်းသည်ဟု သမုတ်၍ ကဲ့ရဲ့ရှုတ်ချလေ့ ရှိကြသည်။

ကန္ဒရာယန မည်သော ပုဏ္ဏားသည် အလွန် အယူသည်းသူဖြစ်၏။ သူနှင့်တွေ့သူများသည် သူ့အောက် ငယ်သူဖြစ်က သူ့ကို ရှိခိုးမှ ကြိုက်၏။ သူ့ထက်ကြီးသူနှင့် တွေ့လျှင်လည်း ထိုသူကို ရှိခိုးဦးညွှတ်ရန် သူ ဝန်မလေးတတ်ချေ။ အခါတပါးတွင် အသက်ကြီးသော ထိုပုဏ္ဏားနှင့် သက်ရွယ်နုပျိုသော ရဟန်းတပါး ဆုံမိကြလေသည်တွင် ပြဿနာပေါ်လာကြောင်းကို ဤဒေသနာက ပြဆိုထား၏။

နေရာကား မဓုရပြည်၊ ပိတ်ချင်းနက် တောအုပ်ကြီးအတွင်းမှာ ဖြစ်၏။ရဟန်းတော်ကား အရှင်ကစ္စာနတည်း။ ပုဏ္ဏားကား ကန္ဒရာယနတည်း။ ဤ ပိတ်ချင်းနက် တောအုပ်ကြီးအတွင်းသို့ အရှင်ကစ္စာနကိုယ်တော်ရောက်ရှိနေကြောင်းသတင်းကြားသဖြင့် တရားသဘော ဆွေးနွေးလို၍ သွားရောက် တွေ့ဆုံခြင်း ဖြစ်သတည်း။

အသက်အရွယ်အားဖြင့် သူ့အောက်ငယ်သော အရှင်ကစ္စာန ထံသို့ ရောက်သွားလေသောအခါ ကန္ဒရာယနပုဏ္ဏားသည် အရှင်ကစ္စာန၏ ပူဇော်ခြင်းကို ခံယူလို၍ မထိုင်သေးဘဲ ရပ်လျက်သာ

နေ၏။ သူ့ကို ပူဇော်ခြင်း၊ အရိုအသေပေးခြင်း အမူအရာများကို မတွေ့ရသောအခါ မကျေမနပ်နှင့် ထိုင်ချလိုက်ပြီး၊ ဟန်လုပ်၍ အလ္လာပ သလ္လာပ စကားပြောသေး၏။ ထိုနောက် အောင့်မထားနိုင်သည့်အဆုံးတွင် အရှင်ကစ္စာနအား စွပ်စွဲခြင်း ပြုပါလေ၏။

"ကျွန်ုပ် ကြားဘူးသည် ကိုယ်တော်၊ ကိုယ်တော်သည် သက်ကြီးဝါကြီးမှန်း မသိတတ်၊ လူ့ယဉ်ကျေးမှုကို နားမလည်၊ ကိုယ့်ထက် သက်ကြီးဝါကြီးပုဂ္ဂိုလ်တို့အား ရှိလည်းမခိုး၊ ခရီးဦးကြိုဆိုခြင်းလည်း မပြု။ နေရာထိုင်ခင်း ပေးရန်ကိုလည်း သတိမမူ။ သည်လို ကျွန်ုပ်ကြားဘူးသည်။ သို့သော် သတင်းကြားကာမျှဖြင့် ကျွန်ုပ် မယုံခဲ့။ ယခုဘမူ ကိုယ်တွေ့ကြုံသဖြင့် ကျွန်ုပ်ယုံပြီ။ ကိုယ်တော်သည် မိမိထက် အသက်အရွယ် ကြီးသော ကျွန်ုပ်ကို ရှိလည်းမခိုး၊ ခရီးဦးကြိုခြင်းလည်း မပြု၊ နေရာ ထိုင်ခင်းလည်း မပေး နေဘိ၏။ လူ့ယဉ်ကျေးမှုစည်းကမ်းအရ ကိုယ်တော်၏ ဤအပြုအမူသည် မသင့်" ဟု စွပ်စွဲ ပြစ်တင်စကားကို ဆို၏။

သူ့စကားအဆုံးတွင် ရှင်ပြုံးမူရာနှင့်ပင် အရှင်ကစ္စာနက သူ့စကားကို ဤသို့ ချေပလိုက်၏။

"ဒါယကာ ပုဏ္ဏား၊ ငါသည် လူ့ယဉ်ကျေးမှုကို အပြည့်အဝ နားလည်ထားသူ ဖြစ်၏။ ငါ၏ဆရာ မြတ်စွာဘုရားက ငါ့အား ဘယ်လိုလူမျိုးကို လူကြီး၊ ဘယ်လိုလူမျိုးသည် လူငယ်ဟူ၍ ကျကျနန သင်ပေးထား၏။

"ဒါယကာ ပုဏ္ဏား၊ အကြင်သူသည် အသက်အားဖြင့် ရှစ်ဆယ့်ကိုးဆယ့်တရာရှိပြီဘဲ ထား။ ထိုသူသည် ကာမဂုဏ်

နေ၏။ သူ့ကို ပူဇော်ခြင်း၊ အရိုအသေပေးခြင်း အမူအရာများကို မတွေ့ရသောအခါ မကျေမနပ်နှင့် ထိုင်ချလိုက်ပြီး၊ ဟန်လုပ်၍ အလ္လာပ သလ္လာပ စကားပြောသေး၏။ ထိုနောက် အောင့်မထားနိုင်သည့်အဆုံးတွင် အရှင်ကစ္စာနအား စွပ်စွဲခြင်း ပြုပါလေ၏။

"ကျွန်ုပ် ကြားဘူးသည် ကိုယ်တော်၊ ကိုယ်တော်သည် သက်ကြီးဝါကြီးမှန်း မသိတတ်၊ လူ့ယဉ်ကျေးမှုကို နားမလည်၊ ကိုယ့်ထက် သက်ကြီးဝါကြီးပုဂ္ဂိုလ်တို့အား ရှိလည်းမခိုး၊ ခရီးဦးကြိုဆိုခြင်းလည်း မပြု။ နေရာထိုင်ခင်း ပေးရန်ကိုလည်း သတိမမူ။ သည်လို ကျွန်ုပ်ကြားဘူးသည်။ သို့သော် သတင်းကြားကာမျှဖြင့် ကျွန်ုပ် မယုံခဲ့။ ယခုဘမူ ကိုယ်တွေ့ကြုံသဖြင့် ကျွန်ုပ် ယုံပြီ။ ကိုယ်တော်သည် မိမိထက် အသက်အရွယ် ကြီးသော ကျွန်ုပ်ကို ရှိလည်းမခိုး၊ ခရီးဦးကြိုခြင်းလည်း မပြု၊ နေရာ ထိုင်ခင်းလည်း မပေး နေဘိ၏။ လူ့ယဉ်ကျေးမှုစည်းကမ်းအရ ကိုယ်တော်၏ ဤအပြုအမူသည် မသင့်" ဟု စွပ်စွဲ ပြစ်တင်စကားကို ဆို၏။

သူ့စကားအဆုံးတွင် ရွှင်ပြုံးမူရာနှင့်ပင် အရှင်ကစ္စာနက သူ့စကားကို ဤသို့ ချေပလိုက်၏။

"ဒါယကာ ပုဏ္ဏား၊ ငါသည် လူ့ယဉ်ကျေးမှုကို အပြည့်အဝ နားလည်ထားသူ ဖြစ်၏။ ငါ၏ဆရာ မြတ်စွာဘုရားက ငါ့အား ဘယ်လိုလူမျိုးကို လူကြီး၊ ဘယ်လိုလူမျိုးသည် လူငယ် ဟူ၍ ကျကျနန သင်ပေးထား၏။

"ဒါယကာ ပုဏ္ဏား၊ အကြင်သူသည် အသက်အားဖြင့် ရှစ်ဆယ်၊ ကိုးဆယ်၊ တရာရှိပြီဘဲ ထား။ ထိုသူသည် ကာမဂုဏ်

ရှိသော်လည်း ဤ၌မူ သက်ကြီး သက်ငယ်ကို ကာမဖြင့် ပိုင်းခြားထားပုံမှာ တမျိုးမှတ်စရာပင်ဖြစ်၏။

( ၈ )

'ရှင်ဘုရင့်ဘုန်း၊ မိုးသို့ချုန်း၊ လူပုန်းတောမှာ မနေသာ'ဟု ဆိုစကားရှိ၏။ 'ပြည်ညှဉ်းလျှင် မင်းမခံနိုင်'အဆိုလည်း ရှိပြန်၏။

ယင်းအဆိုနှစ်ရပ်၏ အဓိပ္ပါယ်တွင်သည် ဤဒေသနာ၌ တစိတ်တဒေသ အကျုံးဝင်သည်ကို တွေ့ရ၏။ ကာလဆိုးသည်၊ ကာလပျက်သည် ဆိုသောစကားမှာလည်း ခေတ်အခါမကောင်း မငြိမ်မသက် ဖြစ်နေပုံကို သရုပ်ဖော်သော စကားပင်ဖြစ်၏။

ဤဒေသနာပါ အချက်အလက်များသည်လည်း ခေတ်ကာလ မငြိမ်မသက်မှုများအပေါ်၌ အခြေစိုက်ထားသည်ကို တွေ့ရပေသည်။ ဗုဒ္ဓသည် သာသနာ့အသွင်ကို ထင်စေတော်မူလိုရာ၌ ပြည်ထဲရေးကို ရှေ့တန်းတင်လျက် မြွက်ကြားတော်မူသွားပေသည်။

"အို....ရဟန်းတို့၊ခိုးသူမြေ၊ထကြွသောင်းကျန်း အားကောင်းသောခေတ်၌ ပြည်ပိုင်ရှင်မင်းတို့သည် ဘုန်းတန်း ညှိုးကုန်၏။ အားနည်းကုန်၏။ ထိုအခါမျိုး၌ သွားရေးလာရေး လမ်းပန်း အဆက်အသွယ်မလွယ်၊ မင်းအား ချမ်းသာခြင်းမဖြစ်။ မြို့ပြင်ထွက်ရန်လည်း မလွယ်။ မြို့တွင်းဝင်ရန်လည်း မလွယ်။ ကျေးရွာဇနပုဒ်များသို့ လှည့်လည်ရန်လည်း မလွယ်။ ပြည်သူ ပြည်သား အပါအဝင် ပုဏ္ဏား သူဌေးသူကြွယ်တို့အားလည်း ချမ်းသာခြင်း မဖြစ်။ သွားရေးလာရေး ခက်ကုန်၏။ ကူးသန်းရောင်းဝယ်ခြင်းစသော လုပ်ငန်း ကိုင်ငန်းတို့လည်း ပျက်ကုန်လေ၏။ စီရင် လုပ်ကိုင်ခွင့်မရ ဖြစ်ကုန်လေ၏။

"ရဟန်းတို့၊ ဤအတူသာလျှင် အကြင်အခါ၌ ဒုဿီလ ရဟန်းတို့ အားကောင်းကုန်၏။ ထိုအခါ ရဟန်းကောင်းတို့ အားနည်းကုန်၏။ ထိုအခါမျိုးတွင် သီလဝန္တ ရဟန်းတို့မှာ သံဃာ့အလယ်၌တုဏှိဘာဝေ-ဆိတ်ဆိတ်သာ နေကြ ရရှာကုန်လေ၏။ မြို့ကြီးပြကြီး၌ နေခွင့်မလျော်သဖြင့် ကျေးလက် ဇနပုဒ်များသို့ သော်လည်း သွားရောက်နေထိုင်ကြရရှာကုန်၏။

"ရဟန်းတို့၊ ထိုသို့ဖြစ်ခြင်းကား ပြည်သူ လူထု တရပ်လုံး အကျိုးစီးပွားဆုတ်ယုတ်ခြင်း၊ ချမ်းသာမှု ပျက်ပြုန်းဆိတ်သုဉ်းခြင်း၊ လူအပေါင်း၏ အကျိုးမဲ့ခြင်း၊ စီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်း ငှာဖြစ်၏။

"ရဟန်းတို့၊ အကြင်အခါ၌ပြည်ပိုင်ရှင်မင်းတို့ အားကောင်းကုန်၏။ ထိုအခါမျိုးတွင် ခိုးသူဓမြ၊ ထကြွသောင်းကျန်း သူတို့ အားနည်းကုန်၏။ သွားရေးလာရေး၊လမ်းပန်းအဆက်အသွယ် လွယ်ကူသည်ဖြစ်၍ သွားလိုရာသို့ ချမ်းသာစွာ သွားလာနိုင်ကြကုန်၏။ ရောင်းရေးဝယ်တာမှအစ လုပ်ငန်း ကိုင်ငန်းအသီးသီး တို့ကိုလည်း ချမ်းသာစွာ လုပ်ကိုင်နိုင် စီရင်နိုင် ပိုင်ခွင့် ရရှိကုန်၏။

"ရဟန်းတို့၊ ဤအတူသာလျှင် သီလဝန္တရဟန်းကောင်းတို့ အားကောင်းလာသောအခါ ဒုဿီလရဟန်းဆိုးတို့ တန်ခိုး ညှိုးမှိန် အရှိန်အဝါ အားနည်းကုန်သေ၏။ ထိုအခါ မျိုးတွင် ဒုဿီလ ရဟန်းတို့ကား သံဃာ့အလယ်တွင် တုဏှိဘာဝေ ဆိတ်ဆိတ်သာ နေကြကုန်လေ၏။ ဤသို့ဖြစ်ခြင်းကား အားလုံးချမ်းသာဘို့၊အကျိုးရှိဘို့၊ ဆင်းရဲခြင်းကင်းဘို့အတွက်ဖြစ်၏"ဟု မိန့်တော်မူ၏။

---

ဝေယ်ဉီးတာဝေ

ဤ၌ ဒွန်အဖြစ် ယှဉ်နိုင်စရာကား အားရှိနှင့် အားမဲ့-အားနည်း အားသည်လည်း ဒွန်၊ မင်းနှင့်ခိုးသူသည်လည်းဒွန်၊ ရဟန်းကောင်းနှင့် ဒုသီလ ရဟန်းသည်လည်း ဒွန်၊ လူ့လောကနှင့် သာသနာ့လောကသည်လည်း ဒွန်၊ ဤသည်တို့ကိုမျဉ်းပြိုင်ပြု၍ ဟောသွားတော် မူသည်ကို တွေ့ရ၏။

(၉)

ဤ၌ကား အကျင့်ကို ကိုင်တွယ်သုံးသပ်လျက် အမှားအမှန် အပေါ်၌ ဦးတိုက်ထားသည်ကို တွေ့ရ၏။

အကျင့်ဟူသည် လူထုတ်လုပ်သောပစ္စည်း၊ လူမှ ထွက်လာသော ပစ္စည်းဖြစ်လေရာ ပစ္စည်း အဆိုးအကောင်း ဆိုသည်မှာ လုပ်သူအပေါ်၌ တည်နေပုံကို ပြထားပေသည်။ ဗုဒ္ဓသည် လူမှ ထွက်သော ပစ္စည်းများကိုချင့်၍ ချီးမွမ်းသင့်၊ မချီးမွမ်းသင့်ကို ဆုံးဖြတ်တော်မူကြောင်း ဤဒေသနာတွင် ဖော်ပြထားပေသည်။

"အို....ရဟန်းတို့၊ လူကျင့်သော အကျင့်ကိုဖြစ်စေ၊ ရဟန်းကျင့်သောအကျင့်ကိုဖြစ်စေ၊ မှားယွင်းသောအကျင့်ကို ငါမချီးမွမ်း။ လူသော်လည်းကောင်း၊ ရဟန်းသော်လည်းကောင်း မှားယွင်းသောအကျင့်ကိုကျင့်မိချေသော် ထိုအကျင့်ကြောင့် ကုသိုလ်တရားကို နှစ်သက်စေနိုင်သည် မဟုတ်။

"အို....ရဟန်းတို့၊ လူ၏မှန်သောအကျင့်၊ ရဟန်း၏မှန်သော အကျင့်ကိုကား ငါချီးမွမ်း၏။ မှန်သောအကျင့်ကို ကျင့်ပေသော လူသည်သော်လည်းကောင်း၊ ရဟန်းသည် သော်လည်းကောင်း၊ ထိုအကျင့်ကြောင့် ကုသိုလ်ဘရားကို နှစ်သက်စေနိုင်၏"ဟု မိန့်တော်မူ၏။

---

စပယ်ဦးစာပေ

ဤသို့ ဒွန်ကား လူနှင့်ရဟန်းတည်း။ အကျင့်မှားနှင့်အကျင့်မှန်တည်း။ ယင်းနှစ်မျိုးကို ဒွန်တွဲလျက် ဟောကြားသွားသော တရားဖြစ်၏။

( ၁၀ )

ဤဒေသနာကား သင်ကြားနည်းနှင့်ဆိုင်၏။ စာမှန်မှအနက်မှန်မည်။ အနက်မှန်မှ အဓိပ္ပါယ်မှန်မည်။ အဓိပ္ပါယ်မှန်မှ သင်ကြားရကျိုးနပ်မည်ကို ပြ၏။ သင်ကြားနည်းနှင့် ပက်သက်၍ ဗုဒ္ဓဟောတော်မူသွားပေသည်ကား....

"အို....ရဟန်းတို့၊ အကြင်ရဟန်းတို့သည် အမှားမှားအယွင်းယွင်း သင်ယူအပ်ကုန်သော သဒ္ဒါအားလျော်စွာ ရအပ်ကုန်သော သုတ္တန်တို့ဖြင့် အနက်ကိုလည်းကောင်း၊ ပါဠိကိုလည်းကောင်း တားမြစ်ကုန်၏။ ထိုရဟန်းတို့သည် လူအပေါင်းတို့၏ အစီးအပွားမဲ့ခြင်းငှာ၊ ချမ်းသာကင်းခြင်းငှာ၊အကျိုးဆုတ်ယုတ်ပျက်စီးခြင်းငှာ၊ နတ်လူတို့၏အစီးအပွားမဲ့ခြင်း ဆင်းရဲခြင်းငှာ ကျင့်ကုန်သည် မည်၏။ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ပွားစေကုန်သည်မည်၏။ ဤငါ၏ သာသနာကို ကွယ်ပအောင် ပြုကုန်သည်မည်၏။

"အို....ရဟန်းတို့၊ အကြင်ရဟန်းတို့သည် ကောင်းစွာ သင်ယူအပ်ကုန်သော သဒ္ဒါအားလျော်စွာ ရအပ်ကုန်သော သုတ္တန်တို့ဖြင့် အနက်ကိုလည်းကောင်း၊ ပါဠိကိုလည်းကောင်းလျော်စေကုန်၏။ ထိုရဟန်းတို့သည် လူအပေါင်းတို့၏ အစီးအပွား ဖြစ်ထွန်းစေခြင်းငှာ၊ ချမ်းသာခြင်းငှာ၊ စီးပွားတိုးတက်စေခြင်းငှာ၊ နတ်လူတို့၏ လက်ငင်းအကျိုး ဖွံ့ဖြိုးခြင်း ချမ်းသာခြင်းအကျိုးငှာ ကျင့်ကုန်သည်မည်၏။ ထိုရဟန်းတို့သည် များစွာသော

ကုသိုလ်ကိုလည်း ပွားစေကုန်သည်မည်၏။ ဤငါ၏ သာသနာ တော်ကို အရှည်သဖြင့် တည်တန့်အောင်ထားကုန်သည်မည် ၏”ဟု ဟောတော်မူ၏။

ဤ၌ ဒွန်ကား ကောင်းစွာ သင်ခြင်းနှင့် မကောင်းသဖြင့် သင်ခြင်းတည်း။ ဤတရားနှစ်မျိုးကို ဒွန်တွဲလျက် မျဉ်းပြိုင် ဟောကြားသွားတော်မူသည်ကို တွေ့ရ၏။

× × ×

## (၅) ပရိသဝဂ်

ဤအုပ်စုကား ပရိသတ်ကို အမျိုးမျိုး ဂဏန်းချ၍ သိကုံး ထားသဖြင့် ‘ပရိသတ်အဘိဓာန်’သဖွယ် ဖြစ်နေသည်ကို တွေ့ ရ၏။ လူရှိလျှင် ပရိသတ်ရှိနေမည်။ ထိုပရိသတ်သည် မည်သည့် ပရိသတ်မျိုး ဖြစ်သည်၊ ဤပရိသတ်ကား မည်သည့် ပရိသတ်၌ အကျုံးဝင်သည် ဆိုချက်ကို ဂဏန်း ထိုးကာ ထိုးကာ ပြထား ပေသည်။

အခြားအခြားသော အုပ်စု (ဝဂ်)များ၌ အကြောင်းဖြစ် ရပ်နှင့်ပတ်သက်၍ တမျိုးနှင့်တမျိုးမတူ။ အဆင်ကွဲ အမျိုးကွဲ၊ တသန်စီ တကန့်စီ၊ တရားတမျိုးစီ တမျိုးစီ ကွဲလွဲချက်များပါ ရှိသော်လည်း ဤအုပ်စု၌ကား ထူးနေ၏။ အမျိုးအစား ဆယ် မျိုးစလုံး ပရိသတ်အကြောင်းချည်းသာ ဖြစ်လေသည်။

ဥတ္တာနပရိသတ်နှင့် ဂမ္ဘီရပရိသတ်ကိုတတွဲ။
ဝဂ္ဂပရိသတ်နှင့် သမဂ္ဂပရိသတ်ကို တတွဲ။
အနဂ္ဂဝတီပရိသတ်နှင့် အဂ္ဂဝတီပရိသတ်ကို တတွဲ။
အနရိယပရိသတ်နှင့် အရိယပရိသတ်ကို တတွဲ။

ဤသို့စသောအားဖြင့် ပရိသတ်ကိုဆယ်တွဲတွဲပြထားလေရာ တတွဲလျှင် ပရိသတ်နှစ်မျိုး ရှိသောကြောင့် ဆယ်တွဲအရ ပရိသတ် အမျိုးအစားပေါင်း ၂၀ရှိသည်ကို တွေ့ရ၏။

ဗုဒ္ဓသည် ဤအုပ်စု၌ ဥတ္တာနပရိသတ်နှင့် ဂမ္ဘီရပရိသတ်ကို ရှေးဦးစွာ ဤသို့ဟောကြားသွားတော်မူ၏။

( ၁ )

"အို....ရဟန်းတို့၊ ပရိသတ်သည် နှစ်မျိုးရှိ၏။ ယင်းနှစ်မျိုး ကား....

၁။ တမျိုးကား တိမ်သောပရိသတ် (ဥတ္တာန)။
၂။ တမျိုးကား နက်သောပရိသတ် (ဂမ္ဘီရ)။

ဤသို့အားဖြင့် ပရိသတ်သည် နှစ်မျိုးဖြစ်သတည်း။

"ရဟန်းတို့၊ တိမ်သော ပရိသတ် ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဤသာသနာဝယ် အကြင်သံဃာ့ပရိသတ်၌ ရဟန်းတို့သည် ပျံ့လွင့်ကုန်၏၊ မာန်တက်ကုန်၏၊ လျှပ်ပေါ်ကုန်၏၊ နှုတ်အာကြမ်းကုန်၏၊ ထင်ရာလျှောက်၍ပြောကုန်၏၊ သတိလွတ်ကုန်၏၊ အဆင်ခြင်ဉာဏ်မရှိကုန်၊ မတည်ကြည်ကုန်၊ တုန်လှုပ်သောစိတ် ရှိကုန်၏။ ပကတိ ပင်ကိုယ်အရှိအတိုင်း ပေါ်လွင်သော ဣန္ဒြေရှိကုန်၏။ ဤပရိသတ်မျိုးကို တိမ်သောပရိသတ်ဟု ဆိုအပ်၏။

"အို....ရဟန်းတို့၊ နက်သောပရိသတ်ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဤသာသနာ၀ယ် သံဃာ့ပရိသတ်၌ ရဟန်းတို့သည် မပျံ့လွင့်ကုန်၊ မာန်မတက်ကုန်၊ မလျှပ်ပေါ်ကုန်၊ နှုတ်အာမကြမ်းကုန်၊ ထင်ရာလျှောက်မပြောကုန်၊ သတိမလွတ်ကုန်၊ ဆင်ခြင်ဉာဏ်ရှိကုန်၏၊ တည်ကြည်ကုန်၏၊ တည်ငြိမ်သောစိတ်ရှိကုန်၏၊ စောင့်စည်းအပ်သော ဣန္ဒြေရှိကုန်၏။ ဤပရိသတ်မျိုးကို နက်သောပရိသတ်ဟု ဆိုအပ်၏။

"ရဟန်းတို့၊ ပရိသတ်သည် ဤသို့လျှင် နှစ်မျိုးဖြစ်သတည်း။ ယင်းပရိသတ်နှစ်မျိုးတွင် နက်သောပရိသတ် (ဂမ္ဘီရပရိသတ်) သည် အမြတ်ဆုံးဖြစ်သတည်း"ဟု မိန့်တော်မူ၏။

ဤ၌ ဒွန်ကားထင်ရှား၏။ တိမ်သောပရိသတ်နှင့် နက်သောပရိသတ်တည်း။ ယင်းနှစ်ရပ်ကို တွဲစပ်၍ ဟောအပ်သော တရားတည်း။

(၂)

"အို....ရဟန်းတို့၊ ပရိသတ်သည်နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးကား အဘယ်နည်း။

၁။ မညီညွတ်သော ပရိသတ်တမျိုး (ဝဂ္ဂပရိသတ်)။

၂။ ညီညွတ်သောပရိသတ်တမျိုး (သမဂ္ဂပရိသတ်)။

ဤသို့အားဖြင့် ပရိသတ်နှစ်မျိုး ဖြစ်သတည်း။ မညီညွတ်သော ပရိသတ်ဟူသည် အဘယ်နည်း။

"ရဟန်းတို့၊ ဤသာသနာ၀ယ် အကြင်သံဃာ့ ပရိသတ်၌ ရဟန်းတို့သည် ခိုက်ရန်ဖြစ်ကုန်၏၊ ငြင်းခုံကုန်၏၊ ဆန့်ကျင်ဘက်စကားကို ဆိုကုန်၏၊ အချင်းချင်း နှုတ်လှန်ထိုးလျက်နေကုန်၏။

ရဟန်းတို့၊ ဤပရိသတ်မျိုးကို မညီညွတ်သော (ဝဂ္ဂ)ပရိသတ် ဟု ဆိုအပ်၏။

"ရဟန်းတို့၊ညီညွတ်သော (သမဂ္ဂ)ပရိသတ်ဟူသည် အဘယ် နည်းဆိုသော် ဤသာသနာတော်ဝယ် အကြင်သံဃာ့ပရိသတ်၌ ရဟန်းတို့သည် ညီညွတ်ကုန်၏၊ ဝမ်းမြောက်စွာသော စကားကို ဆိုကုန်၏၊ အချင်းချင်း မငြင်းခုံကြကုန်၊ နွားနို့နှင့်ရေ ရောဘိ သကဲ့သို့ဖြစ်ကုန်လျက် အချင်းချင်း ချစ်မျက်လုံးတို့ဖြင့် ကြည့် ကာ နေကြကုန်၏။ ရဟန်းတို့၊ ဤပရိသတ်မျိုးကို ညီညွတ်သော (သမဂ္ဂ)ပရိသတ်ဟု ဆိုအပ်၏။

"ရဟန်းတို့....၊ ဤပရိသတ် နှစ်မျိုးအနက် ညီညွတ်သော (သမဂ္ဂ)ပရိသတ်သည် အမြတ်ဆုံးဖြစ်၏"ဟုမိန့်တော်မူ၏။

ဤ၌လည်း ဒွန်တရားထင်ရှားပါ၏။ ဝဂ္ဂနှင့် သမဂ္ဂဟူ၍ပေ၏။ မညီညွတ်သောပရိသတ်နှင့် ညီညွတ်သောပရိသတ်ကို မျှဦးပြိုင် ပြု၍ ဒွန်တရားဟောကြားသွားတော်မူ၏။

(၃)

ဤ၌ပရိသတ်ကို အသွင်တမျိုးဖြင့်မြင်တွေ့ရပြန်၏။ အကျင့် တည်းဟူသော ခြုံလွှာများ ပါလာသည်ကို အကဲခတ်စေသည်။ အသို့ပါနည်း။

"အို....ရဟန်းတို့၊ ပရိသတ်သည်နှစ်မျိုးရှိ၏။ နှစ်မျိုးဟူသည် အဘယ်နည်းဆိုသော်....

၁။ အကျင့်မြတ်ပုဂ္ဂိုလ်မပါသော ပရိသတ်တမျိုး (အနဂ္ဂ ဝတီပရိသတ်)။

၂။ အကျင့်မြတ်ပုဂ္ဂိုလ်ပါသော ပရိသတ်တမျိုး (အဂ္ဂဝတီ ပရိသတ်)။

"ဤသို့အားဖြင့်ပရိသတ်သည် နှစ်မျိုးဖြစ်သတည်း။ ရဟန်းတို့....၊ အကျင့်မြတ် ပုဂ္ဂိုလ် မပါသော (အနဂ္ဂဝတီ)ပရိသတ်ဟူသည် အဘယ်နည်း၊၊

"ရဟန်းတို့၊ ဤသာသနာ၀ယ် အကြင်သံဃာ့ပရိသတ်၌ မထေရ်ကြီး ရဟန်းတို့သည် လာဘ်လာဘများမှုကို ရှေးရှု၍ ကျင့်ကုန်၏။ ဘုရားသခင်၏ ဆုံးမ ဩဝါဒကို ပေါ့ပေါ့ ဆဆ သဘောထားကုန်၏။ သိက္ခာကျဆင်းစေတတ်သည့် နီဝရဏတရားကို ပွားများမှု၌ ဦးဆောင်ကုန်၏။ မရောက်သေးသော တရားသို့ရောက်အောင်၊ မရသေးသော တရားကို ရအောင်၊ မျက်မှောက်မပြုရသေးသောတရားကို မျက်မှောက်ပြုရအောင် လုံ့လ ကြိုးကုတ် အားထုတ်ခြင်း မပြုကြကုန်။ ထိုမဟာထေရ် ဆရာတော်ကြီးများ၏တပည့် နောင်လာ နောက်သား ရဟန်းများသည် ဆရာ့ဒိဋ္ဌာနုဂတိ အတုလိုက်၍ ကျင့်ခြင်းသို့ ရောက်၏။ ထိုတပည့်များသည်လည်း လာဘ်သပ်ပကာ ပေါများအောင် ကျင့်၏။ ဘုရားသခင်၏ အဆုံးအမ ဩဝါဒကို နှစ်နှစ်ကာကာ မရှိ၊ ပေါ့ပေါ့ဆဆ သဘောထား၏။ သိက္ခာ ကျဆင်းစေတတ်သည့် တရားများကို ပွားများမှု၌ ဦးဆောင်၏။ မရောက်သေးသော တရားသို့ရောက်အောင်၊ မရသေးသောတရားကိုရအောင်၊ မျက်မှောက်မပြုရသေးသောတရားကို မျက်မှောက်ပြုရအောင် အားထုတ်ခြင်းမပြု။ ရဟန်းတို့၊ ဤပရိသတ်မျိုးကို အကျင့်မြတ်ပုဂ္ဂိုလ် မရှိသော (အနဂ္ဂဝတီ)ပရိသတ်ဟု ဆိုအပ်၏။

"အို....ရဟန်းတို့၊ အကျင့်မြတ် ပုဂ္ဂိုလ်ရှိသော (အဂ္ဂဝတီ) ပရိသတ်ကား အဘယ်နည်းဆိုသော်.... ဤသာသနာ၌ အကြင် သံဃာ့ပရိသတ်ဝယ် မဟာထေရ် ရဟန်းတို့သည် လာဘ်လာဘ

ကို မြှော်မှန်း၍ မကျင့်ကုန်၊ ဘုရားသခင်၏ အဆုံးအမဩဝါဒကို ပေါ့ပေါ့ဆဆ သဘောမထားကုန်၊ သိက္ခာ ကျဆင်းစေတတ်သည့်တရားပွားများမှု၌ ဦးမဆောင်ကုန်၊ မရောက်သေးသော တရားသို့ရောက်အောင်၊ မရသေးသောတရားကိုရအောင်၊ မျက်မှောက်မပြုရသေးသောတရားကို မျက်မှောက်ပြုရအောင် ကြိုးစားအားထုတ်ခြင်း ပြုကုန်၏။

ထိုမဟာထေရ်ဆရာတော်ကြီးများ၏ တပည့် နောက်လာ နောက်သား ရဟန်းများသည် မိမိတို့၏ ဆရာ့အတုလိုက်လျက် ကျင့်ခြင်းသို့ရောက်၏။ လာဘ်ကို မြှော်မှန်း၍မကျင့်၊ ဩဝါဒကို ပေါ့ပေါ့ဆဆ သဘောမထား၊ သိက္ခာ ကျဆင်းစေတတ်သည့် တရားပွားများမှု၌ ဦးဆောင်ခြင်းမပြု၊ မ ရောက် သေး သော တရားသို့ ရောက်အောင် အားထုတ်၏၊ မရသေးသော တရားကိုရအောင် အားထုတ်၏။ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုရအောင် အားထုတ်၏။ ရဟန်းတို့ ဤပရိသတ်မျိုးကို အကျင့်မြတ် ပုဂ္ဂိုလ်ရှိသော (အဂ္ဂဝတီ) ပရိသတ် ဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤသည့်ပရိသတ်နှစ်မျိုးတွင် အကျင့်မြတ် ပုဂ္ဂိုလ်ရှိသော (အဂ္ဂဝတီ)ပရိသတ်သည် အမြတ်ဆုံးဖြစ်၏”ဟု မိန့်တော်မူ၏။

ဤ၌လည်း ဒွန်ဟရားကား ထင်ရှား၏။ အကျင့်မြတ်မရှိ ပရိသတ်နှင့် အကျင့်မြတ်ရှိ ပရိသတ်၊ ယင်းနှစ်မျိုးကို တရားကြီးမျှင်ဖြင့် သီကုံး၍ ဟောကြားသွားတော်မူသည်ကို တွေ့ရ၏။

( ၄ )

ဤ၌လည်း ပရိသတ်တမျိုးကိုတွေ့ရပြန်၏။ ယင်းပရိသတ်ကို အကျင့်လွှာရုံဖြင့် လွှမ်းခြုံထားလေသည်။ သို့သော် ခြုံလွှာအသွင်

ချင်းမတူ မျိုးခြား အဆင်ကွဲဖြစ်ကြောင်း တွေ့ရ၏။ အသို့ပါ နည်း။

"အို....ရဟန်းတို့၊ ပရိသတ်သည် နှစ်မျိုးရှိ၏။ နှစ်မျိုးဟူသည် အဘယ်နည်း....။

၁။ ပုထုဇဉ် (အနရိယ) ပရိသတ်တမျိုး၊

၂။ အရိယ ပရိသတ်တမျိုး၊

ဤသို့အားဖြင့် ပရိသတ်သည် နှစ်မျိုးဖြစ်သတည်း။ ရဟန်းတို့ ပုထုဇဉ်ပရိသတ်ဟူသည် အဘယ်နည်းဆိုသော်.... ဤသာသနာဝယ် အကြင်သံဃာ့ပရိသတ်၌ ရဟန်းတို့သည် "ဆင်းရဲကို ဆင်းရဲ" ဟူ၍ အမှန်အတိုင်းမသိကုန်၊ ဆင်းရဲဖြစ်ကြောင်းကို ဆင်းရဲဖြစ်ကြောင်း....ဟူ၍ အမှန်အတိုင်း မသိကုန်၊ ဆင်းရဲချုပ်ကြောင်းကို ဆင်းရဲချုပ်ကြောင်း.... ဟူ၍ အမှန်အတိုင်း မသိကုန်၊ ဆင်းရဲချုပ်ငြိမ်းရာသို့ သွားရာ လမ်းစဉ် အကျင့်ကို အကျင့်ဟူ၍ အမှန်အတိုင်း မသိကုန်။ ရဟန်းတို့၊ ဤပရိသတ်ကို ပုထုဇဉ် (အနရိယ) ပရိသတ်ဟု ဆိုအပ်၏။

"ရဟန်းတို့၊ အရိယာ ပရိသတ် ဟူသည် အဘယ်နည်းဆိုသော်.... ဤသာသနာဝယ် အကြင်သံဃာ့ပရိသတ်၌ ရဟန်းတို့သည် ဆင်းရဲကို "သည်ဟာဆင်းရဲ" ဟု အမှန် အတိုင်း သိကုန်၏။ ဆင်းရဲဖြစ်ကြောင်းကို "သည်ဟာ ဆင်းရဲခြင်း၏ အကြောင်း" ဟူ၍ အမှန်အတိုင်း သိကုန်၏။ ဆင်းရဲ ချုပ်ငြိမ်းရာကို "သည်ဟာချုပ်ငြိမ်းရာ" ဟု အမှန်အတိုင်း သိကုန်၏။ ဆင်းရဲချုပ်ငြိမ်းရာသို့ သွားရာလမ်းစဉ်အကျင့်ကို "သည်ဟာ လမ်းစဉ်အကျင့်" ဟု အမှန်အတိုင်း သိကုန်၏။ ဤပရိသတ်ကို

အရိယ ပရိသတ် ဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤပရိသတ်နှစ်မျိုး တွင် အရိယပရိသတ်သည်အမြတ်ဆုံးဖြစ်၏....''ဟု မိန့်တော်မူ၏။

ဤ၌လည်း ဒွန်တရားသည် ပေါ်လွင်ပေ၏။ ပုထုဇဉ်နှင့် အရိယာကို ဒွန်သမာသ်စပ် နှောလျက် ဟောကြားသွားတော်မူ၏။

## ( ၅ )

ဤ၌ တွေ့ရသော ပရိသတ်ကား ဘက်လိုက် ပရိသတ်နှင့် ဘက်မလိုက် ပရိသတ် ဖြစ်၏။ အသို့ပါနည်း ။

"အို....ရဟန်းတို့၊ ပရိသတ်သည် နှစ်မျိုးရှိ၏။ နှစ်မျိုး ဟူသည် အဘယ်နည်း။

၁။ ဘက်လိုက် (ပရိသာဂကသဋ္ဌ) ပရိသတ်တမျိုး၊

၂။ ဘက်မလိုက် (ပရိသာမဏ္ဍာ) ပရိသတ်တမျိုး၊

ဤသို့အားဖြင့် ပရိသတ်နှစ်မျိုးဖြစ်သတည်း။ ဘက်လိုက် ပရိသတ်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာဝယ် အကြင်သံဃာ့ပရိသတ်၌ ရဟန်းတို့သည် ဆန္ဒာဂတိ လိုက် ကုန်၏။ ဒေါသာဂတိ လိုက်ကုန်၏။မောဟာဂတိ လိုက်ကုန်၏။ ဘယာဂတိ လိုက်ကုန်၏။ ဤပရိသတ်မျိုးကို ဘက်လိုက် (ပရိ သာကသဋ္ဌ) ပရိသတ်....ဟု ဆိုအပ်၏။

"အို....ရဟန်းတို့၊ဘက်မလိုက်ပရိသတ်ဟူသည် အဘယ်နည်း ဆိုသော်....ဤသာသနာဝယ် အကြင်သံဃာ့ပရိသတ်၌ ရဟန်းတို့ သည် ဆန္ဒာဂတိ-မလိုက်ကုန်။ ဒေါသာဂတိ-မလိုက်ကုန်။ မောဟာဂတိ-မလိုက်ကုန်။ ဘယာဂတိ-မလိုက်ကုန်။ဤပရိသတ်တို့ကို ဘက်မလိုက်(ပရိသာမဏ္ဍာ)ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့၊ဤ

ပရိသတ်နှစ်မျိုးတွင်ဘက်မလိုက်ပရိသတ်သည်အမြတ်ဆုံးဖြစ်၏”
ဟု မိန့်တော်မူ၏။

ဤ၌ ဒွန်တရားကား ၁.ဘက်လိုက်နှင့် ဘက်မလိုက် ဟူပေ၏။ ယင်းနှစ်ချက်ကို ဒွန်တွဲလျက် ဟောသောတရားဖြစ်၏။

( ၆ )

ဤ၌ အကြောမာ၍ အရေထူသော ပရိသတ်တမျိုးကိုတွေ့ရပြန်၏။ ကြောင်ရိုက်မနာ ပရိသတ်ဟူ၍လည်း ဆိုထိုက်ပေသည်။ အဘယ့်ကြောင့်ဆိုသော်....

“အို... ရဟန်းတို့ ပရိသတ်သည်နှစ်မျိုးရှိ၏။ နှစ်မျိုးဟူသည်ကား....

၁။ ဆုံးမခက်၊ အပြောခက် ပရိသတ် တမျိုး။

၂။ ဆုံးမလွယ်၊ အပြောလွယ် ပရိသတ် တမျိုး။

ဤသို့အားဖြင့် ပရိသတ်သည် နှစ်မျိုးဖြစ်သတည်း။ ရဟန်းတို့၊ ဆုံးမခက်,အပြောခက် ပရိသတ် ဟူသည် အဘယ်နည်းဆိုသော်....ဤသာသနာဝယ် အကြင်သံဃာ့ပရိသတ်၌ ရဟန်းတို့သည် ဗုဒ္ဓဟောကြားအပ်သော သုတ်တရားတို့ကို ဟောသည်ရှိသော်....ကောင်းစွာမနာကုန်။ နားစွင့်၍မထားကုန်။တပါးအာရုံ၌ စိတ်ဝင်စားနေကုန်၏။ ထိုတရားတို့ကို နာစကောင်းသည်၊ သင်စကောင်းသည်ဟူ၍ပင် မထင်ကုန်။ ကဝိပုဂ္ဂိုလ် စာဆိုတော်တို့ ဒဿန်းတကြွယ်သီကုံး၊ ထုံးဖွဲ့ထားသောသုတ်တို့ကို သီဆိုရွတ်ဖတ်အပ်သည်ရှိသော်ကား ကောင်းစွာနာကုန်၏။နားစွင့်၍ထောင်ကုန်၏။ စိတ်ဝင်စားကုန်၏။ ထိုသုတ်တို့ကိုနာစကောင်းသည်၊ သင်စကောင်းသည်ဟူ၍ ထင်ကုန်၏။

ထိုရဟန်းတို့သည်ထိုသုတ်တို့ကိုသင်ကြားကြကုန်ပြီးသော်.... အချင်းချင်း မေးမြန်းခြင်းလည်း မပြုကြကုန်။ "သည်သုတ်က ဘယ်လိုလဲ၊သည်သုတ်၏အနက်ကဘယ့်နှယ်လဲ"ဟူ၍ပညာရှိများ ထံလှည့်လည် ချဉ်းကပ်လျက် မေးမြန်းခြင်းလည်း မပြုကြကုန်။ ထိုရဟန်းတို့သည် မပွင့်သည်ကိုလည်း ပွင့်အောင် မဖွင့်နိုင်ကြကုန်။မပေါ်လွင်သည်ကိုလည်း ပေါ်လွင်လာအောင် မလုပ်နိုင်ကြကုန်။ယုံမှားဘွယ်ရှိနေသည့်တရားများစွာတို့၌လည်း ယုံမှားခြင်းကင်းအောင် မဖြေရှင်း နိုင်ကြကုန်။ ဤပရိသတ်မျိုးကို ဆုံးမခက်၊ အပြောခက်သော ပရိသတ်ဟု ဆိုအပ်၏။

"ရဟန်းတို့၊ ဆုံးမလွယ်၊ အပြောလွယ် ပရိသတ် ဟူသည်ကား ဤသာသနာ၌ အကြင်သို့သော ပရိသတ်၌ ရဟန်းတို့သည် ပညာရှိ ကဝိပုဂ္ဂိုလ်စာဆိုတော်တို့ အဆန်းတကြယ် သိကုံးထုံးဖွဲ့အပ်ကုန်သော သုတ်တို့ကို ရွတ်ဖတ်သီဆိုအပ်သည်ရှိသော် မနာယူကြကုန်။ နားမစိုက်ကြကုန်။ စိတ်မဝင်စားကြကုန်။ ထိုသုတ်တို့ကို ကြားနာစကောင်းသည်၊ သင်ယူကောင်းသည် ဟူ၍ပင် မထင်ကုန်။ ဗုဒ္ဓဟောကြားအပ်သည် ဖြစ်၍ နက်လည်းနက်နဲ၊ နက်နဲသော အနက်အဓိပ္ပါယ်လည်း ရှိကုန်၊ လောကထက် လွန်မြတ်သော အနက်ကိုပြတတ်ကုန်၊ သတ္တမှ ဆိတ်သုဉ်းခြင်းနှင့် ယှဉ်ကုန်သော တရားတို့ကို ဟောအပ်ကုန်သည် ရှိသော်ကား ကောင်းစွာ ကြားနာကုန်၏။ နားစွင့်ကုန်၏။ စိတ်ဝင်စားကုန်၏။ ထိုတရား တို့ကို ကြားနာ စကောင်းသည်၊ သင်ယူစကောင်းသည်ဟူ၍ ထင်ကုန်၏။ ထိုတရားတို့ကို သင်ယူကြကုန်ပြီးသော်....အချင်းချင်းလည်းမေးမြန်းကြကုန်၏၊ ပညာရှိများထံ ချဉ်းကပ်လှည့်လည်လျက် "ဤသုတ်ကား ဘယ်လို။ သည်

သုတ်၏အနက်ကားဘယ့်နှယ်”ဟူ၍ မေးမြန်းကြကုန်၏။ အနက်အဓိပ္ပါယ် မပွင့်သည်ကိုလည်း ပွင့်အောင် ဖွင့်ဆိုနိုင်ကြကုန်၏။ မပေါ်လွင်သည်ကိုလည်း ပေါ်လွင်အောင် ဖော်ထုတ်နိုင်ကြကုန်၏။ယုံမှားဖြစ်ဘွယ်ရှိနေသော တရားများတို့၌လည်း ယုံမှားခြင်းကင်းရှင်းသွားအောင်ဖြေရှင်းနိုင်ကြကုန်၏။ ဤပရိသတ်မျိုးကို ဆုံးမလွယ်, အပြောလွယ်သောပရိသတ်ဟု ဆိုအပ်၏။ရဟန်းတို့၊ ဤပရိသတ်နှစ်မျိုးတွင် ဆုံးမလွယ်, အပြောလွယ်သော ပရိသတ်သည် အမြတ်ဆုံးဖြစ်၏”ဟု မိန့်တော်မူ၏။

ဤ၌လည်း ဒွန်တရား၏ အသွင်သည် ပေါ်လွင်၏။ အလွယ်နှင့်အခက်, သည်နှစ်ချက်ကိုဒွန်တွဲလျက် ဟောအပ်သော တရားဖြစ်၏။

(၃)

ဘုရားပေးသော သင်္ကန်းကိုဆီးကာ၊ ဘုရားပေးသော ဆွမ်းကို စားနေသူဖြစ်လျက် ဘုရားသခင်၏ မျက်နှာတော်ကိုလည်း မထောက်၊ တရားတော်ကိုလည်း အလေးမပြု၊မိမိလာဘ်လာဘရမှု၊ ဆုလာဘ်ကိုသာ အာရုံပြုနေသော ကိုယ့်ဘက်သို့သာ ကိုယ်ယက်လေ့ရှိသော လိပ်မျိုးပရိသတ်,ကို ဤတွင်လာ၍ တွေ့မြင်ရ၏။

များစွာ များစွာသော ပရိသတ်ထဲတွင်ဤပရိသတ်ကလည်း တမျိုးပင် ဆန်းနေသည်။ ပါးစပ်တလုံး အသုံးချလျက် စားလမ်းထွင်နေသော ပရိသတ်ဟု ဆိုခဲ့သော်....လျော်အံ့ ထင်၏။ ဤသို့ဆိုရန် သင့်,မသင့်ကို ဘုရားသခင်၏ ဒေသနာ တော်နှင့် ချင့်နိုင်ရန် အလို့ငှာ....

---

စပယ်ဦးစာပေ

"အို....ရဟန်းတို့၊ပရိသတ်သည် နှစ်မျိုးရှိ၏။ နှစ်မျိုးဟူသည် ကား....

၁။ အာမိသကိုသာ အလေးပြု၍ ဓမ္မကို အလေးမပြုသော ပရိသတ်တမျိုး။

၂။ ဓမ္မကိုသာ အလေးပြု၍ အာမိသကို အလေးမပြုသော ပရိသတ် တမျိုး။

ဤသို့အားဖြင့်ပရိသတ်သည်နှစ်မျိုးဖြစ်သတည်း။ ရဟန်းတို့၊ အာမိသကိုသာ အလေးပြု၍ ဓမ္မကို အလေးမပြုသော ပရိသတ် ဟူသည် အဘယ်နည်းဆိုသော်....

"ရဟန်းတို့၊ ဤသာသနာ၌ အကြင် သံဃာ့ ပရိသတ်တွင် ရဟန်းတို့သည် လူဒါယကာ-ဒါယိကာမတို့၏ မျက်မှောက်၌ အချင်းချင်း တပါးက အခြားတပါး၏ ဂုဏ်ကို ထုတ်ဖော် ချီး ကျူးကုန်၏။ "သည်ကိုယ်တော်ကား ဥဘတော ဝိမုတ္တပုဂ္ဂိုလ်၊ သည်ကိုယ်တော်ကား ပညာဝိမုတ္တပုဂ္ဂိုလ်၊ သည်ကိုယ်တော်ကား ကာယသက္ခိပုဂ္ဂိုလ်၊ သည်ကိုယ်တော်ကား ဒိဋ္ဌိပတ္တပုဂ္ဂိုလ်၊သည် ကိုယ်တော်ကား သဒ္ဓါ ဝိမုတ္တ ပုဂ္ဂိုလ်၊ သည် ကိုယ်တော်ကား ဓမ္မနုသာရီ ပုဂ္ဂိုလ်၊ သည်ကိုယ်တော်ကား သဒ္ဓါနုသာရီပုဂ္ဂိုလ်၊ သည်ကိုယ်တော်ကား သီလဝန္တပုဂ္ဂိုလ်၊ သည်ကိုယ်တော်ကား အကျင့်ယုတ်၊ဒုဿီလပုဂ္ဂိုလ်"ဟူ၍အချင်းချင်း ချီးကျူး ကုန်၏။ ဤဂုဏ်ပုဒ် ထုတ်၍ လူတို့အား ချီးကျူးဟောပြောခြင်းအားဖြင့် လာဘ်ရကုန်၏။ လာဘ်ရသည် ရှိသော်မက်မောကုန်လေ၏။ တွေ့ ဝေကုန်လေ၏။တဏှာက လွှမ်းမိုးထားသဖြင့် အပြစ်ကိုမမြင်ကြ တော့ကုန်။ ထွက်မြောက်ကြောင်းပညာမှ ကင်းကုန်လျက် သုံး

ဆောင်ကုန်၏။ ဤပရိသတ်မျိုးကို အာမိသကိုသာ အလေးပြု၍ ဓမ္မကို အလေးမပြုသောပရိသတ်ဟုဆိုအပ်၏။

"ရဟန်းတို့....ဓမ္မကိုသာ အလေးပြု၍ အာမိသကို အလေး မပြုသော ပရိသတ်ဟူသည်ကား... ဤသာသနာဝယ် အကြင်သံဃာ့ ပရိသတ်တွင် ရဟန်းတို့သည် အချင်းချင်း ချီးကျူးခြင်း မပြုကြကုန်။ ဘုန်းကံအလျောက် လာဘ်လာဘရကြကုန်သော်လည်း တပ်မက်မောခြင်းမရှိကြကုန်။ မတွေဝေကြကုန်။ တဏှာ ဖုံးလွှမ်းခြင်းမရှိသဖြင့် အပြစ်ကို ရှုမြင်လေ့ရှိကြကုန်၏။ ဤပရိသတ်မျိုးကို ဓမ္မကိုသာအလေးပြု၍ အာမိသကို အလေး မပြုသော ပရိသတ်ဟု ဆိုအပ်၏"ဟု မိန့်တော်မူ၏။

ဤ၌ ဒွန်တရေးကား ထင်ရှား၏။ အာမိသနှင့် ဓမ္မ ဖြစ်၏။ ယင်းနှစ်မျိုးကို ဆန့်ကျင်ဘက်ဖြစ်လျက်၊ မျဉ်းပြိုင်ပြု၍ ဒွန်တရေး ဟောကြားသွားတော်မူလေသည်။

( ၈ )

အကြိုက်ချင်းတူညီခဲ၏။ လူတကိုယ် အကြိုက် တမျိုးစီ ရှိတတ်၏။ အသင်းအဖွဲ့၊ အစည်းအရုံးများ၌ဆိုသော် သူတမျိုး ငါတဖုံ အကြိုက်မျိုးစုံ၊ ဝါဒမျိုးစုံ ပြွမ်းထူနေတတ်၏။ သာမန် အသေး အဖွဲ့ကိစ္စရပ်များကိုထား၍ နိုင်ငံအတွက်ဖြစ်စေ၊ အမျိုး ဘာသာ သာသနာအတွက်ဖြစ်စေ၊ သေရေးရှင်ရေးတမျှ တကယ် အရေး ကြီးသောကိစ္စရပ်များ၌ သူမှန်သည်၊ ငါမှန်သည် စသည်ဖြင့် မိမိ ဝါဒ အောင်မြင်မှုကိုရှေးရှုကာ အကျောက်အကန် ပြုတတ်ကြသည်ဖြစ်ရာ၊ ထိုကဲ့သို့သောတယူသန် ဝါဒသမားများကို ဤဓမ္မ ကထာတွင်လာ၍တွေ့ရ၏။ ထိုကဲ့သို့သော လူစားများအတွက် ဗုဒ္ဓ မြွက်ကြားသွားတော်မူသည်ကား....

"အို....ရဟန်းတို့၊ ပရိသတ်သည် နှစ်မျိုးရှိ၏။ နှစ်မျိုး ဟူ သည်ကား....

(၁) မညီညွတ်သော(ဝိသမ)ပရိသတ်တမျိုး၊

(၂) ညီညွတ်သော(သမ)ပရိသတ်တမျိုး၊

ဤသို့အားဖြင့် ပရိသတ်သည် နှစ်မျိုးဖြစ်သတည်း။

"ရဟန်းတို့၊ ယင်း နှစ်မျိုးတွင် မညီညွတ်သော (ဝိသမ) ပရိသတ် ဟူသည်ကား....ဤသာသနာဝယ် အကြင် သံဃာ့ပရိသတ်တွင် အဓမ္မကမ္မ-တရားနှင့်မညီသော အမှုတို့သည် ဖြစ်ကုန်၏၊ ဓမ္မကမ္မ-တရားနှင့်ညီညွတ်သော အမှု တို့ကား မဖြစ်ကုန်။ အဝိနယကမ္မ-ဝိနည်းနှင့် မလျော်သောအမှုတို့သည် ဖြစ်ကုန်၏။ ဝိနယကမ္မ-ဝိနည်းနှင့်လျော်သောအမှုတို့ကား မဖြစ်ကုန်။ တရားနှင့်မညီသောအမှုတို့သာ ပေါ်ထင် တောက်ပကုန်၏။ တရားနှင့် ညီမျှသော အမှုတို့ကား မှေးမှိန်ကုန်၏။ ဝိနည်းကံနှင့် မလျော် သောအမှုတို့သာ ပေါ်ထင်တောက်ပကုန်၏။ဝိနည်းကံနှင့်လျော် သော အမှုတို့ မှေးမှိန်ကုန်၏။ ဤ ပရိသတ်မျိုးကို မညီညွတ် သော (ဝိသမ)ပရိသတ်ဟု ဆိုအပ်၏။

"ရဟန်းတို့၊ညီညွတ်သော(သမ) ပရိသတ် ဟူသည် အဘယ် နည်း ဟူမူကား....ဤသာသနာဝယ် အကြင်သံဃာ့ပရိသတ်၌ တရားနှင့် လျော်ညီသောဓမ္မကံတို့သည် ဖြစ်ကုန်၏။ တရားနှင့် မလျော်ညီသော အဓမ္မကံတို့ကားမဖြစ်ကုန်။ဝိနည်းကံနှင့်လျော် သောအမှုတို့သည် ဖြစ်ကုန်၏။ ဝိနည်းကံနှင့် မလျော်သော အမှု တို့ မဖြစ်ကုန်။ တရားနှင့်လျော်ညီသော ဓမ္မကံတို့သာ ပေါ်ထင် တောက်ပကုန်၏။တရားနှင့် မလျော်ညီသော အဓမ္မကံတို့ မှေးမှိန် ကုန်၏။ တရားနှင့်လျော်ညီသော ဝိနည်းကံတို့သာ ဖြစ်ကုန်၏။

တရားနှင့် မလျော်ညီသော ဝိနည်းကံတို့ မေးမြန်းကုန်၏။ ဤ ပရိသတ်ကိုတရားနှင့် ညီညွတ်သော(သမ)ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤပရိသတ် နှစ်မျိုးတွင် တရားနှင့် လျော်ညီသော (သမ)ပရိသတ်သည် အမြတ်ဆုံးဖြစ်၏”ဟု မိန့်တော်မူ၏။

ညီညွတ်မှုနှင့် မညီညွတ်မှု (သမနှင့် ဝိသမ)သည် ဤဒွန် တရားတည်း။ ယင်းနှစ်မျိုးကို မျဉ်းပြိုင် ပြု၍ ဟောကြားအပ် သော တရားဖြစ်၏။

## ( ၉ )

ဤဒေသနာကား အထက်ပါ ဒေသနာနှင့်တူ၏။သမ,ဝိသမ နေရာ၌ ဓမ္မ,အဓမ္မ ဟူ၍ ဝေါဟာရသာ ကွဲသေသည်။

(၁) အဓမ္မ-တရားနှင့်မညီသော ပရိသတ်၊

(၂) ဓမ္မတရားနှင့် ညီသောပရိသတ်၊

ဤသို့အားဖြင့် ပရိသတ် နှစ်မျိုးကို ဟောကြားသွားတော် မူ၏။ ဒွန်တရားမှာလည်း ဓမ္မနှင့် အဓမ္မ ထင်ရှား၏။

## ( ၁၀ )

ဤဒေသနာတွင် ဝါဒရေးရာများပါလာသည်ကို တွေ့ရ၏။ ဝါဒနှင့်ပတ်သက်၍ ဂဏအဖွဲ့အစည်းအတွင်း၌ သဘောကွဲလွဲ ခြင်း ရှိတတ်ပုံကို ဤဒေသနာ၌ ဗုဒ္ဓ မြတ်ဘုရား မြွက်ကြားသွား တော်မူလေသည်။

“အို…ရဟန်းတို့၊ ပရိသတ်သည် နှစ်မျိုး ရှိ၏။ နှစ်မျိုး ဟူ သည်ကား….

(၁) တရားသည်ကို ဆိုလေ့မရှိသော (အဓမ္မဝါဒီ)ပရိသတ် တမျိုး၊

(၂) တရားသည်ကိုသာ ဆိုလေ့ရှိသော (ဓမ္မဝါဒီ)ပရိသတ် တမျိုး၊

ဤသို့အားဖြင့် ပရိသတ်သည် နှစ်မျိုးရှိသတည်း။

"ရဟန်းတို့၊ ယင်း နှစ်မျိုးတွင် တရားသည်ကို ဆိုလေ့ မရှိသော (အဓမ္မဝါဒီ)ပရိသတ်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာဝယ် ရဟန်းတို့သည် တရားနည်းလမ်းကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ၊ အဓိကရုဏ်းဖြစ်မှုကိုယူကုန်၏။အဓိကရုဏ်းကို ဖန်တီးကြပြီးနောက် အချင်းချင်းကိုလည်း အသိမပေးကုန်။သိရှိနားလည်စေရန်လည်း မစည်းဝေးကြကုန်။ အဓိကရုဏ်း ငြိမ်းသွားအောင်လည်း မဘတ်နိုင်ကုန်။ ငြိမ်းအေးရန် စည်းဝေးတိုင်ပင်ခြင်းကိုလည်း မပြုကုန်။ ထိုရဟန်းတို့ကား အသိ ပေးနိုင်စွမ်းအင်အားသည်း မရှိကုန်။ အဓိကရုဏ်း ငြိမ်းအေးစေနိုင်သော စွမ်းအားလည်းမရှိကုန်။ အဓိကရုဏ်းကို စွန့်လွှတ်ရန် ငြိမ်းချမ်းရေးအတွက် စည်းဝေးခြင်းလည်း မပြုလေကုန်ဘဲ ထိုအဓိကရုဏ်းကို ပင်လျှင် မှားသောမြင်ခြင်း၏ အစွမ်းအားဖြင့်၎င်း၊မှားသော သုံးသပ်ခြင်းအားဖြင့်၎င်း သက်ဝင်စွဲလန်းလျက် "ငါ့အယူသည်သာ အမှန်။ဘခြားအယူသည် အချည်းနှီးသာ"ဟု ပြောကုန်၏။ ဤပရိသတ်မျိုးကို တရားသည်ကိုဆိုလေ့မရှိသော (အဓမ္မဝါဒီ) ပရိသတ်ဟု ဆိုအပ်၏။

"ရဟန်းတို့၊ တရားသည်ကို ဆိုလေ့ရှိသော (ဓမ္မဝါဒီ)၊ ပရိသတ်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာဝယ် ရဟန်းတို့သည် အကြင်သို့သော ပရိသတ်တွင် တရားသော အဓိကရုဏ်းကို

သော်၎င်း၊ မတရားသောအဓိကရုဏ်းကိုသော်၎င်း ယူကုန်၏။ ထိုအဓိကရုဏ်းကို ယူပြီးနောက် အချင်းချင်းကိုလည်း အသိပေးကုန်၏။ သိရှိနားလည်စေရန်လည်း စည်းဝေးကုန်၏။ အဓိကရုဏ်း ငြိမ်းအေးအောင်လည်း ပြုကုန်၏။ ငြိမ်းအေးစေရန် စည်းဝေးခြင်းလည်း ပြုကုန်၏။

ထိုရဟန်းတို့ကား အသိပေးနိုင်စွမ်း အင်အားလည်း ရှိကုန်၏။ အဓိကရုဏ်း ငြိမ်းစေနိုင်သောအားလည်း ရှိကုန်၏။ အဓိကရုဏ်းကိုစွန့်လွှတ်ရန် ငြိမ်းချမ်းရေးအတွက် စည်းဝေးခြင်းလည်း ပြုကုန်၏။ ထိုအဓိကရုဏ်းကိုပင်လျှင် မှားသောမြင်ခြင်း၏ အစွမ်းအားဖြင့်၎င်း၊ မှားသော သုံးသပ်ခြင်းအားဖြင့်၎င်း၊ သက်ဝင်စွဲလမ်းလျက် "ငါ့အယူသည်သာ အမှန်၊ တပါးသောအယူသည် အချည်းနှီးသာ" ဟူ၍ မပြောမဆိုကုန်။ ဤပရိသတ်ကို တရားသည်ကို ဆိုလေ့ရှိသော (ဓမ္မဝါဒီ) ပရိသတ် ဟူ၍ ဆိုအပ်၏။ ရဟန်းတို့၊ ဤပရိသတ်နှစ်မျိုးတွင် ဓမ္မဝါဒီ ပရိသတ်သည် အမြတ်ဆုံးဖြစ်၏" ဟု မိန့်တော်မူ၏။

ဤ၌လည်း ဒွန်တရားကား ရှင်းပါ၏။ ဓမ္မဝါဒီနှင့် အဓမ္မဝါဒီ ဟူပေ၏။ ယင်းနှစ်ချက်ကို ယှဉ်စက်၍ ဟောကြားသွားသော တရားဖြစ်ပေ၏။

× × ×

## ၂။ ဒုတိယသုတ်ပေါင်း ၅၀

### (၁) ပုဂ္ဂလဝဂ်

ပထမအရစ်အပြီးတွင် ဒုတိယအရစ် သုတ်ပေါင်း၅၀ကို ပုဂ္ဂလအုပ်စုမှစလေသည်။ ယင်းဒုတိယအရစ်တွင် အုပ်စုအနေအားဖြင့် ငါးအုပ်စု၊အုပ်စုဝင် တရားအမျိုးအစားအနေအားဖြင့် ၇၆ မျိုး ပါဝင်သည်ကို တွေ့ရ၏။

အုပ်စုငါးမျိုးအနက် ရှေးဦးစွာသော ပုဂ္ဂလအုပ်စု၌ တရားအမျိုးအစား ၁၂ မျိုးပါဝင်၏။ အများအားဖြင့် ပုဂ္ဂိုလ်ရေးရာများသာ ဖြစ်၏။ ပုဂ္ဂိုလ်တဦး ဖြစ်ထွန်းလာသော် သတ္တဝါအပေါင်း ချမ်းသာကြောင်း၊ ပုဂ္ဂိုလ်တဦး ဆုံးပါးကွယ်လွန်သွားသော် သတ္တဝါအပေါင်း နှစ်မွန်းကြောင်းများလည်း ပါသည်။

မိုးကြိုးစက်ကွင်းကြီးပေါင်း ကဒါဇင်လောက် တပြိုင်နက်ပစ်ခွင်းသော်လည်း ရှိ့ကြောင့်ထိတ်လန့် တုန်လှုပ်ခြင်း အလျဉ်းမရှိ ကြက်သီးမွေးညှင်း တမျှင်ကလေးမျှပင် မထသော ဣန္ဒြေ သိက္ခာ သမာဓိရှင်ပုဂ္ဂိုလ်များလည်းပါသည်။မိန်းမတို့နှင့်အသက်ကုန်ဆုံးသွားသည်အထိ ရောင့်ရဲဘင်းတိမ်ခြင်းမရှိသော အရာနှစ်မျိုးကိုလည်း တွေ့ရသည်။

### (၁) ပုဂ္ဂလအုပ်စု

ပုဂ္ဂလအုပ်စုကို ဖွင့်ပုံမှာ သဘာဝကျလှသည်။ ပုဂ္ဂလဝိသေသဗုဒ္ဓ-ဘုရားတည်း ဟူသော ပုဂ္ဂိုလ်ထူးဖြင့် ဤအုပ်စုကို စ၍ ဖွင့်လေသည်။

(၁)

"အိုရဟန်းတို့၊ လောက၌ ဤပုဂ္ဂိုလ်နှစ်ဦးတို့ ဖြစ်ထွန်းလာခဲ့ကုန်သော် များစွာသော လူအပေါင်းတို့အတွက် အကျိုးစီးပွား ဖြစ်ထွန်းခြင်းငှာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းငှာ၊ လူများစု၏ ကောင်းကျိုးအလို့ငှာ၊ နတ်လူတို့၏ အစီးအပွားအလို့ငှာ ဖြစ်ကုန်၏။

"ထိုပုဂ္ဂိုလ်နှစ်ဦးတို့ကား ဘုရားနှင့် စကြာဝတေးမင်းတို့ ဖြစ်လေသည်။ ဤပုဂ္ဂိုလ် နှစ်ဦးတို့ ဖြစ်ထွန်းလာကုန်သည်ရှိသော် သတ္တဝါအပေါင်း ချမ်းသာကြောင်း ဖြစ်သတည်း။"

(၂)

ဤဒေသနာ၌ အံ့ချီးထိုက်သော ထူးထွေတည့်အံ့ရာသော်.... ပုဂ္ဂိုလ်နှစ်မျိုး ဖော်ပြထားပေသည်။

"အိုရဟန်းတို့၊ လောက၌ ဤပုဂ္ဂိုလ်နှစ်မျိုး ဖြစ်ထွန်းလာခဲ့ကုန်သည်ရှိသော်.... ထိုသူတို့သည် အံ့ဩထိုက်သူတို့ဖြစ်ကုန်၏။ ထိုသူနှစ်ဦးတို့တွင်....

၁။ တဦးကား ဘုရား၊

၂။ တဦးကား စကြာစဝတေးမင်း ဖြစ်လေသည်။"

(၃)

ဤ၌ကား ပုဂ္ဂိုလ်နှစ်ဦး ဖြစ်ထွန်းမှုကြောင့် သတ္တဝါအပေါင်း ချမ်းသာကြောင်း ဖြစ်ကြရသည်နှင့်အမျှ၊ ထိုပုဂ္ဂိုလ်နှစ်ဦးတို့ ဆုံးပါးကွယ်လွန်သွားခဲ့သော် သတ္တဝါအပေါင်း နစ်နာကြောင်းကို ပြထားပေသည်။

---

စပယ်ဦးစာပေ

"အိုရဟန်းတို့၊ ဤပုဂ္ဂိုလ်နှစ်ဦးတို့ ဆုံးပါးကွယ်လွန်သွားခဲ့သော် လူအပေါင်းအား ပူပန်ခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်နှစ်ဦးတို့ အနက်....

၁။ တဦးကား ဘုရား၊

၂။ တဦးကား စကြာဝတေးမင်း ဖြစ်လေသည်။"

ဤ၌ ဒွန်တရားကား ထင်ရှား၏။ ဘုရားနှင့် စကြာဝတေးမင်း ဟူပေ၏။ ယင်းနှစ်မျိုးကို ဒွန်တွဲ၍ ဟောတော်မူသွားသော တရားဖြစ်၏။

(၄)

ဤ၌မူ စေတီတည်ထားကာ ကိုးကွယ်ထိုက်သူ နှစ်ဦးကို ထောက်ပြထား၏။

"အိုရဟန်းတို့၊ စေတီတည်ထား ကိုးကွယ်ထိုက်သူတို့ နှစ်ဦး ရှိကုန်၏။ ထိုသူနှစ်ဦးတို့တွင်....

၁။ တဦးကား ဘုရား၊

၂။ တဦးကား စကြာဝတေးမင်း ဖြစ်လေသည်။"

ဤ၌လည်း ဘုရားနှင့် စကြာဝတေးမင်းကိုပင် ဒွန်တွဲ၍ ဟောတော်မူသွား၏။

(၅)

ဤ၌ကား ဘုရားနှစ်မျိုးရှိကြောင်းကို သိစေသည်။

"အို....ရဟန်းတို့၊ သစ္စာလေးပါးကို သိတော်မူကုန်သော ဘုရားတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား သမ္မာသမ္ဗုဒ္ဓဘုရား၊

၂။ တမျိုးကား ပစ္စေကဗုဒ္ဓဘုရား ဖြစ်လေသည်။

( ၆ )

ဤ၌ကား မိုးကြိုးပစ်သော်လည်း ထိတ်လန့်ခြင်းမရှိသူကို ထောက်ပြ၏။

"အို....ရဟန်းတို့၊ ဤပုဂ္ဂိုလ်နှစ်မျိုးတို့ကား မိုးကြိုးပစ်သော်လည်း ရွံ့ကြောက်လန့်ထိတ်ခြင်း မရှိကုန်။ ထိုနှစ်မျိုးအနက်....

၁။ တမျိုးကား ရဟန္တာ၊

၂။ တမျိုးကား ဆင်အာဇာနည် ဖြစ်လေသည်။

(မှတ်ချက်။ ။မြင်းအာဇာနည်၊ ခြသေ့်အာဇာနည်တို့ကို လည်း ရဟန္တာနှင့်တွဲလျက် ဒွန်တရားအဖြစ် ဟောတော်မူ သည်ကို ထည့်သွင်းရေတွက်၍ အမှတ်(၇)(၈)ဖြစ်၏။)

( ၉ )

ကျေးသား ကြက်တူရွေးကလည်း စိမ်းစိမ်း၊ ပေါက်ပင်က လည်းစိမ်းစိမ်း။ အစိမ်းရောင်ခြင်း တူနေသောကြောင့် ပေါက် ပင်ပေါ် ကျေးနားနေလျှင် ဘယ်ဟာကျေးသား၊ ဘယ်ဟာ ပေါက်ပင်ဟု ရွေးမရသဖြင့် "ဘယ်ဟာကျေးသားလဲ"ဟု မေး ယူရသည်။ ဤသည်ကိုစွဲ၍ ပါဠိအခေါ်'ကိံသုက'၊ မြန်မာပြန် သော် 'ပေါက်ပင်'ဟူ၏။ 'ပေါက်ထဲကျေးနေ့၊ သိခဲထွေဖြင့်' ဟူ၍ငင်း၊ 'ပေါက်ပင်ကျေးသို့၊ ကြံတွေးလှည့်ကာ၊ မသိသာခဲ့' ဟူ၍ငင်း ကဗျာဆရာတို့ ဖွဲ့ဆိုကုန်၏။

ဤ၌လည်း 'ကိံပုရိသ'သဒ္ဒါကို ကိန္နရာဟု အနက်ဖွင့်ခြင်း မှာ လူနှင့် ကိန္နရာ အတူယှဉ်နေလျှင် ဘယ်ဟာလူ၊ ဘယ်ဟာ ကိန္နရာဟူ၍ ခွဲမရအောင် တူနေသောကြောင့် ဟု ဆိုသည်။ ဤ၌ 'ကိံ' သဒ္ဒါကား သဒိသ-တူသော အနက်ကို ဟော၏။

---

စပယ်ဦးစာပေ

'ပုရိသ' သဒ္ဒါလည်း လူဟူသော အနက်ကို ဟော၏။ အနက်ကြံသော် "ပုရိသေန-လူနှင့်၊ ကိံ = သဒိသော-တူသော သတ္တဝါ။ ကိံပုရိသော-လူနှင့်တူသော သတ္တဝါ။ ဝါ-ကိန္နရာ" ဟူပေ၏။

ဤဒေသနာ၌ ကိန္နရာများသည် လူနှင့်တူသူများ ဖြစ်ပါလျက် အဘယ့်ကြောင့် လူစကား မပြောကြပုံကို ပြထား၏။

"အို....ရဟန်းတို့၊ ဤအကျိုးနှစ်မျိုးကို ကောင်းစွာ မြင်သေသဖြင့် ကိန္နရာတို့သည် လူစကားကိုမပြောကုန်။ အကျိုးနှစ်မျိုး အနက် ...

၁။ မမှန်စကားကို ငါတို့မဆိုမိစေရန် တမျိုး၊

၂။ မမှန်စကားဖြင့် သူတပါးကို မစွပ်စွဲမိစေရန် တမျိုး။

ဤသို့အားဖြင့် အကျိုးနှစ်မျိုးဖြစ်သတည်း။

ဤအကျိုးနှစ်မျိုးကို မျဉ်းပြိုင်ပြု၍ ဒွန်တရား ဟောတော်မူထားလေသည်။

(၁၀)

ဤဒေသနာကား မိန်းမများ၏ မရောင့်ရဲနိုင်ခြင်း တရားဖြစ်၏။

"အို....ရဟန်းတို့၊ မာတုဂါမသည် နှစ်မျိုးသောတရားတို့ကို မရောင့်ရဲနိုင်၊ မငြီးနိုင်ဘဲလျက်ပင် ကွယ်လွန်၏။ ထိုနှစ်မျိုး အနက်....

၁။ တမျိုးကား မေထုန်မှီဝဲခြင်း၊

၂။ တမျိုးကား သားဖွားခြင်း ဖြစ်လေသည်။

( ၁၁ )

ဤ၌ ရဟန်းသံဃာအချင်းချင်း အတူတကွ နေထိုင်ကြရာတွင် ယုတ်မာသော စိတ်ဓာတ်ရှိသော ရဟန်းတို့၏ နေထိုင်ပုံနှင့်

ကောင်းသောစိတ်ဓာတ်ရှိသော ရဟန်းတို့၏ နေထိုင်ပုံကို ယှဉ်၍ ဟောသော ဒွန်တရားအဖြစ် တွေ့ရ၏။

"အို....ရဟန်းတို့၊ သူယုတ်တို့၏နေထိုင်ပုံနှင့် သူကောင်းတို့၏ နေထိုင်ပုံကို သင်တို့အား ငါဟောအံ့။ ကောင်းစွာ နာကြားကြကုန်လော့။ သူယုတ်တို့သည် အဘယ်သို့ အတူဘကွနေကြသနည်း ဆိုသော်...

"ရဟန်းတို့၊ ဤသာသနာ၌ ယုတ်မာသော စိတ်ရှိသော သီတင်းကြီး[1]အား ဤသို့ အကြံဖြစ်၏။

၁။ သီတင်းကြီး၊ သီတင်းလတ်၊ သီတင်းငယ် ဘယ်သူကမျှ ငါ့ကို ဆုံးမစကား မပြောပါစေလင့်။ ငါကလည်း ဘယ်သူ့ကိုမျှမပြော။

၂။ "သီတင်းကြီးကဖြစ်စေ၊သီတင်းလတ်ကဖြစ်စေ၊သီတင်းငယ်ကဖြစ်စေ၊ ငါ့ကို ပြောခဲ့သော်.... အကျိုးမဲ့စကားကိုသာ ပြောလေရာသည်။ အကျိုးရှိစကားကို ပြောမည်မဟုတ်။ ငါက သင့်စကားကို မလိုက်နာနိုင်ပါဟု ဆိုခဲ့သော် ငါ့ကို သူညှင်းဆဲလတံ့။ အကယ်၍ သူ့စကား မှန်နေစေဦးတော့ သူ့စကားကို ငါမလိုက်နာနိုင်။ နားမထောင်နိုင်"ဟု ဤသို့ အကြံဖြစ်၏။

(မှတ်ချက်။ ။သီတင်းလတ်၊ သီတင်းငယ် ရဟန်းတို့လည်း ဤအတိုင်း အကြံဖြစ်ကြ၏။ ကျယ်အံ့စိုး၍ ချုံ့လိုက်ရ၏။)

---

[1] ၁။ ရဟန်းကိုခေါ်သော သာသနာသုံး ဝေါဟာရစကား။

"ရဟန်းတို့၊ ဤ ဆိုအပ်ခဲ့ပြီးသော အတိုင်းသာလျှင် သူယုတ်တို့၏ နေခြင်းသည် ဖြစ်၏။ သူယုတ်တို့ကား ဤသို့လျှင် အတူတကွ နေထိုင်ကုန်သတည်း။

"အို....ရဟန်းတို့၊ ဤသာသနာ၌ ကောင်းသော စိတ်ရှိသော သီတင်းကြီးအား ဤသို့ အကြံဖြစ်၏။ 'သီတင်းကြီး၊ သီတင်းလတ်၊ သီတင်းငယ် မည်သူကမဆို ငါ့ကို ဆိုပါစေ။ ငါကလည်း သူတို့ကို ဆိုပါအံ့။ သူတို့သည် ငါ့ကို ပြောဆိုခဲ့သော် အကျိုးရှိသော စကားကိုသာ ဆိုလေရာသည်။ အကျိုးမဲ့ကို ဆိုကြမည်မဟုတ်။ 'ကောင်းပါပြီ'ဟု ငါက ဆိုခဲ့သော် ငါ့ကို မညှဉ်းဆဲလေရာ။ သူ့စကား မှန်နေခဲ့သော် ငါ လိုက်နာအံ့" ဟု ဤသို့ အကြံဖြစ်၏။

"ရဟန်းတို့၊ ဤ ဆိုအပ်ခဲ့ပြီးသော အတိုင်းသာလျှင် သူတော်ကောင်းတို့၏ နေခြင်းသည် ဖြစ်၏။ သူတော်ကောင်းတို့သည် ဤသို့လျှင် အတူတကွ နေထိုင်ကြသတည်း။"

ဤ၌ သူယုတ်နှင့် သူမြတ်သည် ဒွန်၊ အကြံယုတ်နှင့် အကြံကောင်းသည်လည်း ဒွန်ဖြစ်၏။ ယင်းနှစ်မျိုးကိုတွဲလျက် ဟောသော တရားဖြစ်၏။

(၁၂)

ဤ၌ကား ဖြစ်မှုအဓိကရုဏ်း မပြီးပြတ်နိုင်ဘဲ အမှုရှည်လျားနေခြင်း၏ အကြောင်းနှင့် အဓိကရုဏ်း ငြိမ်းအေးခြင်း၏ အကြောင်းပြတရားအဖြစ် တွေ့ရ၏။

အဓိကရုဏ်းဟူ၍ ဖြစ်လာခဲ့သော် ငြိမ်းလွယ်သည်လည်းရှိ၏။ ငြိမ်းခဲသည်လည်းရှိ၏။ဘာကြောင့်ငြိမ်းလွယ်သည်၊ ဘာကြောင့် ငြိမ်းခဲသည် ဆိုချက်ကို ဤသို့တွေ့ရ၏။

"အို....ရဟန်းတို့၊ အကြင် အဓိကရုဏ်း၌ နှစ်ဦးနှစ်ဘက် အပြန်ပြန်အလှန်လှန်ကြာမြင့်စွာ နှုတ်ရောက် ကျူးလွန်လိုခြင်း အားဖြင့် စိတ်၌ထိခိုက်နေလျှင် မငြိမ်းနိုင်။ မှားယွင်းသောအယူ မိစ္ဆာဒိဋ္ဌိကို မှီ၍ဖြစ်သော နိုင်လိုမင်းထက် ပြုမူလိုခြင်းဖြင့် စိတ်၌ ထိခိုက်နေလျှင် မငြိမ်းနိုင်။အာဃာတထားခြင်းအားဖြင့် စိတ်၌ ထိခိုက်နေလျှင် မငြိမ်းနိုင်။မကျေနပ်ခြင်းအားဖြင့် စိတ်၌ထိခိုက် နေလျှင် မငြိမ်းနိုင်။ မနှစ်သက်ခြင်းအားဖြင့် စိတ်၌ ထိခိုက်နေ လျှင် မငြိမ်းနိုင်။

"ရဟန်းတို့၊ ထိုအဓိကရုဏ်း၌ အမှု ရှည်လျားဘို့အတွက်၊ နှုတ်မှုကြမ်းတမ်းစွာ ထွက်ဘို့အတွက်၊ ရိုက်နှက်ပုတ်ခတ် သတ် ဖြတ်ဘို့အတွက် ဖြစ်လတံ့။ ရဟန်းတို့လည်း ချမ်းသာစွာမနေ ကြရကုန်လတံ့။

"အို....ရဟန်းတို့၊ အကြင်အဓိကရုဏ်း၌ နှစ်ဦးနှစ်ဘက် နှုတ် ရောက် ကျူးလွန်လိုခြင်းအားဖြင့် စိတ်၌ထိခိုက်ခြင်း မရှိလျှင် ငြိမ်း၏။ မိစ္ဆာဒိဋ္ဌိကိုမှီ၍ဖြစ်သော အနိုင်ကျင့်ခြင်းဖြင့် စိတ်၌ ထိခိုက်ခြင်းမရှိလျှင် ငြိမ်း၏။ အာဃာတ ထားခြင်း အားဖြင့် စိတ်၌ ထိခိုက်ခြင်းမရှိလျှင် ငြိမ်း၏။ မကျေနပ်ခြင်း အားဖြင့် စိတ်၌ထိခိုက်ခြင်းမရှိလျှင် ငြိမ်း၏။ မနှစ်သက်ခြင်း အားဖြင့် စိတ်၌ထိခိုက်ခြင်း မရှိလျှင် ငြိမ်း၏။

"ရဟန်းတို့၊ ထိုအဓိကရုဏ်း၌ အမှုသံသရာရှည်ဘို့အတွက် နှုတ်မှုကြမ်းတမ်းစွာ ထွက်ဘို့အတွက်၊ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ဘို့အတွက် ဖြစ်တော့မည် မဟုတ်။ ရဟန်းတို့လည်း ချမ်းသာစွာ နေကြရကုန်လတံ့"ဟု မိန့်တော်မူ၏။

ဤ၌ ငြိမ်းခြင်းနှင့် မငြိမ်းခြင်းသည် ဒွန်တရားဖြစ်၏။

X X X

## (၂) သုခဝဂ်

အခြားအုပ်စုများ၌ အမျိုးအစားခြင်း မတူသော မျိုးကွဲတရားများကိုတွေ့ရသော်လည်း ဤသုခအုပ်စုတွင် ဤသို့အရောရော အနှောနှော ပေါသောတရားများကို မတွေ့ရ။

ဤအုပ်စု၌ အုပ်စုဝင် တရား အမျိုးအစား ၁၃-မျိုးရှိ၏။ ယင်းတို့အားလုံးသည် အကြောင်းဖြစ်ရပ်ကွဲသော်လည်း သုခကို ဦးတိုက်သည့်တရားများသာဖြစ်ကုန်၏။ထို့ကြောင့် ယင်းတရားများကို "သုခသရုပ်ခွဲတရား" သို့မဟုတ် သုခ ရှင်းတမ်းဆိုလျှင် မမှားတန်လေရာ....။

## (၁)

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးအနက်....

၁။ တမျိုးကား ဂိဟိသုခ-လူ့ချမ်းသာ။

၂။ တမျိုးကား ပဗ္ဗဇ္ဇိတသုခ-ရဟန်းချမ်းသာ။

ဤသို့အားဖြင့်ချမ်းသာသည် နှစ်မျိုးဖြစ်သတည်း။ ဤချမ်းသာ နှစ်မျိုးတွင် ပဗ္ဗဇ္ဇိတသုခ ရဟန်းချမ်းသာသည် အမြတ်ဆုံးဖြစ်၏။

( ၂ )

"အို... ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုး အနက်....

၁။ တမျိုးကား ကာမချမ်းသာ။

၂။ တမျိုးကား နေက္ခမ ချမ်းသာ။

ဤချမ်းသာ နှစ်မျိုးတွင် နေက္ခမ ချမ်းသာသည် အမြတ်ဆုံးဖြစ်၏။

( ၃ )

လောက၌ အကျုံးဝင်သော လူသားတို့ မှာလည်း လူ့အလျောက် ချမ်းသာသည်ရှိ၏။လောကုတ္တရာ၌အကျုံးဝင်သော ဘုရား ရဟန္တာတို့၌လည်း လောကုတ္တရာအားလျော်စွာ ချမ်းသာသည် ရှိ၏။ ဤ၌ ဤချမ်းသာနှစ်မျိုးကို ဒွန်တွဲ၍ ဟောတော်မူထားပေသည်။

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုး တွင်....

(၁) တမျိုးကား....လောကီချမ်းသာ (ဥပဓိသုခ)၊

(၂) တမျိုးကား....လောကုတ္တရာချမ်းသာ (နိရုပဓိသုခ)

ဤချမ်းသာနှစ်မျိုးတွင် လောကုတ္တရာချမ်းသာသည် အမြတ်ဆုံးဖြစ်၏။

---

စပယ်ဦးစာပေ

( ၄ )

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အားဖြင့် အာသဝေါတရား လေးပါးရှိ၏။ ယင်း အာသဝေါတရား လေးပါးနှင့် မကင်းနိုင်သူတို့မှာလည်း သာယာ တပ်မက်ခြင်း ချမ်းသာသည် ရှိ၏။ အာသဝေါကုန်ခန်းပြီးသောပုဂ္ဂိုလ်တို့မှာလည်း ချမ်းသာသည်ရှိ၏။ ဤ၌ ဤချမ်းသာ နှစ်မျိုးကို ခွဲခြားဟောတော်မူထားပေသည်။

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်....

(၁) တမျိုးကား သာသဝချမ်းသာ၊

(၂) တမျိုးကား အနာသဝ ချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် အနာသဝ ချမ်းသာသည် အမြတ်ဆုံး ဖြစ်၏။

( ၅ )

ကိလေသာအာရုံ အဖုံဖုံတို့သည် ဝဋ်သို့ရောက်စေတတ်သော်လည်း ယင်း၌လည်း ယင်းအလျောက် ချမ်းသာသည်ရှိ၏။ ဝဋ်ထဲတွင် တဝဲလည်လည် ခံစားသော သုခဖြစ်၏။ ဝဋ်မှ လွတ်မြောက်ပြီး နိဗ္ဗာန်၌လည်း ချမ်းသာသည် ရှိ၏။ ဤ၌ ဤချမ်းသာ နှစ်မျိုးကို ခွဲခြား၍ဟောတော်မူထားပေသည်။

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုး ရှိ၏။ ထို နှစ်မျိုးတွင်....

(၁) တမျိုးကား သာမိသချမ်းသာ၊

(၂) တမျိုးကား နိရာမိသချမ်းသာ၊

ဤချမ်းသာ နှစ်မျိုးတွင် နိရာမိသချမ်းသာသည် အမြတ်ဆုံး ဖြစ်၏။

( ၆ )

အရိယာ ပုဂ္ဂိုလ်မဟုတ်သော ပုထုဇဉ်တို့၌လည်း ပုထုဇဉ်အား လျော်သော ချမ်းသာ၊ အသဝေါကုန်ခန်းပြီး အာရိယာပုဂ္ဂိုလ်တို့၌လည်း အရိယာချမ်းသာသည် ရှိ၏။ ဤတွင် ဤချမ်းသာနှစ်မျိုးကို ဒွန်တွဲ၍ ဟောတော်မူထားပေသည်။

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်

၁။ တမျိုးကား အရိယပုဂ္ဂိုလ်တို့၏ ချမ်းသာ၊

၂။ တမျိုးကား အနရိယပုဂ္ဂိုလ်တို့၏ချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် အရိယချမ်းသာသည် အမြတ်ဆုံး ဖြစ်၏။

( ၇ )

ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း၊ ဝါ၊ ကိုယ်ချမ်းသာ, စိတ်ချမ်းသာဟူ၍ ဆိုကြ၏။ ဤတွင် ကိုယ်ချမ်းသာ, စိတ်ချမ်းသာနှစ်ရပ်ကို စပ်တွဲ၍ ဟောတော်မူသွားပေသည်။

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်....

၁။ တမျိုးကား ကိုယ်ချမ်းသာ၊

၂။ တမျိုးကား စိတ်ချမ်းသာ၊

ဤချမ်းသာ နှစ်မျိုးတွင် စိတ်ချမ်းသာသည် အမြတ်ဆုံး ဖြစ်၏။

( ၈ )

ပုထုဇဉ်တို့၌ဖြစ်သော ချမ်းသာ၌ ပီတိ ပါဝင်၏။ 'ရွှန်းမီတိ ဝွမ်းဆီထိ' ဟူ၍ပင် ဆိုကြ၏။ အရိယာတို့၏ ချမ်းသာ၌ကား ပီတိ ကင်း၏။ ဤတွင် ဤချမ်းသာနှစ်မျိုးကို ဒွန်တွဲ၍ ဟောတော်မူသွားပေသည်။

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်....

၁။ တမျိုးကား ပီတိရှိသော ချမ်းသာ၊

၂။ တမျိုးကား ပီတိကင်းသော ချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် ပီတိကင်းသော ချမ်းသာ သည် အမြတ်ဆုံး ဖြစ်၏။

( ၉ )

သာယာအပ်သော သဘော၌ရှိသော သာတသုခ ချမ်းသာ၊ လျစ်လျူရှုအပ်သော ဥပေက္ခာ သုခ ချမ်းသာ ဟူ၍ ရှိ၏။ ဤတွင် ယင်းချမ်းသာနှစ်မျိုးကို ဒွန်တွဲ၍ ဟောတော်မူ၏။

"အိုရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတွင်—

၁။ တမျိုးကား သာယာအပ်သော ချမ်းသာ၊

၂။ တမျိုးကား ဥပေက္ခာပြုအပ်သော ချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် ဥပေက္ခာပြုအပ်သော ချမ်းသာ သာသည် အမြတ်ဆုံးဖြစ်၏။

(၁၀)

သမာဓိသည် မဏ္ဍိုင်နှင့် အလားတူ၏။ ယင်းသမာဓိကို အမှီ ပြု၍ ချမ်းသာခြင်း ဖြစ်သည်လည်းရှိ၏။ မဖြစ်သည်လည်းရှိ၏။ ဤတွင် ဤချမ်းသာနှစ်မျိုးကို ဒွန်တွဲ၍ ဟောတော်မူသွား၏။

---

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်....

၁။ တမျိုးကား သမာဓိချမ်းသာ၊

၂။ တမျိုးကား အသမာဓိချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် သမာဓိချမ်းသာသည် အမြတ်ဆုံးဖြစ်၏။

(၁၁)

ဤ၌ကား ဈာန်ချမ်းသာကို ဟောကြားသွားတော်မူပေလေသည်။

"အိုရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်....

၁။ တမျိုးကား ပီတိအပြည့်ရှိသော ဈာန်ချမ်းသာ၊

၂။ တမျိုးကား ပီတိကင်းသော ဈာန်ချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် ပီတိကင်းသော ဈာန်ချမ်းသာသည် အမြတ်ဆုံးဖြစ်၏။

(၁၂)

ဤ၌လည်း ဈာန်ချမ်းသာကိုပင် ဒွန်တွဲ၍ ဟောတော်မူ၏။ ပီတိ- နှစ်သက်အပ်သော သဘောနှင့် သာတ- သာယာအပ်သော ဤမျှသာ ကွဲလွဲပေသည်။

"အိုရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်....

၁။ တမျိုးကား သာယာအပ်သော ဈာန်ချမ်းသာ၊

၂။ တမျိုးကား ဥပေက္ခာသဘောရှိသော ဈာန်ချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် ဥပေက္ခာသဘောရှိသော ဈာန်ချမ်းသာသည် အမြတ်ဆုံးဖြစ်၏။

---

စပယ်ဦးစာပေ

(၁၃)

ဤကား စျာန်ကို အာရုံပြု၍ဖြစ်သော ချမ်းသာနှစ်မျိုးကို တွဲ၍ ဟောတော်မူသွား၏။

"အို....ရဟန်းတို့၊ ချမ်းသာသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင်....

၁။ တမျိုးကား ရူပါဝစရ စျာန်ချမ်းသာ၊

၂။ တမျိုးကား အရူပါဝစရစျာန်ချမ်းသာ၊

ဤချမ်းသာနှစ်မျိုးတွင် အရူပါဝစရ စျာန်ချမ်းသာသည် အမြတ်ဆုံးဖြစ်၏။

× × ×

## (၃) သနိမိတ္တဝဂ်

ဤအုပ်စုကား အကြောင်းကြောင်းတို့ကြောင့် အုပ်စုဟု ဆိုသင့်၏။ အကျိုးရှိရာ၌ အကြောင်းရှိရပုံကို ပြသောအုပ်စုဖြစ်လေသည်။

'ဟေတုမ္ဘ ဟေတုပဘဝါ'အရာခပ်သိမ်းတို့သည် အကြောင်းနှင့်ကင်း၍ မဖြစ်ကုန်။ သူ့အကြောင်းနှင့်သူ အကြောင်းရှိကြသည်ချည်းဖြစ်သည်ဟု ဆိုသောအတိုင်း အရာခပ်သိမ်း တို့၌ အကြောင်းတရားရှိပုံကို ခြုံ၍ဟောသော တရားဖြစ်၏။

ဤအုပ်စု၌ အုပ်စုဝင် အမျိုးအစားတရား ၁၀ မျိုး ပါဝင်၏။ အားလုံးသည် ကျိုးကြောင်းဆက် တရားများသာ ဖြစ်သည်ကို တွေ့ရ၏။

(၁)

"အို....ရဟန်းတို့၊ အကုသိုလ်တရားတို့သည် အကြောင်းရှိမှ ဖြစ်ကုန်၏။ အကြောင်းမရှိသော် မဖြစ်ကုန်။ အကုသိုလ်ဖြစ်စေသော ထိ အကြောင်းကိုသာ ပယ်နိုင်လျှင် အကုသိုလ် မဖြစ်ကုန်။"

"အို....ရဟန်းတို့၊ အကုသိုတ်တို့သည် ...

၂။ အခြေခံအကြောင်းနိဒါန်းရှိမှ ဖြစ်ကုန်၏။ အခြေခံ အကြောင်း နိဒါန်းမရှိလေဘဲ မဖြစ်ကုန်။

၃။ အကြောင်း ဟိတ်-ရှိမှ ဖြစ်ကုန်၏။ အကြောင်း ဟိတ် မရှိဘဲ မဖြစ်နိုင်ကုန်။

၄။ ပြုစီရင်မှုအကြောင်း သင်္ခါရရှိမှ ဖြစ်ကုန်၏။အကြောင်း သင်္ခါရမရှိလျှင် မဖြစ်ကုန်။

၅။ အကြောင်း ပစ္စည်းရှိမှ ဖြစ်ကုန်၏။ အကြောင်းပစ္စည်း မရှိလျှင် မဖြစ်ကုန်။

၆။ အကြောင်း ရုပ် ရှိကြမှ ဖြစ်ကုန်၏။ အကြောင်း ရုပ် မရှိလျှင် မဖြစ်ကုန်။

၇။ အကြောင်း ခံစားချက်ဝေဒနာ ရှိကြမှ ဖြစ်ကုန်၏။ အကြောင်းခံစားချက်ဝေဒနာ မရှိလျှင် မဖြစ်ကုန်။

၈။ အကြောင်း မှတ်သားခြင်းသညာ ရှိကြမှ ဖြစ်ကုန်၏။ အကြောင်းမှတ်သားခြင်းသညာ မရှိလျှင် မဖြစ်ကုန်။

၉။ အကြောင်း သိမှုဝိညာဏ် ရှိကြမှ ဖြစ်ကုန်၏။ အကြောင်း သိမှုဝိညာဏ်မရှိလျှင် မဖြစ်ကုန်။

၁၀။ သင်္ခတ တရားတို့ကို အာရုံပြုကုန်၍သာ ဖြစ်ကုန်၏။ သင်္ခတတရားတို့ကို အာရုံမပြုလေဘဲ မဖြစ်ကုန်။

---

စပယ်ဦးစာပေ

တိုသခ်ဘတရားတို့ကို အာရုံမပြုလေဘဲ ပယ်နိုင်လျှင် ထိုအကုသိုလ်တို့သည် မဖြစ်ကုန်။

(ဤ၌ ဒေသနာတိုင်းတွင် ဒုက အဖြစ် ကောက်ယူရန် မခဲယဉ်းပြီ။)

× × ×

## (၄) စမ္မဝဂ်

ဤအုပ်စုကား ဓမ္မအုပ်စုဖြစ်၏။ ဓမ္မရေးရာများကို နှစ်မျိုးစီ နှစ်မျိုးစီ တွဲ၍ ဟောအပ်သော တရားများဖြစ်လေသည်။ အုပ်စုဝင် အမျိုးအစား တရား ၁၁မျိုးပါ၏။ တမျိုးလျှင် တရား နှစ်ခုတွဲ၍ ဟောထားသောကြောင့် တရားပေါင်း ၂၂ ရှိလေသည်။

ဟောတော်မူရာ၌ ဥဒ္ဒေသ,မျှသာ ဟောတော်မူသည်ကိုတွေ့ရ၏။ ဖွင့်ဆိုရှင်းပြချက်များ မပါချေ။ ဥပမာ....ပဂ္ဂဟ တရား၊ အဝိက္ခေပတရား ဆိုပါတော့။ အဘယ် တရားမျိုးကို ပဂ္ဂဟ၊ အဘယ်တရားမျိုးကို အဝိက္ခေပ,ဟု ခေါ်သည်ဟူသော နိဒ္ဒေသများ မပါချေ။

"အို....ရဟန်းတို့၊ ဤတရားတို့သည် နှစ်မျိုးရှိကုန်၏။

(၁)

၁။ စေတော ဝိမုတ္တိတရားတမျိုး။ (စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်းတရား)

၂။ ပညာ ဝိမုတ္တိတရား တမျိုး။ (ပညာ၏ ကိလေသာတို့မှ လွတ်မြောက်ခြင်းတရား)

(၂)

၁။ ချီးမြှောက်ခြင်း ပဂ္ဂဟတမျိုး။
၂။ စိတ်မပျံ့လွင့်ခြင်း အဝိက္ခေပတရားတမျိုး။

(၃)

၁။ နာမ်တရား တမျိုး။
၂။ ရုပ်တရား တမျိုး။

(၄)

၁။ သစ္စာလေးပါးကိုသိသော ဝိဇ္ဇာတရားတမျိုး။
၂။ ကိလေသာမှ လွတ်မြောက်သော ဝိမုတ္တိတရား တမျိုး။

(၅)

၁။ ဘဝမြဲ၏ဟူသော ဘဝဒိဋ္ဌိတရားတမျိုး။
၂။ ဘဝပြတ်၏ဟူသော ဝိဘဝဒိဋ္ဌိတမျိုး။

(၆)

၁။ ဒုစရိုက်မှ မရှက်ခြင်း အဟိရိကတရားတမျိုး။
၂။ ဒုစရိုက်မှမလန့်ခြင်း အနောတ္တပ္ပတရားတမျိုး။

(၇)

၁။ ဒုစရိုက်တို့မှ ရှက်ခြင်း ဟိရိတရားတမျိုး။
၂။ ဒုစရိုက်တို့မှ လန့်ခြင်း ဩတ္တပ္ပတရားတမျိုး။

(၈)

၁။ ဆုံးမခက်ခြင်း ဒေါဝစဿတာ တရားတမျိုး။
၂။ မိတ်ဆွေဆိုးရှိခြင်း ပါပမိတ္တတာ တရားတမျိုး။

---

စပယ်ဦးစာပေ

(၉)

၁။ ဆုံးမလွယ်ကူခြင်း သောဝစဿတာ တရားတမျိုး။
၂။ မိတ်ဆွေကောင်း ရှိခြင်း ကလျာဏမိတ္တတာ တရား တမျိုး။

(၁၀)

၁။ ဓာတ်တို့၌ လိမ္မာခြင်း ဓာတုကုသလတာ တရားတမျိုး၊
၂။ နှလုံးသွင်းခြင်း၌ လိမ္မာခြင်း မနသိကာရကုသလတာ တရားတမျိုး။

(၁၁)

၁။ အာပတ်တို့၌ လိမ္မာခြင်း အာပတ္တိကုသလတာ တရား တမျိုး၊
၂။ အာပတ်တို့မှ ထခြင်း၌ လိမ္မာခြင်း အာပတ္တိဝုဋ္ဌာနတာ တရားတမျိုး။

ဤသို့အားဖြင့် တရားတို့သည် နှစ်မျိုးဖြစ်ကုန်သတည်း။

× × ×

## (၅) ဗာလဝဂ်

ဤ၌ ရှေးဦးစွာ ဟောအပ်သောတရားမှာ ဗာလတရား ဖြစ်သောကြောင့် ဗာလသည် အုပ်စုဗိုလ်ဖြစ်ကြောင်း တွေ့ရ၏။

သို့ရာတွင် သုခ အုပ်စု၌ သုခတရားချည်း သပ်သပ် ဟောသကဲ့သို့....

ဤ၌ ထိုသို့မဟုတ်လေဘဲ ဗာလတကျော့၊ ပဏ္ဍိတ တကျော့။ ဤသို့ တကျော့စီ ဟောတော်မူသည်ကို တွေ့ရ၏။

ထိုမှတပါး အာသဝေါတရားတို့ တိုးပွားသော တရား၊ မတိုးပွားသော တရားတို့ကို တကျော့စီ တကျော့စီ ဗျတိရိက် ပြု၍ ဟောတော်မူသည်ကို တွေ့ရ၏။

အုပ်စုဝင် တရားအမျိုးအစား ၂၀ တို့ကို လူမိုက်တလှည့်၊ ပညာရှိတလှည့်။ တိုးပွားတလှည့်၊ မတိုးပွားတလှည့် တကျော့စီ ဟောတော်မူသွား၏။

( ၁ )

"အို....ရဟန်းတို့၊ ဤလူမိုက်တို့သည် နှစ်မျိုး ရှိကုန်၏။ ထိုလူမိုက်နှစ်မျိုးအနက် ...

၁။ တမျိုးကား လုပ်စရာမဟုတ်သည်ကို လုပ်သူ၊

၂။ တမျိုးကား လုပ်စရာရှိသည်ကို မလုပ်သူ။

( ၂ )

"အို....ရဟန်းတို့၊ ဤပညာရှိတို့သည် နှစ်မျိုး ရှိကုန်၏။ ထိုပညာရှိနှစ်မျိုးအနက်....

၁။ တမျိုးကား လုပ်စရာမဟုတ်သည်ကို မလုပ်သူ၊

၂။ တမျိုးကား လုပ်စရာရှိသည်ကို လုပ်သူ။

(၃)

"အို....ရဟန်းတို့၊ ဤ လူမိုက်တို့သည် နှစ်မျိုးရှိကုန်၏။ ထို လူမိုက်နှစ်မျိုးတို့အနက်....

၁။ တမျိုးကား မလုပ်ထိုက်သည်ကို လုပ်ထိုက်သည်ဟု ထင်သူတဦး၊

၂။ တမျိုးကား လုပ်ထိုက်သည်ကို မလုပ်ထိုက် ထင်သူ တဦး။

( ၄ )

"အို....ရဟန်းတို့၊ ဤပညာရှိတို့သည် နှစ်မျိုးရှိကုန်၏။ ထိုပညာရှိနှစ်မျိုးတို့အနက်....

၁။ တမျိုးကား မလုပ်ထိုက်သည်ကို မလုပ်ထိုက်ဟုထင်သူတဦး၊

၂။ တမျိုးကား လုပ်ထိုက်သည်ကို လုပ်ထိုက်သည်ဟု ထင်တဦး။

( ၅ )

"အို....ရဟန်းတို့၊ ဤလူမိုက်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုလူမိုက်နှစ်မျိုးတို့အနက်....

၁။ တမျိုးကား အာပတ်မဟုတ်သည်ကို အာပတ်ဟုထင်သူတဦး၊

၂။ တမျိုးကား အာပတ်ဟုတ်သည်ကို အာပတ်မဟုတ်ဟုထင်သူတဦး။

( ၆ )

"အို....ရဟန်းတို့၊ပညာရှိတို့သည် နှစ်မျိုးရှိကုန်၏။ထိုပညာရှိနှစ်မျိုးတို့အနက်....

၁။ တမျိုးကား အာပတ်မဟုတ်သည်ကို မဟုတ်ဟုထင်သူတဦး၊

၂။ တမျိုးကား အာပတ်ဟုတ်သည်ကို ဟုတ်သည်ဟုထင်သူတဦး။

( ၇ )

"အို..ရဟန်းတို့၊ ဤလူမိုက်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုလူမိုက်နှစ်မျိုးတို့အနက်....

၁။ တမျိုးကား အဓမ္မကို ဓမ္မဟုထင်သူတဦး၊
၂။ တမျိုးကား ဓမ္မကို အဓမ္မဟုထင်သူတဦး။

( ၈ )

"အို....ရဟန်းတို့၊ ပညာရှိတို့သည် နှစ်မျိုးရှိကုန်၏။ ထိုပညာရှိ နှစ်မျိုးတို့အနက်....

၁။ တမျိုးကား ဓမ္မကိုဓမ္မဟု မှတ်ထင်သူတဦး၊
၂။ တမျိုးကား အဓမ္မကို အဓမ္မဟု မှတ်ထင်သူတဦး။

( ၉ )

"အိုရဟန်းတို့၊ ဤလူမိုက်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုလူမိုက် နှစ်မျိုးတို့အနက်...."

၁။ တမျိုးကား ဝိနည်းမဟုတ်သည်ကို ဝိနည်းမှတ်ထင်သူတဦး၊
၂။ တမျိုးကား ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု မှတ်ထင်သူတဦး။

(၁၀)

"အိုရဟန်းတို့၊ ပညာရှိတို့သည် နှစ်မျိုးရှိကုန်၏။ ထိုပညာရှိ နှစ်မျိုးတို့အနက်....

၁။ တမျိုးကား ဝိနည်းမဟုတ်သည်ကို မဟုတ်ဟု မှတ်ထင်သူတဦး၊
၂။ တမျိုးကား ဝိနည်းဟုတ်သည်ကို ဟုတ်သည်ဟု မှတ်ထင်သူတဦး။

(၁၁)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် ပွားကုန်၏။ ထိုနှစ်ဦးတို့ကား....

စပယ်ဦးစာပေ

၁။ သံသယ မဖြစ်သင့်ဘဲလျက် သံသယဖြစ်သူတဦး၊
၂။ သံသယ ဖြစ်သင့်ပါလျက် မဖြစ်သူတဦး။

(၁၂)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် မပွားကုန်။ ထိုနှစ်ဦးတို့ကား....

၁။ သံသယမဖြစ်သင့်သည်ကို မဖြစ်သူတဦး၊
၂။ သံသယဖြစ်သင့်သည်ကို ဖြစ်သူတဦး။

(၁၃)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် ပွားကုန်၏။ ထိုနှစ်ဦးတို့ကား....

၁။ မအပ်သည်ကို အပ်၏ဟု မှတ်ထင်သူတဦး၊
၂။ အပ်သည်ကို မအပ်ဟု မှတ်ထင်သူတဦး။

(၁၄)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် မပွားကုန်။ ထိုနှစ်ဦးတို့ကား....

၁။ မအပ်သည်ကို မအပ်သည်ဟု မှတ်ထင်သူတဦး၊
၂။ အပ်သည်ကို အပ်၏ဟု မှတ်ထင်သူတဦး။

(၁၅)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် ပွားကုန်၏။ ထိုနှစ်ဦးတို့ကား....

၁။ အာပတ်သင့်လျက် မသင့်ဟု မှတ်ထင်သူတဦး၊
၂။ အာပတ်မသင့်ဘဲလျက် သင့်သည်ဟု မှတ်ထင်သူတဦး။

(၁၆)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါသရားတို့သည် မပွားကုန်။ ထိုနှစ်ဦးတို့ကား....

၁။ အာပတ်သင့်သည်ကို သင့်၏ဟု မှတ်ထင်သူတဦး၊

၂။ အာပတ်မသင့်သည်ကို မသင့်ဟု မှတ်ထင်သူတဦး။

(၁၇)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် ပွားကုန်၏။ ထိုနှစ်ဦးကား....

၁။ အဓမ္မကို ဓမ္မဟု မှတ်ထင်သူတဦး၊

၂။ ဓမ္မကို အဓမ္မဟု မှတ်ထင်သူတဦး။

(၁၈)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် မပွားကုန်။ ထိုနှစ်ဦးတို့ကား....

၁။ ဓမ္မကို ဓမ္မဟု မှတ်ထင်သူတဦး၊

၂။ အဓမ္မကို အဓမ္မဟု မှတ်ထင်သူတဦး။

(၁၉)

"အိုရဟန်းတို့၊ နှစ်ဦးသောသူတို့အား အာသဝေါတရားတို့သည် ပွားကုန်၏။ ထိုနှစ်ဦးတို့ကား....

(၁) ဝိနည်းမဟုတ်သည်၌ ဝိနည်းဟု မှတ်ထင်သူတဦး၊

(၂) ဝိနည်း၌ ဝိနည်းမဟုတ်ဟု မှတ်ထင်သူတဦး။

( ၂၀ )

"အို....ရဟန်းတို့၊နှစ်ဦးသောသူတို့အား အာသဝေါ တရားတို့သည် မပွားကုန်။ ထိုနှစ်ဦးတို့ကား....

---

(၁) ဝိနည်းမဟုတ်သည်၌ မဟုတ်ဟု မှတ်ထင်သူတဦး၊
(၂) ဝိနည်းဟုတ်သည်၌ ဟုတ်သည်ဟုမှတ်ထင်တသူတဦး။
ဤသူနှစ်ဦးတို့အား အာသဝေါ တရားတို့သည် မပွားကုန်။

× × ×

## (၃) တတိယ သုတ်ပေါင်း ၅၀

ဤတတိယအရစ်,သုတ်ပေါင်းငါးဆယ်၌ အုပ်စုငါးစု ဖွဲ့ပြီးလျှင် သက်ဆိုင်ရာရာ တရားဓမ္မကို နှစ်မျိုးတတွဲ၊နှစ်မျိုးတတွဲ ဒွန်တွဲ၍ ဟောကြားသွားသည်ကိုတွေ့ရ၏။

ဤတတိယ အရစ်၌ ပဏ္ဏာသက သုတ်ပေါင်း ငါးဆယ် ဟုဆိုသော်လည်း အဓိကသင်္ချာနည်းအားဖြင့်သာ ရေတွက်၍လွယ်ကူစေရန် ပြဆိုထားခြင်းဖြစ်၏။ အတိအကျဆိုသော် ဤတတိယအရစ်တွင် သုတ်ပေါင်း ၆၂ သုတ် ပါဝင်ပေသည်။

ဤသုတ်ပေါင်း ၆၂ သုတ်တို့၌ ဟောအပ်သောတရားများအနက် စွန့်နိုင်ခဲသောအရာကိုပြသောတရား၊ ရနိုင်ခဲသော အရာကို ပြသောတရား၊ ရှောင့်ရှဲနိုင်ခဲသည်ကိုပြသောတရားများသည် ဤတတိယအရစ်၏အနှစ်သာရများပင်တည်း။ လူတိုင်း သိအပ်သိသင့် သိထိုက်သော လူနှင့်မကင်းရာ မကင်းကြောင်း တရားများ ဖြစ်၏။

ထိုမှတပါး လောကသားတို့ အနေ အားဖြင့် အပြုအမူ၊ အပြောအဆို၊အကျင့်အကြံ၊အနေအထိုင်မှစ၍ စံယူ ထိုက်သော စံပြပုဂ္ဂိုလ်များကိုလည်း တွေ့ရ၏။ ရဟန်းလောက၌ အရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလာန်တို့ကို စံပြပုဂ္ဂိုလ်အဖြစ် တွေ့ရသည်။ ရဟန်းမိန်းမလောက၌ ခေမာနှင့် ဥပ္ပလဝဏ်ထေရီတို့ကို လည်းကောင်း၊ဥပါသကာလောက၌ စိတ္တ သူကြွယ်နှင့် ဟတ္ထက ဥပါသကာတို့ကိုလည်းကောင်း၊ဥပါသိကာလောက၌ ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာတို့ကိုလည်း "စံပြပုဂ္ဂိုလ်များ"အဖြစ် တွေ့ရသည်။"ဤသူ ဤသူများကို စံယူကြ"။

"ရဟန်းတို့၊ ငါ့ဘုရား၏ တပည့်များစွာတို့အနက် ဤသူတို့ကား စံပြုအပ်သောပုဂ္ဂိုလ်၊ စံနမူနာယူထိုက်သော ပုဂ္ဂိုလ်များဖြစ်ကုန်၏"ဟု ဗုဒ္ဓ ကိုယ်တော်တိုင် မြွက်ကြား သွားတော်မူကြောင်း တွေ့ရ၏။

## (၁) အာသာဒုပ္ပဇဟဝဂ္ဂ

ဤစွန့်နိုင်ခဲသောအုပ်စု (အာသာဒုပ္ပဇဟဝဂ်) ကို စွန့်နိုင်ခဲသော တပ်မက်ခြင်းတရားဖြင့် စတင်၍ဖွင့်လေသည်။ ဤအုပ်စု၌ စွန့်နိုင်ခဲသောတရားသည် အုပ်စုဗိုလ်ဖြစ်၏။

( ၁ )

"အို....ရဟန်းတို့၊ စွန့်နိုင်ခဲသော တပ်မက်ခြင်း အာသာတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

(၁) တမျိုးကား လာဘ်လာဘကိုတပ်မက်ခြင်း(လာဘ)၊

(၂) တမျိုးသား အသက်ကိုတပ်မက်ခြင်း(ဇီဝ)၊

"ရဟန်းတို့၊ဤနှစ်မျိုးတို့သည် စွန့်နိုင်ခဲသော တပ်မက်ခြင်း၊ အာသာတို့ ဖြစ်ကုန်၏။

( ၂ )

ဤဥ္ဇကား ရခဲသောပုဂ္ဂိုလ်နှစ်မျိုးရှိကြောင်းကို ထောက်ပြထား၏။

"အို....ရဟန်းတို့၊လောက၌ ရခဲသောပုဂ္ဂိုလ်နှစ်မျိုးရှိကုန်၏။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့အနက်....

(၁) တမျိုးကား သူ့ကိုကျေးဇူးပြုတတ်သူ(ကဘညုတ)၊

(၂) တမျိုးကား သူပြုဘူးသော ကျေးဇူးကို တုံ့ပြန်တတ်သူ(ကတဝေဒီ)၊

"ရဟန်းတို့၊ဤပုဂ္ဂိုလ်နှစ်မျိုးတို့သည် ရနိုင်ခဲသောပုဂ္ဂိုလ်တို့ဖြစ်ကုန်၏။

( ၃ )

ဤဥ္ဇလည်း ရနိုင်ခဲသော ပုဂ္ဂိုလ် နှစ်မျိုးကိုပင် ဆက်၍ ပြထား၏။

"အို....ရဟန်းတို့၊ လောက၌ ရခဲသောပုဂ္ဂိုလ်တို့သည်နှစ်မျိုးရှိကုန်၏။ ထိုပုဂ္ဂိုလ်မျိုးတို့အနက်....

၁။ တမျိုးကား ရောင့်ရဲသော ပုဂ္ဂိုလ်။

၂။ တမျိုးကား ရောင့်ရဲစေတတ်သော ပုဂ္ဂိုလ်။

( ၄ )

ရောင့်ရဲစေနိုင်ခဲသော ပုဂ္ဂိုလ်ကို ဤဥ္ဇ ဆက်၍ ဆိုထားပေသည်။

"အို....ရဟန်းတို့၊ လောက၌ ရောင့်ရဲစေနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့အနက်....

၁။ တမျိုးကား ရရသမျှကို သိုမှီးထားသူ။

၂။ တမျိုးကား ရရသမျှကို စွန့်ပစ်သူ။

(၅)

ရောင့်ရဲစေနိုင်ခဲ့သူ၏ ဆန့်ကျင်ဘက်၊ ရောင့်ရဲ လွယ်သူကို ဤသို့ တွေ့ရ၏။

"အို....ရဟန်းတို့၊လောက၌ ရောင့်ရဲလွယ်စေနိုင်သောပုဂ္ဂိုလ်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုပုဂ္ဂိုလ်နှစ်မျိုးအနက်....

၁။ တမျိုးကား ရရသမျှကို မသိမ်းသူ။

၂။ တမျိုးကား ရရသမျှကို မစွန့်သူ။

(၆)

ဤ၌ကား ရာဂဖြစ်ခြင်း၏ အကြောင်း၊ ဝါ၊ ရာဂဖြစ်ပွားမှု၌ တရားခံကို ထုတ်ပြထား၏။

"အို....ရဟန်းတို့၊ ရာဂဖြစ်ပွားလာရန် အကြောင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား သုဘနိမိတ်- တင့်တယ်သော အာရုံဟူသမျှ။

၂။ တမျိုးကား မလျောက်ပတ်သည်ကို ကြံစည် တွေးခေါ်ခြင်း။

(၇)

ဤ၌ကား ဒေါသဖြစ်ခြင်း၏ အကြောင်း၊ ဝါ၊ ဒေါသဖြစ်ပေါ်မှု၌ တရားခံကို ဖော်ထုတ်ထား၏။

"အို....ရဟန်းတို့၊ ဒေါသဖြစ်ပေါ်ရန် အကြောင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကားပဋိဃနိမိတ် စိတ်ဆိုးဘွယ်အနိဋ္ဌာရုံဟူသမျှ။

၂။ တမျိုးကား မလျောက်ပတ်သည်ကိုကြံစည်တွေးခေါ်ခြင်း။

---

(၈)

ဤဥ်ကား မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၌ တရားခံကို ဖော်ထုတ်ထား၏။

"အိုး....ရဟန်းတို့၊ မိစ္ဆာဒိဋ္ဌိဖြစ်ရန် အကြောင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား မသူတော်တို့၏တရားကိုတဆင့်ကြားခြင်း။

၂။ တမျိုးကား မလျော်ကပတ်သည်ကို ကြံစည် တွေးခေါ်ခြင်း။

(၉)

ဤဥ်မူ သမ္မာဒိဋ္ဌိ ဖြစ်ပေါ်ခြင်း၌ တရားခံကို ဖော်ထုတ်ထား၏။

"အိုး....ရဟန်းတို့၊ သမ္မာဒိဋ္ဌိဖြစ်ပေါ်ရန် အကြောင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား သူတော်တရားကို တဆင့်ကြားခြင်း။

၂။ တမျိုးကား လျော်ကပတ်စွာ ကြံစည်တွေးခေါ်ခြင်း။

(၁၀)

ဤဥ်ကား တရားလမ်းကြောင်း အာပတ်ဆီသို့ ပြောင်းသွား၏။

"အိုး....ရဟန်းတို့၊ အာပတ်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား လဟုကအာပတ်။ (ပေါ့သောအပြစ်)

၂။ တမျိုးကား ဂရုကအာပတ်။ (လေးသောအပြစ်)

(၁၁)

ဤဥ်လည်း အာပတ်အကြောင်းကိုပင် ဆက်၍ ဟောထားပေသည်။

"အို....ရဟန်းတို့၊ အာပတ်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ဒုဋ္ဌုလ္လအာပတ်။ (ရှုန့်ရင်းသော အာပတ်)

၂။ တမျိုးကား အဒုဋ္ဌုလ္လအာပတ်။ (မရှုန့်ရင်းသော အာပတ်)

(၁၂)

ဤဝွဲလည်း အာပတ်အကြောင်းကိုပင် ဆက်၍ ဟောတော်မူထားပေသည်။

"အို....ရဟန်းတို့၊ အာပတ်တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား သာဝသေသအာပတ်။ (ကုစားကောင်းသောအာပတ်)

၂။ တမျိုးကား အနာဝသေသအာပတ်။ (ကုစား၍ မရစကောင်းသော အာပတ်)

ဤသို့အားဖြင့် အာပတ်တို့သည် နှစ်မျိုးရှိကုန်သဘည်း။

× × ×

## (၂) အာယာစနဝဂ်

ဤတောင့်တအုပ်စု (အာယာစနဝဂ်)၌ အုပ်စုဝင် တရားအမျိုးအစား ၁၁ မျိုးပါဝင်၏။

တောင့်တမှုကို ဆု ဟူ၍လည်းခေါ်၏။ ထိုမဂ်လာရှိသောဆုဖြင့် ဤအုပ်စုကိုဖွင့်ထားပေသည်။ ထိုမှတပါး သူယုတ်မာနှင့်

လူလိမ္မာ သူတော်ကောင်းတို့၏ အင်္ဂါလက္ခဏာရပ်များကိုလည်း ရေလဲနှင့် ဟောကြားသွားသည်ကို တွေ့ရ၏။

စံပြဟူသောဝေါဟာရသည် ယနေ့ခေတ်၌သာအသစ်အဆန်း ဖြစ်လာသည်မဟုတ်။ ဗုဒ္ဓသက်ထက်တော်ကပင် ဤစံပြသဘော မျိုး အသုံးအနှုန်း ရှိခဲ့ကြောင်းကို ဤအုပ်စုတွင် စလျှင်စချင်း တွေ့ရ၏။

( ၁ )

"အို....ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းသည် ကောင်းစွာတောင့်တလိုမူကား ဤသို့တောင့်တရာ၏။ "အရှင် သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည် ဤသို့ အကျင့်သီလ အာစာရ စသောဂုဏ်တို့နှင့်ပြည့်စုံသော သတောရှိကုန်၏။ ငါ သည် ထိုကဲ့သို့ဖြစ်ရလို၏"ဟု ဤသို့တောင့်တရာ၏။

"ရဟန်းတို့၊ ငါ၏တပည့် များစွာတို့အနက် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ကား နှိုင်းချိန်ရန် စံထားအပ်သော၊ စံယူထိုက် သော "စံပြပုဂ္ဂိုလ်"တို့ပေတည်း။

( ၂ )

"အို ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဘိက္ခုနီ မသည် ကောင်းစွာ တောင့်တလိုသော် ဤသို့ တောင့်တရာ၏။ "ခေမာဘိက္ခုနီနှင့် ဥပ္ပလဝဏ်ဘိက္ခုနီ တို့သည် ထိုသို့သော အကျင့်သဘော ရှိပေကုန်၏။ ငါသည် ထိုသို့ ဖြစ်ရလို၏"ဟု ဤသို့တောင့်တရာ၏။

---

၁။ သော ဘိက္ခုဂေ တုလာ။

"ရဟန်းတို့....၊ များစွာသော ငါ၏တပည့် ဘိက္ခုနီတို့တွင် ခေမာနှင့် ဥပ္ပလဝဏ်တို့သည် နှိုင်းချိန်ရန် စံပြုအပ်သော စံပြု ထိုက်သော "စံပြဘိက္ခုနီ"များ ဖြစ်ကုန်၏။

ဤ၌ ခေမာနှင့် ဥပ္ပလဝဏ်တို့၏ အကျင့်စသည်ကို ဒွန်တွဲ၍ ဟောတော်မူ၏။

( ၃ )

ထို့နောက် ဤ၌ စံပြဥပါသကာများကို ဆက်၍ ဟောတော် မူသည်ကို တွေ့ရ၏။

"အို....ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာ သည် ကောင်းစွာ တောင့်တလိုဘိသော် ဤသို့တောင့်တရာ၏။ "စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝက မင်းသားတို့သည် ထိုသို့သော အကျင့်သဘော ရှိပေကုန်၏။ ငါသည် ထိုသူတို့ ကဲ့သို့ ဖြစ်ရလို၏"ဟု ဤသို့တောင့်တရာ၏။

"ရဟန်းတို့၊ ငါ၏တပည့် ဥပါသကာ များစွာတို့တွင် စိတ္တ သူကြွယ်နှင့် ဟတ္ထက မင်းသားတို့ကား နှိုင်းချိန်ရင် ချိန်ခွင် သဖွယ် စံထားအပ်သော စံပြုထိုက်သော "စံပြဥပါသကာ" များပေတည်း။

( ၄ )

စံပြ ဥပါသိကာမများ အကြောင်းကိုလည်း ဤသို့ ဆက်၍ တွေ့ရ၏။

"အို....ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာ မသည် ကောင်းစွာ တောင့်တလိုဘိမူကား ဤသို့ တောင့်တ ရာ၏။ "ခုဇ္ဇုတ္တရာ ဥပါသိကာမနှင့် ဝေဠုကဏ္ဍကီ ရှာသူ နန္ဒ

မာတာတို့ကား ထိုသို့သော အကျင့်သဘောရှိပေကုန်၏၊ ငါသည် ထိုသူတို့ကဲ့သို့ ဖြစ်ရလို၏”ဟု ဤသို့ တောင့်တရာ၏။

“ရဟန်းတို့....၊ ငါ၏တပည့် ဥပသိကာမ များစွာတို့တွင် ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာ တို့ကား နှိုင်းချိန်ရန် ချိန်ခွင်သဖွယ် စံထားအပ်သော စံပြုထိုက်သော “စံပြု ဥပသိကာမ”များပေတည်း....”

ဤဒွိ ဒုက်တရားကား ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာ ဟူလို။

( ၅ )

ဤဒွိ တရားအပြောင်းအလဲရှိလာသည်ကို တွေ့ရ၏။ သူမိုက်ဖြစ်ထိုက် မဖြစ်ထိုက်ကို နံပါတ်ကပ်၊ တံဆိပ်ရိုက်သည်နှင့် အလားတူ၏။ လူကဲခတ်ရန် ခဲယဉ်းသည်ဆိုသော်လည်း ဗုဒ္ဓ၏ အလိုတော်အားဖြင့် လူကဲခတ်ရန် မခဲယဉ်းလှ၊ ဤဖြစ်ရပ်များပေါ်တွင် မှတ်ကျောက်တင်၍ ဆုံးဖြတ်ဟု ဆိုတော်မူ၏။

“အိုရဟန်းတို့၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော မလိမ္မာသူ၊ မိုက်မဲသူသူယုတ်သည် မိမိကိုယ်ကို တွင်းတူးလျက်၊ ဖျက်ဆီးလျက် သိမ်းပိုက် ဆောင်ရွက်ထားသည်မည်၏။ အပြစ်တန်းလန်းရှိသူ၊ ပညာရှိတို့ ကဲ့ရဲ့ထိုက်သူ ဖြစ်၏။ အကုသိုလ်ကိုလည်း များစွာ ပွားစေ၏။ အင်္ဂါနှစ်ပါးဟူသည် အဘယ်နည်းဆိုသော်-

“အိုရဟန်းတို့၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းခြင်းမပြုလေဘဲ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အလေးအနက် စဉ်းစားဆုံးဖြတ်ခြင်းမပြုလေဘဲ မချီးမွမ်းထိုက်သူအား ချီးကျူးစကား ဆိုပြောလေ၏။ ကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ခြင်း မပြုလေဘဲ၊ကိုယ်ပိုင်ဉာဏ်ဖြင့် အလေးအနက် စဉ်းစား ဆုံးဖြတ်ခြင်းမပြုလေဘဲ ချီးကျူးထိုက်သူအား ကဲ့ရဲ့ရှုတ်ချစကား ဆိုပြောလေ၏။

"ရဟန်းတို့၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော မလိမ္မာသူ၊ မိုက်မဲသူ သူယုတ်သည် မိမိကိုယ်ကို တွင်းတူးလျက်၊ ဖျက်ဆီးလျက် သိမ်းပိုက်ဆောင်ရွက်ထားသည် မည်၏။ အပြစ်တန်းလန်းရှိနေသူ၊ ပညာရှိတို့ ကဲ့ရဲ့ထိုက်သူဖြစ်၏။ အကုသိုလ်ကိုလည်း များစွာပွားစေ၏။

(ဤ၌ ဒွန်ကား ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်း။ ချီးမွမ်းထိုက်သူနှင့် ကဲ့ရဲ့ထိုက်သူ ဟူပေ၏)

"အိုရဟန်းတို့၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပညာရှိလိမ္မာသူ သူတော်ကောင်းသည် မိမိကိုယ်ကို တွင်းမတူးလေဘဲ မဖျက်ဆီးလေဘဲ သိမ်းပိုက် ဆောင်ရွက်ထားသည် မည်၏။ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့၊ ကုသိုလ်ကိုလည်း များစွာပွားစေ၏။ အင်္ဂါနှစ်ပါးဟူသည် အဘယ်နည်းဆိုသော်....

"အိုရဟန်းတို့၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်လျက်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အလေးအနက် စဉ်းစား ဆုံးဖြတ်လျက် မချီးမွမ်းထိုက်သူအား ရှုတ်ချစကား ဆိုပြောလေ၏။ ချီးကျူးထိုက်သူအား ချီးမွမ်းစကား ဆိုပြောလေ၏။

"ရဟန်းတို့၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပညာရှိ လူလိမ္မာ သူတော်ကောင်းသည် မိမိကိုယ်ကို မတူးဖြိုလေဘဲ၊ မဖျက်ဆီးလေဘဲ သိမ်းပိုက် ရွက်ဆောင်ထားသည် မည်၏၊ အပြစ်လည်းမရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့၊ ကုသိုလ်ကိုလည်း များစွာပွားစေ၏။ (ဤ၌ ဒွန် တရားကို အထက်နည်းအတိုင်းကောက်မခဲ့ယဉ်းပြီ)

---

စပယ်ဦးစာပေ

(၆)

ဤ၌လည်း လူမိုက်အကြောင်းကိုပင် ဆက်၍ ဟောထား၏။ လူမိုက်၏ အင်္ဂါရပ်နှစ်မျိုးကို ပြရာ၌ "ကဲ့ရဲ့ထိုက်သူအား ချီးမွမ်းဆိုခြင်းအစား မကြည်ညိုထိုက်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေခြင်း၊ ကြည်ညိုထိုက်သော အရာ၌မကြည်ညိုမှုကို ဖြစ်စေခြင်း" ဤမျှသာ ထူး၏။

ဤ၌လည်း သူတော်ကောင်း အင်္ဂါနှစ်ပါးကို ပြရာ၌ "ကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့စကားဆိုခြင်း' နေရာတွင် "မကြည်ညိုထိုက်သောအရာ၌ မကြည်ညိုမှုကို ဖြစ်စေခြင်း၊ ကြည်ညိုထိုက်သောအရာ၌ ကြည်ညိုမှုကို ဖြစ်စေခြင်း" ဤမျှသာထူး၏။

(၇)

ဤ၌လည်း လူမိုက်ကိုပင်ဆက်ထား၏။ သို့သော် လူမိုက်အင်္ဂါရပ် လွဲပြောင်း၍ ဟောတော်မူထားလေသည်။

"အိုရဟန်းတို့၊ မလိမ္မာသည်ဖြစ်၍ မိုက်မဲသည်ဖြစ်၍ ပုဂ္ဂိုလ်နှစ်မျိုးတို့၌မှားယွင်းစွာပြုကျင့်လေသောလူမိုက်သည်မိမိကိုယ်ကို တွင်းတူးလျက်၊ ဖျက်ဆီးလျက်၊ သိမ်းပိုက် ဆောင်ရွက်ထားသည်မည်၏။ အပြစ်ရှိသူ၊ ပညာရှိတို့ ကဲ့ရဲ့ထိုက်သူ ဖြစ်၏။ အကုသိုလ်ကိုလည်း များစွာပွားစေ၏။ အဘယ်ပုဂ္ဂိုလ်တို့၌ ဆိုသော်.... အမိ၌လည်းကောင်း၊ အဖ၌လည်းကောင်း ဖြစ်၏။

"ရဟန်းတို့၊ ဤနှစ်မျိုးသော အမိအဖတို့၌ မလိမ္မာသည်ဖြစ်၍ မိုက်မဲသည်ဖြစ်၍ မှားယွင်းစွာ ကိုယ်နှုတ်နှလုံးတို့ဖြင့် ပြစ်မှားခြင်းပြုသော သူမိုက်သည် (ပ) အကုသိုလ်ကိုလည်း များစွာ ပွားစေ၏။" (ဤ၌ ဒွန်ကား အမိနှင့်အဖတည်း)

ပုဂ္ဂိုလ်နှစ်မျိုးတို့ဒ္ဓပညာရှိသူ၏ ပြုကျင့်ပုံကို ပြရာဌ္ဌ အထက်ပါ လူမိုက်၏ပြုမူချက်ကို ပြောင်းပြန်လှန်လျှင် လိုအပ်သော အနက် ပြီးလေ၏။ မိဖနှစ်ပါးတို့ဒ္ဓ ကောင်းစွာပြုစုသူ ဖြစ်လာ၏။ ဤမျှသာ ထူးသဖြင့် မရေးတော့ပြီ။

( ၈ )

ဤဌ္ဌလည်း လူမိုက်ကိုပင် ဆက်၍ ဟောလေသည်။ သူယုတ်မာနှင့် သူတော်ကောင်း အင်္ဂါရပ်များမှာ အထက်နည်းအတိုင်း ဖြစ်၏၊ ပုဂ္ဂိုလ်နှစ်ယောက်ကို ပြရာဌ္ဌသာ ထူး၏။ "ဘုရား၌ရှင်း၊ ဘုရား၏တပည့် သာဝကဌ္ဌရှင်း ဤပုဂ္ဂိုလ်နှစ်မျိုးတို့ဒ္ဓ"ဟု ဆိုလျှင်ကိုစွ ပြတ်လေ၏။ သိတန်လောက်ပြီ ထင်၏။

( ၉ )

ဤဌ္ဌ တရားလမ်းကြောင်း ပြောင်းလာသည်ကို တွေ့ရ၏။ တွေ့ပုံကား....

"အိုရဟန်းတို့၊ တရားတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား မိမိစိတ်ဖြူစင်ခြင်း၊

၂။ တမျိုးကားဘာကိုမျှ စွဲလမ်းမှု မထားခြင်း။

(၁၀)

"အိုရဟန်းတို့၊ တရားတို့သည် နှစ်မျိုးရှိကုန်၏။ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား အမျက်ထွက်ခြင်း၊

၂။ တမျိုးကား ရန်ငြိုးဖွဲ့ခြင်း။

---

စပယ်ဦးစာပေ

( ၁၁ )

ဤတရားကား ဖျောက်ပယ်တရားဖြစ်၏။

"အို....ရဟန်းတို့၊တရားတို့သည်နှစ်မျိုးရှိကုန်၏။ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား အမျက်ထွက်ခြင်းကိုပယ်သောတရား။
၂။ တမျိုးကား ရန်ငြိုးဖွဲ့ခြင်းကို ပယ်သောတရား။
ဤသို့အားဖြင့် တရားတို့သည် နှစ်မျိုးဖြစ်ကုန်သတည်း။

× × ×

( ၃ ) ဒါနဝဂ်

ဒါနအုပ်စု(ဒါနဝဂ်)ထဲသို့ဝင်ရောက်သွား၏။ ထိုထွင် အလှူမျိုးစုံအဖုံဖုံသော ဒါနတို့ကို တွေ့ရ၏။ ဤအုပ်စုတွင် အုပ်စုဝင်တရားအမျိုးအစား တဆယ်ရှိလေသည့်အနက်ဒါနနှင့်ပတ်သက်သည့် တရားချည်းသာ ဖြစ်လေသည်။

မြန်မာတိုင်းရင်းသားတို့သည် အလှူရေစက် လက်နှင့်မကွာသူများဖြစ်သည့်အလျောက် မိမိတို့တတ်နိုင်သလောက်ကို ချွေးနှီးစာတည်းမှ လှူကြ၏။ တန်းကြ၏။ ဘုရားတည်၊ ကျောင်းဆောက်၊ ရှင်ပြု၊ ရဟန်းခံ စသော ကုသိုလ်ဒါနများကို ပြုလေ့ရှိသည်ဖြစ်ရာ...မည်သည့်ဒါနသည် မည်သည့် အမျိုးအစား၌ပါဝင်သည် ဆိုချက်တွင် ဤအုပ်စုမှ အဖြေထွက်လာ၏။

ဆွမ်းဒါန၊ ကွမ်းဒါန၊ ရှင်ပြုခြင်း၊ရဟန်းခံခြင်းတို့ကို မည်သည့် ဒါနဟု ဆိုတော်မူလေသနည်း။

( ၁ )

"အို....ရဟန်းတို့၊ ဒါနတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးသော ဒါနတို့အနက်....

၁။ တမျိုးကား ဆွမ်းစသည်ကို လှူသော အာမိသဒါန။

၂။ တမျိုးကား စာအုပ်စသည်ကိုလှူသော ဓမ္မဒါန။

"ရဟန်းတို့၊ ဤဒါနနှစ်မျိုးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်၏။

(၂)

ဒါနနှစ်မျိုးအပြီးတွင် ယာဂဟူသော ပူဇော်နည်းနှစ်မျိုးကို တွေ့ရ၏။

"အို...ရဟန်းတို့၊ ပူဇော်ခြင်း ယာဂ တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့်ပူဇော်ခြင်း (အာမိသယာဂ)။

၂။ တမျိုးကား တရားဖြင့် ပူဇော်ခြင်း(ဓမ္မယာဂ)

"ရဟန်းတို့၊ဤပူဇော်ခြင်း နှစ်မျိုးတို့တွင် တရားဖြင့် ပူဇော်ခြင်း(ဓမ္မယာဂ)သည် အမြတ်ဆုံးဖြစ်၏။

( ၃ )

ဒါန,ယာဂ,ပရိစ္စာဂ,စာဂ,တို့သည်တန်းစီလျက်ရှိနေကြ၏။ ဤ၌ စာဂ,အလှည့်ရောက်လာပြီ။ စာဂ,ကို တွေ့ရလေပြီ။

"အို....ရဟန်းတို့၊ စွန့်ကြဲခြင်း စာဂ, တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကို စွန့်ကြဲခြင်း (အာမိသစာဂ)။

၂။ တမျိုးကား တရားကို စွန့်ကြဲခြင်း(ဓမ္မစာဂ)။

---

"ရဟန်းတို့၊ ဤစွန့်ကြဲခြင်းမျိုးတွင် ဓမ္မစာဂ, တရားကို စွန့်ကြဲခြင်းသည် အမြတ်ဆုံးဖြစ်၏။

( ၄ )

"အို....ရဟန်းတို့၊ဤစွန့်ကြဲခြင်း ပရိစ္စာဂ- တို့သည် နှစ်မျိုး ရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကို စွန့်ကြဲခြင်း(အာမိသပရိစ္စာဂ)

၂။ တမျိုးကား တရားကို စွန့်ကြဲခြင်း(ဓမ္မပရိစ္စာဂ)

"ရဟန်းတို့၊ စွန့်ကြဲခြင်းနှစ်မျိုးတွင် ဓမ္မပစ္စရိာဂ- တရားကို စွန့်ကြဲခြင်းသည် အမြတ်ဆုံးဖြစ်၏။

( ၅ )

အလျှဒါန၊ ပရိစ္စာဂ-တို့၏ နောက်တွင် ဘောဂ-ဟူသော သုံးဆောင်ခြင်းကို တွေ့ရပေသည်။

"အို....ရဟန်းတို့၊ သုံးဆောင်ခြင်း ဘောဂ-တို့သည်နှစ်မျိုး ရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကို သုံးဆောင်ခြင်း (အာမိသ ဘောဂ)။

၂။ တမျိုးကား တရားကို သုံးဆောင်ခြင်း(ဓမ္မဘောဂ)။

"ရဟန်းတို့၊ ဤသုံးဆောင်ခြင်းနှစ်မျိုးတို့တွင် ဓမ္မဘောဂ- တရားကို သုံးဆောင်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

( ၆ )

"အို....ရဟန်းတို့၊ အတူဘက္ခသုံးဆောင်ခြင်းတို့သည်နှစ်မျိုး ရှိကုန်၏။ ထိုနှစ်မျိုးအနက်....

၁။ တမျိုးကား ပစ္စည်းကို အတူတကွ သုံးဆောင်ခြင်း (အာမိသသမ္ဘောဂ)။

၂။ တမျိုးကား တရားကိုအတူတကွ သုံးဆောင်ခြင်း (ဓမ္မသမ္ဘောဂ)

"ရဟန်းတို့၊ဤသုံးဆောင်ခြင်း နှစ်မျိုးတွင် ဓမ္မ သမ္ဘောဂ-တရားကို အတူတကွ သုံးဆောင်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

( ၇ )

"အို....ရဟန်းတို့၊ ခွဲခြမ်းဝေဘန်ခြင်း သံဝိဘာဂ- တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကို ခွဲခြမ်းဝေဘန်ခြင်း (အာမိသသံဝိဘာဂ)

၂။ တမျိုးကား တရားကို ခွဲခြမ်း ဝေဘန်ခြင်း (ဓမ္မသံဝိဘာဂ)

"ရဟန်းတို့၊ ဤခွဲခြမ်းဝေဘန်ခြင်းနှစ်မျိုးတို့တွင် ဓမ္မသံဝိဘာဂ-တရားကို ဝေဘန်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

( ၈ )

"အို....ရဟန်းတို့၊ ထောက်ပံ့ခြင်း သင်္ဂဟ-တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့် ထောက်ပံ့ခြင်း (အာမိသသင်္ဂဟ)။

၂။ တမျိုးကား တရားဖြင့် ထောက်ပံ့ခြင်း(ဓမ္မသင်္ဂဟ)။

---

"ရဟန်းတို့၊ ဤထောက်ပံ့ခြင်း နှစ်မျိုးတို့တွင် ဓမ္မသင်္ဂဟ-တရားဖြင့် ထောက်ပံ့ခြင်းသည် အမြတ်ဆုံးဖြစ်၏။

( ၉ )

"အို....ရဟန်းတို့၊ ချီးမြှောက်ခြင်း (အနုဂ္ဂဟ) တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့် ချီးမြှောက်ခြင်း (အာမိသာနုဂ္ဂဟ)။

၂။ တမျိုးကား တရားဖြင့်ချီးမြှောက်ခြင်း (ဓမ္မာနုဂ္ဂဟ)။

"ရဟန်းတို့၊ ဤချီးမြှောက်ခြင်း နှစ်မျိုးတို့ဖြင့် ဓမ္မာနုဂ္ဂဟတရားဖြင့် ချီးမြှောက်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

(၁၀)

"အို....ရဟန်းတို့၊ သနား စောင့်ရှောက်ခြင်း(အနုကမ္ပ) တို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့် သနား စောင့်ရှောက်ခြင်း (အာမိသာနုကမ္ပ)၊

၂။ တမျိုးကား တရားဖြင့် သနား စောင့်ရှောက်ခြင်း (ဓမ္မာနုကမ္ပ)။

"ရဟန်းတို့၊ ဤသနားစောင့်ရှောက်ခြင်းနှစ်မျိုးတို့တွင် ဓမ္မာနုကမ္ပ-တရားဖြင့် သနား စောင့်ရှောက်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

× × ×

စပယ်ဦးစာပေ

## (၄) သန္တာရဝဂ်

အလယ်ခေါင်၌ မြစ်ကြီး ခြားနေ၏၊ ဟိုဘက် ကမ်း၌လည်း လူရှိသည်။သည်ဘက်ကမ်း၌လည်း လူရှိသည်။ထိုလူနှင့် ဤလူတို့သည် အလယ်၌ မြစ်ကြီးခြားနေမှုကြောင့် ဆက်သွယ်ခြင်း မပြုနိုင်ကြလေကုန်။

သို့သော် မြစ်ကိုဖြတ်၍ တံတား ခင်းလိုက်လျှင်မူကား ဟိုဘက်ကလူနှင့် သည်ဘက်ကလူ ဆက်မိသွား၏။ ကူးလူး ဆက်သွယ်ခြင်းပြုနိုင်လာသည်ဖြစ်၏။ တံတား၏ ကျေးဇူးကြောင့်ပင်တည်း။

လူအချင်းချင်း ဆက်ဆံနေကြရာတွင် အဆက်အသွယ်ပြုခြင်း အမျိုးမျိုးရှိလေရာ ဤအုပ်စု၌ အဆက်အသွယ် ပြုမှုများကို တွေ့ရ၏။

ဤဆက်သွယ်ရေးအုပ်စု (သန္တာရဝဂ်)၌ အုပ်စုဝင် အမျိုးအစားပေါင်း ၁၂ မျိုးရှိ၍ တမျိုးလျှင် တရား နှစ်မျိုးစီ ပါသောကြောင့် တရားကိုရေတွက်သော် ၂၄ မျိုးတွေ့ရပေသည်။ ဤအုပ်စုကို ဆက်သွယ်ရေးဖြင့် ဤသို့စ၍ဖွင့်လိုက်၏။

(၁)

"အို....ရဟန်းတို့၊ အဆက်အသွယ်ပြုခြင်းတို့သည် နှစ်မျိုး ရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့် အဆက်အသွယ်ပြုခြင်း(အာမိသ သန္တာရ)။

၂။ တမျိုးကား တရားဖြင့် အဆက်အသွယ်ပြုခြင်း (ဓမ္မသန္တာရ)။

ဤနှစ်မျိုးတွင် တရားဖြင့် အဆက် အသွယ် ပြုခြင်းသည် မြတ်၏။

(၂)

"အို....ရဟန်းတို့၊ စေ့စပ်ဆက်သွယ်မှုပြုခြင်းတို့သည် နှစ်မျိုး ရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့် စေ့စပ် ဆက်သွယ်မှု ပြုခြင်း (အာမိသ ပဋိသန္ထာရ)၊

၂။ တမျိုးကား တရားဖြင့် စေ့စပ်ဆက်သွယ်မှုပြုခြင်း(ဓမ္မ ပဋိသန္ထာရ)။

ဤနှစ်မျိုးတွင် တရားဖြင့် စေ့စပ်ဆက်သွယ်မှု ပြုခြင်းသည် မြတ်၏။

(၃)

လူသည် စားဝတ်နေမှုအတွက်ရှာရ၏။ အရှာသမားဖြစ်၏။ ဤ၌ ရှာခြင်း၏ အမျိုးအစားများကို ခွဲခြား၍ ပြထားသည်ကို တွေ့ရ၏။

"အို....ရဟန်းတို့၊ ရှာမှီးခြင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထို နှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကိုရှာမှီးခြင်း(သာမိသေသနာ)၊

၂။ တမျိုးကား တရားကို ရှာမှီးခြင်း (ဓမ္မေသနာ)။

ဤနှစ်မျိုးတွင် တရားကို ရှာမှီးခြင်းသည် မြတ်၏။

(၄)

"အို....ရဟန်းတို့၊ ထက်ဝန်းကျင် ရှာမှီးခြင်းတို့သည် နှစ် မျိုး ရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကို ထက်ဝန်းကျင် ရှာမှီးခြင်း (အာမိသ ပရိယေသန)၊

၂။ တမျိုးကားတရားကို ထက်ဝန်းကျင်ရှာမှီးခြင်း (ဓမ္မ ပရိယေသန)။

ဤနှစ်မျိုးတွင် တရားကို ထက်ဝန်းကျင် ရှာမှီးခြင်းသည် မြတ်၏။

(၅)

"အို....ရဟန်းတို့၊ အထွတ်အထိပ်ရောက် ရှာမှီးခြင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကို အထွတ်အထိပ်ရောက် ရှာမှီးခြင်း (အာမိသ ပရိယေဋ္ဌိ)၊

၂။ တမျိုးကား တရားကို အထွတ်အထိပ်ရောက် ရှာမှီးခြင်း(ဓမ္မပရိယေဋ္ဌိ)။

ဤနှစ်မျိုးတို့တွင် တရားကို အထွတ် အထွပ်ရောက် ရှာမှီးခြင်းသည် မြတ်၏။

(၆)

"အို....ရဟန်းတို့၊ ပူဇော်ခြင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့် ပူဇော်ခြင်း (အာမိသပူဇာ)၊

၂။ တမျိုးကား တရားဖြင့် ပူဇော်ခြင်း (ဓမ္မပူဇာ)။

ဤနှစ်မျိုးတို့တွင် တရားဖြင့် ပူဇော်ခြင်းသည် မြတ်၏။

---

စလယ်ဦးစာပေ

(၇)

“အို....ရဟန်းတို့၊ ဧည့်သည်တို့အား ပေးလှူခြင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ဧည့်သည် တို့အား ပစ္စည်းကို လှူခြင်း (အာမိသာတိထေယျ)၊

၂။ တမျိုးကား ဧည့်သည်တို့အား တရားကို ပေးလှူခြင်း (ဓမ္မာတိထေယျ)၊

ဤနှစ်မျိုးတို့တွင် ဧည့်သည်တို့အား တရားကို ပေးလှူခြင်းသည် မြတ်၏။

(၈)

“အို....ရဟန်းတို့၊ ပြည့်စုံခြင်းတို့သည် နှစ်မျိုး ရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းပြည့်စုံခြင်း (အာမိသိဒ္ဓိ)။

၂။ တမျိုးကား တရားပြည့်စုံခြင်း (ဓမ္မိဒ္ဓိ)။

ဤနှစ်မျိုးတို့တွင် တရားပြည့်စုံခြင်းသည် မြတ်၏။

(၉)

“အို....ရဟန်းတို့၊ ကြီးပွားခြင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းကြီးပွားခြင်း (အာမိသဝုဒ္ဓိ)။

၂။ တမျိုးကား တရားကြီးပွားခြင်း (ဓမ္မဝုဒ္ဓိ)။

ဤနှစ်မျိုးတို့တွင် တရားကြီးပွားခြင်းသည် မြတ်၏။

(၁၀)

“အို....ရဟန်းတို့၊ ရတနာတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းရတနာ (အာမိသရတန)။

၂။ တမျိုးကား တရားရတနာ (ဓမ္မရတန)။

ဤနှစ်မျိုးတို့တွင် တရားရတနာသည် မြတ်၏။

(၁၁)

"အို....ရဟန်းတို့၊ ဆည်းပူးခြင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဆည်းပူးခြင်း(အမိသ သန္နိစယ)။

၂။ တမျိုးကား တရားဆည်းပူးခြင်း (ဓမ္မသန္နိစယ)။

ဤနှစ်မျိုးတို့တွင် တရားဆည်းပူးခြင်းသည် မြတ်၏။

(၁၂)

"အို....ရဟန်းတို့၊ ပြန့်ပြောခြင်းတို့သည် နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား ပစ္စည်းဖြင့် ပြန့်ပြောခြင်း (အာမိသ ဝေပုလ္လ)။

၂။ တမျိုးကား တရားဖြင့် ပြန့်ပြောခြင်း (ဓမ္မဝေပုလ္လ)။

ဤနှစ်မျိုးတို့တွင် တရားဖြင့် ပြန့်ပြောခြင်းသည် မြတ်၏။

× × ×

## (၅) သမာပတ္တိဝဂ်

ဤအုပ်စုကား စိတ်၏ တည်ကြည်စွာ ဝင်စားမှု အသိုင်းအဝိုင်းကို ဖွဲ့စည်းထားသော အုပ်စုဖြစ်၏။ ဓမ္မ စုံတွဲပေါင်း ၁၇ မျိုးကို အုပ်စုဖွဲ့ထားခြင်းဖြစ်၏။ ထို့ကြောင့် ဤအုပ်စုတွင်

တရားအမျိုးအစားပေါင်း ၃၄မျိုး ပါဝင်ကြောင်း သိနိုင်ပေသည်။

ဤအုပ်စု၌ တွေ့အပ်သော တရားတို့ကား တိုတောင်းလှ၏။ ဓမ္မမာတိကာမျိုး၊ သို့မဟုတ် ဓမ္မဒ္ဒေသ,ဟု ဆိုနိုင်၏။ အကျဉ်းမှတ်နိုင်ရန် တရားတော်များကို နှစ်မျိုးတတွဲ နှစ်မျိုးတတွဲစဉ်၍ ပြထား၏။ ထိုထိုဓမ္မတို့၏ ရသ,တို့ကား "စာပင်နည်းလျက် အဘိုးထက်၊ ကျောက်မျက် ပတ္တမြားလို" ဆိုသည့် အတိုင်းပင်တည်း။

သုတ်တရားတိုင်း၌"ဒွေမေဘိက္ခဝေဓမ္မာ"ဖြင့် ချည်းဦးတည်၍ "ဘိက္ခဝေ-အိုရဟန်းတို့၊ ဒွေ-နှစ်မျိုးကုန်သော၊ ဣမေဓမ္မာ-ဤတရားတို့သည်၊ သန္တိ-ရှိကုန်၏။"ဟု ဟောတော်မူသွားသည်ကို တွေ့ရ၏။

ထို့ကြောင့် သိမှတ် လွယ်ကူစေရန် အတွက် တို့ရှင်းဖြင့် လိုရင်းကိုသာ ပြဆိုပါအံ့။

"အို....ရဟန်းတို့၊ ဤတရားတို့သည် နှစ်မျိုး ရှိကုန်၏။ ထိုနှစ်မျိုးတို့အနက်....

၁။ တမျိုးကား သမာပတ်ဝင်စားမှု၌ လိမ္မာခြင်း (သမာပတ္တိကုသလတာ)။

၂။ တမျိုးကား သမာပတ်မှ ထမှု၌ လိမ္မာခြင်း (သမာပတ္တိဝုဋ္ဌာနကုသလတာ)။

( ၂ )

၁။ တမျိုးကား ဖြောင့်မတ်ခြင်း (အဇ္ဇဝ)။

၂။ တမျိုးကား နူးညံ့ခြင်း (မဒ္ဒဝ)။

( ၃ )

၁။ တမျိုးကား သည်းခံခြင်း (ခန္တီ)။

၂။ တမျိုးကား ကောင်းသောအကျင့်ဖြင့်မွေ့လျော်ခြင်း။ (သောရစ္စ)

( ၄ )

၁။ တမျိုးကား နူးညံ့ပြေပြစ်သော စကားရှိခြင်း (သာခလျ)။

၂။ တမျိုးကား အစေ့အစပ် အဆက်အသွယ် ပြုခြင်း (ပဋိသန္ထာရ)။

(၅)

၁။ တမျိုးကား မညှဉ်းဆဲခြင်း (အဟိံသ)။

၂။ တမျိုးကား စင်ကြယ်ခြင်း (သောစေယျ)။

( ၆ )

၁။ တမျိုးကား ဣန္ဒြေတို့၌ ဟင်းလင်းပွင့် တံခါး ရှိခြင်း (ဣန္ဒြိယေသု အဂုတ္တဒွါရတာ)။

၂။ တမျိုးကား အစားအစာ၌ အတိုင်းအရှည် မသိခြင်း (ဘောဇနေအမတ္တညုတာ)။

( ၇ )

၁။ တမျိုးကား ဣန္ဒြေတို့၌ တံခါးပိတ်ထားခြင်း (ဣန္ဒြိယေသု ဂုတ္တဒွါရတာ)။

၂။ တမျိုးကား အစားအစာ၌ အတိုင်းအရှည်ကိုသိခြင်း (ဘောဇနေမတ္တညုတာ)။

---

စသည်ဖြင့်ဦးစာပေ

(၈)

၁။ တမျိုးကား ဆင်ခြင်ခြင်း,အား (ပစ္စဝေက္ခဏာဗလ)။

၂။ တမျိုးကား ပွားများခြင်း,အား (ဘာဝနာဗလ)။

(၉)

၁။ တမျိုးကား အောက်မေ့ခြင်း,အား (သတိဗလ)။

၂။ တမျိုးကား တည်ကြည်ခြင်း,အား (သမာဓိဗလ)။

(၁၀)

၁။ တမျိုးကား သမထ,အား (သမထဗလ)။

၂။ တမျိုးကား ဝိပဿနာ,အား (ဝိပဿနာဗလ)။

(၁၁)

၁။ တမျိုးကား သီလပျက်စီးခြင်း (သီလဝိပတ္တိ)။

၂။ တမျိုးကား အယူပျက်စီးခြင်း (ဒိဋ္ဌိဝိပတ္တိ)။

(၁၂)

၁။ တမျိုးကား သီလပြည့်စုံခြင်း (သီလသမ္ပဒါ)။

၂။ တမျိုးကား အယူနှင့်ပြည့်စုံခြင်း (ဒိဋ္ဌိသမ္ပဒါ)။

(၁၃)

၁။ တမျိုးကား သီလစင်ကြယ်ခြင်း(သီလဝိသုဒ္ဓိ)

၂။ တမျိုးကား အယူစင်ကြယ်ခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ)။

(၁၄)

၁။ တမျိုးကား အယူစင်ကြယ်ခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ)။

၂။ တမျိုးကား အယူ အား လျော်စွာ အားထုတ်ခြင်း (ယထာဒိဋ္ဌိဿ ပဓာနံ)။

---

စပယ်သီးစာပေ

( ၁၅ )

၁။ တမျိုးကား ကုသိုလ် တရားတို့၌ မရောင့်ရဲ နိုင်ခြင်း (အသန္တုဋ္ဌိ)။

၂။ တမျိုးကား တရားအားထုတ်ရာ၌ဆုတ်နစ်ခြင်းမရှိခြင်း (အပ္ပဋိဝါနိတာ)။

( ၁၆ )

၁။ တမျိုးကား သတိကင်းလွတ်ခြင်း(မုဋ္ဌဿတိ)။

၂။ တမျိုးကား ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်း (အသမ္ပဇည)။

( ၁၇ )

၁။ တမျိုးကား အောက်မေ့ခြင်း(သတိ)။

၂။ တမျိုးကား ဆင်ခြင်ခြင်း(သမ္ပဇည)။

"ရဟန်းတို့၊ဤသို့အားဖြင့် တရားတို့သည် နှစ်မျိုး ဖြစ်ကုန်သတည်း။"

× × ×

ပေယျာလ

ဤ ဒုကနိပါတ်၌ တရစ်လျှင် အတွဲပေါင်း ငါးဆယ်ပါဝင်သည့် အရစ်ပေါင်း သုံးရစ်တို့ဖြင့် တရားအမျိုးအစား သုံးရာကျော်တို့ကို ပြဆိုပြီးနောက်"ပေယျာလ"ဟူသော ခေါင်းစဉ်ဖြင့် ကဏ္ဍသစ်ဆက်၍ ဖွင့်ထားသည်ကို တွေ့ရ၏။ ဤ၌ ပေယျာလဟူသော အမည်သည် အမည်ဆန်း၏။ သို့သော်....အဓိပ္ပါယ်ကား မဆန်းချေ။ ရှေးအရစ်သုံးရစ်တို့၌ဟောအပ်ခဲ့သော၊ဟော

နည်းကား ပုံစံ့အတိုင်းပင် နှစ်မျိုးနှစ်မျိုးကိုတွဲလျက် ဟောသွားသော ဒွန်တရားပင်ဖြစ်၏။

ပေယျာလ့အဓိပ္ပါယ်မှာ "သိလောက်ပြီဖြစ်သော စကားလုံးများကိုဤ၌ မဖော်ပြတော့ဘဲ မြှုပ်ချန်ထားသည်" ကိုဆိုသော စကားဖြစ်၏။ ယင်း အဓိပ္ပါယ်ကို အခြေခံကုန်လျက် "ပါတုံ အလင်္ကပေယျာလံ"ဟူ၍ ဝိဂ္ဂဟ်ပြုကြသည်ကိုလည်းတွေ့ရသည်။ ယင်း၏အနက်ကား "ပ ါတုံ-သိခြင်းငှာ၊ အလံ-စွမ်းနိုင်လောက်ပြီ။ ဣတိတသ္မာ- ထို့ကြောင့်၊ ပေယျာလံ- ပေယျာလ မည်၏" ဟူ၏။

ဤ၌ သိနိုင်လောက်ပြီ ဟူသော(ပေယျာလ)စကားကို မည်သည့်အတွက် ဆိုလေသနည်း။ ရှေးနိဿယတို့၌ ပေယျာလ့ကို (ပ)ဟူ၍၎င်း၊(လ)ဟူ၍ ရေးထိုးလေ့ရှိကြကုန်၏။ဤ၌ ပေယျာလ့သည် မြှုပ်ကွက်အတွက် ပ့လ့ ထိုးထားခြင်းပင် ဖြစ်ရာ အဘယ်အရာများကို မြှုပ်ထားလေသနည်း။

ဥပမာ....ဤကောဓပေယျာလ့၌ ရှေးဦးစွာ ဟောအပ်သော သုတ်ကို စကားမြှုပ်ချန် မထားလေဘဲ အပြည့် အစုံ ဟောခဲ့သော်....

"ဒွေမေ ဘိက္ခဝေ ဓမ္မာ။ ကတမေ ဒွေ။ ကောဓောစ ဥပနာဟောစ။ ဣမေခေါ ဘိက္ခဝေ ဓမ္မာ"။

ဤသို့ ဟောတော်မူလေမည် ဖြစ်၏။

မက္ခ-နှင့် ပလာသ့ကို ဒွန်တွဲ၍ ဟောရာ၌လည်း ထိုနည်း၎င်းပင်။ စကားဝါကျ အပြည့်အစုံနှင့် ဟောတော် မူလေမည်ပင် ဖြစ်သော်လည်း အစ၌ "ဒွေမေ ဘိက္ခဝေ ဓမ္မာ" ဟူသော

စကားနှင့်အဆုံး၌"ဣမေခေါ ဘိက္ခဝေ ဓမ္မာ"ဟူသောစကားကို သိနိုင်လောက်ပြီဟူ၍ ယင်းစကားများကို ပေယျာလ, ထိုးထားခဲ့ပြီး တရားသားများကိုသာ "မက္ခာစ၊ ပလာသောစ၊ ဣဿာစ၊ မစ္ဆရိယဉ္စ"ဤသို့ စသည်ဖြင့် ဟောတော် မူသွားလေသည်။ ဤသည်ကို ပေယျာလ,ဟုဆိုခြင်းဖြစ်၏။

ဤ ဒုကနိပါတ်၏ နိဂုံး၌ ပေယျာလ, လေးမျိုးတွေ့ရ၏။

၁။ ကောဓပေယျာလ-အမျက်ထွက် မြှုပ်ကွက်၊

၂။ အကုသလပေယျာလ-အကုသိုလ် မြှုပ်ကွက်၊

၃။ ဝိနယပေယျာလ-ဝိနည်း မြှုပ်ကွက်၊

၄။ ရာဂပေယျာလ-ရာမြှုပ်ကွက်၊

ယင်း ပေယျာလ-လေးမျိုးအနက် ကောဓပေယျာလ၌ စုံတွဲ၊ ဒွန်တရားငါးဆယ်၊ တမျိုးချင်း လုံးချင်းရေတွက်သော် တရားပေါင်း တရာရှိလေသည်။

အကုသလပေယျာလ-၌လည်း ထို့အတူ ဒွန်တရားငါးဆယ်၊ တမျိုးချင်းတရာ။ ဝိနယပေယျာလ-၌ ဒွန်တရား ၃၀၀၊ တမျိုးချင်း ၆၀၀။ ရာဂပေယျာလ-၌ ဒွန်တရား ၁၇၀၊ တမျိုးချင်း ၃၄၀ ရှိလေရာဤပေယျာလ-၌ ဟောအပ်သောတရားကိုပေါင်းလိုက်သော်....

၁။ ကောဓပေယျာလ၌ ဒွန်တရား ၅၀။ လုံးချင်း တရား ၁၀၀။

၂။ အကုသလပေယျာလ၌ ဒွန်တရား ၅၀။ လုံးချင်း တရား ၁၀၀။

၃။ ဝိနယပေယျာလ၌ ဒွန်တရား ၃၀၀။ လုံချင်း တရား ၆၀၀။

၄။ ရာဂပေယျာလ၌ ဒွန်တရား ၁၇၀။ လုံးချင်းတရား ၃၄၀။

ဤပေယျာလ၌ ဟောအပ်သော၊ ဟောရာ၌ အကျုံးဝင် ပါရှိသော တရားအချို့တို့ကို အထက်သုတ်များတွင်ဟောခဲ့ပြီး ဖြစ်၍ တရားသားအနေအားဖြင့် မထူးခြား သော်လည်း ယင်း တရားများအနက် တွဲသင့်ရာရာတို့ကို ဒွန်တွဲလျက် ဟောတော် မူသွားပုံများမှာ ဤပေယျာလ၏ထူးခြားချက် ဝိသေသများဖြစ် လေသည်။

× × ×

## (၁) ကောဓပေယျာလ

ကောဓသည် ဤမြှုပ်ကွက် (ပေယျာလ)၌ ဦးစွာဆိုသော ကြောင့်မြှုပ်ကွက်ဗိုလ်ဖြစ်ကြောင်းကို အပွေးမြင်ရုံဖြင့် အသွင်ကို ရိပ်စားမိစေသည်။ကောဓမြှုပ်ကွက်ကိုဦးစွာဆိုသည်ကို အစွဲပြု၍ ကောဓပေယျာလ, ဟုခေါ်တွင်ခြင်းဖြစ်ပေသည်။

"အို....ရဟန်းတို့၊ဤတရားတို့သည် နှစ်မျိုးရှိကုန်၏။အဘယ် နှစ်မျိုးတို့နည်းဆိုသော်....

၁။ တမျိုးကား အမျက်ထွက်ခြင်း(ကောဓ)

၂။ တမျိုးကား ရန်ငြိုးဖွဲ့ခြင်း(ဥပနာဟ)

"ရဟန်းတို့၊ ဤသို့အားဖြင့် ဤတရားတို့သည် နှစ်မျိုးဖြစ် ကုန်၏။

(မှတ်ချက်။ ။အောက်တွင်ဖော်ပြလတံ့သော တရားတိုင်း၏ အစ၌ "အို....ရဟန်းတို့၊ ဤတရားတို့သည် နှစ်မျိုးရှိကုန်၏။ အဘယ် နှစ်မျိုးတို့နည်းဆိုသော်"ဟူသော စကား ပါရှိနေသည်ကိုလည်းကောင်း၊အဆုံး၌လည်း "ရဟန်းတို့၊ ဤသို့ အားဖြင့် ဤတရားတို့သည် နှစ်မျိုးဖြစ်ကုန်၏"ဟူသော စကား ပါရှိနေသည်ကိုလည်းကောင်း အသိဥာဏ်ထဲ၌ စွဲမှတ်ထားရာ၏။ ဤစကားစုများကား 'ပေယျာလ'ဆိုသော အတိုင်း မြှုပ်ချန်ထားသော ပေယျာလစကားများဖြစ်ကုန်၏)။

ဗုဒ္ဓသည် အောက်ပါတရားတို့ကို နှစ်မျိုးတတွဲ၊ နှစ်မျိုးတတွဲ မျဉ်းပြိုင်ပြု၍ ဒွန်တရားဟောတော်မူသွား၏။

၂။ မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့်၊
ပဠာသ-တုပပြိုင်ဆိုင်မှုပြုခြင်းကို(တတွဲ)။

၃။ ဣဿာ-ငြူစူခြင်းနှင့်၊
မစ္ဆရိယ-ဝန်တိုခြင်းကို (တတွဲ)။

၄။ မာယာ-လှည့်ပတ်ခြင်းနှင့်၊
သာဌေယျ-ကောက်ကျစ်စဉ်းလဲခြင်းကို(တတွဲ)။

၅။ အဟိရိက-အရှက်မဲ့ခြင်းနှင့်၊
အနောတ္တပ္ပ-မကောင်းမှုမှ မလန့်ခြင်းကို(တတွဲ)။

၆။ အက္ကောဓ-အမျက်မထွက်ခြင်းနှင့်၊
အနုပနာဟ-ရန်ငြိုးမဖွဲ့ခြင်းကို (တတွဲ)။

၇။ အမက္ခ-သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့်၊
အပဠာသ-တုပပြိုင်ဆိုင်မှုမပြုခြင်းကို(တတွဲ)။

---

စပယ်ဦးစာပေ

၈။ အနိဿာ-မငြူစူခြင်းနှင့်၊
အ မစ္ဆရိယ-ဝန်မတိုခြင်းကို (တတွဲ)။

၉။ အ မာယာ-မလှည့်ပတ်ခြင်းနှင့်၊
အ သာဌေယျ-မကောက်ကျစ် မစဉ်းလဲခြင်းကို(တတွဲ)။

၁၀။ ဟိရိ-မကောင်းမှုမှ ရှက်ခြင်းနှင့်၊
ဩတ္တပ္ပ-မကောင်းမှုမှ လန့်ခြင်းကို (တတွဲ)။

"အို....ရဟန်းတို့၊ ဤတရားနှစ်မျိုးနှင့် ပြည့်စုံသူသည် ဆင်းရဲစွာ နေရတတ်၏။

၁၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း(တတွဲ)။

၁၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့် တုပ, ပြိုင်ဆိုင်မှုကို ပြုခြင်း(တတွဲ)။

၁၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)။

၁၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း(တတွဲ)။

၁၅။ မကောင်းမှုမှ မရှက်ခြင်းနှင့် မကောင်းမှုမှ မလန့်ခြင်း (တတွဲ)။

"ရဟန်းတို့၊ ဤတရား နှစ်ပါးနှင့် ပြည့်စုံသူသည် ချမ်းသာစွာ နေရတတ်၏။

၁၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း(တတွဲ)။

၁၇။ သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့် တုပပြိုင်ဆိုင်မှု မပြုခြင်း (တတွဲ)။

၁၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)။

၁၉။ မလှည့်ပတ်ခြင်း နှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)။

---

ပေယ်ဦးစာပေ

၂၁။ မကောင်းမှုမှ ရှက်ခြင်း နှင့် မကောင်းမှုမှ လန့်ခြင်း (တတွဲ)။

"အို....ရဟန်းတို့၊ ဤတရားနှစ်မျိုးတို့သည် ကျင့်ဆဲဖြစ်သော သေက္ခ ပုဂ္ဂိုလ်အား ဆုတ်ယုတ်ဘို့အတွက် ဖြစ်ကုန်၏။

၂၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း (တတွဲ)။
၂၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့် တုပ ပြိုင်ဆိုင်မှု ပြုခြင်း (တတွဲ)။
၂၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)။
၂၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း(တတွဲ)။
၂၅။ မကောင်းမှုမှ မရှက်ခြင်းနှင့် မကောင်းမှုမှ မလန့်ခြင်း (တတွဲ)။

"အို....ရဟန်းတို့၊ ဤတရားနှစ်ပါးတို့သည် ကျင့်ဆဲဖြစ်သော သေက္ခ ပုဂ္ဂိုလ်အား မဆုတ်ယုတ်ဘို့အတွက် ဖြစ်ကုန်၏။

၂၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း (တတွဲ)။
၂၇။ သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့် တုပပြိုင်ဆိုင်မှု မပြုခြင်း(တတွဲ)။
၂၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)။
၂၉။ မလှည့်ပတ်ခြင်းနှင့် မကောက်ကျစ်ခြင်း (တတွဲ)။
၃၀။ မကောင်းမှုမှ ရှက်ခြင်း နှင့် မကောင်းမှုမှ လန့်ခြင်း (တတွဲ)။

"အို....ရဟန်းတို့၊ ဤတရားနှစ်မျိုးတို့နှင့်ပြည့်စုံသူသည် ခြေနှစ်ချောင်းကိုင်၍ စောက်ထိုး ပစ်ချလိုက်သကဲ့သို့ ငရဲ၌ ဖြစ်ရတတ်၏။

---

စပယ်ဦးစာပေ

၃၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း (တတွဲ)။
၃၂။ သူ့ကျေးဇူးကိုချေဖျက်ခြင်းနှင့် တုပဆိုင်ပြိုင်မှု ပြုခြင်း (တတွဲ)။
၃၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)။
၃၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း(တတွဲ)။
၃၅။ မကောင်းမှုမှ ရှက်ခြင်း နှင့် မကောင်းမှုမှ လန့်ခြင်း (တတွဲ)။

"အို...ရဟန်းတို့၊ ဤတရား နှစ်မျိုးတို့နှင့် ပြည့်စုံသူသည် မြောက်တင်၍ ချထက်သို့ ပို့လိုက်သကဲ့သို့ နတ်ပြည်၌ ဖြစ်ရ တတ်၏။

၃၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း(တတွဲ)။
၃၇။ သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့် တုပပြိုင်ဆိုင်မှုမပြု ခြင်း (တတွဲ)။
၃၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)။
၃၉။ မလှည့်ပတ်ခြင်း နှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)။
၄၀။ မကောင်းမှုမှ ရှက်ခြင်း နှင့် မကောင်းမှုမှ လန့်ခြင်း (တတွဲ)။

"အို...ရဟန်းတို့ဤတရားနှစ်မျိုးတို့နှင့်ပြည့်စုံသောသူအချို့ သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ဘဝသစ်၌ချမ်း သာခြင်းကင်းရာ၊ မကောင်းသောလားရာ၊ ပျက်စီး၍ကျရာ ဖြစ် သော ငရဲ၌ ဖြစ်ရတတ်၏။

---

စပယ်ဦးစာပေ

၄၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း(တတွဲ)။

၄၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှုပြုခြင်း (တတွဲ)။

၄၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)။

၄၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း (တတွဲ)။

၄၅။ မကောင်းမှုမှ မရှက်ခြင်းနှင့် မကောင်းမှုမှ မလန့်ခြင်း (တတွဲ)။

"အို....ရဟန်းတို့၊ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသူ အချို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ဘဝသစ်၌ ကောင်းသော လားရာဟုဆိုအပ်သောနတ်ပြည်၌ ဖြစ်ရတတ်၏။

၄၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း (တတွဲ)။

၄၇။ သူ့ကျေးဇူးကိုမချေဖျက်ခြင်းနှင့် တုပပြိုင်ဆိုင်မှု မပြုခြင်း (တတွဲ)။

၄၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း(တတွဲ)။

၄၉။ မလှည့်ပတ်ခြင်းနှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)

၅၀။ မကောင်းမှုမှ ရှက်ခြင်းနှင့် မကောင်းမှုမှ လန့်ခြင်း (တတွဲ)

× × ×

---

စပယ်နီးစာပေ

## (၂) အကုသလပေယျာလ

ဤအကုသိုလ်မြုပ်ကွက် (အကုသလ ပေယျာလ)၌ စာ "တရားသား" တို့သလောက် အဓိပ္ပါယ်ကောက်ယူရာ၌ မြုပ်ကွက် (ပေယျာလ)ကို မျက်စိမှောက်မှာ စိုးရသည်။ အကုသိုလ်နှင့် သာဝဇ္ဇစသည်တို့၌ ကောခ-အမျက်ထွက်ခြင်း၊ ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း စသည်တို့ကို အရကောက်၍ ကုသိုလ်နှင့် အနဝဇ္ဇစသည်တို့၌ အကောခ-အမျက်မထွက်ခြင်း၊ အနုပနာဟ-ရန်ငြိုးမဖွဲ့ခြင်း စသည်တို့ကို အရကောက်တတ်ရန် မျက်စိရှင်၊ ဉာဏ်လျှင်ဘို့၊ ဉာဏ်ရှင်ဘို့လိုသည်။ ဤ၌ ဗုဒ္ဓအလိုတော်ကျ ဖြစ်အောင် မြုပ်ကွက် (ပေယျာလ) များကို ဖွင့်ဖော်လျက် သိထင်မြင်သာအောင် ပြဆိုပါအံ့။

"အိုရဟန်းတို့၊ ဤတရားနှစ်ပါးတို့သည် အကုသိုလ်မည်ကုန်၏။

၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း (တတွဲ)

၂။ သူ့ကျေးဇူးကိုချေဖျက်ခြင်းနှင့် တုပဆိုင်ပြိုင်မှုပြုခြင်း (တတွဲ)

၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)

၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း (တတွဲ)

၅။ မကောင်းမှုမှ မရှက်ခြင်းနှင့် မကောင်းမှုမှ မလန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ ဤတရားနှစ်မျိုးတို့သည် ကုသိုလ်မည်ကုန်၏။

၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း (တတွဲ)

၇။ သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှု မပြုခြင်း (တတွဲ)

၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)

၉။ မလှည့်ပတ်ခြင်းနှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)

၁၀။ မကောင်းမှုမှ ရှက်ခြင်းနှင့် မကောင်းမှု လန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ အပြစ်ရှိသောတရားတို့သည် ဤနှစ်မျိုးတို့ ဖြစ်ကုန်၏။

၁၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း (တတွဲ)

၁၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှုပြုခြင်း (တတွဲ)

၁၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)

၁၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း (တတွဲ)

၁၅။ မကောင်းမှုမှ မရှက်ခြင်းနှင့် မကောင်းမှုမလန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ အပြစ်မရှိသော တရားတို့သည် ဤနှစ်မျိုးတို့ ဖြစ်ကုန်၏။

၁၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း (တတွဲ)

၁၇။ သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှု မပြုခြင်း(တတွဲ)

၁၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)
၁၉။ မလှည့်ပတ်ခြင်းနှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)
၂၀။ မကောင်းမှုမှ ရှက်ခြင်းနှင့် မကောင်းမှုမှ လန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ ဤတရားနှစ်မျိုးတို့သည် ဆင်းရဲခြင်းကို ဖြစ်စေတတ်ကုန်၏။

၂၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း (တတွဲ)
၂၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှုကို ပြုခြင်း (တတွဲ)
၂၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)
၂၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း (တတွဲ)
၂၅။ မကောင်းမှုမှ မရှက်ခြင်းနှင့် မကောင်းမှုမှမလန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ ဤတရားနှစ်မျိုးတို့သည် ချမ်းသာခြင်းကို ဖြစ်စေတတ်ကုန်၏။

၂၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း (တတွဲ)
၂၇။ သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှုကို မပြုခြင်း (တတွဲ)
၂၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)
၂၉။ မလှည့်ပတ်ခြင်းနှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)

---

စပယ်ဦးစာပေ

၃၀။ မကောင်းမှုမှ ရှက်ခြင်းနှင့် မကောင်းမှုမှလန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ ဤတရားနှစ်မျိုးတို့သည် ဆင်းရဲသောအကျိုးကို ပေးတတ်ကုန်၏။

၃၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း (တတွဲ)

၃၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှုကို ပြုခြင်း (တတွဲ)

၃၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)

၃၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း (တတွဲ)

၃၅။ မကောင်းမှုမှ မရှက်ခြင်းနှင့် မကောင်းမှုမှ မလန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ ဤတရားနှစ်မျိုးတို့သည် ချမ်းသာသော အကျိုးကို ပေးတတ်ကုန်၏။

၃၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း (တတွဲ)

၃၇။ သူ့ကျေးဇူးကို မချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှု မပြုခြင်း (တတွဲ)

၃၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)

၃၉။ မလှည့်ပတ်ခြင်းနှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)

၄၀။ မကောင်းမှုမှ ရှက်ခြင်းနှင့် မကောင်းမှုမှလန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ ဤတရားနှစ်မျိုးတို့သည် စိုးရိမ်ခြင်းနှင့်တကွ ဖြစ်ကုန်၏။

၄၁။ အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း (တတွဲ)

၄၂။ သူ့ကျေးဇူး ချေဖျက်ခြင်းနှင့် တုပ ပြိုင်ဆိုင်မှုကို ပြုခြင်း (တတွဲ)

၄၃။ ငြူစူခြင်းနှင့် ဝန်တိုခြင်း (တတွဲ)

၄၄။ လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း (တတွဲ)

၄၅။ မကောက်မှုမှ မရှက်ခြင်းနှင့် မကောင်းမှုမှ မလန့်ခြင်း (တတွဲ)

"အိုရဟန်းတို့၊ ဤတရား နှစ်မျိုးတို့သည် စိုးရိမ်ခြင်းမရှိသော တရားတို့ဖြစ်ကုန်၏။

၄၆။ အမျက်မထွက်ခြင်းနှင့် ရန်ငြိုးမဖွဲ့ခြင်း (တတွဲ)

၄၇။ သူ့ကျေးဇူး မချေဖျက်ခြင်းနှင့် တုပ ဆိုင်ပြိုင်မှုမပြုခြင်း (တတွဲ)

၄၈။ မငြူစူခြင်းနှင့် ဝန်မတိုခြင်း (တတွဲ)

၄၉။ မလှည့်ပတ်ခြင်းနှင့် မကောက်ကျစ် မစဉ်းလဲခြင်း (တတွဲ)

၅၀။ မကောင်းမှုမှ ရှက်ခြင်းနှင့် မကောင်းမှုမှ လန့်ခြင်း (တတွဲ)

"ရဟန်းတို့၊ စိုးရိမ်ကြောင့်ကြခြင်းကင်းသော တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း။

× × ×

## (၃) ဝိနယပေယျာလ

ဝိနယ့သဒ္ဒါသည် ဆုံးမခြင်း၊ဩဝါဒပေးခြင်း အနက်၌ ဖြစ်၏။ ထို့ကြောင့် ရဟန်း သံဃာတို့ လိုက်နာအပ်သော ဥပဒေကျမ်းကို ဝိနည်းကျမ်းဟု ခေါ်တွင်ခြင်း ဖြစ်၏။

ဝိနည်းကံနှင့် ပတ်သက်၍ ပညတ်အပ်သော ပညတ်ချက် များကို အဘယ်သို့သော အကျိုးကို ရှုယ်စူး၍ ပညတ်တော် မူကြောင်းများကို ဤ ဝိနယပေယျာလ၌ တွေ့ရ၏။

ဤဝိနယပေယျာလသည် ဟောခဲ့သမျှ သုတ်တရားတို့တွင် အရှည်ဆုံးဖြစ်၏။ အတွဲပေါင်း ၃၀၀။ လုံးချင်းတရားသား ၆၀၀အထိ ရှည်သည်ကို တွေ့ရ၏။ သို့သော် စာအနေအားဖြင့် အလွန်နည်း၏၊ တိုတောင်းလှ၏။ စာတမျက်နှာနှင့် သုံးကြောင်း မျှသာရှိပေသည်။

သို့စဉ်မှ တရားသားအနေဖြင့် များပြားသည် ဖြစ်ပါလျက် စာတမျက်နှာကျော်ရုံမျှ ရှိနေခြင်းကား မြုပ်ကွက် (ပေယျာလ) ၏ သတ္တိကြောင့် ဖြစ်လေသည်။ သိလောက်သော အရာများကို ဝှက်၍ချန်၊ ပေယျာလကန် ထားခဲ့မှုကြောင့် စာမျက်နှာ ကျုံ့သွားခြင်းဖြစ်၏။

ဤ၌ ဒွန်တွဲ၍ ဟောအပ်သော တရားတို့ကို တခုမျှ မြုပ် ချန်မထားလေဘဲ အပြည့်အစုံ ဟောမည်ဆိုပါသော်....

( ၁ )

"အို....ရဟန်းတို့၊ ဤအကျိုးထူး နှစ်မျိုးတို့ကို ရှုယ်စူး လျက် ငါသည် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ် အပ်ပြီ။ အကျိုးနှစ်မျိုးတို့ဟူသည် အဘယ်နည်း။

"သံဃာ၏ ကောင်းခြင်းအကျိုးငှာလည်းကောင်း၊ သံဃာ၏ ချမ်းသာစွာ နေရခြင်း အကျိုးငှာလည်းကောင်း၊ ဤအကျိုး ထူးနှစ်မျိုးတို့ကို ရှယ်စူးလျက် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ငါပညတ်အပ်ပြီ။"

တရားတိုင်းတရားတိုင်း အခါ၊ အအုပ်ပြု၍ ဤသို့ဟောတော်မူမည် ဖြစ်သော်လည်း အစနှင့်အဆုံး စကားများမှာ သိလောက်ပြီဖြစ်၍ ပေယျာလကန် မြှုပ်ချန်ထားခဲ့ပြီး ရှယ်စူးဦးတည်ချက် အကျိုးများကိုသာ ကွက်၍ကွက်၍ ဟောကြားသွားတော်မူ၏။ ထိုကြောင့် အစနှင့်အဆုံးကို သိပြီးဟု နှလုံးထား၍ ရှုရပါသည်။ အောက်ပါ တရားတိုင်း တရားတိုင်းကို အမြီးကဆက် ခေါင်းကဆက် ဆက်၍ရှုခြင်းဖြင့် ပြည့်စုံသော တရားပုံသဏ္ဌာန် ပေါ်လာမည်ဖြစ်သည်။

၂။ ဒုဿီလရဟန်းတို့အား နှိမ်နင်းခြင်း အကျိုးငှာ၊ သီလဝန္တ ရဟန်းတို့အား ချမ်းသာစွာ နေကြရခြင်း အကျိုးငှာ၊

၃။ မျက်မှောက်ဖြစ်သော အာသဝေါတို့ကို ဆို့ပိတ်ခြင်း အကျိုးငှာ၊

တမလွန်၌ ဖြစ်လတံ့သော အာသဝေါ တရားတို့ကို ပယ်ဖျောက်ခြင်းငှာ၊

၄။ မျက်မှောက်ဖြစ်သောရန်တို့ကိုဆို့ပိတ်ခြင်းအကျိုးငှာ၊ တမလွန်၌ ဖြစ်လတံ့သော ရန်တို့ကို ပယ်ဖျောက်ခြင်း အကျိုးငှာ၊

---

၅။ မျက်မှောက်၌ ဖြစ်သော အပြစ်တို့ကို ဆို့ပိတ်ခြင်း အကျိုးငှာ၊
တမလွန်၌ ဖြစ်လတံ့သော အပြစ်တို့ကို ပယ်ဖျောက်ခြင်း အကျိုးငှာ၊
၆။ မျက်မှောက်၌ ဖြစ်သော ဘေးတို့ကို ဆို့ပိတ်ခြင်း အကျိုးငှာ၊
တမလွန်၌ ဖြစ်လတံ့သော ဘေးတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှာ၊
၇။ မျက်မှောက်၌ဖြစ်သော အကုသိုလ်တို့ကို ဆို့ပိတ်ခြင်း အကျိုးငှာ၊
တမလွန်၌ ဖြစ်လတံ့သောအကုသိုလ်တို့ကိုပယ်ဖျောက်ခြင်း အကျိုးငှာ၊
၈။ လူတို့အား အစဉ်သနားစောင့်ရှောက်ခြင်း အကျိုးငှာ၊
ရဟန်းဆိုးတို့၏ ပက္ခအသင်းအပင်းကို ဖျက်ဆီးခြင်း အကျိုးငှာ၊
၉။ မကြည်ညိုသေးသူတို့ကို ကြည်ညိုစေခြင်း အကျိုးငှာ၊
ကြည်ညိုပြီး သူတို့ကို ထိုးတက် ကြည်ညိုလာစေခြင်း အကျိုးငှာ၊
၁၀။ သာသနာတော်တည်းဟူသော သူတော်ကောင်းတရား အရှည်သဖြင့် တည်ခြင်းအကျိုးငှာ၊
ဝိနည်းကို ချီးမြှောက်ခြင်း အကျိုးငှာ၊

"ရဟန်းတို့၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အကျိုးထူးနှစ်မျိုးတို့ကို ရှုယ်စူးလျက် တပည့်သာဝကတို့အား လိုက်နာရန် သိက္ခာပုဒ်ကို ငါပညတ်အပ်ပြီ။"

---

စပယ်ဦးစာပေ

ဤ၌ ဒုသီလနှင့် သုသီလ၊ ဒိဋ္ဌဓမ္မနှင့် သမ္ပရာယိက။ ဤသို့စသည်ဖြင့် ဒွန်တွဲကာ၊ တွဲကာ ဟောသွားတော် မူလေသည်။

ဤသို့လျှင် ဗုဒ္ဓမြတ်ဘုရား သိက္ခာပုဒ်ပညတ်တော်မူရာ၌ နှစ်ဆယ်သောအကျိုးတို့ကို မြင်တော်မူလေ၍ တပည့် သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူသွား၏။

ထိုနှင့်အလားတူ ပါတိမောက်ကို ပညတ်တော်မူရာ၊ ပဝါရဏာကိုပညတ်တော်မူရာစသည်စသည်တို့၌လည်း တမျိုးတမျိုးကို ပညတ်တော်မူလေတိုင်း ဆိုအပ်ခဲ့ပြီးသော အကျိုးနှစ်ဆယ်တို့ကို ရှုယ်စူး၍ ပညတ်တော်မူခြင်း ဖြစ်လေရာ ပညတ်တော် မူချက်အရေအတွက် အားလျော်စွာ ထွက်ရှိလာသော အကျိုးပေါင်း ၆၀၀ တို့ကို အောက်ပါအတိုင်း တွေ့နိုင်ပေ၏။


၁။ "သိက္ခာပုဒ် ပညတ်တော်မူရာ၌ ရှုယ်စူးချက်အကျိုး ၂၀။

၂။ ပါတိမောက် ပညတ်တော်မူရာ၌ .... ၂၀။

၃။ ပါတိမောက်ပြခြင်း ပညတ်တော်မူရာ၌.... ၂၀။

၄။ ပါတိမောက် ရပ်ဆိုင်းထားခြင်း၌.... ၂၀။

၅။ ပဝါရဏာ ပညတ်တော်မူရာ၌.... ၂၀

၆။ ပဝါရဏာကို ရပ်ဆိုင်းထားခြင်း၌.... ၂၀။

၇။ တဇ္ဇနီယကံကို ပညတ်တော်မူရာ၌ ... ၂၀။

၈။ နိယတကံကို ပညတ်တော်မူရာ၌.... ၂၀။

၉။ ပဗ္ဗာဇနီယကံကို ပညတ်တော်မူရာ၌.... ၂၀။

၁၀။ ပဋိသာရဏီယကံကို ပညတ်တော်မူရာ၌.... ၂၀။

၁၁။ နိက္ခေပနီယကံကို ပညတ်တော်မူရာ၌.... ၂၀။

၁၂။ ပရိဝါသ်ပေးခြင်းကို ပညတ်တော်မူရာ၌.... ၂၀။


---

၁၃။ အရင်းသို့ငင်ခြင်းကို ပညတ်တော်မူရာ၌.... ၂၀။
၁၄။ မာနတ်ပေးခြင်းကို ပညတ်တော်မူရာ၌.... ၂၀။
၁၅။ အဗ္ဘာန်သွင်းခြင်းကို ပညတ်တော်မူရာ၌.... ၂၀။
၁၆။ သံဃာ့ဘောင်သို့သွင်းခြင်းပညတ်တော်မူရာ၌....၂၀။
၁၇။ သံဃာ့ဘောင်မှ နှင်ထုတ်ခြင်းကို ပညတ်တော်မူရာ၌ ၂၀။
၁၈။ ရဟန်းခံခြင်းကို ပညတ်တော်မူရာ၌.... ၂၀။
၁၉။ ဉတ်ကံကို ပညတ်တော်မူရာ၌ ... ၂၀။
၂၀။ ဉတ်လျှင် နှစ်ကြိမ်မြောက် ရှိသော ကံကို ပညတ်တော် မူရာ၌.... ၂၀။
၂၁။ ဉတ်လျှင် လေးကြိမ်မြောက် ရှိသော ကံကို ပညတ်တော် မူရာ၌.... ၂၀။
၂၂။ မပညတ်သေးသည်ကို ပညတ်တော်မူရာ၌.... ၂၀။
၂၃။ ပညတ်ပြီးကို ထပ်မံ၍ ပညတ်တော်မူရာ၌.... ၂၀။
၂၄။ သမ္မုခါ ဝိနည်းကို ပညတ်တော် မူရာ၌.... ၂၀။
၂၅။ သတိဝိနည်းကို ပညတ်တော်မူရာ၌.... ၂၀။
၂၆။ အမူဠ္ဟ ဝိနည်းကို ပညတ်တော် မူရာ၌.... ၂၀။
၂၇။ ပဋိညာတကရဏသမထကိုပညတ်တော်မူရာ၌ ...၂၀။
၂၈။ ယေဘုယျသိကာသမထကိုပညတ်တော်မူရာ၌....၂၀။
၂၉။ တဿပါပိယသိကာ သမထကို ပညတ်တော်မူရာ၌.... ၂၀။
၃၀။ တိဏဝတ္ထာရကသမထကို ပညတ်တော်မူရာ၌....၂၀။

ဤသို့အားဖြင့် တမျိုးတမျိုးကို ပညတ်တော်မူရာ၌ အကျိုးအမျိုးအစား နှစ်ဆယ်ကို ရှုယ်စူး၍ ပညတ်တော်မူသည် ဖြစ်

သောကြောင့် ပညတ်တော်မူချက်ပေါင်း သုံးဆယ်ကိုတည်ကိန်း ပြု၍ အကျိုးပေါင်းနှစ်ဆယ်ဖြင့် မြှောက်သော် ရှယ်စုံးသော အကျိုးပေါင်း ၆၀၀-ဖြစ်ပေသတည်း။

ဒုကနိပါတ် ဆိုအပ်သည်နှင့်အညီဤဝိနည်းမြှုပ်ကွက်,ခေါ် သော ဝိနယပေယျာလ၌ နှစ်မျိုးနှစ်မျိုးသောအကျိုးတို့ကိုဒွန်တွဲ ကာ တွဲကာ ဟောကြားသွားတော်မူရာ ဤသည်ပင်လျှင် ဒွန် တရားဖြစ်ချေ၏။

× × ×

## (၄) ရာဂပေယျာလ

ဤ၌လည်း ရာဂမြှုပ်ကွက်(ပေယျာလ)များကိုတွေ့ရပြန်၏။ မြှုပ်ချန်မထားဘဲ၊ဝါ၊ ပေယျာလ မထိုးလေဘဲ ရာဂ, တရားကို အပြည့်အစုံ ဟောမည်ဆိုသော်....

(၁)

"အို....ရဟန်းတို့၊ တပ်မက်ခြင်း ရာဂ,ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ ဤတရားနှစ်ပါးတို့ကို ပွားများအပ်ကုန်၏။အဘယ် တရားနှစ်ပါးတို့နည်း ဟူမူကား သမထ-နှင့် ဝိပဿနာတို့ ဖြစ် ကုန်၏။ ရဟန်းတို့၊ တပ်မက်ခြင်း ရာဂ,ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ဤဆိုအပ်ပြီးသော သမထနှင့် ဝိပဿနာတရား နှစ်ပါးတို့ကို ပွားများအပ်ကုန်၏။

ဤကား စကား၀ါကျ အပြည့်အစုံ ဟောခြင်းတည်း။ ဤ၌ "အဘိညာဉ-ထူးသောဉာဏ်ဖြင့် သိခြင်းငှာ" ဆိုသော နေရာတွင် သာလတ်သော တရားတို့၌ "ပရိညာဉ၊ ပရိက္ခယာယ၊ ပဟာနာယ"စသော စကားများ အစားထိုး ဝင်ရောက်လာခြင်းသာ ထူးလေသည်။ ကြွင်းသမျှ စကားအားလုံး အဘိညာယ၊ ၀ါကျ၌ ပါသော စကားများနှင့် အလုံးစုံတူ၏။

ထို့ကြောင့် တူညီသောယင်းစကားများကို ဤတွင် မဆိုလေတော့ဘဲ မြှုပ်ချန်ထားခဲ့လေရာ ဤသည်ကို ပေယျာလ,ဟု ဆိုပေသတည်း။ ကျန်ရှိ နေသေးသော အောက်ပါ တရားများကို တူရာတူရာတို့ကို ပေယျာလ,ကန့်၊ ၀,ကွက်၍ ချန်ခဲ့ပြီး ထူးခြားသည်ကိုသာ ဤသို့ဟောသွားတော်မူ၏။

"အို...ရဟန်းတို့၊ တပ်မက်ခြင်းရာဂ,ကို....

၂။ ပရိညာဉ-ခွဲခွဲခြားခြားသိခြင်းငှာ၊

၃။ ပရိက္ခယာယ-ကုန်စေခြင်းငှာ၊

၄။ ပဟာနာယ-ပယ်ခြင်းငှာ၊

၅။ ခယာယ-ကုန်ခန်းခြင်းငှာ၊

၆။ ဝယာယ-ပျက်စီးခြင်းငှာ၊

၇။ ဝိရာဂါယ-ကင်းပြတ်ခြင်းငှာ၊

၈။ နိရောဓာယ-ချုပ်ငြိမ်းခြင်းငှာ၊

၉။ စာဂါယ-စွန့်လွှတ်ခြင်းငှာ၊

၁၀။ ပဋိနိဿဂ္ဂါယ-တဖန်စွန့်လွှတ်ခြင်းငှာ၊ ဤနှစ်မျိုး ကုန်သောသမထ-ဝိပဿနာတရားတို့ကိုပွားများအပ်ကုန်၏။

ဤ၌ ရာဂ,ကို မူတည်၍ သမထ-နှင့် ဝိပဿနာ-တို့ကို ဒုက အဖြစ် ဒွန်တွဲ၍ ဟောတော်မူ၏။ တရားသား အနေအားဖြင့်

အဘိဓာယယ့မှ ပဋိနိဿဂ္ဂါယ-အထိ ဆယ်မျိုးရှိလေသည်။ ယင်းဆယ်မျိုးကို သမထ-ဝိပဿနာ-နှစ်ပါးဖြင့် မြှောက်သော်....တရားအမျိုးအစားနှစ်ဆယ်ဖြစ်၏။

ထို့အတူ ဒေါသ၊ မောဟ စသည် စသည်တို့၌လည်း တရားအမျိုးအစား ၂၀ စီပင်ရှိသောကြောင့် ဤပေယျာလ၌တွင်အကျုံးဝင် ပါရှိသော တရားအားလုံးကို ခြုံလိုက်သော်....

၁။ ရာဂ-တက်မက်ခြင်း၌ တရားအမျိုးအစား.... ၂၀။
၂။ ဒေါသ-ပြစ်မှားခြင်း၌ တရားမျိုးအစား.... ၂၀။
၃။ မောဟ-တွေဝေခြင်း၌.... ၂၀။
၄။ ကောဓ-အမျက်ထွက်ခြင်း၌.... ၂၀။
၅။ ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း၌.... ၂၀။
၆။ မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်း၌.... ၂၀။
၇။ ပလာသ-တုပြိုင်ဆိုင်မှုပြုခြင်း၌... ၂၀။
၈။ ဣဿာ-ငြူစူခြင်း၌.... ၂၀။
၉။ မစ္ဆရိယ-ဝန်တိုခြင်း၌.... ၂၀။
၁၀။ မာယာ-လှည့်ပတ်ခြင်း၌.... ၂၀။
၁၁။ သာဌေယျ-ကောက်ကျစ်စဉ်းလဲခြင်း၌.... ၂၀။
၁၂။ ထမ္ဘ-ခက်ထန်ခြင်း၌.... ၂၀။
၁၃။ သာရမ္ဘ-ချုပ်ချယ်ခြင်း၌.... ၂၀။
၁၄။ မာန-ထောင်လွှားခြင်း၌.... ၂၀။
၁၅။ အတိမာန-အလွန်ထောင်လွှားခြင်း၌.... ၂၀။
၁၆။ မဒ-မာန်ယစ်ခြင်း၌.... ၂၀။
၁၇။ ပမာဒ-မေ့လျော့ခြင်း၌.... ၂၀။

---

စပယ်ဦးစာပေ

ဤသို့အားဖြင့် တရားပေါင်း ၃၄၀ ဖြစ်လေသည်။

ဤရာဂပေယျာလ၌ ဟောအပ်သော ရာဂ၊ဒေါသ၊မောဟ စသော (၁၇)မျိုးသောတရားတို့သည် စိတ္တဇရုပ်-ရုပ်ကြမ်းများ ဖြစ်လေသည်။ ကြမ်းထမ်းခက်ထန်မှုဟူသရွေ့ကို ဦးဆောင်နေသောအကြမ်းစားတရားများ ဖြစ်လေသောကြောင့် ယင်းတို့ကို ယဉ်ပါးနူးညံ့လာစေလိုသော်လည်းကောင်း၊ သို့မဟုတ်လုံးဝချုပ်ဆုံး ပပျောက်သွားစေလိုသော်လည်းကောင်း သမထအလုပ်ကို လုပ်ကြ၊ဝိပဿနာကို ပွားများကြဟု ညွှန်ကြားအပ်သော သြဝါဒကထာများ ဖြစ်လေသည်။

တနည်းအားဖြင့်ဆိုပြန်သော်၊ ဥပမာ....လူတို့၏ ကိုယ်မှ နှပ်၊ တံတွေးများကို မှန်ပြောင်းနှင့်ကြည့်သော် အလွန်သေးငယ်သော (ပကတိမျက်စိဖြင့် မမြင်နိုင်သော)ပိုးမွှားကလေးများကို မြင်ရ၏။ ရုပ်ဝတ္ထုထင်ရှား ရှိ၍ မြင်အပ်စကောင်းသော အရာဝတ္ထုများဖြစ်ခြင်း၊ မြင်နိုင်စွမ်းရှိသော အရာဝတ္ထုဖြင့် ရှုကြည့်ခြင်းကြောင့် တွေ့မြင်ရခြင်းဖြစ်လေသည်။

ဤရာဂပေယျာလ၌ ဟောအပ်သော၊ ရာဂ၊ဒေါသ၊မောဟ စသော (၁၇)မျိုးသော အရာ တို့ကား ရုပ်ဝတ္ထုအားဖြင့်ထင်ရှားမရှိသည့် နာမ်တရားများဖြစ်ခြင်းကြောင့် ပကတိ မျက်လုံးဖြင့် မည်သို့ပင် သုံးသပ်ရှုကြည့်သော်ငြားလည်း မြင်အပ်သော အရာ၊ မြင်စကောင်းသော တရားမျိုး မဟုတ်သဖြင့် မမြင်ကြရချေ။

သို့သော် ဉာဏ်မှန်ပြောင်းဖြင့် ကြည့်တတ်လျှင်မူကား မြင်နိုင်သည်၊မြင်စကောင်းသည် ဟူ၍ ဗုဒ္ဓဘုရား မြွက်ကြားတော်မူ

၏။ ရှုကြည့်ရန်မှန်ပြောင်းကြီးကိုလည်း လက်တော်ဖြင့် ကမ်းလင့်တော်မူ၏။

အို...ရဟန်းတို့၊ ရာဂ ဆိုသော အရာ၊ ရာဂ ဆိုသော အကောင်သည် မည်သို့သောအရာမျိုး၊ မည်သို့သောအကောင်မျိုး ဖြစ်ကြောင်းကို ကောင်းစွာထင်ထင် မြင်တွေ့လိုကြသော် ငါ နှင်းအပ်ထားသော သမထ၊ ဝိပဿနာ မှန်ပြောင်းဖြင့် ကြည့်ကြလေကုန်။ ရာဂကို တွေ့ရလတံ့ မြင်ရလတံ့ ဟူ၍ရင်း။

ထိုရာဂဆိုသောအရာ၊ ရာဂဆိုသောအကောင်၏ အဇ္ဈတ္တ ရုပ်လွှာကိုခွာ၍ ယင်း၏ပုံစံအနေအထားနှင့် ယင်း၏သဘောမနေ ကို ခွဲခွဲခြားခြား ပေါ်ပေါ် ထင်ထင် သိရှိလိုလျှင်လည်း ဤ သမထ၊ ဝိပဿနာ မှန်ပြောင်းကိုပင် ရေလဲနှင့် အသုံး ပြုကြလေကုန်-ဟူ၍ရင်း။

တဖန် ထို ရာဂကိုပင် လူတို့၏ ကာယခန္ဓာ-နာမခန္ဓာမှ လုံးဝ ကင်းကွာ လွင့်စင်သွားစေလိုသော်၊ အငွေ့အသက်မျှ မကျန်ရ အောင် လက်စတုံး လုံးဝ ချုပ်ငြိမ်းသွားစေလိုသော် ဤသမထ ဝိပဿနာ မှန်ပြောင်းက သင်တို့၏ လိုအင် ဆန္ဒကို ပြည့်စုံသည် အထိ အကူအညီ ပေးပေလတံ့ ဟူ၍ရင်း။ ဤ အဓိပ္ပါယ်မျိုး သက်ရောက်သည့် စကားတော်ကို ရဟန်း တို့အား မြတ်ဘုရား ဩဝါဒပေးတော်မူသော ဗုဒ္ဓေါဝါဒဖြစ်သတည်း။

ဒဂုန်-ဦးစန်းငွေ

x မယဉ်ကျေးသူများ ယဉ်ကျေးစေရမည်....

x ယဉ်ကျေးပြီးသူများ ပို၍ ယဉ်ကျေးစေရမည်....

x မလိမ္မာသူများ လိမ္မာစေရမည်....

x လိမ္မာပြီးသူများ ပို၍ လိမ္မာစေရမည်။

ဤ ပစ္စက္ခ မျက်မှောက်လောကအတွက်ရင်း—

နောင်သံသရာ လောကအတွက်ရင်း—

သိစရာ၊ မှတ်စရာ၊ လိုက်နာစရာ၊ ကျင့်ကြံစရာ၊ အားထုတ်စရာများကို ဗုဒ္ဓဟောကြားခဲ့သော ပါဠိသဘော၊ ပါဠိတော်ထဲမှ ထုတ်နုတ်ကာ မြန်မာတို့ နား, မျက်စိနှင့် ယဉ်ပါးအောင် ကြော့ကြော့ညက်ညက် သဘောပေါက်အောင် "ပါဠိ နှင့် မြန်မာ" ပေါင်းကူးဆက်သွယ်ပေးထားသည့်—

ဒဂုန်ဦးစန်းငွေ

# ဗုဒ္ဓနိကာယ် ငါးရပ်

## အင်္ဂုတ္တိုရ်အပိုင်း (၂) တိက၊ စတုက္ကနိပါတ်

စပယ်ဦးစာပေမှ မကြာမီဆက်လက်ထွက်လာမည်။